

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




No 126 APRIL 2013

တာဝန်ခံအယ်ဒီတာ
မောင်သစ်နွယ်
အယ်ဒီတာ
စုံထောက်မောင်စေရချဲ
ထုတ်ဝေသူ
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
မင်းထက်နိုင်
ဝင်းရွှေရီ

စုံထောက်ကလျာ
နန္ဒာမိုးကြယ်
ကိုးဝေ
မောင်နှစ်သိမ့်(စေတာင်ကုတ်)
မောင်လုလွန်း

စုံထောက်ရှင်ခုန်သံ
ဆုမွန်ဦး(ဟသ်ာတ)၊ မောင်နွယ်အောင်(မြေပြန့်)၊ နွေငြိမ်းချမ်း(အနန်းပင်မြေ)၊
သင်းအောင်ပန်၊ လမင်းသစ္စာ၊ အေးဦး၊ လဝင်း၊ ကောင်းကောင်းမိုး

စုံထောက်ပွင့်သစ်
မင်းထက်ဇော်(မုဒုံ)၊ ကိုစွာ(ဖန်ခါးမြေ)၊ ဆောင်းဟေမန်၊ ခိုင်မာသူ(သုံးဆယ်)

ကာတွန်း
မော် မောင်ညွှက်၊ သိန်းထွန်း၊ သူရိန်၊ အောင်အောင်ထွေး၊ ပေါက်ကျိုင်း၊ သားအောင်ရှိန်၊ နွေရန်၊ ရွှေကိုဦး

နိုင်ငံခြားစုံထောက်
၁၁။ ဒေ ်ကောင်းယဉ်
နိုင် ာကာစုံထောက်

အဲဂျိုအိုးစုံထောက်ဝတ္ထု
၅၆။ ညွှာ ဝင်းချော်၊ အောင်ကျော်ပြုံး၊ လူထွန်း၊
နေသိုက်၊ ောင်ပန်သု၊ ထက်ဝေး

စုံထောက်သုတ
၂ ။ ထူးမိုး(ပညာရေး)
ဂန္ဓဝင်မှုခင်း
၃၀။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)
ဥပဒေစုံထောက်
၃ မောင်ညာဏ်စိန်
လက်ဝယ်တွေ့ရှိခြင်းပြဿနာ







www.burmeseclassic.com

www.burmeseclassic.com



## Cover Story


၃၃ စုံထောက်မောင်ရန်ရှဲ – လူပါးပုလင်းထိ ဦးသာဂီ


### ဝတ္ထုရှည်


၃၀ မင်းမဟာကျော်ခေါင် – ချစ်သောပန်ထွာ


### ဝတ္ထုတို


၄၃ မောင်သိန်းနိုင် တရားလိုပျောက်သောအမှု

၅၃ ကျွန်းစဉ်မြေစာအက် အဆိပ်ဆူးက ပန်းဖြစ်သွားသည်

၆၂ နေမင်းသူရိန် တစ်ချက်ခုတ် နှစ်ချက်ပြတ်

၇၀ လူရှိန်အောင် ဂီလာနလေးရဲ့ မားမားကြီး

၇၂ မောင်မြင့်မား(ဘိုကလေး) ဘဝပြောင်းသွားသော မြောင်ထီးကောင်း

၇၆ နီးဝေ ကြိုးသမားကြမ္မာ

၁၁၃ မြသိန်း ထိစ်ကွက်ခြင်းခံလိုက်ရသော ခေတ်ပျက်သူဌေး

၁၀၈ ဦးကျော်(လှိုင်သာယာ) ရမွက်တဂုဏ်၏အကြွေး

၁၂၃ မောင်သစ်နွယ် နေဝင်ချိန်တွင် မိုးသောက်သည်

၁၃၈ လေးမောင် ရိုးပြတ်က လန့်ပြေးသွားတဲ့သားကောင်

၁၅၁ ဝေယျမင်းသျှင် နွံနဲ့ကြာ

၁၇၅ မျိုးဝင်းမောင်(အပျောက်မြေ) ဒီပနုံးကလေး မန္တမ်းစေချင်





### ဘာသာပြန်ဝတ္ထု


ကင်ကိုမောင်(ဟသ်ာတ)
...ဘ်ချိန်က မျက်နှာ


### ဒိုင်ယာရီ


... ကျော်
စုံ...ဒိုင်ယာရီ


### ဟာသ


ဆွိ
သက်ရှည်...နှ်း...ရယ်စရာ


www.burmeseclassic.com

www.burmeseclassic.com

# 2013 APRIL



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်
အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊ ရဲရင့်နိုင်


**ထုတ်ဝေသူ**
ရဲအုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြဲ-၀၃၈၃၂)
မှခင်းတပ်ဖွဲ့မှူးရုံး နေပြည်တော်

**အုပ်ချုပ်ရေးမှူး**
ဒေါ်ဝင်းဝင်းဆွေ(ပြူးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မျှင်းဆက်သွယ်နေရာ**
အမှတ် ၁၃၇(မြေညီထပ်/ယာ)
၃၄ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၆၂၈

**ဖြန့်ချိရေး**
ပြူးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးညွန့်ဝေ(မြဲ-၈၅၄၂၅)၊ ပြူးပန်းတစ်ရာအော့ဖ်ဆက်

**အုပ်ရေ - ၅၀၀၊**
**တန်ဖိုး - ၁၂၀၀ ကျပ်**


BURMESE CLASSIC .com









www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်နှာ

သကြဲန်မည့် ဖတ်ဆွက်မိုးရယ်နဲ့
ရေချိုးတဲ့ ပိတောက်ခင်။

တန်ခူးနေ တန်ခူးလေနဲ့
ရန့်တွေ မြိုင်တစ်ကြော
မွှောဖို့ရာပြင်။

အနုသယရယ်နဲ့
သူ့အလှအတွက် မာန်ထည်စဉ်
ငုဝါလျှင် ညှိုးငယ်အား။


BURMESE CLASSIC .com

သည်ခဏတွင်
ပိတောက်ပင် လူတွေချိုင်တော့
မလျှော့ပ်တိုင် မတက်သာဘု
ကြေကွဲစွာ သူ့မြင်ကွင်းကိုလ
ဝေဝဲကာ ငုမြင်ချင်းမှာပဲ
ရှုရင်းပင် သံဝေဂရယ်နဲ့
'ဖြစ်–ပျက်' လျှင် အနိစ္စတရားကို
ရခဲ့ပါလား။ ။



www.burmeseclassic.com

www.burmeseclassic.com



# နွေလှန့်သူ

ဟိန်းဝေ

BURMESE CLASSIC .com

စောင့်စားနေရသူတွေအလိုကျအောင်
တစ်ခဲနက်ပွင့်ပြလိုက်ပုံက ဝါဝါထိန်ထိန်
ပန်းမှန်သမျှကို စိန်ခေါ်လိုက်သလိုပါပဲ။

ဇာတ်ရုပ်ဆိုးဆိုးနဲ့ သရုပ်ဆောင်တဲ့နွေကို
ပမာမခန့် အာခံလေသလား သူ မာန်ထူပုံ့ရဲ့
အားလုံးရဲ့သြဘာသံတွေကြားထဲမှာ မွှေးကြိုင်
အခက်ခက်အခိုင်ခိုင် တမြိုင်မြိုင်မြူးလို့။

တစ်နှစ်မှတစ်ခေါက်ဆိုပေမယ့်လည်း
ရောက်လာတဲ့ တစ်ခဏမှာ လောကကိုပုတ်နှိုး
ခံစားမှုတွေသိုးမသွားအောင် တပ်လှန့်ဆော်သြ
သူ့သဘောကို နောကြေအောင် သိသူတွေကတော့
နွေတစ်ရစ်မှာ ရွှေအစစ်လိုတန်ဖိုးထား
အားပါးတရကြိုဆိုလိုက်ကြပေါ့
အဆင်းလှလှဝင်းပပ သင်းမြတဲ့ပိတောက်ရေ ...။ ။

www.burmeseclassic.com

www.burmeseclassic.com



# နိုးကြားနေတဲ့ပန်းများ


တစ်နှစ်တွင် သည်တစ်လပေပ
တစ်လတွင်တစ်ရက်ထဲ ...လို့
ရှေးစာဆို ဦးကြော့ ဖွဲ့ဆိုခဲ့တဲ့ ပိတောက်။

အရေးအခါသာမှ ခမျာမှာ တစ်ဂုဏ်ဆန်းရတယ်
ပန်းပိတောက်များ ...လို့
ဆရာဇော်ဂျီ တင်စားခဲ့တဲ့ ပိတောက်။

BURMESE CLASSIC .com

သင်္ကြန်သင်္ကေတ ပိတောက်
အမျိုးသားပန်းသင်္ကေတ ပိတောက်
အဲဒီပိတောက်ဟာ
တစ်နှစ်မှာ လေးခါပွင့်တာ မြင်ဖူးတယ်။

ပန်းကံ့ကော်ရွှေစကား ငွေသားနုစံပယ်မှန်
မြတ်လေးခတ္တာနဲ့ ...လို့
ရာသီမသိလည်း ပန်းနဲ့လာမညှိပါနဲ့တော့။



ကျွန်တော့်ခြံထဲက ကံ့ကော်ဟာ
တစ်နှစ်မှာ နှစ်ခါပွင့်ရုံမက
အနားမရ တစ်နှစ်လုံးပွင့်တဲ့ ကံ့ကော်ပင်
ကျွန်တော်မြင်ဖူးတယ်။

နွေသစ်လောင်းရင် ခေါင်းထောင်ထတတ်တဲ့
ပျဉ်းမပြာပြာတွေဟာလည်း
မိုးတွင်းမှာပွင့်တာ မြင်ဖူးတယ်။

ပန်းတွေဘာဖြစ်ကုန်ပြီလဲ
ပန်းတွေဟာ သစ္စာပျက်ပြီလား
အမေးများတွေ လာလာမစိုက်ပါနဲ့
ပန်းရဲ့သွေးသားကိုပြောင်းစေတာ
လယ်ကြွက်မ သမက်ရှာသလို ရှာပြရရင်
တရားခံဟာ လူပဲပြန်ဖြစ်မယ်။

ရာသီတိုင်းမှာ ပန်းတွေပွင့်တာ ကောင်းပါတယ်။
နေရာတိုင်းမှာ ပန်းတွေပွင့်တာ ကောင်းပါတယ်။
အချိန်တိုင်းမှာ ပန်းတွေပွင့်တာ ကောင်းပါတယ်။

ရာသီမသိ ပန်းနဲ့ညှိဖို့
နာရီမရှိတဲ့ခေတ် ကုန်ခဲ့ပြီ။

အခါရာသီ အခွင့်ရသမျှ
ကောင်းကင်ကိုဆွဲဖွင့်ရမယ့်ကာလမို့
ပန်းတကာ့ပန်း အစွမ်းကုန်လန်းစေ
လန်းသမျှပန်း ရနံ့စုံလွှမ်းစေ
ငါတို့အမိမြန်မာမြေ။ ။

www.burmeseclassic.com

www.burmeseclassic.com


# အလှ ဘဝ တစ်ခဏ

အိမ်ရှေ့ဝင်ပေါက်
ပိတောက်တစ်ပင် စိုက်မိ၏။

ထိုပိတောက်ကို
နေညိုညချမ်း မှောင်မသန်းမီ
ဝမ်းပန်းတသာ ရေလောင်းပါသည်
လန်းဖြာပင်လုံး လန်းစေသောဝ်။

တစ်နွေလုံးလုံး
တစ်ဆောင်းလုံးနှင့် မိုးလုံးပတ်လည်
နှစ်ပေါင်းရှည်သော် ရင့်ရော်ရွက်များ
ဖားလျားဝေစည်နေလေသည်။

ကံ့ကော်တွေလန်း ပိတောက်ပန်းလည်း
ဆန်းသစ်ဝေစည် ဖူးတံချိုလျက်
ဝေ့လည်ဝန်းကျင် မွှေးတော့၏။

တစ်ခက်တစ်မွှေ့ တရွှေ့ရွှေ့တည့်
တားရှိမနိုင် တစ်ခိုင် နှစ်ခိုင်
ပင်လုံးချိုင်၏ မမြိုင်မတင့်
မဝင့်နိုင်တော့ပါတကား။ ။



www.burmeseclassic.com

www.burmeseclassic.com

# စုံထောက် စာအုပ်စင်



## စုံထောက်အယ်ဒီတာတစ်ဦး၊ စုံထောက်မောင်ရေခဲ

### မရဏညှော်သည် နှင့်

### C.I.D INSIDE STORY




စုံထောက်စာပေများကို ရေးသားနေသည့်ဆရာနှစ်ယောက် ပူးပေါင်းရေးဖွဲ့ထားသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းသုံးပုဒ်ပါဝင်သည်။ မရဏညှော်သည်အမည်ပေးထားသည့် မှူခင်းဇာတ်လမ်းမှာ တရုတ်နိုင်ငံသားအချင်းချင်း ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သည့် နှစ်လောင်းပြိုင်လူသတ်မှုကို ခက်ခက်ခဲခဲ ဖော်ထုတ်ခဲ့ပုံကို အသေးစိတ်ရေးသားထားခြင်းဖြစ်သည်။

နေညိုရင် ရွှေဘိုကိုလွမ်းကြသူများ ဇာတ်လမ်းမှာ ရွှေဘိုမြို့မှ ဗိုလ်သင်တန်းတက်ရန်သွားမည့် ကျောင်းသားငယ်အား အပေါင်းအသင်းများက သတ်ဖြတ်ခဲ့သည့်အမှုနှင့် မျက်ဝန်းမဲ့နှလုံးသားဇာတ်လမ်းမှာ ကလေးမြို့မှ မျက်မမြင်ဒုက္ခိတမလေး၏ ကာမကိုရယူပြီး ကိုယ်လေးလက်ဝန်ရှိလာသောအခါ နှုတ်ပိတ်သတ်ဖြတ်ခဲ့ပုံကို ဖော်ထုတ်ခဲ့သည့် C.I.D အတွင်း ရေးဇာတ်လမ်းများဖြစ်သည်။ ဥဒါန်းသစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---

## နေစိုးသော်

### ရှေ့နေမလေး မေစံရှား နှင့် နံ့ရံ့ထဲကနား




ဆရာနေစိုးသော်၏ ၂၇ အုပ်မြောက် ရှေ့နေမလေး မေစံရှားဝတ္ထုဇာတ်လမ်းဖြစ်သည်။ ဤစာအုပ်မှာ ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းကြီးတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သည်များကို စာဖတ်သူများ တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်စေရန် စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ ဒုစရိုက်မှုကျူးလွန်သူများအတွက် နံ့ရံ့များမှာ နားရှိသကဲ့သို့ ရှေ့နေမလေး မေစံရှားကလည်း လျှို့ဝှက်များကို သိနေကြောင်း တင်ပြထားခြင်းဖြစ်သည်။

---

နေ စိုး သော် စီစဉ်သော

## ဝင်းယုမောင်

### ကြိုး အပါအဝင် သည်းထိတ်ရင်ဖို ဂမ္ဘီရ စုံထောက်ဝတ္ထုတိုစုစည်းမှု




ဆရာဝင်းယုမောင်၏ ဝတ္ထုတိုစုစည်းမှုဖြစ်သည်။ ဝတ္ထုတို ၁၅ ပုဒ်ပါဝင်သည်။ ဆရာဝင်းယုမောင်၏ ဝတ္ထုတိုများသည် လျှို့ဝှက်သည်းဖို၊ ဂမ္ဘီရ စသော ရသဝတ္ထုတိုများဖြစ်သည်။ ဝတ္ထုတိုအရေးအသားကို နှစ်သက်သဘောကျသော စာဖတ်သူများ အကြိုက်တွေ့နိုင်သည့် စာအုပ်ဖြစ်သည်။ စိတ်ကူးသစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com






## မာန်ဟိန်းကျော်

### အဘမင်းသိခ်နှင့် တစ်ထောင့်တစ်ည ယတြာများ

ဆရာမာန်ဟိန်းကျော်သည် ဆရာမင်းသိခ်၏ အနီးကပ်တပည့်တစ်ဦးဖြစ်သည်။ ဆရာမင်းသိခ် မကွယ်လွန်မီက မှာကြားခဲ့သော ဩဝါဒကိုခံယူလျက် စာပေရေးသားခဲ့ခြင်းဖြစ်သည်။ ဆရာမာန်ဟိန်းကျော်၏ စာအုပ်သည် ရသဝတ္ထုများကို ဖတ်ရှုရင်း ဗေဒင်၊ ယတြာပညာများကိုပါ လေ့လာနိုင်မည်ဖြစ်၏။ ရသနှစ်မျိုးပေးစွမ်းနိုင်သော စာအုပ်ဖြစ်သည်။ ဗေဒင်ယတြာ ဝါသနာရှင်များ လေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ မြစုရတနာစာပေမှ ထုတ်ဝေသည်။



## ကြည်မိုးငြိမ်း

### မမြင်နိုင်စွမ်းသော ဆုံစည်းရာအရပ်သို့

ဆရာကြည်မိုးငြိမ်း၏ မမြင်နိုင်စွမ်းသော ဆုံစည်းရာအရပ်သို့ လုံးချင်းဝတ္ထုစာအုပ်မှာ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ကျောင်းသားဘဝမှ အဆင့်အတန်းမတူသည့် တစ်ဖက်သတ်ချစ်ရသူအား ရယူပိုင်ဆိုင်နိုင်ရေးအတွက် မနားမနေကြိုးစားခဲ့သဖြင့် အောင်မြင်သည့် စီးပွားရေးသမားဖြစ်လာပုံကို ညွှန်းဖွဲ့ထားသည့် မေတ္တာဘွဲ့ဇာတ်လမ်းဖြစ်သည်။ မြစုရတနာစာပေမှ ထုတ်ဝေသည်။




## ဘီဇက်ဇော်လီ(ကချင်ပြည်နယ်)

### တရုတ် - မြန်မာ နယ်စပ်သို့ လှမ်းကာမျှော်ကြည့်ခြင်း

တရုတ်မြန်မာနယ်စပ်ရှိ ကျောင်းဖုန်းမြို့ကလေးတွင် နေထိုင်ကြသောကချင်တိုင်းရင်းသားတို့၏ ရိုးရာမနောပွဲတော်အကြောင်း။ ပြည်ပနိုင်ငံ နယ်နိမိတ်အတွင်း အခြေချနေထိုင်ကြသော်လည်း မိမိတို့၏ ရိုးရာဓလေ့များကို မမေ့မလျော့ ဆင်ယင်ကျင်းပနေသော ကချင်လူမျိုးတို့၏ ဇာတိမာန်အားဖွင့်ဖော်ထုတ်ပြထားသော သုတစာပေအမျိုးအစားဖြစ်သည်။

ပန်းလက်ဆောင်စာပေမှ ထုတ်ဝေဖြန့်ချိထားခြင်းဖြစ်သည်။




## ရွှေလမ်းကိုခင် Say Somethings

ထွန်းတောက်အောင် အင်္ဂလိပ်စာသင်တန်းဆရာ ဆရာဦးနေဦး(BA.Eng)၏ တက္ကသိုလ်ဝင်တန်းကျောင်းသား/သူများအတွက် စာမေးပွဲအထောက်အကူပြုစာအုပ်ဖြစ်သည်။ စာမေးပွဲတွင်မေးသည့် အင်္ဂလိပ်စာမေးခွန်းကို မှန်မှန်ကန်ကန်ဖြေနိုင်ဖို့ သဘောသဘာဝတွေကို နည်းလမ်းပြထားခြင်းဖြစ်သည်။ စာမေးပွဲမတိုင်မီ လေ့လာသင့်သောစာအုပ်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေသည်။




## တိုက်ပွဲဝင် စုဒိုးကု(ခါးပတ်နက်)/BLACK BELT SUDO KU

### မြင့်ဇင်ညွန့် (စုစည်းတင်ပြသည်)

အမေရိကန်မှ စတီထွင်ခဲ့တဲ့ ထူးခြားစိတ်ဝင်စားဖွယ် ဂဏန်းဖြည့်စွက်မှု ပဟေဠိဖြစ်သည်။ ဂျပန်ပြည်တွင် စုဒိုးကု ဟု ခေါ်သည်။ စုဒိုးကုဝါသနာရှင်များ ဆန္ဒပြည့်စေဖို့ ဆရာမြင့်ဇင်ညွန့်က ဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေသည်။




www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းယဉ်

# နိုင်ငံတကာစုံထောက်



## မော်တော်ကားဘဝ မရှုမလှ

တောင်ကုန်းတောင်ခြေများကို ဝန်းပတ်တည်ဆောက်ထားသည့် အဆောက်အအုံများနှင့် လမ်းများသည် စနစ်တကျရှိရန်လိုကြောင်း၊ သဘာဝရာသီဥတုကြောင့် အန္တရာယ်ကြုံတွေ့ရနိုင်ကြောင်း တွေ့ရလေ့ရှိပေသည်။ ကြောမိက မလေးရှားနိုင်ငံ၊ ပီတာလင်းဂျာယာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေဆီလွှာပြုန်းတီးကာ မြေပြိုမှုဖြစ်ပွားခဲ့သည်။

ဘူကစ်ဂျာဘစ်ဒေသတွင် တောင်ခြေများ၌ မြေပြိုကာ သစ်ပင်များ အမြစ်မှပြုတ်ထွက်ခဲ့ရသည့်ပြင် မော်တော်ကားများ လမ်းဘေးထိုးကျပျက်စီးကာ မရှုမလှဖြစ်ခဲ့ရသည်။ တာဝန်ရှိသူများက လမ်းကြွဲခိုင်မှု ခံနိုင်ရည်ရှိမှုအတွက် ကြီးကြပ်ကာ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

N.S.T 2-12-12




www.burmeseclassic.com

www.burmeseclassic.com



## အလုပ်သမား ၇၉ ဦး ဒဏ်ရာရခဲ့တဲ့ စင်ကာပူ သင်္ဘောကျင်းမတော်တဆမှု



စင်ကာပူနိုင်ငံရှိ ဂျူရွန်းသင်္ဘောကျင်းတည်ဆောက်မှုလုပ်ငန်းတွင် ကေဘယ်ကြိုးပေါက်ကွဲရာမှ ဝန်ချီတိုင်များ ယိမ်းယိုင်ကာ မတော်တဆဖြစ်ခဲ့သည်။ တစ်ဖက်သို့ အတော်များများယိမ်းယိုင်ခဲ့သဖြင့် အလုပ်သမား ၈၉ ဦးဒဏ်ရာရကြောင်း သိရသည်။

ဂူအင်အား စီမံကိန်းဝန်ကြီးဌာနက အဆိုပါသတင်းကို အတည်ပြုထုတ်ပြန်ခြင်းဖြစ်ပေသည်။

The Star 4-12-12

---

## ၁၁၂ ဦး သေဆုံးခဲ့ရသည့် ဒက္ကာအထည်ချုပ်စက်ရုံ မီးလောင်မှု



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒက္ကာမြို့ပြင်ရှိ အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား ရာနှင့်ချီ၍ သေဆုံးခဲ့ရသည်။ အနည်းဆုံး ၁၁၂ ဦး သေဆုံးကြောင်း သိရသည်။ ခုနစ်ထပ်အဆောက်အအုံရှိ အထည်ချုပ်စက်ရုံကြီးဟုဆိုသည်။ မီးသတ်ဦးစီးဌာန၏ တာဝန်ရှိသူ အပြောအရ ရုပ်အလောင်းတစ်ရာကျော်ကို ရရှိကြောင်း သိရပေသည်။ ၁၂ ဦးမှာ ဆေးရုံရောက်မှ သေဆုံးကြောင်း၊ အဆောက်အအုံမှ ခုန်ချမှုကြောင့် ဖြစ်ကြောင်း ထုတ်ပြန်သည်။

အထည်ချုပ်စက်ရုံသည် ဟောင်ကောင်အခြေစိုက်လုပ်ငန်းဖြစ်ပြီး အများအားဖြင့် အလုပ်သမားများမှာ အမျိုးသမီးများဖြစ်ပေသည်။ အဦးအစပိုင်းတွင် သေဆုံးသူ ၁၁၂ ဦးဟု သိရသော်လည်း ဒေသဆိုင်ရာမီဒီယာများက သေဆုံးသူ ၁၂၄ ဦးအထိရှိကြောင်း ထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားသည့် အခြေအနေကို သဲကွဲစွာ မသိရသေးသော်လည်း စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်အထည်ချုပ်စက်ရုံ ၄၀၀၀ ကျော်ရှိပြီး များသောအားဖြင့် လုံခြုံမှုမရှိဟု သတင်းများက ဆိုပေသည်။

နိုင်ငံအနေဖြင့် အထည်ချုပ်လုပ်ငန်းမှ ပြည်ပဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့်ရရှိကြောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ကြောင်း သိရပေသည်။ ကျန်ရစ်သူများမှာ စိတ်မချမ်း



www.burmeseclassic.com


www.burmeseclassic.com



…ယ် မြင်ကွင်းကိုတွေ့ရပြီး ဆွေမျိုး…ချင်းများ ပါဝင်သည်ကို ပြောပြ…ကြသည်။ ငွေကြေးအတွက် လုပ်ကိုင်…များအဖို့ ဆုံးရှုံးမှုများပြားခဲ့ရပေ…သည်။

ဒုတိယထပ်တစ်ခုတည်းမှာပင် အလောင်း ၅၄ လောင်းတွေ့ရပြီး များသောအားဖြင့် ပိတ်မိနေသဖြင့် သေဆုံးကြရသည်။ ကယ်ဆယ်ရေးသမားများက ခေါင်မိုးမှ ထွက်လာသူများနှင့် ပြင်ပရောက်လာသူများကိုသာ ကယ်တင်နိုင်သည့်အခြေအနေဖြစ်သည်။ အပေါ်ထပ်မှ စတင်လောင်ကျွမ်းမှုက မီးပုံ့နှံ့မှုလွယ်ကူကြောင်း ပြောပြကြသည်။

The Star 14-11-12



## တံတားကျိုးကျသဖြင့် ရထားပေါ်က ဆီတင်တွဲများ ရေထဲကျ

အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်တောင်ပိုင်း၊ ပေါလ်ဆိုရိုမြို့တွင် ဓာတ်ဆီတင်ရထားသည် တံတားကျိုးကျသည့်ဒဏ် ခံလိုက်ရသည်။ ချောင်းငယ်တစ်ခုကို ဖြတ်သန်းတည်ဆောက်ထားသောတံတားကျိုးကျခြင်းဖြစ်ပြီး ကုန်တင်ရထားပေါ်မှ ဆီတင်သည့် တင့် Tank များ ရေထဲသို့ ကျခဲ့ရသည်။

The Star 2-11-12

**မောင်ကောင်းယဉ်**



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




## ပိတောက်အမှတ် ၂၀၁၃

အသစ်နေ့စွဲ
အချစ်တွေနဲ့
ခပ်ရဲရဲဝင်လာလိုက်ပါ
တစ်ရပ်လုံးမှာ ပွင့်နေလိုက်တာ
ပိတောက်တွေ ပင်လုံးဖြာလို့
ထိန်ထိန်ဝါနေတဲ့ ခရီး
ပိတောက်ပင်လယ်ကြီးဖြစ်တော့မယ် ..။

မင်္ဂလာပါ
ကမ္ဘာကြီးရေ
ဘဝခရီးစကတည်းက
သစ္စာမဖောက်
အချစ်နဲ့ပိတောက်
လှမ်းလျှောက်အတူပျော်လို့
ခုဆို
(၂၀၁၃) တံခါးခေါက်ခဲ့ပြီ ..။

ရွှင်လန်းမွေ့ပျော်ခဲ့သမျှ
ကြေနွမ်း နွမ်းရော်ခဲ့ရတဲ့ကာလများ
တေးမသီနိုင်
ကြိုးမချည်နိုင်
အမှတ်တမဲ့တွေနဲ့သာ
တသောသောပန်းဝင်ရင်း
အမှတ်တရဆိုတာတွေ မေ့ခဲ့ကြ ..။

ဒုက္ခနဲ့လောင်ကျွမ်း
အမှောင်လမ်းတွေ
ကမ်းကပ်ဖို့
(၂၀၁၃) ပိတောက်လင့်စင်ထက်မှာ
ရနံ့ဆိုးမဲ့တဲ့ ပိတောက်တွေ
ပွင့်လှည့်ပါ ..။



ဆုမွန်ဦး(ဟသ်ာတ)




www.burmeseclassic.com

www.burmeseclassic.com



# မိုးခါးရေသောက် သကြန်

ဟိုအရင် (ဘိုးဘေးသိန်းတန်တို့ခေတ်က)
ပိတောက်ဆို ပိတောက် တစ်ယောက်ဆို တစ်ယောက် ..တဲ့ ..
ဒါပေမဲ့
ဒီနေ့ခေတ် ပိတောက်တွေက
အဲဒီ အတွေးအခေါ်အယူအဆဟောင်းတွေကို
သူတို့ကိုယ်တိုင် လက်မခံချင်တော့ဘူး။



သင်္ကြန်နဲ့ ရေမပက်ဘူး
ငွေမလာနဲ့ ရေမကစားဘူး
ကုမ္ပဏီသကြန်မဏ္ဍပ် ခင်မြင့်ကြီးတွေမှာ
Rap သံစဉ် သီချင်းတွေနဲ့လန်းပြီး
ဘစ်ကိုယ်လုံး လှုပ်ရမ်းနိုင်မှ စတားဖြစ်တာ
ခေတ်ရှေ့ လွန်ယဉ်ကျေးမှုမှာ
သူတို့တွေ ခေတ်နောက်ကျနေသေး
ဗုံကြီးသံ လေပွေလှော်သံ လယ်ထွန်မင်္ဂလာတေးတွေ
ဒီရေဲ ထည့်ပွတ်ခံနေရပြီ။

ဘယ်တတ်နိုင်မလဲ
တချို့ပိတောက်တွေက
ပိတောက်မဟုတ်ဘဲ ပိတောက်ယောင်ဆောင်
သကြန်မဏ္ဍပ်တွေက
သကြန်မဟုတ်ဘဲ သကြန်ယောင်ဆောင်
အယောင်ဆောင်တွေ များတဲ့ခေတ်ထဲ
ငါ့ကိုယ်တိုင်တောင် အယောင်ဆောင်မိတ္တူတစ်ရွက်ဖြစ်နေပြီလား။

မောင်နှယ်အောင်
(မြေပြန့်)



www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ကတဲ့ သကြၤန်မြေ

သစ်ရွက်တို့ မြေတလင်းမှာ မြူးထူးပျော်ရွှင်ကစားနေကြတာ
တန်ခူးလမှာပွင့်တဲ့ ပိတောက်ပါကိုချစ်လို့
နွေသင်းရနံ့နဲ့အတူ ရင်ခုန်နေကြတယ်၊

သည်ရာသီမှာ
ဝါဝါသိန်းသိန်း
ပန်းပိတောက်တို့ အလှချပ်ပြိုင်ကြ
ကမ္ဘာမှာ မြန်မာတို့ရဲ့ ပန်းပိတောက်ပါတွေ
လှပိုက်ဆန်းပါဘိ
အတိုင်းမသိ
ယဉ်ကျေးမှုရဲ့ အဖူးအပွင့်တွေ
အမျိုးသားစေးရဲ့ အမွေအနှစ်တွေ
ရိုးသားမှုရဲ့အားမာန်တွေ
ပိတောက်တိုင်းမှာရှိတယ်
မြေး တန်ခူး နှစ်သစ်ဦးမှာရှိတယ်
မြန်မာတို့ရဲ့ နှလုံးသွေးထဲမှာရှိတဲ့
ပန်းပိတောက်ပါတွေ
ပင်လုံးကျွတ် ဖူးပွင့်လာရင်
ကမ္ဘာမှာ အခမ်းနားဆုံး
ပိတောက်ပါတို့ကတဲ့
မဟာသကြၤန်ပွဲဟာ မြန်မာ့မြေဆီကာပဲ။ ။

နွေငြိမ်းချမ်း (အနန်းပင်မြေ)





www.burmeseclassic.com

www.burmeseclassic.com



# ရင်နွမ်းပိတောက်

ပိတောက်တွေ ပွင့်လေတိုင်း
ဘယ်လောက်ဝေးဝေး
အပြေးကလေးနှင့် အမေ့ရင်ခွင်
ဘုရားတင် ကျောင်းလှူဖို့ ပန်းတွေကမ်း။

ပိတောက်တွေ ပွင့်လေတိုင်း
ဘယ်လောက်ဝေးဝေး
အပြေးကလေးနှင့် ချစ်သူ့ရင်ခွင်
မြဆံမျှင်ပန်ဆင်ဖို့ ပန်းတွေကမ်း။

နှစ်စဉ်မပျက်ခဲ့ပါဘူး
အမေ့အတွက် ..
ချစ်သူအတွက် ..
ပိတောက်ခက်တွေ တစ်ပွေ့တစ်ပိုက်နဲ့
လက်ဆောင်အသက်နှင်းဆက်ခဲ့။



သည်နှစ်လေ ..
တပေါင်းနွေ တစ်ရက်မှာတော့
'ရက်စက်တယ် ကင်ဆာရယ် ..'
မောင်ပြုပြင်(ကျုံပျော်)ပြောသွားတဲ့ စကားတစ်ခွန်း
နားဝမှာ ကြားနေရ
အဲဒီရက်စက်တယ်ဆိုတဲ့ ကင်ဆာလက်နက်နဲ့
အမေလည်းလေ သေရွာဆီ မြန်းခဲ့ရှာရ။

ဟော ..အမေနဲ့ မရှေးမနှောင်း
အဲဒီ ၂၀၀၆ တစ်နှစ်တည်း
ဆောင်း ဒီဇင်ဘာ ၉ ရက်
တစ်မနက်ပေါ့
လေဖြန်းဝေဒနာသည်
ချစ်သူသည်လည်း
အမေနဲ့ထပ်တူ
ချစ်ခြင်းကြည်ဖြူ သေရွာဆီလှမ်းခဲ့ပြန်ရ။

သည်နှစ်နွေသကြန်တွင်တော့
ရွှေဝါလွင် ပန်းပိတောက်တွေက
အကြွေစောသလိုပ
အမေနဲ့ချစ်သူ
သေအတူလမ်းကို
တူပြိုင်ပြိုင်ကူးခဲ့ကြပြီမို့
ပိတောက်ဖူးတွေ ရင်မှာပိုက်
ခေါင်းငိုက်စိုက် အိမ်ပြန်လမ်း
ပန်းပိတောက်တွေ
ရင်မှာတဲ့ နွမ်းကြွေနှင့်သည်။ ။

(တစ်နှစ်အတွင်းဆုံးပါးသွားရှာကြသော
အမေနှင့် ချစ်သူသို့)

**သင်းအောင်ပန်**



www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ကို သိတဲ့သူ

အိပ်ရာမထခင်ကတည်းက
စိတ်မှာအလှဆင်
ရွှင်လန်းချမ်းမြေ့
ပိတောက်ပန်းရဲ့ ရနံ့လေးက
နှလုံးသားထဲ ပြေးဝင်လာတယ်။

ပိတောက်ပင်မရှိပါဘဲ
ဘာကြောင့်သင်သိသလဲ မေးရင်
ရင်ထဲစွဲနစ်
ချစ်ခဲ့သက်တမ်း
ပိတောက်ပန်းနဲ့ ဇာတ်လမ်းက
တစ်ခန်းရပ်မှ မဟုတ်ပဲလေ။

တစ်ကယ်ပါပဲ
လမ်းတစ်လျှောက်မှာ
ပိတောက်ဝါတွေဖွေးဖွေး
ပိတောက်ရနံ့တွေ မွှေးမွှေး
တစ်နှစ်လုံး တင်ကျန်လာခဲ့တဲ့ ဘဝအမောတွေ
ပိတောက်ပန်းရနံ့က သပ်ချလိုက်သလို
ပေါ့ပါး လတ်ဆတ်အေးမြသွားတယ်။



ကိုယ့်ကမ္ဘာမှာ
ပိတောက်ဝါတွေ မပွင့်ပါဘူး
ဒါပေမဲ့ ..
တစ်နေရာရာမှာ
ပိတောက်ဝါတွေ တင့်လို့နေတာ
တစ်ယောက်ကဗျာဆရာကတော့ဖြင့်
သိလို့နေတယ်ကွယ်။ ။

လမင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတောင်ပံတွေ ခတ်တဲ့နေ့

ပိတောက်တွေ ရင်ကိုတွန်းဖွင့်ဝင်လာခဲ့လေသလား
အဝါရောင်နေ့ရက်များထဲ ကြေကွဲလွင့်ပျော်စိတ်
ညနေကို အိပ်မွေ့ချပေးမယ့် ပွင့်ရနံ့
နွေနံ့နောက်ခံလေးထဲ ငေးရှိုင်းကာနှံ့ကြည့်နေသူ ..။

ချိုးကူသံလေးတွေ ကြေကြေကွဲကွဲ
ဥဩသံလေးတွေ ဆွေးဆွေးမြည့်မြည့်
အဝေးဆီ ထွေမဲ့လိပ်ပြာ တရွေ့ရွေ့မှုန်မှိုင်း
ပိတောက်နဲ့ဆုံတိုင်း ပုံပြင်လေးတွေ စိမ်းစိုလှုပ်ရှားလေ
ရာသီဥတုဆိုတာ အရောင်တွေများတယ် ..။

ကျွန်တော်တို့ ကိုယ့်ပေါင်းလယ်နဲ့ကိုယ် ဗျာပါဒတွေရိုက်ခတ်
ပိတောက်ကမ်းဝေးကို ဆိုက်ကပ်ခွင့်အကြုံ
မှုန်ဝါးအတိတ်ဆီ ပြန်ရောင်ဝှန်ဦးမလား
တွေ့ရာလေးပါးတွေနဲ့ အာရုံမညောင်းချင်တော့ဘူး
ရွှေလွှင့်ပြင်ကျယ် တောမီးနိုးတွေတအူအူ
လေပူ နေပူ အသံပူပူပျော့ထဲ ရွှေတောင်ပံတွေ တဖျပ်ဖျပ်ခတ်ငြိမ်းချမ်း
မှုန်ဝိုးသွားတဲ့ အဆိပ်တောက်တွေ ခမ်းကြဲရှင်း
ပျောက်ဆုံးခဲ့တဲ့ ပိတောက်လမ်းလေးရဲ့သံစဉ်ကို
ပတောက်ကောင်တီးတော် ပြန်ရှာကြည့်မယ်။

အေဒီဦး





www.burmeseclassic.com

www.burmeseclassic.com





## ပိတောက်အလှ

ကောင်းကင်မှာ
တိမ်ယံတွေ ကင်းလို့
အပူလှိုင်းဂယက်ကြားမှာ
ရှိုးလျှောက်နေတဲ့ ပိတောက်အလှက
မိုးထိအောင် တောက်ပြောင်တယ်။

ဒီရာသီ ဒီအချိန်ဆိုရင်
ဒီအလှတရားတွေကို မြင်နေကျ
ပြောင်းလဲမှုမရှိ ထူးခြားမှုမရှိပေမယ့်
ဆွဲဆောင်မှုရှိဆဲ စွဲလမ်းနေရဆဲအလှ
ဘဝထဲကို တိုက်ခတ်လာတဲ့ မုန်တိုင်းတွေ
အချစ်ထဲကို စိမ့်ဝင်လာတဲ့ မုန်တိုင်းတွေ
သောကဒဏ်တိုက်ကျွေးနေလို့
အပြုံးတွေ ဆိတ်သုဉ်းနေတဲ့ မျက်နှာထဲ
ဒီအလှက ပြုံးပန်းဝေစေတယ်။

အပူလှိုင်းဂယက်ကြားမှာ လှတဲ့အလှ
အေးမြခြင်းကို အစိုးလွှင့်တဲ့အလှ
ဒီရာသီ ဒီအချိန်မှာလည်း
ဒီအလှကို ငေးရဦးမယ်လေ။ ။

**ကောင်းကင်မိုး**



www.burmeseclassic.com

www.burmeseclassic.com



## တိမ်အုပ်ဖြူပေါ်က နေ့ရာသီ

ကံကြမ္မာက
သတိရခြင်းခလုတ်ကို နှိပ်လိုက်တော့
အလွမ်းတွေက
ကိုယ့်ကို လုံးထွေးရစ်ပတ်နေကြပြီ ..။

ဖုန်းဆက်မယ်ဆိုတဲ့ ပါးစပ်
အသံတိတ်လှချည့်လား
ကိုယ့်ရှေ့မှာ လေးနက်သလောက်
ကွယ်ရာမှာ ပေါ့ပေါ့တွေးပြီလား
တသီတတန်း ကိုယ့်မျှော်လင့်ချက်တွေ
အစင်းထစေပြီလား
တိမ်အုပ်ဖြူပေါ်
ဒီအပူတွေ လွှင့်တင်လိုက်တယ်
လမင်းရဲ့အလင်းနဲ့
ဖတ်ကြည့်ပါဦး ညီမရယ် ..။



လဝင်း



www.burmeseclassic.com

www.burmeseclassic.com





အစိမ်းရောင်ဂိုဏ်း၏
ဂိုဏ်းချုပ်မှာ
တုရွှေရှမ်းဆိုသူဖြစ်ရာ
အနောက်တိုင်း မာဖီးယား
ဂိုဏ်းခေါင်းဆောင်များကဲ့သို့
ရက်စက်သူတစ်ယောက်ဖြစ်၏။
ထိုစဉ်က ဗြိတိသျှနှင့်
ပြင်သစ်နိုင်ငံသားတို့ကမူ
တုရွှေရှမ်းအား
ဘိန်းကေရာဇ် ဟု
ကင်ပွန်းတပ်ထားသည် ...

# လှမိုး

(ဝဥ္စာရေး)

## နိုင်ငံတကာဂန္ထဝင်မှုခင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်စုံထောက်မဂ္ဂဇင်းကြီး စတင်ထုတ်ဝေသည့် အချိန်ကစ၍ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများဖြစ်ကြသော အင်္ဂလန်နိုင်ငံ၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ စုံထောက်ကျော်များ၊ ပြင်သစ်နိုင်ငံ၊ အမျိုးသားစူရီတေး စုံထောက်အဖွဲ့မှ စုံထောက်ကြီးများ၊ အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ ဂျီမင်း (Goverment Men) ခေါ် စုံထောက်များ၊ အင်တာပို(လ်)ကမ္ဘာ့ရဲအဖွဲ့မှ စုံထောက်များနှင့် ခေတ်သစ် ရှားလော့ဟုမ်းဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့သော မှုခင်းဆေးပညာရှင်ကြီးများက စေ့စေ့စပ်စပ် စူးစမ်းဖော်ထုတ်ခဲ့သည့် ဂန္ထဝင်မှုခင်းကြီးများကို အခါအားလျော်စွာ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ရေးသားဖော်ပြမည့် ဂန္ထဝင်မှုခင်းမှာမူ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ဗြိတိသျှကိုလိုနီနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့ရသော ဟောင်ကောင်ကျွန်း(ယနေ့ တရုတ်နိုင်ငံ)တွင် နေထိုင်ကြရသော ပြည်သူလူထု၊ ဗြိတိသျှရဲအဖွဲ့နှင့် စုံထောက်အဖွဲ့ဝင်များ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့တုန်လှုပ်ခဲ့ကြရသော အစိမ်းရောင် (Green) မူးယစ်ဆေးဝါးဂိုဏ်းကြီးနှင့် ထိုဂိုဏ်းမှကျူးလွန်ခဲ့သော မှုခင်းကြီးများအကြောင်း ဖြစ်ပါသည်။

အလျဉ်းသင့်သဖြင့် ယနေ့ ကမ္ဘာ့လူသားမျိုးဆက်တစ်ဆက်လုံးအား အန္တရာယ်ပေးနေသည့် ဘိန်းဖြူ(သို့မဟုတ်) ဟီးရိုးအင်းအကြောင်း အနည်းငယ်တင်ပြလိုပါသည်။ သမိုင်းမှတ်တမ်းများအရ ကျောက်ခေတ်ကာလကပင် မြေထဲပင်လယ် တန်းတလျားရှိ နိုင်ငံများမှ တောင်ကုန်းဒေသများတွင် ဘိန်းပင်များ အလေ့ကျပေါက်ရောက်ခဲ့သည်ဟု ဆိုသည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်းတစ်ထောင်ခန့်(ဘီစီ ၁၀၀၀)ကပင် မြေထဲပင်လယ်ဒေသရှိ နိုင်ငံများမှ သမားတော်ကြီးများသည် ဘိန်းအား အဖိုးတန်ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြသည်။ ဂရိနှင့် ရောမတို့ လျှမ်းလျှမ်းတောက်ကျော်ကြားသည့် ခေတ်ကလည်း ဂရိသမားတော်ကြီးများနှင့် ရောမသမားတော်ကြီးများသည် ဘိန်းအား ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြသည်။ ထိုစဉ်က ဆေးကျမ်းများ၏ အဆိုအရ ဘိန်းသည် ဆေးဝါးအဖြစ် မှီဝဲပါက အတော်အသင့်ကိုက်ခဲနာကျင်မှုဝေဒနာကို ပျောက်ကင်းသက်သာစေသည်ဟုဆိုသည်။ ခရစ်တော်ပေါ်ပေါက်ပြီးကာလကပင် ထိုဘိန်းပင်စိုက်ပျိုးခြင်းသည် မူရင်းဇာတိဖြစ်သော မြေထဲပင်လယ်ဒေသမှ အရှေ့ဘက်၊. အိန္ဒိယတိုက်ငယ်နှင့် တရုတ်နိုင်ငံတို့အထိ ပြန့်ပွားတိုးတက်လာခဲ့သည်။ ထိုအချိန်မှစ၍ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ သမားတော်ကြီးများသည် ဘိန်းအား ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြသည်။

ရာစုနှစ်ပေါင်းများစွာ ကာလအတွင်း ဥရောပတိုက်နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဘိန်းပါ သောဆေးဝါးများသည် ကိုယ်လက်ကိုက်ခဲခြင်း၊ အအေးမိခြင်းကို အထိုက်အလျောက် သက်သာစေသဖြင့် လူသုံးများသော ဆေးဝါးများဖြစ်လာသည်။ အထက်ဖော်ပြပါ ရောဂါဝေဒနာများသာမက ဘိန်းသည် လူတို့၏ ပူပင်သောကကိုပါ ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည်ကြသည်။ ခရစ်နှစ် ၁၈၀၅ ခုနှစ်တွင် ဆေးသိပ္ပံပညာရှင်များသည် ဘိန်းမှ မော်ဖိန်းကို စတင်ထုတ်လုပ်နိုင်ခဲ့ကြရာ ထိုမော်ဖိန်းကို ဆေးပညာရှင်များက အကိုက်အခဲဝေဒနာကို ပျောက်စေသော စားဆေးအဖြစ် သုံးစွဲလာခဲ့ကြသည်။ ခရစ်နှစ် ၁၈၅၈ ခုနှစ်တွင်မူ အမေရိကန်ပြည်ထောင်စုမှ ဆေးပညာရှင်များက ထိုးဆေးအဖြစ် စတင်အသုံးပြုခဲ့ကြရာမှ မော်ဖိန်းထိုးဆေးမှာ တွင်ကျယ်လာသည်။ လူအများအသုံးပြုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အကိုက်အခဲ နာကျင်စေမှုကို သက်သာစေသော ထိုးဆေးဟု ခေါ်ယူလာခဲ့ကြသည်။ ထိုထိုးဆေးမှာ အသုံးများလာသည်နှင့်အမျှ ထိုးဆေးများကို စွဲလမ်းသောရောဂါသည်လည်း ဖြစ်ပွားလာခဲ့သည်။

ထိုမှစ၍ သုတေသီများသည် တစ်ဆင့်တက်ကာ ဟီးရိုးအင်း(ခေါ်)ဘိန်းဖြူကို ရှာဖွေ တွေ့ရှိခဲ့ကြသည်။ အမှန်အားဖြင့် သုတေသီများသည် အကိုက်အခဲလည်းပျောက်ကင်း၍ လူတို့အားလည်း မစွဲစေသော ဆေးတီထွင်ရန် သုတေသနပြုရာမှ ဟီးရိုးအင်းကို ရှာဖွေတွေ့ရှိသွားကြခြင်းဖြစ်၏။ ဤကဲ့သို့ ဘိန်း၏ အာနိသင်ကို သိရှိကြသော ဝိသမလောဘသားများသည် ဘိန်းအား အရှေ့တောင်အာရှရှိ နိုင်ငံများသို့ တင်သွင်းရောင်းချရန် စီမံလာကြသည်။ အထူးသဖြင့် ဗြိတိသျှကုန်သည်များသည် တရုတ်နိုင်ငံအတွင်း ဘိန်းတင်သွင်းခြင်းဖြင့် အကျိုးအမြတ်အများဆုံး ရနိုင်သည်ကို သိရှိကြသဖြင့် တရုတ်နိုင်ငံအတွင်းသို့ ဘိန်းတင်သွင်းကြသည်။ တရုတ်အာဏာပိုင်များအနေဖြင့် တဖြည်းဖြည်းနှင့် တရုတ်ပြည်သူအများ ဘိန်းစွဲသည့် အန္တရာယ်ကြုံလာခဲ့ရသည်။ တရုတ်ဆင်းရဲသားလူထုသာမက ချမ်းသာကြွယ်ဝသော တရုတ်လူအများပင် ဘိန်းစွဲသောအန္တရာယ်ကြုံတွေ့လာခဲ့ရသဖြင့် နောက်ဆုံးတွင် မန်ချူးအာဏာပိုင်များသည် တရုတ်နိုင်ငံတော်အတွင်း ဘိန်းတင်သွင်းမှုကို ပိတ်ပင်ခဲ့ရတော့၏။ ဤတွင် ဘိန်းစစ်ပွဲနှစ်ကြိမ်ဖြစ်ခဲ့ရာမှ အနောက်နိုင်ငံများသည် မတရားချုပ်ဆိုသော စစ်ပြေငြိမ်းရေးစာချုပ်များနှင့် တရုတ်နိုင်ငံဆိပ်ကမ်းမြို့ကြီးများအား ရရှိသွားခဲ့သည်။ ဤတွင် တရုတ်နိုင်ငံဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ရှန်ဟဲကို အနောက်တိုင်းသားတို့၏ အုပ်ချုပ်မှုအောက် ရောက်ခဲ့ရတော့သည်။ အနောက်တိုင်းရင်းသားအများသည် ရှန်ဟဲမြို့ ပတ်ဝန်းကျင်တွင် နိုင်ငံအလိုက် ရပ်ကွက်ကြီးများ တည်ထောင်ခဲ့ကြတော့၏။

ရှေးပဝေသဏီက ရှန်ဟဲသည် တရုတ်ရေလုပ်သားများ စုပေါင်းနေထိုင်ကြသော ကျေးရွာကလေးတစ်ရွာသာ ဖြစ်သည်။ ဘိန်းစစ်များအပြီး နိုင်ငံတကာဆိပ်ကမ်းမြို့ဖြစ်လာသော ရှန်ဟဲသည် စည်းကားလာသည့် မြို့တစ်မြို့ ဖြစ်လာသည်။ အနောက်နိုင်ငံများမှ ကုန်စည်များ၊ အတားအဆီးမရှိဝင်လာသော ဆိပ်ကမ်းမြို့ကြီးဖြစ်လာသော ရှန်ဟဲသည် ခေတ်မီသော မြို့တော်ကြီးဖြစ်လာခဲ့ရာ တရုတ်အစိုးရအဖို့ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အနောက်တိုင်းသားများအား ဗြိတိသျှရပ်ကွက်၊ ပြင်သစ်ရပ်ကွက်၊ အမေရိကန်ပြည်ထောင်စုရပ်ကွက်နှင့် အခြားနိုင်ငံများရပ်ကွက်ဟု ခွဲစိပ်ပေးထားရာ နိုင်ငံခြားသားများသည် မိမိတို့ရပ်ကွက်ကို မိမိတို့နည်း မိမိတို့တရားဥပဒေနှင့် အုပ်ချုပ်ခဲ့ကြသည်။ ထိုရပ်ကွက်များသည် ဘိန်းကုန်ကူးရာ၊ ဘိန်းဖြူဖြန့်ဖြူးရာ ဘိန်းချက်လုပ်ရာနေရာများ ဖြစ်လာသည်။ ဘိန်းချက် စက်ရုံများတည်ဆောက်ခဲ့ကြပြီး တရုတ်နိုင်ငံအတွင်း ဘိန်းအဆမတန် တင်သွင်းခဲ့ကြသည်သာမက ဘိန်းဖြူများချက်လုပ်သည်အထိ အတင့်ရဲလာ၏။ ဘိန်းကုန်ကူးသည့်ဂိုဏ်းများ ပေါ်ပေါက်လာသကဲ့သို့ လူဆိုးလူမိုက်၊ ဒုစရိုက်ဂိုဏ်းများလည်း ပေါ်ပေါက်လာသည်။ ရှန်ဟဲမြို့ကြီးတစ်မြို့လုံး ဘိန်းနှင့် ဘိန်းဖြူရောင်းဝယ်ရေးအတွက် ဂိုဏ်းများအချင်းချင်း အပြင်းအထန် တိုက်ပွဲများဆင်လာကြသည်။ လမ်းမများပေါ်တွင် ပြောင်ပြောင်တင်းတင်း တိုက်ခိုက်လုပ်ကြံမှုများ မကြာခဏ ဖြစ်ပွားလာသည်။ လုယက်မှု၊ ခိုးမှု၊ ပြန်ပေးဆွဲမှု၊ ဓားပြတိုက်မှု၊ လူသတ်မှုများ ခေါင်းဝင်တိုးတက်လာတော့၏။ ထိုစဉ်က အင်အားအကြီးမားဆုံးဂိုဏ်းမှာ အစိမ်းရောင်ဂိုဏ်းဖြစ်လာသည်။ ထိုဂိုဏ်းသည် အခြားဒုစရိုက်ဂိုဏ်းများအပေါ် အာဏာလွှမ်းလာခဲ့ပြီး ထိုဂိုဏ်းခေါင်းဆောင်မှာ တုရွှေရှမ်းဆိုသူဖြစ်သည်။ သူသည် ဘိန်းဘုရင်ဖြစ်လာသည်သာမက အခြားမှောင်ခိုလုပ်ငန်းများ၊ ကစားဝိုင်းများ၊ ပြည့်တန်ဆာအိမ်များနှင့် မြေအောက်ဒုစရိုက်လောကကိုပါ တုရွှေရှမ်းသည် ချုပ်ကိုင်ထားသည့် ဂိုဏ်းချုပ်ကြီးဖြစ်လာ၏။


ထိုစဉ်က ဟောင်ကောင်မှာ ဗြိတိသျှအစိုးရပိုင် ကိုလိုနီဖြစ်သည်။ ဆိပ်ကမ်းဘက်တွင် မီးများထိန်လင်းနေသော မာကျောက်ကစားဝိုင်းများ၊ ညကလပ်များ၊ ဘိန်းခန်းများ၊ အရက်ဆိုင်များနှင့်အတိဖြစ်သည်။ လမ်းများက ကျဉ်းမြောင်းသည်။ ရာဇဝတ်မှုထူပြောသည်။ ဒုစရိုက်မှုတွေများလာသကဲ့သို့ ဘိန်းချက်စက်ရုံတွေ အလျှိုလျှိုပေါ်လာသည်။ ဟောင်ကောင်သည် အရှေ့တောင်အာရှအတွက် ဘိန်းချက်စက်ရုံဖြစ်လာသည်။ ဘိန်းဖြန့်ဖြူးရာစခန်းဖြစ်လာသည်။ ရှန်ဟဲမှ အစိမ်းရောင်အသင်းသည် ဘိန်းနှင့် ဘိန်းဖြူရောင်းဝယ်

www.burmeseclassic.com

www.burmeseclassic.com



ရေးတွင် ချုပ်ကိုင်ထားနိုင်သည့်သာမက ထိုဂိုဏ်းသည် ရှန်ဟဲမြို့ရှိ ပြင်သစ်လူမျိုးများနေထိုင်သော ရပ်ကွက်တွင်အခြေချကာ ဘိန်းနှင့်ဘိန်းဖြူရောင်းဝယ်ရေးသာမက အခြားရာဇဝတ်မှုများကို ကျူးလွန်လာသည်။ အစိမ်းရောင် ဂိုဏ်းသားဟု ဆိုလျှင် လူအများက ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြပြီး ထိုဂိုဏ်းသည် ပြင်သစ်နိုင်ငံ၊ မာဆေး(လ်)မြို့မှ ဘိန်းနှင့်ဘိန်းဖြူ မှောင်ခိုရောင်းဝယ်သူများနှင့်အဆက်အသွယ်ရရှိထားပြီးရှန်ဟဲတွင်သာမက ဗြိတိသျှကိုလိုနီဟောင်ကောင်အထိ ထိုဂိုဏ်း၏ ဩဇာမှာ ကြီးထွားလာသည်။




ပါတီခေါင်းဆောင် ချန်ကေရှိတ်ကို ချဉ်းကပ်သည်။ ချန်ကေရှိတ်၏ အားထားရသော လူယုံတစ်ယောက် ဖြစ်လာရန် အစွမ်းအစပြသည်။ ထိုစဉ်က ရှန်ဟဲတွင် လက်ဝဲဝါဒယိမ်းသော အလုပ်သမားအစည်းအရုံးက ဩဇာကြီးမားနေသည်။ အလုပ်သမားခေါင်းဆောင်အများအပြားမှာ ကွန်မြူနစ်ပါတီဝင်များဖြစ်ကြသည်။ ကွန်မင်တန်ခေါင်းဆောင် ချန်ကေရှိတ်ကလည်း ရှန်ဟဲရှိ ကွန်မြူနစ်ဩဇာလွှမ်းမိုးနေသော အလုပ်သမားအစည်းအရုံးကို ဖြိုခွဲရန်လိုလာသည်။ ဤတွင်ပါးနပ်သော အစိမ်းရောင်အသင်းခေါင်းဆောင်

အစိမ်းရောင်ဂိုဏ်း၏ ဂိုဏ်းချုပ်မှာ တုရွှေရှမ်းဆိုသူ ဖြစ်ရာ အနောက်တိုင်း မာဖီးယားဂိုဏ်းခေါင်းဆောင်များကဲ့သို့ ရက်စက်သူတစ်ယောက်ဖြစ်၏။ ထိုစဉ်က ဗြိတိသျှနှင့် ပြင်သစ်နိုင်ငံသားတို့ကမူ တုရွှေရှမ်းအား ဘိန်းကေရာဇ်ဟု ကင်ပွန်းတပ်ထားသည်။ ရှန်ဟဲရှိ အခြားမှောင်ခိုဂိုဏ်းများအား အပြတ်အသတ်အနိုင်ယူနိုင်သဖြင့် အစိမ်းရောင်ဂိုဏ်းမှာ ရှန်ဟဲမြို့ ဘိန်းနှင့် မူးယစ်ဆေးဝါးလောကတွင်သာမက မြေအောက်ဒုစရိုက်လောကတွင်ပါ ထိပ်တန်းရောက်လာခဲ့သည်။ တုရွှေရှမ်းသည် ဘိန်းမှောင်ခိုလောကကိုသာ ပါးပါးနပ်နပ်ကျွမ်းကျင်သည့်သာမက နိုင်ငံရေးလောကကိုပါ ချုပ်ကိုင်ထားနိုင်ရန် ပြင်ဆင်ခဲ့၏။ ထိုစဉ်က တရုတ်နိုင်ငံတွင် ဩဇာအာဏာအထက်ဆုံးမှာ ကွန်မင်တန်ပါတီ (သို့မဟုတ်) တရုတ်အမျိုးသားရေးပါတီဖြစ်သည်။

တုရွှေရှမ်းသည် ၎င်း၏ အစိမ်းရောင်ဂိုဏ်း ရပ်တည်နိုင်ရေးအတွက် နိုင်ငံရေးပါတီတစ်ခုကို အကာအကွယ်ယူထားရမည်ဟု ယူဆထားသည်။ သို့ဖြစ်၍ တရုတ်ကွန်မင်တန် ဘိန်းကေရာဇ် တုရွှေရှမ်းသည် သူ့ဂိုဏ်းမှ ဂိုဏ်းဝင် လူမိုက်ထောင်ပေါင်းများစွာတို့သည် ရှန်ဟဲမြို့ရှိ တရုတ်အမျိုးသားရပ်ကွက်များတွင်ရှိသော အလုပ်သမားအစည်းအရုံးများကို အလစ် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ တစ်စုံတစ်ရာကာကွယ်ရန် ပြင်ဆင်မထားသော အလုပ်သမားအစည်းအရုံးမှာ ဖျက်ဆီးခြင်းခံခဲ့ကြရသည်သာမက အလုပ်သမားခေါင်းဆောင်အများအပြား အသတ်ခံခဲ့ကြရသည်။ ထိုစဉ်က သတင်းမီဒီယာများ၏ မှတ်တမ်းများအရ ကွန်မြူနစ်ပါတီဝင် အလုပ်သမားခေါင်းဆောင်အများအပြားအသတ်ခံရပြီး အနည်းငယ်ခန့်သာ ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟု ဆိုရ၏။

တုရွှေရှမ်း၏ လက်စလက်နကို ယုံကြည်သွားသော ချန်ကေရှိတ်သည် ဘိန်းကေရာဇ်ဒုစရိုက်ခေါင်းဆောင် တုရွှေရှမ်းအား ကွန်မင်တန်တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်အဖြစ် ခန့်ထားခဲ့ရာ ဘိန်းကေရာဇ်တုရွှေရှမ်းမှာ ရှန်ဟဲမြို့တွင် ဩဇာကြီးမားသော ပုဂ္ဂိုလ်ဖြစ်လာသည်။ တရုတ်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



မိုင်းတွင် တုရွှေရှမ်းဦးဆောင်သည့် ဒုစရိုက်ခေါင်းဆောင်တို့ အသိအမှတ်ပြုခံရခြင်းဖြစ်သည်။ ရှန်ဟဲတွင် တုရွှေရှမ်းသည် လက်ညှိုးညွှန်ရာ ရေဖြစ်စေသူ ဖြစ်သည်သာမက ဘိန်းဖြူချက်ခြင်း၊ ဘိန်းကုန်ကူးခြင်းများကို ပြောင်ပြောင်တင်းတင်း ရဲရဲဝင့်ဝင့် ပြုလုပ်ကြတော့သည်။ ကမ္ဘာ့မှုခင်းသမိုင်းတွင် တုရွှေရှမ်းသည် ပထမဆုံးအမျိုးသားနိုင်ငံရေးတွင် အရေးပါအရာရောက်ဆုံး မြေအောက်ရာဇာတစ်ဦးဖြစ်သည်ဟု ဆိုကြသည်။

တရုတ်၊ ဂျပန်စစ်ပွဲကြီးပြင်းထန်လာပြီး ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ ကူးစက်လာသည်နှင့် ဂျပန်ဘုရင့်တပ်မတော်သည် တရုတ်နိုင်ငံ၊ တောင်ပိုင်းကမ်းခြေမှ ဆိပ်ကမ်းမြို့ကြီးများကို သိမ်းပိုက်ခဲ့ရာ ချန်ကေရှိတ်၏ ကွန်မင်တန်အစိုးရသည် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ချုံကင်းသို့ ဆုတ်ခွာခဲ့ရသည်။ သို့သော် ဘိန်းမှောင်ခိုကူးသန်းရောင်းဝယ်မှုမှာ အခြေအနေပုံမှန်အတိုင်းဖြစ်သည်။

ဘိန်းကေရာဇ် မေဂျာဂျင်နရယ် တုရွှေရှမ်းသည် ချန်ကေရှိတ်နှင့်အတူ ရှန်ဟဲမှ ဆုတ်ခွာခဲ့ပြီး ချန်ကေရှိတ်အစိုးရ၏ သဘောတူညီချက်အရ စီချွန်းပြည်နယ်တွင် ဘိန်းအကြီးအကျယ် စိုက်ခဲ့သည်။ ဂျပန်စစ်ကြောင်းများကို ဖြတ်ကျော်၍ ဘိန်းကုန်ကူးခဲ့သည်။ ထိုဘိန်းကုန်ကူးမှုမှာ အကျိုးအမြတ် အလွန်များပြားလာသဖြင့် ချန်ကေရှိတ်အစိုးရသည် စိတ်ဝင်စားလာသည်။ ထိုစဉ်က ချန်ကေရှိတ်၏ စစ်ဘုရင်ခံများကိုယ်တိုင် ဘိန်းကုန်ကူးမှုနောက်ကွယ်မှ အားပေးခဲ့ကြသည်သာမက ငွေလုံးငွေရင်း သန်းနှင့်ချီ၍ ထုတ်ပေးခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့သည်။

ချန်ကေရှိတ်သည် အမေရိကန်ပြည်ထောင်စုမှ ရရှိသော ဂျပန်တို့အား ခုခံတိုက်ခိုက်ရန် စစ်လက်နက်ပစ္စည်းများနှင့် ရိက္ခာများ၊ ငွေကြေးများကို ပြည်တွင်းတော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ဖြိုခွင်းရန် ဘိန်းကုန်ကူးရန်တွင်သာ အသုံးချခဲ့သည်ဟု သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

ဒုတိယကမ္ဘာစစ်မီးတောက်လောင်ပြီးစီးခဲ့သည့်အခါ တရုတ်နိုင်ငံတွင် တော်လှန်ရေးအင်အားစုများက အင်အားကြီးထွားလာသည်။ ဘိန်းကုန်ကူးခြင်းနှင့် ကိုယ်ကျိုးအမြတ်အစွန်းကြည့်ကြသော ချန်ကေရှိတ်၏ အစိုးရအဖွဲ့ဝင်များမှာ တရုတ်လူထု၏ အော့နှလုံးနာသူများဖြစ်လာရသည်။ တော်လှန်ရေးအင်အားစုများဘက်မှ စစ်ဒီရေသည် တိုးတက်လာခဲ့ပြီး ချန်ကေရှိတ်အစိုးရသည် တရုတ်ပြည်မှ ထိုင်ပေသို့ ဆုတ်ခွာသွားခဲ့ရသည်။ ဘိန်းဘုရင်တုရွှေရှမ်းနှင့် မြေအောက်ဒုစရိုက်သမားများသည် အလုံးအရင်းနှင့် ဗြိတိသျှကိုလိုနီဖြစ်သော ဟောင်ကောင်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ထိုစဉ်က ဟောင်ကောင်ရှိ ဗြိတိသျှရဲအဖွဲ့နှင့်စုံထောက်သည် တရားမဝင် ဝင်ရောက်လာသော တုရွှေရှမ်း၏ ဒုစရိုက်သမားများကို မတားဆီးနိုင်။ သို့ဖြစ်၍ ဟောင်ကောင်သည် အရှေ့တောင်အာရှ၏ ဒုစရိုက်မြို့တော်ဖြစ်လာသည်။ အမှုအခင်းများ တစ်နေ့တစ်ခြားများပြားလာသည်။ တုရွှေရှမ်းသည် ဟောင်ကောင်ရဲအဖွဲ့ဝင်များထဲမှ အချို့ကိုပင် စည်းရုံးထားခဲ့သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့၏။ ၁၉၅၁ ခုနှစ်တွင် ဘိန်းဖြူရာဇာနှင့် ဒုစရိုက်ဂိုဏ်းခေါင်းဆောင် တုရွှေရှမ်း ကွယ်လွန်ခဲ့ရသည်။

ထိုအစိမ်းရောင်အသင်း ဒုတိယခေါင်းဆောင် လီချွာဖတ်သည် တုရွှေရှမ်း၏နေရာကို ယူလာခဲ့ပြီး ဟောင်ကောင်ဒုစရိုက်လောကကို ချုပ်ကိုင်ထားခဲ့သည်။ ခိုးမှု၊ လူသတ်မှု၊ ပြန်ပေးဆွဲမှု၊ မားပြတိုက်မှုတို့ ဒီရေအလား တိုးတက်များပြားလာခဲ့ပြီး ဘိန်းကုန်ကူးခြင်းကိုလည်း ပြောင်ပြောင်တင်းတင်း ပြုလုပ်လာခဲ့သဖြင့် ဗြိတိသျှအစိုးရသည် ဟောင်ကောင်ဒုစရိုက်လောကကို ဖြိုခွင်းရန် စီမံလာခဲ့ရသည်။ ၁၉၅၂ ခုနှစ်တွင် ဟောင်ကောင်ရဲအဖွဲ့ဝင်များသည် အစိမ်းရောင်ဒုစရိုက်ဂိုဏ်းဌာနချုပ်နှင့် ဘိန်းချက်စက်ရုံများ၊ ဘိန်းကုန်လှောင်ရုံများကို စီးနင်းတိုက်ခိုက်ခဲ့ကြပြီး တာဝန်ရှိသူများကို တရားဥပဒေအရ အရေးယူခဲ့သည်။ အစိမ်းရောင်ဂိုဏ်းခေါင်းဆောင် ဘိန်းရာဇာ လီချွာဖတ်ကို ဖမ်းဆီး၍ ထောင်ဒဏ်၊ ပြည်နှင်ဒဏ်များ ပေးခဲ့ရာ ၁၉၅၅ ခုနှစ်တွင် အစိမ်းရောင်ဂိုဏ်းမှာ လုံးဝပြိုကွဲသွားခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

Ref: The Crimes of patriots by J-Kwitny



www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်

ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)

ဆရာခင်ဗျား

ကျွန်တော်က အငှားယာဉ်မောင်းတစ်ဦးဖြစ်ပါတယ်။ ကျောင်းစာကို ပြီးဆုံးအောင် မသင်ရတော့ ပညာသိပ်မတတ်ပါဘူး။ ဒါပေမဲ့ ဗဟုသုတရှိအောင် အပတ်စဉ်ထုတ်ဂျာနယ်တွေကို ဖတ်ပါတယ်။ ခုတလော ဂျာနယ်တွေဖတ်ကြည့်တော့ ပုဒ်မ ၅၀၅(ခ)အကြောင်း ရေးတာတွေ့ရပါတယ်။ ရှိသင့်တယ်/မရှိသင့်တော့ဘူး။ တလွဲသုံးတယ်/မသုံးဘူး စသည်ဖြင့် ရှေ့နေကြီးများက ဝေဖန်တာတွေ ဖတ်ရပါတယ်။ ပုဒ်မ ၅၀၅(ခ) ဆိုတာ ဘာလဲဆိုတာ ကျွန်တော်တို့ မသိဘူး ဖြစ်နေတယ်။ ဥပဒေစုံထောက်အခန်းကပဲ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

အငှားယာဉ်မောင်းတစ်ဦး(တာမွေ)

## အ ငှား ယာ ဉ် မော င်း တ စ် ဦး သို့

တူမောင်က အငှားယာဉ်မောင်းသမားဆိုပေမယ့် ဂျာနယ်တွေကို မှန်မှန်ဖတ်တယ်လို့ သိရတာ ဝမ်းသာပါတယ်။ ဂျာနယ်တွေက တစ်ပတ်တစ်ကြိမ် မှန်မှန်ထုတ်တော့ အပတ်စဉ် မြန်မာအကြောင်း၊ ကမ္ဘာ့အကြောင်းကို သိနေရတယ်ပေါ့။ "အလိမ္မာ စာမှာရှိတယ်" ဆိုတဲ့ စကားရှိပါတယ်။ စာဖတ်တာ ကောင်းပါတယ်။

ပုဒ်မ ၅၀၅(ခ)ဆိုတာ ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)ရဲ့ ပုဒ်မ ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ ပုဒ်မ (၅၁၁)ခု ရှိပါတယ်။ ၅၀၅(ခ)က နောက်နားမှာ ရောက်နေတာရယ်၊ အဲဒီပုဒ်မနဲ့ တရားစွဲမှုနည်းတာရယ်ကြောင့် အသိနည်းခြင်းဖြစ်တတ်ပါတယ်။ မူရင်းပုဒ်မကို သက်ဆိုင်သလောက် ကူးယူဖော်ပြပေးပါ့မယ်။

"ပုဒ်မ ၅၀၅ – မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ သတင်းကိုဖြစ်စေ ပြုရာတွင် (သို့တည်းမဟုတ်) ထုတ်ပြန်ကြေညာရာတွင် (သို့တည်းမဟုတ်) ဖြန့်ချိရာတွင် ...

(က) xxxxxxxxxxx

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော် ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်းတစ်ခုခုဖြစ်စေရန်



www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် ကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဂ) xxxxxxxxxxx

ထိုသူကို (၂)နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အဲဒီလို ဥပဒေမှာပြဋ္ဌာန်းထားပေမယ့် အဲဒီပြဋ္ဌာန်းချက် အောက်မှာ ကင်းလွတ်ချက်ဆိုတာ ပါရှိပါတယ်။ ကင်းလွတ် ချက်ဆိုတာ ခြွင်းချက်တစ်မျိုးပဲပေါ့။

**ကင်းလွတ်ချက်**

တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကို ဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကို ဖြစ်စေပြုရာတွင် (သို့တည်းမဟုတ်)ထုတ်ပြန်ကြေညာရာတွင် (သို့တည်းမဟုတ်)ဖြန့်ချိရာတွင် ထိုဖော်ပြချက်သော်လည်းကောင်း၊ ထိုကောလာဟလသော်လည်းကောင်း၊ ထိုသတင်းသော်လည်းကောင်း၊ မှန်ကန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသည့်အပြင် အထက်ကဆိုခဲ့သော အကြံမရှိဘဲပြုလျှင် (သို့တည်းမဟုတ်) ထုတ်ပြန်ကြေညာလျှင် (သို့တည်းမဟုတ်) ဖြန့်ချိလျှင် ဤပုဒ်မ၏အရ ပြစ်မှု မမြောက်။

တူမောင့်အနေဖြင့် ကင်းလွတ်ချက်အပါအဝင် ပြဋ္ဌာန်းချက်အပြည့်အစုံကို ဖတ်ကြည့်လိုက်ပါ။ ဥပဒေဆိုတော့ စာသံပေသံ ပါနေတတ်တယ်။ ဖြည်းဖြည်းချင်းဖတ်လျှင် နားလည်သွားပါလိမ့်မယ်။ ဥပဒေကို နားလည်ထားတော့ သတင်းတွေဘာတွေကို ဖတ်တဲ့အခါ ဝေဖန်သုံးသပ်နိုင်တာပေါ့။

---

ဆရာရှင့်

ခုတစ်လော ပုဒ်မ(၁၈)အကြောင်းကို ကြားနေရပြန်တယ်။ ရှေ့နေကြီးတွေက ဝေဖန်တာတွေရော၊ အလုပ်သမားသမဂ္ဂများ ပူပေါင်း ဆောင်ရွက်ရေးကော်မတီက ရှင်းလင်းတာတွေရော ဂျာနယ်တွေမှာ ဖတ်ရပါတယ်။ ကျွန်မတို့ကလည်း ဒီမိုကရေစီခေတ် အမျိုးသမီးတွေဆိုတော့ ဒီလို အကြောင်းအရာတွေကို စိတ်ဝင်စားတယ်။ သိချင်ပါတယ်၊ ကျေးဇူးပြုပြီး စုံထောက်မဂ္ဂဇင်း၊ ဥပဒေစုံထောက်အခန်းကဏ္ဍကနေပြီး ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။

ဈေးသည်တစ်ဦး(ပုဇွန်တောင်)

---

## ဈေးသည်တစ်ဦးသို့

တူမက ဈေးသာရောင်းတယ်။ ဂျာနယ်တွေကိုတော့ အမြဲတမ်းဖတ်တယ်ထင်တယ်။ တူမပြောတဲ့အတိုင်း အဲဒီ အကြောင်း ဂျာနယ်တွေမှာပါတယ်။ ဦးလည်း ဖတ်လိုက် ပါတယ်။ စာဖတ်တာကောင်းပါတယ်။ ဥပဒေတို့ နိုင်ငံရေး တို့ကို စိတ်ဝင်စားတော့လည်း ခေတ်မီတာပေါ့။ ခေတ်နောက် မကျန်ခဲ့ဘူးပေါ့။

ပုဒ်မ(၁၈)ဆိုတာ "ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်း စွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ" မှာပါတဲ့ ပုဒ်မဖြစ်ပါ တယ်။ ၃-၁၂-၂၀၁၁ ရက် သတင်းစာတွေမှာ ထုတ်ပြန် ကြေညာခဲ့ပါတယ်။ ခုဆိုရင် တစ်နှစ်ကျော်လောက် ရှိသွားပြီ ပေါ့။ ပုဒ်မ (၁၈)ရဲ့ မူရင်းပြဋ္ဌာန်းချက်ကို ကောက်နုတ်ဖော်ပြ လိုက်ပါတယ်။

<u>ပုဒ်မ ၁၈</u>

မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း၊ သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပြဋ္ဌာန်းချက်အရ ထောင်မချ မနေရဆိုတဲ့ ပြစ်ဒဏ်မျိုး တော့မဟုတ်ပါဘူး။ ဒဏ်ငွေသက်သက်ရိုက်လည်း ပြီးနိုင်တဲ့ ပုဒ်မဖြစ်ပါတယ်။ ထောင်ချခဲ့ရင်လည်း "တစ်နှစ်ထက်မပို သော ထောင်ဒဏ်ဖြစ်စေ" လို့ ရေးထားလို့ တစ်ရက်ပဲဖြစ် ဖြစ်၊ တစ်လပဲဖြစ်ဖြစ် ချမှတ်နိုင်ပါတယ်။ တရားရုံးရဲ့ ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်ရန် ဖြစ်ပါတယ်။

အဲဒီဥပဒေရဲ့ အခန်း(၄)မှာ "ခွင့်ပြုမိန့်ထုတ်ပေးခြင်း နှင့် ငြင်းပယ်ခြင်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတာရှိပါ တယ်။ ပုဒ်မ ၅/၆/၇/၈/၉ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ အခန်း(၃)မှာတော့ **"ခွင့်ပြုမိန့်လျှောက်ထားခြင်း"** ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားပါတယ်

အသေးစိတ်လေ့လာချင်ရင်တော့ မူရင်းပြဋ္ဌာန်းချက် ကို လေ့လာဖို့ လိုပါတယ်။ ၃-၁၂-၂၀၁၁ နေ့ထုတ် မြန်မာ့ အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာတို့မှာ ပါရှိပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com





# မောင်ဘုက်စိန်

# လက်ဝယ်တွေ့ရှိခြင်း ပြဿနာ

မူးယစ်ဆေးဝါးမှုခင်းများကို တရားရုံးများတွင် ကြားနာစစ်ဆေးရ လေ့ရှိသည်။ ထိုသို့စစ်ဆေးရာတွင် အများဆုံး ငြင်းခုံကြလေ့ရှိသော ပြဿနာတစ်ရပ်မှာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးအား တရားခံ၏လက်ဝယ်မှ ရှာဖွေဖမ်းဆီးရမိခြင်းဟုတ်/ မဟုတ်ပြဿနာ၊ မှန်/မမှန်ပြဿနာ ဖြစ်သည်။ တရားခံ၏ လက်ဝယ်မှ တွေ့ရှိကြောင်း ပေါ်လွင်ထင်ရှားပါက တရားခံအား လက်ဝယ်တွေ့ရှိမှုဖြင့် အပြစ်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် တရားခံအဖြစ် တရားစွဲဆိုတင်ပို့ခြင်းခံရသူများကလည်း အချင်းဖြစ်ပစ္စည်းအား မိမိလက်ဝယ်မှတွေ့ရှိခြင်း မဟုတ်ကြောင်း အကြောက်အကန် ငြင်းလေ့ရှိကြပေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးမြို့၊ ကလေးမြို့၊ ကလေးဝမြို့နယ်တို့တွင် ဖန်စီဒိုင်း(ခေါ်) ဆေးတစ်မျိုးကို မကြာခဏဖမ်းဆီးရမိလေ့ရှိသည်။ မြန်မာပြည်၏ အနောက်မြောက်ဖက်ရှိ နယ်စပ်ဒေသမှ ဝင်လာလေ့ရှိသော ချောင်းဆိုးပျောက်ဆေးတစ်မျိုးဖြစ်သည်။ ချောင်းဆိုးပျောက်ဆေးဟု ဆိုသော်လည်း မူးယစ်ဆေးဝါးအာနိသင်များ ပါရှိသဖြင့် တာဝန်ရှိသူများက ဖမ်းဆီးအရေးယူရပေသည်။ ယင်းကဲ့သို့ ဖမ်းဆီးအရေးယူပြီး တရားစွဲဆိုတင်ပို့ရသော အမှုများ အနက် စီရင်ထုံးဖြစ်ခဲ့ရသော အမှုတစ်မှုအကြောင်းကို ဖော်ပြလိုပေသည်။

စစ်ကိုင်းတိုင်းတရားရုံး(ကလေးခရိုင်)၏ ပြစ်မှုကြီးအမှတ် ၃၉/၉၃ တွင် အယူခံတရားလို မောင်စန်သီယာဂူအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး အလုပ်နှင့် ထောင်ဒဏ်(၃၂)နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်စန်သီယာဂူက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် အယူခံမှုကို တင်သွင်းခဲ့သည်။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ ၁၃–၈–၉၃ နေ့တွင် ကလေး ရဲစခန်းမှ ဒုရဲအုပ်ခင်မောင်လွင်သည် ကလေးမူးယစ် အဖွဲ့မှ ဒုတပ်ကြပ်ခင်မောင်သိန်း၊ ရဲတပ်သားကျော်မင်းတို့နှင့် အတူ ဂုံနီအိတ်ထုပ်နှစ်ထုပ်အတွင်းရှိ တစ်လုံးထမင်းချိုင့် (၂၀၀) တွင်ထည့်ယူလာသော ဖန်စီဒိုင်းဆေးရည် (၉၅)ပုလင်းအား တွေ့ ရှိရသဖြင့် မောင်စန်သီယာဂူအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)အရ အရေးယူပေးရန် ကလေးဝရဲစခန်းတွင် တိုင် ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အမှုပေါ်ပေါက်လာပုံမှာ ဒုရဲအုပ်ခင်မောင်လွင်(လိုပြ–၄) နှင့် နယ်ထိန်း ရဲတပ်သားကျော်မင်း(လိုပြ–၅)တို့သည် ကလေး မြို့လမ်းဆုံရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက် နေကြစဉ် ကုန်ထမ်းအလုပ်သမား မောင်မောင်အေးနှင့် မောင် ကျော်ဆွေဆိုသူတို့ (၂)ဦးက ၎င်းတို့ထမ်းလာသော အထုပ် တစ်ထုပ်ကို ချထားခဲ့ပြီး အဆိုပါအထုပ်ကို မသင်္ကာသဖြင့် လာရောက်ကြည့်ရှုရန်ခေါ်သည်။ ဒုရဲအုပ် ခင်မောင်လွင်နှင့် ရဲတပ်သားကျော်မင်းတို့နှစ်ဦးသည် အထုပ်ချထားရာ နေလင်း မောင်စားသောက်ဆိုင်ရှေ့သို့ သွားရောက်ကြည့်ရှုရာ မြေကြီး ပေါ်တွင် ဂုံနီအိတ်ထုပ်တစ်ထုပ် ချထားသည်ကို တွေ့ရသည်။ ထိုအထုပ်ထဲမှ အရည်များကျနေသဖြင့် အိတ်ကိုမသင်္ကာသဖြင့် နေလင်းမောင်စားသောက်ဆိုင်အတွင်းသို့ အဆိုပါအထုပ်ကို ရွှေ့ယူပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဆိုင်ရှင်၊ ရှုတ အဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



း‌သုမောင်(လိုပြ–၃)တို့ရှေ့တွင်
ှင့်ဖောက်ကြည့်ရှုရာ ဂုံနီအိတ်အတွင်း
မှာ စတီးချိုင့်ဆိုက်စုံ(၂၀၀)ကို တွေ့ရ
သည်။ ချိုင့်များအတွင်း ထည့်ထား
သော ဖန်စီဒိုင်းဆေးပုလင်း (၉၅)လုံး
ကိုလည်း တွေ့ရှိရသည်။

ဒုရဲအုပ် ခင်မောင်လွင်က အဆို
ပါကုန်ထမ်းအလုပ်သမားနှစ်ဦးအား
"ဒီအထုပ်မည်သူ့ပစ္စည်းလဲ"၊ "မည်
သူ့ပိုင်းသလဲ" ဟု မေးရာ အသား
ညိုးမည်း ကုလားဆင်မြန်မာလူမျိုး
တစ်ဦးက သယ်ခိုင်းကြောင်း၊ ထိုသူ
သည် မုံရွာသွားရန် စက်လှေဂိတ်ဖက်
သို့ သွားသည်ဟု သတင်းပေးသည်။
ဒုရဲအုပ်ခင်မောင်လွင်က ရဲတပ်သား
ကျော်မင်းကို စက်လှေဂိတ်သို့ သွားပြီး
အဆိုပါပုံပန်းနှင့်တူသူကို ရှာခိုင်းသည်။
ကျော်မင်းက စက်လှေဂိတ်တွင်ရှာဖွေ
ရာ မြန်မာလိုလူကို မတွေ့ရသဖြင့်
ကုလားတစ်ဦးဖြစ်သူ စန်သီယာဂူအား
ခေါ်ယူခဲ့သည်။ စန်သီယာဂူနှင့်အတူ
ဂုံနန်အိတ်ဖြူနှစ်လုံးပါလာသည်။ ထို
အိတ်များထဲတွင် အမွေးကပ်နှင့် အမွေး
ထိုင်များကိုသာ တွေ့ရသည်။ စန်သီ
ယာဂူက တမူးက လာကြောင်းနှင့်
ရန်ကုန်သို့သွားမည်ဟု ပြောသည်။ ဂုံနီ
အိတ်မှာ သူပိုင်ပစ္စည်းမဟုတ်ကြောင်း
ငြင်းဆိုသည်။ ရဲများက ရှာဖွေပုံစံတွင်
အတင်းလက်မှတ်ရေးထိုးခိုင်းသဖြင့်
လက်မှတ်ရေးထိုးရခြင်းသာဖြစ်ကြောင်း၊
၎င်းသည် မူးယစ်ဆေးဝါး ရောင်းချ
ခြင်း၊ သယ်ဆောင်ခြင်း၊ သုံးစွဲခြင်း
မပြုကြောင်း၊ အချင်းဖြစ်နေ့က အမွေး
ထိုင်၊ အမွေးဘူးတို့ကိုသာ ၎င်းယူ
ဆောင်လာခဲ့ပါကြောင်း၊ စန်သီယာဂူ
က ထုချေထွက်ဆိုသည်ကို တွေ့ရ
သည်။

မူလတိုင်းတရားရုံးက အယူခံ
တရားလို၏ ထုချေချက်ကို လက်ခံခြင်း
မရှိဘဲ ၎င်းအပေါ်ပြစ်ဒဏ်ချမှတ်ခဲ့
ကြောင်း တွေ့ရှိရသည်။

တရားရုံးချုပ်က မူလရုံး အမှုတွဲ
အယူခံမှုတွင် ဖော်ပြချက်များ၊ နှစ်
ဖက်ရှေ့နေတို့၏ လျှောက်လဲချက်များ
ကို ကြားနာပြီးနောက် အောက်ပါ
အတိုင်း သုံးသပ်ထားသည်ကို တွေ့ရှိ
ရပေသည်။

"အထက်တွင် ဖော်ပြခဲ့သော
တရားလိုပြသက်သေများ၏ ထွက်ဆို
ချက်များအရဆိုလျှင် အယူခံတရားလို
စန်သီယာဂူ၏ လက်ဝယ်မှ ဖန်စီဒိုင်း
ဆေးပုလင်းများ ပါရှိသော ဂုံနီအိတ်
ကို ဖမ်းဆီးရမိခြင်းမရှိသည်မှာ အငြင်း
မပွားသောအချက်ဖြစ်သည်။ အဆိုပါ
ဂုံနီအိတ်မှာ စန်သီယာဂူသယ်ယူလာ
သော ပစ္စည်းဖြစ်သည်ဟုလည်း တရား
လိုဘက်က တင်ပြနိုင်ခြင်းအလျဉ်းမရှိ
ပေ။ အမှုတွင် အဓိကသက်သေများ
ဖြစ်ရမည့် ကြားပေါက်အလုပ်သမား
မောင်မောင်အေးနှင့် မောင်ကျော်ဆွေ
တို့မှာ အမှုတွင် သက်သေအဖြစ်ပါရှိ
ခြင်းမရှိပေ။ စန်သီယာဂူက သယ်ခိုင်း
သော ပစ္စည်းဖြစ်သည်ဟု အဆိုပါ
အလုပ်သမားနှစ်ဦးကပြောကြောင်းလည်း
အမှုတွဲတွင် ပေါ်ပေါက်ခြင်းမရှိချေ။
အသားမည်းမည်းနှင့် ကုလားဆင်လူ
မျိုးတစ်ဦး"က သယ်ခိုင်းသည်ဟု
အလုပ်သမားများက ပြောခဲ့သည်။ သို့
သော်လည်း အယူခံတရားလိုမှာ
မြန်မာလူမျိုးတစ်ဦးမဟုတ်ဘဲ ကုလား
တစ်ဦးသာ ဖြစ်နေပေသည်။

ဒုရဲအုပ်ခင်မောင်လွင်က "စန်သီ
ယာဂူ၏ပစ္စည်းဖြစ်ရမည်ဟု မသင်္ကာ
သဖြင့် အရေးယူခြင်းဖြစ်ပါသည် ဟူ၍
လည်းကောင်း၊ သက်သေခံပစ္စည်းချ
ထားသောနေရာနှင့် စက်လှေဂိတ်မှာ
၂ ဖာလုံခန့်ဝေးပါသည်။ စန်သီယာဂူ
နှင့်သက်သေခံပစ္စည်းမှာ တစ်နေရာစီ
တွေ့ရှိခြင်းဖြစ်သည်ဆိုလျှင် မှန်ပါ
သည်" ဟူ၍ လည်းကောင်း၊ ထွက်ဆို
ထားပေရာ ၎င်း၏ထွက်ဆိုချက်အရဆို
လျှင် စန်သီယာဂူအနေဖြင့် ထုချေဖြေ
ရှင်းရန်အကြောင်း ပေါ်ပေါက်သည်ကို
မတွေ့ရပေ။

ဤသို့ဖြစ်လျက် စစ်ကိုင်းတိုင်း
တရားရုံး(ကလေးခရိုင်)က တရားခံ၏
ထုချေချက်ကို ဝေဖန်သုံးသပ်ကာ
လက်မခံထိုက်ကြောင်း ဖော်ပြလျက်
ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ အထင်အရှား
မှားယွင်းနေပေသည်။

အထက်ဖော်ပြပါအတိုင်းသုံးသပ်
ပြီးနောက် တရားရုံးချုပ်က စစ်ကိုင်း
တိုင်းတရားရုံး(ကလေးခရိုင်)က အယူခံ
တရားလို စန်သီယာဂူအား ၁၉၉၃
ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်း
လဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ
ပုဒ်မ ၁၉(က)အရ ပြစ်မှုထင်ရှားတွေ့
ရှိခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းကို ပယ်
ဖျက်လိုက်ပြီး အယူခံတရားလို မောင်
စန်သီယာဂူအား အမှုမှအပြီးအပြတ်
လွှတ်လိုက်လေသည်။

ယင်းအမှုအားလည်း မောင်စန်
သီယာဂူနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ
တော်(၁၉၉၅၊ မြန်မာနိုင်ငံတရားစီရင်
ထုံးများ၊ စာ ၂၇) အဖြစ် စီရင်ထုံးပြု
ခဲ့ကြောင်း ရေးသားဖော်ပြအပ်ပေ
သည်။

**မောင်ဉာဏ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

# COVER STORY



www.burmeseclassic.com

www.burmeseclassic.com

စုံထောက်

# လူပါးပုလင်းထဲ ဦးသာဂီ





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

တစ်ခုသော နေ့တစ်နေ့၏ ညဦး နက်သန်းခေါင်အချိန်တွင်ဖြစ်သည်။ ကျွန်ုပ် တာဝန်ထမ်းဆောင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ အသက်(၅၀) နှစ်ခန့်ရှိ လူရည်သန့်တစ်ဦး ရောက်ရှိလာ၏။ သူ၏အမည်ကို ကျွန်ုပ်က ဦးသာဂိဟု အမည်ပေးချင်ပါသည်။ ကျွန်ုပ်ရှေ့သို့ ရောက်လာသော ဦးသာဂိ၏ မျက်နှာတွင်လည်း ဖူးရောင်နေသော ဒဏ်ရာနှင့်အတူ ပါးစပ်မှလည်း အရက်နံ့က ထောင်းထနေ၏။ အချိန်မတော် ရဲစခန်းသို့ ရောက်ရှိလာသူ ဦးသာဂိက ...

"ကျွန်တော့်ကို ကန်တော်ကြီးပတ်လမ်း ပန်းကန်လုံးကျွန်းနားမှာ လူတစ်ယောက်က တွန်းလှဲပြီး မျက်နှာကို လက်သီးနဲ့ထိုးပါတယ်။ နောက်တစ်ယောက်က ကျွန်တော့်လက်ဆွဲအိတ်ကို လုယူပြီး အဲဒီလူနှစ်ယောက်စလုံးထွက်ပြေးသွားကြပါတယ်"

ဟု စတင်ဖွင့်ဆိုပါ၏။ ထို့ကြောင့် ကျွန်ုပ်က ...

"အချိန်မတော် ကန်ပတ်လမ်းမှာ ဦးသာဂိက ဘာသွားလုပ်တာလဲ"

"မိန်းကလေးနှစ်ယောက်နဲ့ လေညင်းခံရင်း လမ်းလျှောက်နေတာပါ"

"အဲဒီမိန်းကလေးနှစ်ယောက်က ဘယ်ကလဲ ဘယ်သူတွေလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးဗျ။ ကျွန်တော်ငှားစီးလာတဲ့ တက္ကစီကို လမ်းမှာတားပြီး အတူငှားစီးလာတဲ့ မိန်းကလေးနှစ်ယောက်ပါ"

"အဲဒီ မိန်းကလေးနှစ်ယောက်ကကော ဘယ်မှာလဲ"

"သူတို့နှစ်ယောက်လည်း ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်း မသိပါဘူး"

ဦးသာဂိအဖြေကို ပြေးကြည့်စရာမလိုပါ။ တွေးကြည့်ရုံဖြင့် သိနိုင်ပါသည်။ ဦးသာဂိတစ်ယောက် တစ္ဆေခြောက်ခံရခြင်းမဟုတ်ပါ။ လူတွင်ပါ၍ နွားကျားကိုက်ဆိုသော စကားပုံလို ဦးသာဂိ၏ ပေါ့လျော့လစ်ဟင်းမှု၊ စိတ်ဆန္ဒအလိုကို လိုက်လျောမိမှုကြောင့် ကိုသာဂိခံလိုက်ရပြီဆိုတာကို ကျွန်ုပ် ရိပ်စားမိသလို စာဖတ်သူလည်း တွေးဆမိမည်ထင်ပါ၏။ မည်သို့ရှိစေ ဖြစ်လာသောအရေးကို ဖော်ထုတ်ပေးရမှာက ကျွန်ုပ်တို့ရဲအဖွဲ့၏အလုပ်ပင်ဖြစ်ပါ၏။ သို့ကြောင့် ကျွန်ုပ်က ...

"ဦးသာဂိရဲ့ လက်ဆွဲအိတ်ထဲမှာ ဘာပစ္စည်းတွေ ပါသွားလဲ"

"ကုမ္ပဏီပိုင်ငွေ ဆယ်သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၅၅၀၊ အက်ဖ်အီးစီ ၃၀၊ ထိုင်းဘတ်ငွေ ၂၀ နဲ့ ကျွန်တော့်လက်ကိုင်ဖုန်းတစ်လုံးပါသွားပါတယ်"

"ဦးသာဂိနဲ့ လမ်းလျှောက်ထွက်တဲ့ မိန်းကလေးနှစ်ယောက်ရဲ့ အသက်အရွယ်နဲ့ ပုံပန်းသဏ္ဌာန်ကို မှတ်မိလိုက်လား"

"မိန်းကလေးနှစ်ယောက်လုံးက အသက်(၂၀)ဝန်းကျင်လောက်ရှိမယ်ထင်ပါတယ်။ တစ်ယောက်က အရပ်ရှည်ပြီး ကိုယ်လုံးတောင့်တယ်။ တစ်ယောက်က သူ့ထက်အရပ်နိမ့်ပြီး ကိုယ်လုံးကျစ်ပါတယ်"

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ မေးမယ်ဗျာ။ ယောက်ျားချင်းပဲ အားနာဖို့မလိုပါဘူး။ ခင်ဗျားအနေနဲ့ အဲဒီ မိန်းကလေးနှစ်ယောက်ကို ပျော်ပါးဖို့ ရည်ရွယ်ချက်နဲ့ ပြောဆိုခဲ့ဖူးလား"

ကျွန်ုပ်၏ အမေးကို ဦးသာဂိ တွေဝေသွားပါ၏။ သူ့အသက်၊ သူ့အရွယ်၊ သူ့အဆင့်အတန်းဖြင့် အပျော်မိန်းမ လိုက်စားသည်ကို ဖြေရမည်မှာ ဝန်လေးနေဟန်ရှိပါ၏။ အနာသိမှ ဆေးရှိသည်ဆိုသလို ဦးသာဂိ၏ ဝေဒနာကို သိမှ ကျွန်ုပ်က ဆေးရှာ၍ရနိုင်ကြောင်း ထပ်လောင်း၍ ဖွင့်ဆိုပြ၏။ သို့ကြောင့် ဦးသာဂိက ...

"ဟုတ်ပါတယ်၊ သူတို့က အခြေအနေပေးလို့ ကျွန်တော်ကလည်း ပျော်ပါးဖို့ စိတ်ကူးခဲ့ပါတယ်"

"အဲဒီလိုဆိုလည်းဗျာ .. ခင်ဗျားဖြစ်စဉ်ကို ဂဃနဏ ပြောပြပါလားဗျာ။ ဒါမှလည်း ကျွန်တော့်ဘက်က ခင်ဗျားဖြစ်စဉ်ကို စုံစမ်းဖော်ထုတ်လို့ရမှာပေါ့"

"ဟုတ်ကဲ့ ကျွန်တော်ပြောပြပါ့မယ်"

## အခန်း(၂)

ဦးသာဂိသည် လှိုင်သာယာမြို့နယ်ရှိ ကုမ္ပဏီတစ်ခုမှ အရေးအရာပါသော ဝန်ထမ်းတစ်ဦးဖြစ်၏။ စီမံခန့်ခွဲရသူတစ်ဦးဖြစ်၍ မနက်နေထွက်မှ ညနေ နေဝင်သည်အထိ ဦးသာဂိတစ်



www.burmeseclassic.com

www.burmeseclassic.com



...က် ရုံးခန်း၌သာ အချိန်ကုန်ရ ...။ ညနေ ရုံးချိန်ကုန်၍ ဝန်ထမ်း ...င်းမဲ့သွားသောအခါ ရုံးခန်းတွင် ဦးသာဂိနှင့် တပည့်မောင်ထွေးတို့နှစ် ဦးသာ ကျန်ရှိ၏။ ဦးသာဂိက နေအိမ် ပြန်သော်လည်း မောင်ထွေးက ရုံး ...ရုံးစားဖြစ်၏။ ထိုနေ့ညနေ ၆ နာရီ ...တွင် တပည့်မောင်ထွေးက ...

''ဆရာ ... ညနေအတွက် ယမ ...နဲ့ ဘာအမြည်းဝယ်ပေးရမလဲ''

နေအကျ လေထချိန်တွင် ဦး သာဂိက ပုံမှန်သောက်တတ်၊ စားတတ် သလို တပည့်မောင်ထွေးကလည်း အလိုက်သိစွာဖြင့် မေး၏။ ဦးသာဂိက စာရေးစားပွဲ စတိုခန်းငယ်တံခါးကို ဖွင့် လှပ်၍ အတွင်းသို့ ငုံ့ကြည့်ရင်း ..

''အရက်ကတော့ ရှိသေးတယ် ကွ၊ အမြည်းကတော့ မီးခွက်ဈေးဒေါ် အရှာဘီဆိုင်က ကြက်သားသုပ်နဲ့ ဆီ ဘူးကင်ဝယ်ခဲ့ကွာ''

ဟု ပြောဆိုပြီး ငါးထောင်တန် ငွေစက္ကူတစ်ရွက်ကို ထုတ်ပေး၏။ မောင်ထွေးလည်း ဆရာသမားထုတ် ပေးသော ငွေကိုယူ၍ မီးခွက်ဈေးသို့ သွား၏။ ဦးသာဂိလည်း ရုံးရှိ ရေချိုး ခန်းတွင် ကိုယ်လက်သန့်စင်ပြီး ခန္ဓာ ကိုယ်ကို အမွှေးနံ့သာများဖြင့် ထုံမွှန်း နေ၏။ ထို့နောက် ရုံးခန်းစားပွဲတွင် သောက်စားဖို့အသင့်ရှိနေစဉ် မောင် ထွေးလည်း အမြည်းထုပ်ဖြင့် ရုံးခန်းသို့ ရောက်လာ၏။ မောင်ထွေးကလည်း ဆရာအတွက် သောက်စားဖို့ ပြင်ဆင် ပေးပြီး အလိုက်သိစွာဖြင့် ရုံးခန်း အပြင်သို့ထွက်သွား၏။

ဦးသာဂိတစ်ဦးတည်း သောက် လိုက်စားလိုက် စဉ်းစားတွေးတောလိုက် ဖြင့် အချိန်မည်မျှကြာသွားသည်ကိုပင် သတိမမူရှိနေ၏။ မြည်းစရာကုန်၍ အချိန်ကိုသတိရသဖြင့် လက်ပတ်နာရီ ကို ကြည့်မိရာ ည ၉ နာရီခန့်ရှိနေပြီ ဖြစ်၏။ သို့ကြောင့် စားပွဲရှိ လူခေါ် သံစဉ်ခလုတ်ကိုနှိပ်၏။ လူခေါ်သံစဉ် ကြောင့် အပြင်တွင် အသင့်ရှိနေသော မောင်ထွေးက ဦးသာဂိ၏ ရုံးခန်း အတွင်းသို့ ...

''မောင်ထွေး ငါပြန်တော့မယ် ကွာ၊ တက္ကစီတစ်စီးသွားခေါ်''

နိစ္စဓူဝအလုပ်ဖြစ်၍ မောင်ထွေး ကလည်း ကျွမ်းကျင်ပါးနပ်၏။ အနီးရှိ မီးခွက်ဈေးမှ စီးတီးတက္ကစီတစ်စီးကို အပြေးခေါ်ပေး၏။ သွားရမည့်ခရီးနှင့် ကားခကိုလည်း မောင်ထွေးက သိထား ပြီးဖြစ်၍ ကားငှားမှုက အငြင်းပွားမှု မရှိ။ ဗင်အငှားယာဉ်တစ်စီးကို ဈေး စကားဆို၍ ရုံးသို့ခေါ်လာ၏။

''ဆရာ .. ရှေ့မှာ ကားရောက် နေပါပြီ''

''အေး .. အေး၊ ငါ့ စားပွဲကို တော့ သန့်ရှင်းရေးလုပ်ထားလိုက်ဦး''

''ဟုတ်ကဲ့ပါ ဆရာ''

မောင်ထွေးက ဦးသာဂိ၏ လက် ဆွဲအိတ်ကို သယ်ယူ၍ ကားရှိရာသို့ ပို့ပေး၏။ ကားရှေ့ခန်းတွင် ဦးသာဂိဝင် ထိုင်ပြီး လက်ဆွဲအိတ်ကို မောင်ထွေးမှ ကမ်းပေး၏။ ကားတံခါးကို မောင်ထွေး မှ တွန်းပိတ်၍ ဆရာသမားကို နှုတ် ဆက်၏။ ထို့နောက် ဦးသာဂိလိုက်ပါ လာသော အငှားယာဉ်သည် လှိုင်သာ ယာရှိ ကုမ္ပဏီရုံးမှ ရန်ကုန်မြို့တွင်းဆီ သို့ ..။

စိုရုံသာရွာထားသောမိုး၊ အမှောင် ထု၏ အေးမြခြင်းနှင့် လျင်မြန်စွာ ပြေး သွားနေသော ကားလေး၏ အရှိန်တို့ ကြောင့် ကားအတွင်းသို့ တိုးဝှေ့လာ သောလေနုအေးက ဦးသာဂိ၏ ယစ်မူး မှုကို သာယာဖွယ်ရှိနေပါ၏။ ဘုရင့် နောင်တံတားအဝင် မြစ်ရေကို ဖြတ် ကူးလာသော လေပြေလေညင်းက လည်း ခံစားတတ်သူ ဦးသာဂိအတွက် ဘဝင်နှလုံးကို ရွှင်ပြုံးစေပါ၏။ ဘုရင့် နောင်တံတားအဆင်း ဘတ်(စ်)ကား မှတ်တိုင်တွင် –

''ကားဆရာ ညီလေး၊ ရှေ့မှာ မိန်းကလေးနှစ်ယောက် ကားတားနေ တယ်။ လမ်းကြုံရင် တင်ခဲ့ပါလား။ မင်း လည်း ကားခပိုရတာပေါ့''

ဟု ဦးသာဂိက အပြောချိုပါ၏။ ကားဆရာကလည်း သဘောပိုစွာဖြင့် ကားကို မိန်းကလေးနှစ်ယောက်ရှေ့ တွင် ထိုးရပ်လိုက်၏။

''ညီမလေးတို့ ဘယ်သွားကြမှာ လဲ''

ယာဉ်မောင်းသူ၏ အမေးကို မိန်း ကလေးတစ်ဦးက ..

''မင်္ဂလာဈေးကို သွားမှာပါ''

သွားရမည့် လမ်းခရီးက ကြုံ သည်။ တောင်းရမည့်ကားခကို ယာဉ် မောင်းက ဂဏန်းပေါင်းနေ၏။ ခဏ အကြာတွင် ယာဉ်မောင်းက ...

''ကားခ ၅၀၀၀ိ/ ပဲပေးပါ''

''ဟာ များတာပေါ့ အစ်ကိုရယ်၊ ၃၀၀၀ိ/ ထားပါ''

''မရလို့ပါ၊ ဒါတောင် လမ်းကြုံ လို့ တင်တာပါ''

ကားမောင်းသူနှင့် ကားငှားသူတို့



www.burmeseclassic.com

www.burmeseclassic.com



က အပြန်အလှန် ဈေးဆိုဈေးဆစ် ပြောဆိုနေ၏။ ဒါကို ကြားသိနေသော ခရီးသည် ဦးသာဂိက ...

"ကဲ .. တင်ခေါ်ခဲ့ပါကွာ၊ ကားခကို အစ်ကိုပဲ ရှင်းပေးပါ့မယ်"

ဟု ဆို၏။ အချိန်မတော် မိုးကြီးချုပ်မှ မိန်းကလေးနှစ်ယောက်အတွက် ဦးသာဂိက သားသမီးချင်းကိုယ်ချင်းစာ၍ပဲလား၊ ဒါမှမဟုတ် မိန်းကလေးနှစ်ဦးအပေါ် သဘောဖြူ၍ မနောကြူလေသားဆိုသည်မှာ ကာယကံရှင်မှ တစ်ပါး ..။

သွားလာရေးအတွက် အလကားရမည့်အရေးကို မိန်းကလေးနှစ်ဦးကလည်း လက်လွတ်မခံ၊ လွတ်နေသော ကားနောက်ခန်းသို့ တိုးဝင်ကြ၏။ သို့သော် မိန်းကလေးနှစ်ဦးနှင့် အရွယ်တူ အမျိုးသားနှစ်ဦးကလည်း ရုတ်ချည်းပေါ်ထွက်လာ၏။ ထိုအမျိုးသားနှစ်ဦးမှာလည်း မိန်းကလေးနှစ်ဦး၏ မိတ်ဆွေများဖြစ်ကြောင်း၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြမည့်သူများဟုဆိုကာ ဗင်ကား၏ နောက်ဖုံးခန်းတွင် လိုက်ပါခွင့်ပြုရန် တောင်းဆို၏။ စေတနာရှင် ဦးသာဂိလည်း ဘာမှ မတတ်နိုင်။ တစ်နွယ်ငင် တစ်စင်ပါဆိုသလို မိန်းကလေးနှစ်ဦးနှင့်အတူပါ အမျိုးသားနှစ်ဦးကိုလည်း ဗင်အငှားကား၏ နောက်ဖုံးခန်းတွင် နေရာပေး၍ သွားလိုရာခရီးသို့ ဆက်ခဲ့ကြလေတော့သည်။

အခန်း(၃)

"ဒီအချိန်ကြီးကျမှ မင်္ဂလာဈေးက ဖွင့်ပါဦးမလား"

ကားရှေ့ခန်းမှဦးသာဂိက နောက်ခန်းသို့ ခေါင်းငဲ့၍ အထက်ပါစကားဖြင့် ဖွင့်ဆိုပါ၏။ ဒီတော့ နောက်ခန်းမှ မိန်းကလေးတစ်ဦးက ...

"ဈေးကတော့ ပိတ်ပြီပေါ့ အစ်ကိုကြီးရဲ့၊ ညီမတို့က နိုက်ကလပ်တက်မှာပါ"

"ဩ .. ကလပ်တက်ကြမှာကိုး"

"အစ်ကိုကြီးက အံ့ဩနေလို့လား၊ ဒီခေတ်မိန်းကလေးတွေ နိုက်ကလပ်တက်တာ မဆန်းတော့ပါဘူး"

နိုက်ကလပ်တက်တာမဆန်းသော်လည်း မီးမှိန်မှိန်အခန်းကနေ မှောင်အတိပြီးသောအခန်းသို့ရောက်သွားလျှင် မည်သူကသာ၍ မည်သူက နာသွားမည်နည်း။ ကိုယ်သိသော၊ ကျွမ်းသော၊ ခင်မင်နှစ်သက်သူချင်းဆိုလျှင်အကြောင်းမဟုတ်။ ယခုမှတွေ့၊ ယခုမှသိကြသူများဆိုလျှင် မည်သို့ရှိနေမည်ကို ဦးသာဂိမတွေးမိ။ ဦးသာဂိအတွေးက အခွင့်အရေးပေးလာလျှင် လွှေးဖို့အတွက်သာဖြစ်ပါ၏။ ည ၁၀ နာရီခွဲခန့်၊ ဦးသာဂိတို့ကားမှာ မင်္ဂလာဈေးဝင်းရှိ နိုက်ကလပ်တစ်ခုရှေ့သို့ ဆိုက်ရောက်ခဲ့၏။ ကားနောက်ဖုံးခန်းမှ အမျိုးသားနှစ်ဦးနှင့် နောက်ခန်းမှ မိန်းကလေးနှစ်ဦးတို့ ကားပေါ်မှ ဆင်းကြ၏။ ထိုစဉ် တစ်ဦးသော မိန်းကလေးက ...

"အစ်ကိုကြီး နိုက်ကလပ်မတက်ဖူးလား"

ဤကဲ့သို့ စကားစသည်။ အခွင့်သာလျှင် လားဖို့စဉ်းစားသူ ဦးသာဂိက ...

"ဟို .. ကလေးနှစ်ယောက်နဲ့ ကောင်းပါ့မလား"

ဟု အတူပါ အမျိုးသားနှစ်ယောက်ကို ထိုးပြ၏။ ဒါကို မိန်းကလေးက ...

"သူတို့က သူတို့ကောင်မလေးတွေရှိတဲ့ တခြားကလပ်တစ်ခုကို သွားမှာပါ"

ဟု ဆို၏။ အခွင့်သာခိုက်မှ မလိုက်ချင်လျှင် လူမိုက်၊ အရေးပေးခိုက် မလွှေးလိုက်လျှင် လူညံ့ဟု တွေးဆမိသူ ဦးသာဂိ ကားရှေ့ခန်းမှဆင်းကာ မိန်းကလေးနှစ်ဦးဖြင့် နိုက်ကလပ်အတွင်းသို့ ...။

ဦးသာဂိ မည်သို့ စဉ်းရုံးလိုက်သည်မသိ၊ မိန်းကလေးနှစ်ဦးအနက် တစ်ဦးမှာ ဦးသာဂိနှင့်အတူ နိုက်ကလပ်အတွင်းမှ ဓာတ်လှေကားဖြင့် အဆင့်(၄)ထပ်ရှိ တည်းခိုခန်းသို့ တက်သွားကြသည်။ တည်းခိုခန်းကောင်တာအရောက် အတူပါမိန်းကလေးက ..

"ကျွန်မတို့ အခန်းတစ်ခန်းလိုချင်ပါတယ်"

"ဟုတ်ကဲ့ ရပါတယ်"

ဟု မန်နေဂျာက အိပ်ခန်းအမှတ်(၄၂၀)၏ အခန်းသော့ကို ထုတ်ပေး၏။ ညအိပ်တည်းခိုမည့် အိပ်ခန်းခ ကျသင့်ငွေကို ဦးသာဂိမှ ရှင်းချပေး၏။ မိန်းကလေးမှအခန်းသော့ကိုယူကာ အခန်းအမှတ်(၄၂၀)သို့ ဦးဆောင်သွားပြီး ဦးသာဂိက နောက်မှ လိုက်ပါသွား၏။ အခန်းပေါက်အရောက် အိပ်ခန်းတံခါးကိုဖွင့်ကာ ဦးသာဂိနှင့် မိန်းကလေးတို့ တည်းခိုခန်း၏ အိပ်ခန်းအတွင်းသို့ ...

အိပ်ခန်းအတွင်း လေအေးပေးစက်၏ အေးမြမှု၊ မွှေးကြိုင်သောရန

www.burmeseclassic.com



နှင့် အိပ်ရာအပြင်အဆင်တို့က ဦးသာဂိနှင့် မိန်းကလေးတို့အတွက် စွဲမက်စရာပင် ဖြစ်ပါ၏။ သန့်ရှင်းသပ်ယပ်သော ခုတင်ပေါ်ရှိ ဆိုဖာမွေ့ယာပေါ်တွင် ပက်လက်အနေအထားဖြင့် လဲလျောင်းလိုက်၏။ အိပ်ရာပေါ်တွင် လဲလျောင်းရင်း ဦးသာဂိမှ ..

"ညီမလေး ဝိတ်တာတစ်ယောက်လောက် ခေါ်ပေးပါလား၊ အစ်ကိုတို့နှစ်ယောက်အတွက် စားစရာသောက်စရာလေး မှာရအောင်"

မိန်းကလေးမှ အိပ်ခန်းထဲရှိ လူခေါ်ခလုတ်ကို နှိပ်၏။ ခဏအကြာ ဝိတ်တာတစ်ယောက် အခန်းပေါက်ဝသို့ ရောက်လာ၏။ ဦးသာဂိက ဝိတ်တာအား အစားအသောက်နှင့် အရက်ကို မှာ၏။ ဝိတ်တာက အရက်မရကြောင်း ဘီယာသာရကြောင်းပြော၏။ ဦးသာဂိက ဘီယာသောက်သူမဟုတ်။ အရက်သောက်သူသာဖြစ်၏။ အရက်မရကြောင်း သိရ၍ ဦးသာဂိတွေဝေသွား၏။ ဒါကို မြင်တွေ့နေသူ မိန်းကလေးက ...

"အဲဒါဆိုလည်း အစ်ကိုရယ်၊ ညီမနဲ့အစ်ကိုနဲ့ ဟိုနားဒီနား လမ်းလျှောက်ရင်း အနီးအနားက စားသောက်ဆိုင်တစ်ဆိုင်မှာ ထိုင်ကြတာပေါ့"

ဟု အကြံပြု၏။ မိန်းကလေး၏ စကားကို ဦးသာဂိ ဝါဂွမ်းဆီထိသကဲ့သို့။ ဤသို့ဖြင့် ဦးသာဂိနှင့် မိန်းကလေးတို့ တည်းခိုခန်းမှ ဓာတ်လှေကားဖြင့် အောက်သို့ဆင်းလာ၏။ အောက်ထပ် ဓာတ်လှေကားအနီးတွင် ကားပေါ်အတူပါ မိန်းကလေးတစ်ဦးကို တွေ့၏။ ထိုမိန်းကလေးကိုလည်း အတူလိုက်ပါစားသောက်ရန် ဖိတ်ခေါ်၏။

ဦးသာဂိနှင့် မိန်းကလေးနှစ်ယောက် ခြေလျင်လျှောက်၍ မင်္ဂလာဈေးအနီးပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်တစ်ခုသို့ ထွက်လာကြ၏။ ၁၂၄ လမ်းထိပ်ရှိ စားသောက်ဆိုင်တစ်ခုသို့ ရောက်သည်။ ဦးသာဂိက အရက်မှာ၍ မိန်းကလေးနှစ်ဦးက ဘီယာမှာပြီး အတူတကွစားသောက်ကြ၏။ ဒီအချိန်အထိ ဦးသာဂိ၏ ဓာတ်ရှိန်က အခြေအနေကောင်းနေဆဲရှိ၏။ စားသောက်ပြီး၍ ကျသင့်ငွေကို ဦးသာဂိမှ ပေးချေ၏။ ထို့နောက် ဦးသာဂိနှင့် တွဲဖက်သူ မိန်းကလေးက ..

"စားလို့ကောင်းပါရဲ့ အစ်ကိုကြီးရယ်၊ ဗိုက်ကိုတင်းသွားတာပဲ၊ အစာကြေသွားအောင် ဟိုနားဒီနား လေညင်းခံရင်း လမ်းလျှောက်ပြီးမှ ဟိုတယ်ပြန်ကြတာပေါ့"

ဒါကိုလည်း ဦးသာဂိက အငြင်းမပွား၊ ကိုယ့်လက်ထဲကငှက် ဘယ်အချိန် ရိုက်ချက်စားချက်စား အခွင့်သာပြီးသားမို့ မိန်းကလေးနှစ်ယောက်နှင့် ဦးသာဂိ ကန်တော်ကြီးဘက်သို့ လေညင်းခံထွက်ခဲ့ကြ၏။ အချိန်က ညဉ့်နက်၊ ကန်ပတ်လမ်းက လူမဲ့၊ ကန်ရေကို ဖြတ်သန်းလာသော လေလေးက ဦးသာဂိ၏ ရင်ကို အေးမြစေပါ၏။ ကန်ပတ်လမ်း ပန်းကန်လုံးကျွန်းအနီးအရောက် ဦးသာဂိကို နောက်ကျောမှ လူတစ်ယောက်က ဆောင့်တွန်းလိုက်၏။ တွန်းသူ၏ အင်အား၊ ဦးသာဂိ၏ ယမကာအရှိန်တို့ကြောင့် ဦးသာဂိလဲကျသွားပါ၏။ ထိုစဉ် ဦးသာဂိ၏ ကိုယ်ပေါ်သို့ တက်ခွ၍ တစ်ဦးက ထိုးကြိတ်ပြီး၊ နောက်အမျိုးသားတစ်ဦးက ဦးသာဂိ၏ လက်ဆွဲအိတ်ကို လုယူထွက်ပြေးသွားခဲ့ကြကြောင်း ဦးသာဂိမှ ပြည့်စုံစွာ ဖွင့်ဆိုပြ၏။

ဤမျှဆိုလျှင် ဦးသာဂိ၏ ဖြစ်စဉ်ကို ဓာတ်ရည်လည်လောက်ပြီဟု ထင်ပါ၏။ မည်သူ့တွင် အပြစ်ရှိသနည်း။ ဤမေးခွန်းကို နှစ်ပိုင်းခွဲ၍ ဖြေဆိုချင်ပါ၏။ ပထမပိုင်းဖြစ်သော ကျွန်ုပ်တို့ရဲ့အနေဖြင့် နစ်နာသူဘက်မှ ကူညီဆောင်ရွက်ပေးရခြင်းဖြစ်၍ ပြစ်မှုကျူးလွန်သူတွင် အပြစ်ရှိသည်ဟု ဆိုချင်ပါ၏။ ဒုတိယပိုင်းဖြစ်သော လူမှုရေးဖောက်ပြန်မှုအရကြည့်လျှင် မနေနိုင်မထိုင်နိုင် လက်ဆော့ခြေဆော့လုပ်သူ ဦးသာဂိကို အပြစ်ဟု ဆိုရမှာဖြစ်၏။ ဒီဖြစ်စဉ်ကို ဇနီးမယားနှင့် သမီးသားများသိရှိသွားလျှင် ဦးသာဂိ မည်သို့ဖြစ်မည်နည်း။ မည်သို့ရှိစေ ကျွန်ုပ်၏ အလုပ်တာဝန်က ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ပေးဖို့ပင် ဖြစ်ပါတော့သည်။

## အခန်း(၄)

"အဲဒီနေ့ညက အခန်းအမှတ် (၄၂၀)မှာ ခဏလာတည်းသွားတဲ့ အသက်(၅၀)အရွယ် ဦးသာဂိဆိုသူနဲ့ အတူပါလာတဲ့ အသက်(၂၀)အရွယ် မိန်းကလေးတစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်နဲ့ထင်ရှားတဲ့ အသွင်အပြင်ကို မှတ်မိသလောက် ပြောပြစမ်းပါ"

ဦးသာဂိအမှုကို ဤသို့စတင်ဖွင့်ဆိုရပါ၏။ ကာယကံရှင်ကိုယ်၌က "ကျောချမှ မားပြမှန်းသိ" ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ခားပြသည် မည်သူမည်ဝါဖြစ်ကြောင်း မသိသည့်ပြင် မိမိနှင့်တွဲသွားတွဲလာရှိခဲ့သူ မိန်းကလေးကိုပင် ဖြူသလား မည်းသလားမသိသည့်အဖြစ်။ သို့သော် ပြစ်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးသည် အတူရှိနေသော မိန်းကလေးနှစ်ဦးနှင့် ပတ်သက်နိုင်ခြေရှိသည်ဟု ကျွန်ုပ်က လုံးဝယူဆ၏။ ထို့ကြောင့် ဦးသာဂိနှင့် တည်းခိုခန်းသို့အတူပါ မိန်းကလေးကို ရမိလျှင် ပြစ်မှုကျူးလွန်သူ၏ကွင်းဆက်ကို ဖော်ထုတ်ရရှိနိုင်မှာဖြစ်၏။ သို့အတွက် ထိုနေ့ညက တည်းခိုခန်းတွင် တာဝန်ကျသော ကောင်တာမန်နေဂျာကို ကျွန်ုပ်က အထက်ပါစကားဖြင့် မေး၏။ ဒီတော့ ကောင်တာ မန်နေဂျာက ...

"ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း တိတိကျကျ မပြောတတ်ဘူးဗျ။ ဒါပေမဲ့ အဲဒီညက ကျွန်တော့်ကောင်တာမှာရှိတဲ့ စီစီတီဗွီကင်မရာကို ပြန်ဖွင့်ကြည့်ရင် ဆရာလိုချင်တဲ့ ရုပ်ပုံကို ထုတ်လို့ရနိုင်ပါတယ်"

"ဟာ .. ကောင်းတာပေါ့ဗျာ၊ အဲဒီမိန်းကလေးရဲ့ ပုံကို ထုတ်လို့ရရင် ကျွန်တော့်အတွက် အထောက်အကူပြုတဲ့ သဲလွန်စတစ်ခုပါ"

ဤသို့ဖြင့် ကျွန်ုပ်သည် တည်းခိုခန်း၏ ကောင်တာတွင် တပ်ဆင်ထားသော စီစီတီဗွီကင်မရာမှ ဦးသာဂိနှင့် မိန်းကလေးတို့၏ လှုပ်ရှားမှုပုံရိပ်များကို ဖွင့်ကြည့်၏။ အမှုနှင့်သက်ဆိုင်သော ဦးသာဂိနှင့် မိန်းကလေးတို့၏ အသွင်သဏ္ဍာန်ကို ထုတ်နုတ်ကူးယူ၏။ ထို့နောက် အမှုနှင့်သက်ဆိုင်သော မိန်းကလေး၏ ရုပ်သေဓာတ်ပုံကို ထုတ်ယူ၏။ ရရှိလာသော မိန်းကလေး၏ ဓာတ်ပုံတို့ကို ဖြစ်စဉ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ခရိုင်ရဲတပ်ဖွဲ့ လေးခရိုင်သို့ ဖြန့်ဝေလိုက်၏။

သတ္တလောက နိယာမနှင့်ပတ်သက်၍ မြန်မာစကားပုံတွင် အဆိုရှိပါ၏။

**"သမဆောန သမဆော၊ ဂေါဆောန ဂေါဆော"**

ဆိုသလို ရဟန်းသံဃာအချင်းချင်း ပေါင်းဖက်စုဝေးနေထိုင်တတ်သကဲ့သို့ နွားသည် နွားအချင်းချင်း ပေါင်းဖက်နေထိုင်မှုပြုကြပါ၏။ ထို့အတူ

**"သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့"**

ဆိုသလို လူကောင်းသူကောင်း လူတော်သူတော်ချင်းသာ ပေါင်းစည်းဆက်စပ်မှု ရှိပါ၏။ ယခု ဦးသာဂိအမှုတွင် နိုက်ကလပ်ဟုခေါ်သော ညဥ့်နက်သန်းခေါင် သောက်စားပျော်မြူး ကခုန်ကြသော၊ အခွင့်အရေးပေးလျှင်ပေးသလောက် ယောကျ်ားနှင့်မိန်းမ မြူးတူးကြသော အရပ်ဒေသမှစခဲ့ပါ၏။ ဤအရပ်ဒေသသို့ လာနေ သွားနေကြသူသည် ဤအရပ်ကို လာမြဲသွားမြဲရှိသလို၊ အသွင်တူသူချင်း ပေါင်းဖက်ကြမှာဖြစ်၏။ သို့ကြောင့် ကျွန်ုပ်သည် ညဥ့်ငှက်များပျော်ပါးရာ ဤအရပ်ဤဒေသသို့ ခြေချခဲ့ရ၏။

ကိုယ်တိုင်က မကတတ်၍ နိုက်ကလပ်တွင်ကခုန်နေသူများကိုငေးမောစွာကြည့်နေမိ၏။ ခန်းမကြီးအတွင်း မီးမှိန်မှိန်အောက်တွင် အသံကျယ်စွာဖွင့်လှစ်ထားသော သံစဉ်လှိုင်းများက ခန်းမကြီး၏ နံရံလေးဘက်ကို အရှိန်အဟုန်ဖြင့် ပြေးစောင့်နေသလို၊ ကခုန်နေသူများ၏စိတ်အစဉ်ကိုလည်း နှိုးထ

အရွယ်ကလည်းငယ်၊ မာယာကလည်းကြွယ်သော သော်တာအောင်သည် နိုက်ကလပ်သို့ လာရောက်သောက်စားကခုန်ကြသော အမျိုးသားများဖြင့် ခေါ်ဆောင်ရာကို လိုက်ပါ၍ ပြည့်တန်ဆာအဖြစ် ပျော်ပါးမှုပြု၏။ အချဉ်တွေ့လျှင် ဖမ်းစားတတ်သလို ဂွင်(ခွင်)တွေ့လျှင်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၏။ ငယ်ငယ်က ကျွန်ုပ်တို့ ကြည့်ခဲ့ဖူးသောနတ်ပွဲ(နတ်ကန္တား)များနှင့်များ၊ အမှောင်နှင့်အလင်းသာကွာပါ၏ မီးရောင်မှိန်မှိန်အောက်တွင် သက်တကောင်းသူမိန်းကလေးကို ကြည့်ရှုရှာဖွေဆိုတာက မလွယ်။ ပြီးနောက် ခုန်ပေါက်နေသူများဖြစ်၍ ရုပ်ဖမ်းရတာလည်း အခက်တွေ့လှပါ၏။ သို့ကြောင့် ဆက်ကရာ ကြည့်မောခြင်းအဖြစ်ကို စွန့်ခွာ၍ ကလပ်ခန်းမအပြင်ဘက်သို့ ထွက်လာခဲ့၏။

နိုက်ကလပ်အပြင်ဘက် ထင်ဆင်လင်းလင်းရှိရာမှ ကလပ်ခန်းမသို့ ဝင်ထွက်ကြသော မိန်းကလေးများကို ကြည့်ရှုလေ့လာ၏။ သက်တမကင်းသူ မိန်းကလေး၏ အရိပ်အရောင်ကား ထုံးဝေဖော်ထုတ်၍မရ။ သို့ကြောင့် ...

"ဒီဓာတ်ပုံထဲက မိန်းကလေးကို မင်းတို့ကလပ်ဝန်းကျင်မှာ မြင်ဖူးတွေ့ဖူးသလား"

ကျွန်ုပ်ပိုင်နက် နယ်မြေအတွင်းရှိ ကလပ်သုံးလေးခု စုံသွားသော်လည်း မိန်းကလေး၏ သတင်းအစအနကို ဘာမျှမရရှိနေပါ၏။ နောက်ဆုံးကလပ်တစ်ခုတွင် ရင်းနှီးသိကျွမ်းသော ကလပ်လုံခြုံရေးဝန်ထမ်းအား ဓာတ်ပုံပြ၍ မေးစမ်းကြည့်၏။ မိန်းကလေးဓာတ်ပုံကို စူးစိုက်ကြည့်ရင်း လုံခြုံရေးဝန်ထမ်းက ...

"ဒီမိန်းကလေးက ကျွန်တော်တို့ နိုက်ကလပ်ကို လာဖူးတယ်ဗျ။ ကျွမ်းကျွမ်းကျင်ကျင် ကတတ်လို့တော့မဟုတ်ဘူး။ အချဉ်တွေ့တဲ့ ယောကျ်ားလေးဆိုရင် ကြီးကြီးငယ်ငယ် အချဉ်ဖမ်းတတ်တယ်။ အခု ဘယ်ဂွင်နဲ့တည့်သွားတယ် မသိဘူး။ မလာတာ သုံးလေးရက်ရှိသွားပြီ"

ဟု ဆို၏။ ထိုဝန်ထမ်း၏ စကားကို ကြားမိ၍ ကျွန်ုပ် အားတက်မိ၏။ ရှေ့ဆက်ဖို့အတွက် ကျွန်ုပ်က ...

"အဲဒီမိန်းကလေးကို ကိုယ်တွေ့ချင်တယ်ကွာ၊ မင်း ဘယ်လိုကူညီနိုင်မလဲ"

"ကလပ်ကို လာရင်တော့ ကျွန်တော် ချိတ်ပေးလို့ရပါတယ်။ ဆရာက ဘာလုပ်ချင်လို့လဲ"

ခင်မင်ရင်းနှီးသူ ဝန်ထမ်း၏ မေးမြန်းချက်ကို ကျွန်ုပ်မှ ဖြစ်စဉ်အား ဖွင့်ချပြ၏။ ဖြစ်စဉ်ကို ကြားသိသော ဝန်ထမ်းက သက်တမကင်းသော ဓာတ်ပုံပါ မိန်းကလေးနှင့်အတူ အပေါင်းပါသုံးလေးဦးရှိကြောင်း၊ အမျိုးသားနှစ်ဦး သုံးဦးပါတတ်ကြောင်း စသည်ဖြင့် ဇာတ်စုံခင်းပြ၏။ ကျွန်ုပ်က ထိုမိန်းကလေး၏ အမည်နေရပ်တို့ကို သိလိုကြောင်း ပြော၏။ ဝန်ထမ်းက အတန်ကြာအောင် စဉ်းစားပြီးနောက် ..

"သူတို့အဖွဲ့က အဆင်ပြေလို့ ခွင်တည့်တဲ့နေ့ဆိုရင် ဟောဒီဂိတ်က တက္ကစီနဲ့ ငှားပြန်ကြတယ်။ တက္ကစီပေါ်မှာ သူတို့အချင်းချင်း ခေါ်ဆိုကြတဲ့နာမည်၊ သူတို့ပြန်တဲ့အရပ်ကို လိုက်ပို့ပေးတဲ့ ကားသမားတော့ သိနိုင်ပါတယ်။ ကျွန်တော် စုံစမ်းထားပေးပါ့မယ်။ မနက်ဖြန် ညဦးပိုင်းကို ဆရာ ကျွန်တော့်ဆီ လှည့်လာခဲ့လေ"

"ကိုယ့်ဖက်ကတော့ ပိပိရိရိရှိပါစေ ကိုယ့်လူရေ၊ တစ်ဖက်ကို သတင်းပေါက်သွားရင် နီးလျှက်နဲ့ဝေးသွားဦးမယ်"

"စိတ်ချပါ ဆရာရယ်၊ ကျွန်တော် ဆရာနဲ့တွဲလာတာ ဘယ်ခါကများ လွဲမှားဖူးလို့လဲ"

ကျွန်ုပ်တို့အနေဖြင့် လိုအပ်သော အလုပ်ကိစ္စတို့တွင် ယုံကြည်စိတ်ချရသော လူယုံ၊ သတင်းပေး Informer အချို့ကို လျို့ဝှက်စွာ မွေးမြူထားရှိရပါ၏။ ယခု နိုက်ကလပ်မှ လုံခြုံရေးဝန်ထမ်းသည် ကျွန်ုပ်၏ လူယုံတစ်ဦးဖြစ်ပါ၏။ သို့ကြောင့် ကျွန်ုပ်၏ လူယုံ အမည်နှင့် တာဝန်ထမ်းဆောင်ရာ ကလပ်တို့ကို ဖုံးကွယ်ထားရပါ၏။ ဤသည်မှာ ကျွန်ုပ်တို့ စောင့်ထိန်းရမည့် တာဝန်ပင် ဖြစ်ပါပေတော့သည်။

## အခန်း(၅)

"ဒီကလေးမရဲ့ နာမည်ကို သူတို့အချင်းချင်း ခေါ်တာက သော်တာလို့ သိရပါတယ်။ သူတို့အုပ်စုကတော့ လှိုင်သာယာက ပန်းလှိုင်ဂေါက်ကွင်းနားမှာ ဆင်းသွားကြတယ်လို့ တက္ကစီကားသမားတစ်ဦးက ပြောပါတယ်"

ကျွန်ုပ်၏ လူယုံက ပြောသည်။ ဒီတော့ ကျွန်ုပ်လည်း လှိုင်သာယာကို ဦးတည်ရ၏။ နယ်မြေရဲအဖွဲ့အကူအညီဖြင့် ပန်းလှိုင်ဂေါက်ကွင်းတည်ရှိရာ အရပ်ဒေသကို စုံစမ်းကြည့်ရာ ဒိုင်စုရပ်ကွက်တွင်ဖြစ်ကြောင်း သိရ၏။ နယ်မြေရဲတပ်ဖွဲ့နှင့်အတူ ဒိုင်စုရပ်ကွက်သို့ ထွက်လာ၏။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအား မိန်းကလေး၏ ဓာတ်ပုံကိုပြ၍ စုံစမ်းမေးမြန်းကြည့်၏။ ထိုရပ်ကွက်မှ ရာအိမ်မှူးတစ်ဦးက–

"ဒီကလေးမက ကျွန်တော်တို့ ဂေါက်ကွင်းပတ်လမ်း ဒေါ်သိန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာငှားနေတဲ့ ဇော်ဇော်လွင်ရဲ့မိန်းမ သော်တာအောင်နဲ့တူတယ်''

ဟု မှန်းဆပေး၏။ အသွင်သဏ္ဌာန် တူတာ မတူတာထက်၊ သော်တာအောင်ဟု အမည်နာမကို ကြားသိလိုက်သဖြင့် ကျွန်ုပ် လွန်စွာပင် အားတက်သွား၏။ ဒါကြောင့် ကျွန်ုပ်က–

''သူတို့လင်မယားက ဘာလုပ်စားကြလဲ''

''အလုပ်အကိုင် မယ်မယ်ရရ မရှိပါဘူး။ ကျွန်တော် သိသလောက်တော့ ကြုံရာကျဘန်းလုပ်စားကြတာပဲ''

ကျွန်ုပ် အလိုရှိနေသော မိန်းကလေး မသော်တာအောင်နှင့် သူမ၏ ခင်ပွန်း ဇော်ဇော်လွင်တို့နေအိမ်တွင် ရှိ/မရှိ သတင်းထောက်ကြည့်ပါ၏။ ဦးသာဂိထံမှ မြိုးမြိုးမြက်မြက်ကလေးရထားသော လင်မယားနှစ်ယောက်က အပြင်မသွား၊ နေအိမ်၌ပင်ရှိနေကြောင်း သိရ၏။ သို့ကြောင့် သက်ာမကင်းသူ မသော်တာအောင်နှင့် ခင်ပွန်းသည် ဇော်ဇော်လွင်တို့ကို ၎င်းတို့နေထိုင်ရာ နေအိမ်မှ ဖမ်းဆီးရမိခဲ့၏။

''မင်းနာမည်က ဘယ်လိုခေါ်သလဲ''

ကျွန်ုပ်က မေး၏။ ထိုသူက ..

''ဇော်ဇော်လွင်(ခ)သဲမောင်(ခ) ဇော်ကြီးပါ''

''သူက မင်းအမျိုးသမီးလား''

''ဟုတ်ပါတယ်''

''မင်း အမျိုးသမီးနာမည်က ဘယ်လိုခေါ်သလဲ''

''မသော်တာအောင်(ခ)အေးသန္တာ(ခ)သင်းသင်းငယ်ပါ''

ကျွန်ုပ်အလိုရှိနေသော ဓာတ်ပုံထဲမှ မိန်းကလေးသည် မသော်တာအောင်ပင် အမှန်ဖြစ်ပါ၏။ သက်ာမကင်းသူ မသော်တာအောင်နှင့် ခင်ပွန်းသည်တို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်လာ၏။ အုပ်ချုပ်ရေးမှူးရုံးတွင် လင်မယားနှစ်ယောက်ကို တစ်နေရာစီ လူချင်းခွဲထား၏။ မသော်တာအောင်ကို ကျွန်ုပ်က တွေ့ဆုံမေးမြန်း၏။ ထိုသို့မေးမြန်းစဉ် ကျွန်ုပ်သည် မည်သူမည်ဝါဖြစ်ကြောင်းမှစ၍ ဦးသာဂိ၏ဖြစ်စဉ်ကို အကြောင်းစုံရှင်းပြ၏။ သူမ၏ ဓာတ်ပုံရရှိခဲ့ပုံကိုလည်း ပြောဆိုပြ၏။ မသော်တာအောင်က ခွန်းတုံ့မပြန်ဘဲ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံသည့်အလား ရှိနေပါ၏။ အခြေအနေကို ရိပ်စားမိသူ ကျွန်ုပ်က ...

''မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ၊ အဲဒီနေ့ညက မင်းနဲ့အတူပါတဲ့ မိန်းကလေးတစ်ယောက်နဲ့ ယောက်ျားလေးနှစ်ယောက်က ဘယ်သူတွေလဲ၊ ဘယ်မှာနေကြလဲ''

ဦးစွာပထမ ဤမေးခွန်းကို မေးရခြင်းမှာ အကြောင်းရှိပါ၏။ အတူတကွ ကျူးလွန်သူများသည် တစ်ရပ်တည်းနေသူဖြစ်ပါက မိမိဖက်မှ လက်ဦးမှုရယူလို၍ပင်ဖြစ်ပါ၏။ ကျွန်ုပ်၏ မေးခွန်းအဆုံးတွင် မသော်တာအောင်က ...

''အဲဒီနေ့က ကျွန်မယောက်ျားရယ်၊ ကျွန်မသူငယ်ချင်း မတေဇာအောင်နဲ့ သူ့ရဲ့ယောက်ျား ကျော်ကိုကိုတို့ပါ။ သူတို့လင်မယားက သန်လျင်မြို့မှာနေကြပါတယ်''

''မင်း သူတို့အိမ်ကိုသိလား''

''သိပါတယ်''

ဇနီးမယားကိုပင် ပြည့်တန်ဆာအဖြစ် ကြည်ဖြူမှုရှိနေသော ခင်ပွန်းသည် ဇော်ဇော်လွင်ကလည်း မည်သို့ရှိမည်နည်း။ အခွင့်သာလျှင် သာသလို သူတတ်စွမ်းသော အတတ်ပညာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



လက်ဝယ်ဖမ်းမိထားသော လင်မယားကို ခေါ်ဆောင်၍ သန်လျင်သို့ အပြေးတက်ကြ၏။ သန်လျင်မြို့ရှိ ကျော်ကိုကိုနှင့်မတေဇာအောင် နေအိမ်သို့ ရောက်၏။ နေအိမ်တွင် ကျော်ကိုကိုတို့လင်မယားကို အသင့်တွေ့၏။ ကျော်ကိုကိုနှင့် မတေဇာအောင်တို့ကိုပါ အမှုဖြင့် ဖမ်းဆီး၏။ ထိုစဉ် ကျော်ကိုကိုက . . .

''ကျုပ်တို့လင်မယားမှာ ဘာအပြစ်ရှိလို့ ဖမ်းတာလဲ''

''မင်းတို့လင်မယားမှာဘာအပြစ်ရှိတယ်ဆိုတာ ငါ မပြောလိုပါဘူး။ ဟောဟိုလမ်းပေါ်မှာ ရပ်ထားတဲ့ ငါတို့ကားပေါ်ရောက်ရင် မင်းတို့လင်မယားရဲ့ အပြစ်ကို မင်းတို့သိပါလိမ့်မယ်''

ကျွန်ုပ်က ဤသို့ပြောဆိုပြီး ကျော်ကိုကိုတို့လင်မယားကို လမ်းမပေါ်ရှိ ကျွန်ုပ်တို့၏ကားဆီကို ခေါ်ဆောင်သွား၏။ ကားအနီးအရောက်တွင် ကားပေါ်တွင် ဖမ်းဆီးထားသော ဇော်ဇော်လွင်နှင့်မသော်တာအောင်တို့ လင်မယားကို မြင်တွေ့သွား၏။ ထို့ကြောင့် ကျွန်ုပ်က–

''မသော်တာရေ . . မင်းပြောတဲ့ ကျော်ကိုကိုနဲ့ တေဇာအောင်ဆိုတာ သူတို့နှစ်ယောက်ပဲ မဟုတ်လား''

## အခန်း(၆)

''ဟုတ်ပါတယ်''

အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ လင်မယားနှစ်တွဲကို ကျွန်ုပ်၏ ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့၏။ ရဲစခန်းအရောက်တွင် သူတို့လေးဦးကို သီးခြားစီ ခွဲထား၏။ အမှုမှ အဓိကသရုပ်ဆောင်ဖြစ်သူ မသော်တာအောင်ကို ကျွန်ုပ်က စစ်မေး၏။ ပြစ်မှုကျူးလွန်ခြင်း မှန်ကန်ကြောင်း မသော်တာအောင်က အထက်ပါစကားဖြင့် ဝန်ခံ၏။

ဟုတ်မှန်ပါသည်ဟု ဝန်ခံပြောဆိုရုံဖြင့် မပြီးသေးပါ။ ပြစ်မှုကျူးလွန်ပုံ၊ ပြစ်မှုကျူးလွန်သူ၏ အားသာချက်၊ ပြစ်မှုကျူးလွန်ခြင်းခံရသူ၏ အားနည်းချက် စသည်တို့ကို ပြည့်စုံစွာထွက်ဆိုပြရန် ကျွန်ုပ်က ပြစ်မှုကျူးလွန်သူ မသော်တာအောင်ကို မိန့်ဆို၏။ ထို့ကြောင့် မသော်တာအောင်က သူတို့လေးဦး ပါဝင်ကျူးလွန်ခဲ့ပုံကို အောက်ပါအတိုင်း ဖွင့်ဆိုပြပါ၏။

သော်တာအောင်သည် စမ်းချောင်းမြို့နယ်ရှိ အနှိပ်ခန်းတစ်ခုတွင် အနှိပ်



သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com





ပြစ်မှုကျူးလွန်သူ
တရားခံများဖြစ်ကြသည့်
မသော်တာအောင်(ခ)
အေးသန္တာ(ခ)
သင်းသင်းငယ်(၁၉)နှစ်၊
ဇော်ဇော်လွင်(ခ)သဲမောင်
(ခ)ဇော်ကြီး(၂၀)နှစ်၊
မတေဇာအောင်(ခ)မိုးမိုး
(ခ)သန်းသန်းချို(၁ဂ)နှစ်၊
ကျော်ကိုကို(ခ)လုံးပု(၁၉)နှစ်

သမအဖြစ် ဘဝကို စတင်ခဲ့ရ၏။ ထိုသို့ လုပ်ကိုင်နေစဉ် အနှိပ်ခန်းသို့ လာရောက်ဖိမ်ခံသူ ဇော်ဇော်လွင်နှင့်တွေ့ဆုံချစ်ကြိုက်ခဲ့ပြီး အခင်းမဖြစ်မီ လေးလကျော်ငါးလခန့်က လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့၏။ အိမ်ထောင်ကျပြီး နှစ်လခန့်အကြာ ယခုနေထိုင်ရာ လှိုင်သာယာရှိ နေအိမ်ကို အိမ်လခ တစ်လ ၁၅၀၀၀ိ/ဖြင့် လင်မယားနှစ်ယောက် အတူတကွငှားရမ်းနေထိုင်ကြ၏။

နေထိုင်စရာရှိသွားသော်လည်း စားစရာနှင့် အသုံးစရိတ်က လိုနေသေး၏။ သို့ကြောင့် သူတို့လင်မယားနှစ်ယောက်သည်စားဝတ်နေရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ နိုက်ကလပ်များသို့ သွားရောက်ကာ စီးပွားရှာကြ၏။ ယောက်ျားဖြစ်သူ ဇော်လွင်၏စီးပွားရေးထက် ဇနီးမယားဖြစ်သူ အသက် ၁၉ နှစ်သာရှိသေးသော သော်တာအောင်၏ စီးပွားရေးက ပို၍အဆင်ပြေ၏။ အရွယ်ကလည်းငယ်၊ မာယာကလည်းကြွယ်သော သော်တာအောင်သည် နိုက်ကလပ်သို့ လာရောက်သောက်စား ကခုန်ကြသော အမျိုးသားများဖြင့် ခေါ်ဆောင်ရာကို လိုက်ပါ၍ ပြည့်တန်ဆာအဖြစ် ပျော်ပါးမှုပြု၏။ အချဉ်တွေ့လျှင် ဖမ်းစားတတ်သလို ငွင်(ခွင်)တွေ့လျှင်လည်း သော်တာအောင် ခေါ်ဆောင်စရာမလိုအောင် ဆွဲဆောင်ပါ၏။

ဇနီးမယားကိုပင် ပြည့်တန်ဆာအဖြစ် ကြည်ဖြူမှုရှိနေသော ခင်ပွန်းသည် ဇော်ဇော်လွင်ကလည်း မည်သို့ရှိမည်နည်း။ အခွင့်သာလျှင် သာသလို သူတတ်စွမ်းသော အတတ်ပညာဖြင့် ရှာဖွေစားသောက်မည်မှာ မလွဲကေ
ဖြစ်ပါ၏။ ညဉ့်ငှက်များပျော်ပါးရာ နိုက်
ကလပ်တွင် အမှန်တကယ် 'နိုက်က
ကြသူများရှိသလို မဟုတ်မမှန် 'နိုက်
က' ကြသူများလည်း ရှိကြပါ၏။ မည်
သို့ရှိစေ ညဉ့်နက်သန်းခေါင်တွင် မြ
တူးပျော်ပါးခြင်းသည် ကောင်းကျိ
ထက်ဆိုးကျိုးက ပိုပါ၏။ ယခု ဦးသ
ဖြစ်စဉ်က သာဓကပင် ဖြစ်ပါ၏။
သာဂိက မလည်ပတ်၍ ခံရသည်ဟု
လျှင် လူလည်ဖြစ်သူ မိမိကိုယ်တို
ခံစားရသည့်အခါ . . လည်သော်လည်
တစ်ပတ်မပြည့်ဟု ဆိုရတော့မှာ ဖြ
၏။ သို့ကြောင့် နိုက်ကလပ်တက်သူမျ
အတွက် သတိရှိစေချင်ပါ၏။

သော်တာအောင်သည် နို
လပ်များသို့ သွားရောက်ရာမှ သန်လျ
မြို့နေ ကျော်ကိုကိုနှင့် ဇနီးတေ



www.burmeseclassic.com

www.burmeseclassic.com



## တရားလို၏ အသက်မှာ ဘာသာတရားဖြင့် နေထိုင်ရမည့်အရွယ်ဖြစ်ပါ၏။ ဤသို့မနေထိုင်ဘဲ သမီးအရွယ် မိန်းမငယ်ဖြင့် ပျော်ပါးဖို့ စီစဉ်ထားရှိခဲ့စဉ် အထမမြောက်ဘဲ နစ်နာဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရ၏။ ဤသည်မှာ ဦးသာဂိလို လူစားမျိုးအတွက် သင်ခန်းစာပင်ဖြစ်ပါ၏ ...

အောင်တို့လင်မယားဖြင့် အသွင်တူသူချင်း ပေါင်းသင်းမိကြ၏။ အကြံတူ၊ ဉာဏ်တူ၊ အလုပ်တူ အကိုင်တူများဖြစ်ကြ၍ ထိုလင်မယားနှစ်စုံတွဲမှာ ရင်းနှီးခင်မင်မှုရှိကြ၏။ အခင်းဖြစ်မည့်နေ့နက် ၆ နာရီခန့်တွင် သော်တာအောင်တို့ လင်မယားသည် အလုပ်အကိုင်အချိန်ကုန်၍ လှိုင်သာယာနေအိမ်သို့ပြန်ရန် မင်္ဂလာဈေးကားမှတ်တိုင်တွင် ဘတ်(စ်)ကားစောင့်နေ၏။ ထိုစဉ် ...

"သော်တာရေ .. တို့လင်မယားချင်းတို့အိမ်ကို လိုက်လည်မယ်ကွာ"

တေဇာအောင်က ပြော၏။ ဒီတော့ သော်တာအောင်က ..

"လိုက်ခဲ့လေ သူငယ်ချင်း၊ အိမ်မှာ စားသောက်နားနေပြီး ညပိုင်းအလုပ်ချိန်ကျမှ ပြန်ထွက်ကြတာပေါ့"

ညဥ့်ငှက်ဆိုတော့လည်း အလင်းရောက်လျှင်ပျောက်၍ အမှောင်ကျလျှင် ရောက်ရှိကြရသူများ ဖြစ်ပါ၏။ သို့ကြောင့် နှစ်စုံတွဲသော လင်မယားသည် မင်္ဂလာဈေးမှ လှိုင်သာယာသို့ လိုင်းကားစီးကာ ထွက်လာကြ၏။ လှိုင်သာယာနေအိမ်တွင် ဘဝတူချင်း လက်စုံစား၍အိပ်စက်နားနေကြ၏။ အလင်းပျောက်၍အမှောင်ရောက်သော အခင်းဖြစ်နေ့ ည ၉ နာရီခန့်တွင် ညဥ့်ငှက်လေးကောင်တို့သည် အသိုက်မှထွက်၍ ဘုရင့်နောင်တံတားအဆင်းတွင် နားခိုနေ၏။ ထိုစဉ် ဦးသာဂိငှားရမ်းစီးလာသော စီးတီးတက္ကစီဖြင့် ဆုံတွေ့၏။ ဦးသာဂိ၏ လိုက်လျောကူညီမှုဖြင့် ညဥ့်ငှက်လေးကောင်လည်း တစ်ယာဉ်တည်းစီး တစ်ခရီးတည်းသွားခဲ့ကြ၏။

မင်္ဂလာဈေးရောက်သော် ဦးသာဂိလည်း သော်တာအောင်ခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါသွားခဲ့၏။ အခင်းဖြစ်နေရာအရောက် ဇော်ဇော်လွင်နှင့်ကျော်ကိုကိုတို့လည်း ရုတ်တရက်ထွက်ပေါ်လာ၏။ ဇော်ဇော်လွင်က ဦးသာဂိ၏မျက်နှာကို ဖြတ်ရိုက်၍ လက်သီးဖြင့်ထိုး၏။ ဦးသာဂိလဲကျသွားစဉ် ပါလာသော အနက်ရောင်ဘေးလွယ်အိတ်ကို ကျော်ကိုကိုမှ လုယူကာ နှစ်ဦးစလုံး အခင်းဖြစ်နေရာမှ ထွက်ပြေးသွားကြ၏။ သော်တာအောင်နှင့်တေဇာအောင်တို့လည်း အငှားယာဉ်တစ်စီးဖြင့် ရှောင်တိမ်းထွက်လာကြ၏။ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်ရှေ့တွင် ကားပေါ်မှဆင်းကာ ဇော်ဇော်လွင်နှင့် ကျော်ကိုကိုတို့ကို စောင့်မျှော်နေ၏။ ခဏအကြာ ဇော်ဇော်လွင်နှင့် ကျော်ကိုကိုတို့လည်း သော်တာအောင်တို့ နှစ်ဦးရှိရာ ပဲလေ့စ်ဟိုတယ်ရှေ့သို့ ရောက်ရှိလာ၏။ ထို့နောက် ညဥ့်ငှက်လေးကောင်လည်း အငှားယာဉ်တစ်စီးဖြင့် အသိုက်ရှိရာ လှိုင်သာယာသို့ ပြန်လာခဲ့ကြကြောင်း ပြစ်မှုကျူးလွန်သူ မသော်တာအောင်မှ ဝန်ခံထွက်ဆိုခဲ့၏။

"ကျောချမှ ဓားပြမှန်းသိ" ဦးသာဂိ၊ "ဖွတ်မရ ဓားမဆုံး" အဖြစ်ရှုံးဖြင့် ကြုံတွေ့ရသည့် ဦးသာဂိ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်အပြန်မလှသည့် ဦးသာဂိ၊ အိမ်မှ ဇနီးမယားနှင့်သမီးသားအား ဦးသာဂိက အဖြစ်မှန်ကို ပြောပုံပါမည်လားဟု စဉ်းစားကြည့်စေချင်ပါတော့သည်။

### အခန်း(၇)

"လည်လွန်းသည့်ဘီး ချေးသင့်" ခံရသော ဦးသာဂိ၏ ဇာတ်ထုပ်ကို ဆက်ရလျှင် ...

လုယူရရှိခဲ့သော ပစ္စည်းနှင့်ငွေများထဲမှ ငွေကျပ်(၄)သိန်းကျော်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သော်တာအောင်နှင့် ဇော်ဇော်လွင်တို့မှ ခွဲဝေရရှိခဲ့၏။ တေဇာအောင်နှင့် ကျော်ကိုကို



www.burmeseclassic.com

www.burmeseclassic.com



တို့က အမေရိကန်ဒေါ်လာ(၅၅၀)၊ အက်ဖ်အီးစီ(၃၀)၊ ထိုင်းဘတ်ငွေ(၂၀)၊ ငွေကျပ် (၄)သိန်းကျော်နှင့် ဘေးလွယ်အိတ်အနက်ရောင်တို့ကို ရယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ပါ၏။

ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံရုံဖြင့် မပြီးသေးပါ။ နစ်နာဆုံးရှုံးသူထံမှ ပါဆုံးသွားသော သက်သေခံပစ္စည်းက ကျန်ရှိပါသေး၏။ ပြစ်မှုကျူးလွန်သူ သော်တာအောင်နှင့် ဇော်ဇော်လွင်တို့ထံမှ ဆင်းကတ်ဖြုတ်ယူထားသော သက်သေခံပစ္စည်း လက်ကိုင်ဖုန်းတစ်လုံး၊ သက်သေခံငွေဖြင့် ဝယ်ယူထားသော သံသေတ္တာတစ်လုံးတို့ကို သိမ်းယူရရှိခဲ့၏။ ထို့အတူ တေဇာအောင်နှင့် ကျော်ကိုကိုတို့ထံမှ သက်သေခံငွေဖြင့် ဝယ်ယူထားသော လိုင်စင်မဲ့ XONBO - 125 ဆိုင်ကယ်တစ်စီး၊ လက်ဆွဲဘေးလွယ်အိတ်အနက်ရောင်တစ်လုံး၊ အမေရိကန်ဒေါ်လာ (၅၅၀)၊ အက်အီးစီ (၃၀)၊ ထိုင်းဘတ်ငွေ(၂၀)၊ ငွေစက္ကူရောရာ (၂)သိန်းနှင့် အခင်းဖြစ်စဉ်က တရားခံ သော်တာအောင် ဝတ်ဆင်ခဲ့သော အဖြူအနီကွက်ကြားထမီစကတ်တစ်ထည်တို့ကို သိမ်းယူရရှိခဲ့၏။ မြန်မာကျပ်ငွေအချို့မှာ သုံးဖြုန်းစားသောက်ရင်း ကုန်ဆုံးသွားခဲ့၏။



ပြစ်မှုကျူးလွန်ခြင်းခံရသူ ဦးသာဂိအသက်(၅၀)နှစ်၏ အမှုတွင် ပြစ်မှုကျူးလွန်သူများမှာ မသော်တာအောင်(ခ) အေးသန္တာ(ခ) သင်းသင်းငယ်(၁၉)နှစ်၊ ဇော်ဇော်လွင်(ခ) သဲမောင်(ခ) ဇော်ကြီး(၂၀)နှစ်၊ မတေဇာအောင်(ခ) မိုးမိုး(ခ)သန်းသန်းချို(၁၈)နှစ်နှင့် ကျော် ကိုကို(ခ)လုံးပု(၁၉)နှစ်တို့ ဖြစ်ကြပါ၏။

တရားလိုနှင့်တရားခံတို့၏အသက်အရွယ်များကို မီးမောင်းထိုးပြထားပါ၏။ တရားလို၏ အသက်မှာ ဘာသာတရားဖြင့် နေထိုင်ရမည့်အရွယ်ဖြစ်ပါ၏။ ဤသို့မနေထိုင်ဘဲ သမီးအရွယ်မိန်းမငယ်ဖြင့် ပျော်ပါးဖို့ စီစဉ်ထားရှိခဲ့စဉ် အထမမြောက်ဘဲ နစ်နာဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရ၏။ ဤသည်မှာ ဦးသာဂိလို လူစားမျိုးအတွက် သင်ခန်းစာပင်ဖြစ်ပါ၏။

ပြစ်မှုကျူးလွန်သူ(တရားခံ)များ၏ အသက်မှာ အရွယ်သုံးပါး၏ ပထမအရွယ်ပင်ဖြစ်၏။ ရိုးရိုးသားသားဖြင့် ကြိုးစားအားထုတ်၍ မိမိဘဝရပ်တည်ရေးကို ဖန်တီးတည်ဆောက်ရမည့်အစား မရိုးမသားမှုဖြင့် အကျင့်စရိုက်ဖောက်ပြား၍ အကြံအဖန်လုပ်စားကြ၏။ ဤလိုလူစားမျိုးနှင့် ဦးသာဂိကြုံဆုံမိရာတွင် ''မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်း ငြိ'' ဖြစ်ကြရပါ၏။

မည်သို့ရှိစေ တရားစွဲအဖွဲ့အစည်းဖြစ်သော ကျွန်ုပ်အနေဖြင့် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ရရှိရေးအတွက် တရားခံနှစ်စုံတွဲလင်မယား(လေးဦး)ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၂ (လုယက်မှု)ဖြင့် တရားစွဲဆိုရပါ၏။ နစ်နာဆုံးရှုံးသူ လူ့ဂုဏ်ထံ၊ လူနပ်၊ လူပါး တရားလိုဦးသာဂိကိုမူ တရားရုံး၌ ဖြောင့်မတ်မှန်ကန်စွာထွက်ဆိုပေးရန် သတိစကားဆိုရင်း ဤဖြစ်စဉ်လေးကိုလည်း ''လူပါးပုလင်းထိ ဦးသာဂိ''ဟူ၍ပင် ဆိုလိုက်ရပါပေတော့သည်။

သတိမမူ ဂူမမြင်၊ သတိမူက မြူကိုမြင်

စုံထောက်မောင်ရေဲ

ညွှန်းဖွဲ့

ဤအမှုကိုစုံစမ်းဖော်ထုတ်ခဲ့သော
ရန်ကုန်တိုင်းဒေသကြီး
ရဲတပ်ဖွဲ့မှူးရုံး
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့်
မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ
ရဲတပ်ဖွဲ့ဝင်များ၏ကိုယ်စား
ကျွန်ုပ်ဟုအမည်တစ်ဦးတည်းဖြင့်
နာမ်စားပြု၍
ရေးသီဖွဲ့ဆိုထားပါ၏။
ပြစ်မှုကျူးလွန်ခြင်းခံရသူ(တရားလို)၏
ဂုဏ်သိက္ခာကို စာနာ၍
အမည်မှန်ကိုဖျောက်၊ ဦးသာဂိဟု
အမည်တစ်ခုဖြင့် ညွှန်းဆိုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com





**မောင်သိန်းနိုင်**

# တရားလိုပျောက်သော အမှု



www.burmeseclassic.com

www.burmeseclassic.com



**တနင်္လာနေ့…၊ နံနက် ၉ း ၀၀ နာရီ။**

လက်ထဲသို့ ပထမသတင်းပေး တိုင်တန်းချက်ရောက်သည်နှင့် တရားလိုကို စတင် စစ်မေးရတော့သည်။ တရားလိုသည် လူလတ်ပိုင်းဖြစ်သည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်ဖြစ်သည်။ သူ၏ဥပဓိရုပ်က သာမန်ဖြစ်သော်လည်း မျက်ခုံးထူထူကြောင့် ပိုမိုပေါ်လွင်နေသည်။ နက်မှောင်သည့်ဆံပင်ကို ဈေးကြီးသည့်ဆိုင်တွင် ပုံသွင်းပြီးညှပ်ထားပုံရသည်။

ထိုင်ခုံတွင်ထိုင်နေသည့် တရားလိုဖြစ်သူကို လျှပ်တပြက်လေ့လာပြီး စကားစလိုက်သည်။

''ညီလေးနာမည်က … ဖေယျာသော်နော်''

''ဟုတ်ပါတယ် အစ်ကို၊ ကုမ္ပဏီကတော့ ကျွန်တော့်ကို ဖေယျာလို့ပဲ ခေါ်ကြပါတယ်၊ နာမည်က ရှည်လို့တဲ့၊ အိမ်မှာတော့ သားကြီးလို့ခေါ်ပါတယ်၊ ကျွန်တော်က မိသားစုထဲမှာ အကြီးဆုံးသားလေ၊ ဩရသပေါ့၊ ကောင်မလေးတွေကတော့ ကျွန်တော့်ကို ကိုသော်လို့ ခေါ်ကြတယ်''

ဖေယျာသော်ဆိုသူသည် သင်ရိုးညွှန်းတန်းထဲကအတိုင်းပြောရလျှင် 'စကားဖွာသော သက်သေအမျိုးအစား' ဖြစ်ကြောင်း မှတ်ချက်ပြုလိုက်သည်။ အလိုက်သင့်ပြုံးပြီးနေလိုက်ရင်း သူ့စကားများကို သဘောကျကြောင်းပြလိုက်သည်။ မျက်လုံးက အနည်းငယ်ကျဉ်းပြီး ဂနာမငြိမ်သည်မှအပ အပြစ်ပြောစရာဆို၍ သိပ်မရှိလှ။

''အစ်ကို့နာမည်က .. မောင်သိန်းလား၊ နိမ်းပလိပ် ဖတ်လိုက်တာပါ၊ ဆားဗစ်တန်းအရဆိုရင် အစ်ကိုက ဝါရင့်အမှုစစ်တစ်ယောက်ပဲ၊ လေးစားပါတယ်၊ ကျွန်တော့်ကို ထိုးကြိတ်ပြီး လုသွားတဲ့လူကို မိအောင်ဖမ်းပေးပါဗျာ၊ ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်၊ ငွေတွေထက် ကုမ္ပဏီစာရွက်စာတမ်းတွေက အရေးကြီးတာ၊ အမ်ဒီက ကျွန်တော့်ဆို သိပ်ယုံတာ၊ ငွေရေးကြေးရေးကိစ္စမှန် ာမျှ ကျွန်တော့်ကိုပဲ တာဝန်ပေးတယ်၊ လုပ်သက် .. ငါးနှစ်လောက်ရှိပြီဆိုတော့ ကုမ္ပဏီလုပ်ငန်းတွေ အကုန်လုံးနီးပါး ကျွန်တော်လုပ်နိုင်တယ်လေ၊ ကျွန်တော့်စွမ်းရည်တစ်ခုတည်းကြောင့် တော့မဟုတ်ဘူးပေါ့အစ်ကိုရာ .. အား လုံး ဝိုင်းလုပ်ကြရတာပေါ့၊ အခုပါသွား တဲ့ငွေက တော်ရုံတန်ရုံဆို ကျွန်တော် ပြေလည်အောင် စိုက်လျော်ပစ်လိုက်ပြီ လူဒဏ်ရာရတာက ထားလိုက်ပါတော့ ယောက်ျားလေးပဲ၊ အခုဟာက … ငွေကလည်းများ အရေးကြီး စာရွက် စာတမ်းကလည်း ပါဆိုတော့ … အစ်ကိုတို့ဆီ အကူအညီတောင်းရတဲ့ အဆင့် ဖြစ်လာရတာပဲ အစ်ကိုရေ .. အရေးကြီးတာက ကုန်အမှာစာတွေ ငွေစာရင်းရှင်းတမ်းပဲ အစ်ကို၊ ခက် တယ် … ကျွန်တော်ကလည်း ခ သွားရင် .. အဖော်ခေါ်လေ့မရှိဘူး အသက်တစ်ရာမနေရ အမှုတစ်ရာ ရဆိုသလိုပဲ''

အမှုစစ်က ပြုံး၍ နားထောင်ရ အောက်ပါအတိုင်း မှတ်ချက်ရေးသည်

စကားဖွာသူ 'ကောင်မလေး က သူ့ကိုမည်သို့ခေါ်သည်'ဟု ထ ပြောသူ။ ကုမ္ပဏီတွင် ငွေရေးကြေး ကိစ္စတာဝန်ပေးခြင်းခံရသူ။ ကုမ္ပ တာဝန်ရှိသူက ယုံကြည်ရသူ၊ လု သက်ငါးနှစ်ရှိသူ၊ အဖော်မပါသည့် တွက် သူ့တွင် သက်သေမရှိကြော ပြောသူ။

''တိုင်ချက်အရ … ဖြစ်စဉ် သိပြီပေါ့ဗျာ၊ မေးချင်တာက ညီလေး လူတစ်ယောက်က ထိုးကြိတ်သွားတ ဆိုတော့ … အစ်ကိုတို့က ဆေးကုသ အတွက် ဆေးစာပို့ရမှာဖြစ်တယ်၊ လေးရတဲ့ဒဏ်ရာက ဘယ်နေရာလဲ

''ဒီလိုဗျ … အစ်ကိုရ .. ကတော့ ကုမ္ပဏီက ကားပ သွား အဓိကပဲ၊ ကျွန်တော် . ရီးသည်

www.burmeseclassic.com



လိုင်းကားတွေ ‥ စီးလေ့စီးထမရှိဘူး၊ တက္ကစီငှားလိုက်ရင်လည်း ဖြစ်ချင်မှ ဖြစ်မှာ … ငှားတော့ ငှားလိုက်သေးတယ်၊ တက္ကစီသမားက ဖွတ်တင်ပြီး တောင်းနေတော့ … မင်းကိုတော့ မပေးဘူး၊ ငါ့ဟာ ငါ ‥ လိုင်းကားနဲ့ပဲ သွားတော့မယ်ဆိုပြီး ထွက်ခဲ့တာ … အဲဒီက စ,မှားသွားတာပဲ''

အမှုစစ်ကပြုံး၍ နားထောင်ရင်း အောက်ပါအတိုင်း မှတ်ချက်ရေးပြန်သည်။

မေးခွန်းကို ချက်ချင်းမဖြေသူ။ စကားလမ်းကြောင်းပြောင်းပြီးအကြောင်းရှာသူ။ လိုရင်းအရောက်မပြောသူ။

''အစ်ကိုမေးတာက … ညီလေး ဘယ်နားမှာ ဒဏ်ရာရတာလဲလို့ မေးတာပါ''

ဇေယျာသော်သည် မျက်နှာကို ယောင်ရမ်းပြီးစမ်းလိုက်ပြီးမှ–

''အရှိုက်ကိုထိုးတာ ‥ အစ်ကိုရ၊ အနောက်တိုင်း လက်ဝှေ့သမားနဲ့ တူပါတယ် အစ်ကိုရာ ‥ အပ်(ပ်)ပေးလိုက်တာ … ကျွန်တော် ဒူးခွေသွားပြီး ဖင်ထိုင်ကျသွားတာပဲ၊ နောက်ဆုံး သတိထားလိုက်မိတယ်၊ တော်တော်လက်သီးပြင်းတဲ့လူ၊ တုတ်တုတ်ခိုင်ခိုင်နဲ့ဆိုတော့ လက်ဝှေ့သမားဖြစ်နိုင်ပါတယ်၊ မထင်မှတ်တဲ့အချိန်မို့ပါ၊ ကျွန်တော်ကလည်း ကိုယ်ခံပညာ အနည်းအကျဉ်း သင်ဖူးတယ်''

''လူပြတ်တဲ့ ‥ ကားလမ်းဘေး မှောင်ကြီးမဲမဲထဲမှာ ဘယ်လိုကြောင့် ကိုယ့်ညီပြောတဲ့ တုတ်တုတ်ခိုင်ခိုင်လူနဲ့ ဘယ်လိုလုပ် … နှစ်ယောက်တည်း ဖြစ်ရတာလဲ၊ အဲဒါလေး … ပြောပြပါဦးဗျ''

''ကားပေါ်မှာ ကတည်းက သူနဲ့ ကျွန်တော်က တစ်လမ်းလုံး စကား ပြောလာကြတာလေ၊ မအိပ်ချင်အောင်ပေါ့ဗျာ၊ ကျွန်တော့်အိတ်က ငွေတွေ၊ စာရွက်စာတမ်းတွေနဲ့မို့လား''

''တစ်လမ်းလုံး စကားပြောလာကြတာဆိုတော့ သည်လူ ဘာလုပ်တယ်၊ ဘယ်မှာနေတယ်၊ ဘယ်အထိ သွားမယ် စသည်ဖြင့်ပေါ့''

''အဲဒါတွေ … မပြောဖြစ်ဘူးဗျ၊ ကျွန်တော့်ကောင်မလေးအကြောင်းပဲ ပြောဖြစ်တာ၊ ကောင်မလေးနဲ့ အဆင်ပြေဘူးဗျ၊ သူ့မိဘတွေက ဂဂျီးဂဂျောင်ဗျာ၊ အခု ဆီထမင်း၊ အခု စာကလေးကြော်နဲ့''

**“ ကိုယ့်ညီကလည်း …**
**တစ်ခါမှ အိမ်ထောင်မကျဘူးလို့ မသိတာပါ၊**
**နောက်တစ်ခါထပ်ကျရင်**
**သိပါပြီဆိုတာမျိုးဖြစ်နေတယ်၊**
**အမှုဖြစ်ပွားနေပို့ မလိုဘူးလေ၊**
**အမှုဖြစ်ပွားမှ သိရမှာမှ မဟုတ်တာ … ”**

အမှုစစ်က အောက်ပါအတိုင်း မှတ်ချက်ရေးပြန်သည်။

ဒဏ်ရာကို ဆေးစစ်မခံနိုင်သူ။ ပြင်ပဒဏ်ရာမရှိသူ။ ဖြစ်မှုကျူးလွန်သူနှင့်ပတ်သက်၍ ဂဃနဏမပြောနိုင်သူ။ ချစ်သူရှိပြီး ချစ်သူနှင့်မပြေလည်သူ။ လိုရင်း အရောက်မပြောသူ။

''ဆက်ပြောပေးပါဦး ကိုယ့်ညီ''

''ကားစီးရင်း ‥ အပေါ့သွားချင်ရောဗျာ၊ ကားမထွက်ခင်က ဘီယာသောက်လိုက်တာ မှားသွားသလားမသိဘူး၊ ကျွန်တော် … အပေါ့သွားချင်တာကို တော်တော်အောင့်အီးနေပါသေးတယ်၊ ကားရပ်ခိုင်းရင်လည်း ခရီးသည်တွေကို အားနာလို့ … နောက်တော့ ဘယ်လိုမှ မဖြစ်နိုင်တော့မှ ကားဆရာကို အကျိုးအကြောင်းပြောပြီး ကားရပ်ခိုင်းရတော့တယ်၊ ကျွန်တော်နဲ့ စကားပြောတဲ့လူက သူလည်း အပေါ့သွားချင်တာကြာပြီ အားနာလို့မပြောတာ … အတော်ပဲဆိုပြီး ကျွန်တော်နဲ့ လိုက်ဆင်းတယ်ဗျ''

''ကားက … ရပ်မစောင့်ဘူးလား''

''အဲဒါပြောတာပေါ့ဗျာ ‥၊ ရပ်စောင့်သင့်တာပေါ့၊ ကျွန်တော်တို့ကို ထားခဲ့ပြီး မောင်းထွက်သွားတယ်''

''ဒါနဲ့ … ကားနံပါတ်က ‥''

''ကားလက်မှတ်ဖြတ်ပိုင်းက အိတ်ထဲပါသွားပြီဗျ၊ ကားနံပါတ် မမှတ်မိတော့ဘူး''

ဇေယျာသော်ကဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့ ... အတူထိုင်ပြီး အပေါ့သွားကြတာပေါ့ဗျာ၊ ကျွန်တော်က .. တော်တော်လေးကြာသွားတယ်၊ ပြီးလို့ ထလည်းထလိုက်ရော နောက်အလှည့်မှာ သည်လူ .. အလစ်လုပ်လိုက်တာပဲ၊ ဘာမှ .. ပြင်ဆင်ချိန်မရလိုက်ဘူး၊ 'အွပ်'ခနဲဆို ခွေကျသွားတော့တာပဲ ... အစ်ကိုရေ့''

''နောက်တော့ရော''

''ကျွန်တော် ... ဘယ်လောက်သတိမေ့သွားလည်းမသိဘူး၊ သတိရတော့ ကျွန်တော်လွယ်ထားတဲ့ အိတ်က မရှိတော့ဘူး၊ အိတ်ထဲပါသွား တဲ့ငွေနဲ့ စာရွက်စာရင်းက ကျွန်တော် တိုင်တဲ့ ... တိုင်စာထဲကအတိုင်းပါပဲ အစ်ကို''

''အဲဒီနေရာကနေ ... ဘယ်လိုဆက်လုပ်လဲ ညီလေး''

''ကျွန်တော့်ဘောင်းဘီနောက်အိတ်ထဲက လက်ကျန်ငွေလေးနဲ့ လာတဲ့ကား တားစီးပြီး ရောက်လာတာပါ၊ ကားကလည်းပြတ်တော့ တော်တော်စောင့်လိုက်ရတယ်''

''အဲဒီလူကရော ... သူ့မှာ ဘာပစ္စည်းတွေပါလဲ၊ သူက ... ဘယ်ကိုသွားတယ်ထင်လဲ''

''အဲဒီလူမှာလည်း ခရီးဆောင်အိတ်တစ်လုံးပါတယ်၊ ဒီနေရာကနေ ဘယ်ကိုထွက်သွားလည်းဆိုတာတော့ ကျွန်တော်လည်း မတွေးတတ်ဘူး၊ သူက ကားတော့တားစီးမယ်မထင်ဘူး''

''ဘာလို့လဲ''

''ဘာလို့လဲဆိုတော့ ... သူ ... တားစီးတဲ့ကားနဲ့ ကျွန်တော်ပါလာရင် ပွဲပြတ်ပြီပေါ့''

''ခြေလျင်သွားတယ်လို့ .. ထင်တယ်ပေါ့''

''ဟုတ်ကဲ့ ... အဲဒီလိုဖြစ်မယ်''

''ဆန့်ကျင်ဘက်အရပ်ကို ကားတားစီးသွားမယ်ဆိုရင်ရော''

''ဟာ ... ဟုတ်ပြီ၊ သည်လူ နောက်ကြောင်းပြန်လှည့်သွားမှာသေချာတယ်''

''ဂိတ်က ခရီးသည်စာရင်းကြည့်လိုက်ရင် ကိုယ့်ညီနဲ့ ထိုင်ခုံချင်းကပ်လျက်စီးသူကို သိနိုင်ပါတယ်''

''မဖြစ်နိုင်ဘူး .. အစ်ကို''



''ပြောပါဦး ... ဘာလို့ မဖြစ်နိုင်တာလဲ''

''သူက ... လမ်းကဖြတ်တက်တဲ့ခရီးသည်မို့ ကျွန်တော့်နားက ကြားခုံမှာ .. ထိုင်တာ''

''သည်လောက် လက်သီးပြင်းပုံထောက်ရင် ... သန်သန်မာမာ၊ တုတ်တုတ်ခိုင်ခိုင်နဲ့ လက်ယဉ်တဲ့ ဒုစရိုက်သမားဖြစ်မယ်''

အမှုစစ်က ချူဆီ ထည့်လိုက်သည်။

''မှန်တာပေါ့အစ်ကိုရာ ... ဒါကြောင့် ဝါရင့်အမှုစစ်နဲ့တွေ့တာ၊ ကျွန်တော် ... ကံကောင်းတာပဲ၊ အစ်ကိုပြောတဲ့ပုံမျိုးပဲ၊ အစ်ကိုတို့ မှတ်တမ်းတွေထဲမှာ သည်လူ့ပုံ ရှိကိုရှိရမယ်''

မှတ်ချက်ရေးရပြန်သည်။ သဲလွန်စအားလုံးကို ဖြတ်တောက်သူ။ အမှုစစ်ကို ပညာပေးနေသူ။ အမှုစစ်လေကို သံယောင်ဖမ်းလိုက်နေသူ။

''ညီလေး ... အစ်ကို့ကို ရှင်းပြရတာနဲ့ မောလောက်ပြီ၊ ၁၁ နာရီခွဲသွားပြီ၊ ထမင်းစား နားလိုက်ကြရအောင်''

ဇေယျာသော်က အင်တင်တင်လုပ်နေသည်။ အမှုစစ်ကချက်ချင်းပင်–

''ညီလေးကို .. ကိုယ်က ထမင်းကျွေးမှာပါ''

''ကျေးဇူးပဲ အစ်ကိုရာ .. ကျွန်တော့်အခြေအနေကို ... အစ်ကိုသိလို့ အရမ်းကို ကျေးဇူးတင် .. ဝမ်းသာမိပါတယ်ဗျာ''

ဇေယျာသော်က ရုတ်တရက်မတ်တပ်ရပ်ကာ အမှုစစ်ကို လက်ဆွဲနှုတ်ဆက်ရင်း–

''ကျွန်တော့်ငွေတွေ .. ပြန်ရ,ရ

www.burmeseclassic.com



မရ,ရ ကိစ္စမရှိဘူး၊ အစ်ကို့ကို ကျေးဇူးဆပ်ဦးမှာ . . . ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားကြောင်း ကုမ္ပဏီကိုပြောလိုက်ရင် ပြီးပြီ . . . အေးဆေး''

ကြမ်းကျွံရင် နုတ်၍ ရသည်။ စကားကျွံသော် နုတ်မရ။ အသံကြောင့် ဘားသေ။ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ။ ကိုယ့်ကိုယ်ကိုဖော် မသူတော်ခုနစ်ပါး။ အဓိပ္ပာယ်နက်ရှိုင်းသည့် မြန်မာစကားပုံများနှင့် အချိန်မတိုင်မီ ကြိုးဝါးမိသဖြင့် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရသည့် ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းဖြစ်စဉ်များက အမှုစစ်၏ ဦးခေါင်းထဲ နေရာယူသွားသည်။

+ + +

တနင်္လာနေ့ . . . ၁၃း၀၀ နာရီ။

အမှုစစ်က စခန်းမှူးနှင့် အမှုအခြေအနေကို ဝင်ရောက်ဆွေးနွေး လမ်းညွှန်မှုခံယူသည်။ စခန်းမှူးက မှတ်ချက်များပါ ထွက်ချက်အကြမ်းကို အချိန်ယူဖတ်ကြည့်သည်။ အပြီးသပ်အထိ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုညွှန်ကြားပြီး စခန်းမှူးက–

''အဲသည်လိုပဲဗျ၊ ကျုပ်တို့က တရားလိုကိုရော . . . တရားခံကိုရော အမှတ်တစ်ရာစီ . . . ပေးထားတာပဲ၊ နောက်မှ . . . သူတို့ဟာသူတို့ အောင်မှတ်မရကြတာ''

တနင်္လာနေ့၊ ၁၅း၀၀ နာရီ။

လုပ်ငန်းစဉ် ပြန်လည် စတင်သည်။ တရားလိုထံမှ မည်သည့် သတင်း အချက်အလက် သဲလွန်စကိုမျှ မရနိုင်သဖြင့် အခင်းဖြစ်အရပ်သို့ ဆက်ရန် ဦးတည်လိုက်သည်။ ဖေယျာသော်သည် နေ့လယ်စာစားပြီးပြီ ဖြစ်သည်။ အမှုစစ်က ကင်မရာတစ်လုံး အသင့်ပြင်နေသည်။ ဖေယျာသော်က မေးသည်။

''အစ်ကို . . ဘယ်သွားစရာရှိလို့လဲ''

''ကိုယ့်ညီ . .၊ ညက ဖြစ်ခဲ့တဲ့ နေရာကို သွားကြည့်ကြရအောင်''

''ခက်တော့ . . . ခက်တယ်ဗျ၊ ညဘက်ကြီးဆိုတော့ နေရာကို ကောင်းကောင်းမမှတ်မိဘူး . . ဖြစ်နေတယ်''

ပိတ်ပြန်ပြီ။ လမ်းကြောင်း မှန်သမျှ ပိတ်နေသည်။

''ကိုယ့်ဆိုင်ကယ်နဲ့ . . . ဖြည်းဖြည်းသွားမှာပါ၊ သွားရင်း . . စဉ်းစားကြည့်ပေါ့''

ဖေယျာသော် သက်ပြင်းတစ်ခုချလိုက်သည်ကို သတိထားလိုက်မိသည်။

''ကိုယ့်ညီ . . . အမှုကို ဖော်ထုတ်ဖို့ပဲလေ''

အမှုကိုဖော်ထုတ်ဖို့ ဆိုသည်မှာ တရားလိုကိုပေးထားသည့် အမှတ်တစ်ရာ၊ တစ်နည်းအားဖြင့် ရာခိုင်နှုန်းတစ်ရာကို ဆန်းစစ်ချက်များဖြင့် အကဲဖြတ်ခြင်းဖြစ်သည်။ အရာရာကို ပုံသေမှတ်ယူ၍မရသလို၊ သံသယမျက်လုံးဖြင့်ကြည့်တတ်သူအဖို့ အဂတိတရားလေးပါးကို အမြဲဆင်ခြင်ရသည်။ ပေါက်ဒေါသမားလို လက်ရောစိတ်ရော ငြိမ်ရန်လိုသည်။ ဆိုင်ကယ်အသင့်ဖြစ်ချိန်အထိ ထိုင်ရာမှ ထမလာသဖြင့် လှမ်းခေါ်ပြီး ဆိုင်ကယ်ပေါ် တင်ခေါ်လာရသည်။ လမ်းတွင်–

''အစ်ကိုတို့ . . အလုပ်ကလည်း မလွယ်ပါလား''

**တရားလိုဖြစ်ဖြစ်**
**တရားခံဖြစ်ဖြစ်**
**သူတို့စိတ်တိုင်းကျ**
**လုပ်ပေးနေရင်**
**ကျေနပ်နေကြတာပဲ၊**
**သူတို့ဖြစ်ချင်သလို**
**ဖြစ်မလာရင်**
**ပြဿနာ**
**ထရှာကြတော့တာပဲ**
**. . .**



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ် ..၊ ဘာဖြစ်လို့လဲ"

"အစ်ကိုတို့ကို တိုင်ပြီးရင် ... ကျွန်တော့်တာဝန်က .. မပြီးဘူးလား၊ စုံစမ်းရမှာက အစ်ကိုတို့အလုပ်လေ"

"ဒါကြောင့် ... ကိုယ့်အလုပ်ကို ကိုယ်လုပ်နေတာပေါ့၊ ကိုယ့်ညီအလုပ်က ညကဖြစ်ခဲ့တဲ့နေရာကိုမှတ်မိအောင် ကြိုးစား .. တွေ့ရင်ပြ 'သက်သေပြရန်တာဝန်သည် တရားလိုတွင် ကျရောက်သည်'လို့ ပြဋ္ဌာန်းချက်ရှိတယ်"

အမှုစစ်ကဆိုင်ကယ်ဖြည်းဖြည်းမောင်းရင်း ဖြေလိုက်သည်။ ရဲစခန်းပိုင်လမ်းတစ်လျှောက်သာ ဆုံးသွားသည်။ ဇေယျာသော်က အခင်းဖြစ်အရပ်ကို ပြသနိုင်ခြင်းမရှိခဲ့။ အခင်းဖြစ်အရပ်မရှိသည့် အမှုမရှိ။ သက်သေခံချက်မရှိသည့်အမှုမရှိ။ ပြစ်မှုကျူးလွန်သူတိုင်းက အခင်းဖြစ်အရပ်တွင် လိပ်စာကတ်(သဲလွန်စ)လေးထားခဲ့မြဲ ဖြစ်သည်။ အပြန်လမ်းတွင် ဇေယျာသော်၏ ရမှတ်များအနှုတ်လက္ခဏာပြနေသည်။ မျက်နှာလည်းမကောင်း၊ စကားလည်း မပြောတော့။ အမှုစစ်အခန်းသို့ ပြန်ရောက်သောအခါ ခေါင်းငိုက်စိုက်ဖြစ်နေသည်။

"ကိုယ့်ညီကို .. အခုလိုခေါ်သွားရတဲ့အတွက် အားနာပါတယ်၊ အခင်းဖြစ်အရပ်ဆိုတာ သွားရတယ်၊ ဒါ ... ကိုယ့်လုပ်ငန်းပဲ၊ အခု .. မမှတ်မိဘူးဆို ပြန်တော့လည်း ဖြစ်ပွားချိန်က ... ညဘက်ဆိုတော့ ... မမှတ်မိဘူးဆိုရင်လည်း ဖြစ်နိုင်ပါတယ်"

ဇေယျာသော် အနည်းငယ် ပြုံးရောင်သမ်းသွားသည်။

"သစ်ပင်တစ်ပင်ကိုတော့ မှတ်ထားတာဗျ၊ အခုဟာက ... သစ်ပင်တွေက ပုံစံတူတွေချည်းဖြစ်နေတော့ နောက်ပြီး ကျွန်တော့်ကို ... ဘာလုပ်ဦးမှာလဲ ... ဟင်"

"ညက ... ဖြစ်ခဲ့တဲ့အချိန်တုန်းက ညီလေးရယ် .. ပြစ်မှုကျူးလွန်သူရယ် နှစ်ယောက်တည်းဆိုတော့ ပြစ်မှုကျူးလွန်သူက အခုမှမရှိတာ၊ ဒီတော့ ပြစ်မှုကျူးလွန်ခံရသူကိုပဲ ကိုယ်တို့က .. မေးနေရတော့တာပေါ့၊ ဒါကလည်း အမှုဖော်ထုတ်ဖို့ပါပဲ၊ ကျူးလွန်သွားသူကို ဖမ်းဖို့ သဲလွန်စရှာရတာပေါ့ကွာ"

"လုပ်မနေပါနဲ့အစ်ကိုရာ .. ဆုံးချင်လည်း ဆုံးပါစေတော့၊ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ ပစ္စည်းသခါရ၊ လူသခါရ၊ ကိုယ်နဲ့ထိုက်မှရတာ ကျွန်တော်က .. တစ်ခါမှ အမှုမဖြစ်ဘူးတော့ ဘာမှ မသိဘူး"

"ကိုယ့်ညီကလည်း .. တစ်ခါမှ အိမ်ထောင်မကျဘူးလို့ မသိတာပါ၊ နောက်တစ်ခါထပ်ကျရင် သိပါပြီဆိုတာမျိုးဖြစ်နေတယ်၊ အမှုဖြစ်ဖူးနေဖို့ မလိုဘူးလေ၊ အမှုဖြစ်ဖူးမှ သိရမှာမှ မဟုတ်တာ၊ ကျောင်းက ကလေးတောင်သူ့ ဆရာမကို တိုင်တတ်သေးတယ်၊ ဒါက ကျောင်းသားရဲ့ အားကိုးသည့်ဆရာမဖြစ်နေလို့ပဲ၊ အခုလည်း ကိုယ့်ညီက ... တိုင်ပြီလေ၊ အားကိုးရသည့် အစ်ကိုတို့ပေါ့၊ အားကိုးရာရောက်အောင်တော့ လုပ်ရမယ့်တာဝန်ရှိတယ်၊ ကဲ ... လိုအပ်တာလေး ဆက်မေးရအောင်"

"ကိုယ့်ညီနဲ့ .. ထိုင်ခုံချင်းကပ်လျက်က ကိုယ့်ညီပြောတဲ့ အလယ်ခုံက ထိုင်တဲ့လူ ... အဲဒီလူရဲ့ပုံပန်းသဏ္ဌာန်၊ အဝတ်အစား၊ လေယူလေသိမ်းက တောသား၊ မြို့သား၊ အညာသား အောက်သား၊ ဗမာ ဒါမှမဟုတ် တိုင်းရင်းသား လက်ပတ်နာရီ၊ လက်စွပ်၊ ထူးခြားတဲ့အမှတ်အသား အဲဒီ ... ထူးခြားချက်လေးတွေရမှ ကိုယ်တို့က လိုက်လို့ရမှာပေါ့"

"နေပါစေတော့ဗျာ၊ ကျွန်တော် ဘာမှမပြောနိုင်တော့ဘူး"

"ကိုယ်ရှင်းပြတာများသွားလို့ စိတ်ညစ်သွားပြီထင်တယ်၊ ကိုယ်တို့ကတော့ အမှုတစ်ခု ... လက်ထဲရောက်တာနဲ့ ပြစ်မှုကျူးလွန်ခံရသူက ကိုယ့်ရဲ့ ဆွေမျိုးသားချင်းဆိုရင် ... ဘယ်လိုလုပ်မလဲလို့ တွေးတယ်၊ ကိုယ့်ညီ .. နားတော့ လိုအပ်ရင်ခေါ်မယ်၊ လိပ်စာလည်း ရှိနေပြီပဲ"

တနင်္လာနေ့၊ ၂၀း၀၀ နာရီ။

ဇေယျာသော်ကို ၎င်း၏နေရပ်သို့ပြန်ရန် စီစဉ်ပေးလိုက်သည်။ တွေ့စကလောက် သွက်လက်ဖြတ်လတ်ခြင်း မရှိခြင်းက ထူးခြားချက်ဖြစ်ကြောင်း မှတ်ရပြန်သည်။ ကားပေါ်ရောက်ပြီးမှ အမှုနံပါတ်လေးပေးပါဦးဆို၍ ရဲစခန်း (ပ)အမှတ်၊ ပုဒ်မကို စာရွက်တစ်ရွက်ဖြင့် ရေးပေးလိုက်ရသည်။

\+ + +

ဂန္ထဝင်မြောက်သီချင်းဖြစ်ပါစေ သီဆိုသူက ခံစားချက်မပါဘဲသီဆိုလိုက်ပါက သီချင်းအရသာပျက်စီးသွားမည် ဖြစ်သည်။ အမှန်တကယ်မျှပ်ဘဲ မိန်း



www.burmeseclassic.com

www.burmeseclassic.com



–လေးတစ်ယောက်ကို အပျော်သ–ဘာ ချစ်ကြောင်းကြိုက်ကြောင်း ရည်း–းစကားလိုက်ပြောလျှင်လည်း ထို–ကားများသည် ပေါ့ပျက်ပျက်အသံနေ–သံထားနှင့် ဖြစ်နေတတ်သည်။

ဖေယျာသော်နှင့် ပတ်သက်၍ –င်းနေထိုင်ရာမြို့ရှိ ရဲစခန်းချင်းပူး–ပေါင်းဆောင်ရွက်ရာမှ ၎င်းနှင့်ပတ်သက်သည့် သတင်းအခြေအမြစ်များ –ရရှိခဲ့သည်။ ၎င်းလုပ်ကိုင်ရာကုမ္ပဏီသို့ သွားရောက်အတည်ပြုရာမှ ၎င်းနှင့် –တ်သက်သည့် လုပ်ရပ်များကိုရရှိခဲ့သည်။ ယခုမူ ဖေယျာသော်သည် သူ့–စ်သူနှင့်အတူ တစ်နေရာရာတွင် ပါသွားသည့်ငွေတွေမကုန်အချင်း ပျော်နေကြမည်ဖြစ်သည်။

သူရေးတဲ့ဓာတ်လမ်းက သိပ်လှသလို သူ့ဘဝကိုလည်းလှစေချင်သည်။ ဝတ္ထုထဲကဖြစ်စဉ်သည် ပြင်ပြလောက–က်ဆန်းကြယ်နေတတ်သည်။ ပြင်ပ–ွင်လည်း ဝတ္ထုထဲကဖြစ်စဉ်ထက် ပိုမို–န်းကြယ်သည်များလည်း ရှိသည်။ ဖေယျာသော်သည် ပင်ကိုယ်ရိုးသား–ခြင်းကို မဘက်လိုက်၍မိုက်ဖက်ပါသွား–ခြင်းဖြစ်သည်။ ကုမ္ပဏီ၏ ယုံကြည်ကိုး–စားခြင်းကို အလွဲသုံးစားပြုလိုက်သည်။ –တ်လမ်းလေးကသိပ်လှသည်။ ကုမ္ပဏီ–ငွေများဖြင့် ကုမ္ပဏီမှ ပေးအပ်လိုက်သည့် တာဝန်ကို လမ်းတွင် အမည်မသိ–သူတစ်ယောက်က ထိုးကြိတ်လုယက်ခံ–လိုက်ရသည်ဟု ဓာတ်လမ်းဆင်လိုက်သည်။ ရဲကိုတိုင်လိုက်မည်။ တိုင်ထား–ကြောင်းကုမ္ပဏီကို ပြောလိုက်မည်။ အမှုမပေါ်လျှင် ကုမ္ပဏီနဲ့ ရဲနဲ့ ဖိုက်ကြ–ပတော့။ သူက အနေသာကြီးဆိုသည့်



ဓာတ်လမ်းကို ဖန်တီးရေးဖွဲ့လိုက်ခြင်းဖြစ်သည်။

တရားလိုကို တရားခံဖမ်းသလို ပြန်ဖမ်းရတော့မည်။ တရားခံကိုမရှာရ၊ တရားလိုကို ရှာနေရသည်။ တရားခံကို မဖမ်းရ၊ တရားလိုကို ဖမ်းရတော့မည်။ လီဆယ်တိုင်တန်းမှုနှင့် ယုံကြည်အပ်နှံမှုကို အလွဲသုံးစားမှုများနှင့် အလိုရှိနေသူ ဖေယျာသော်သည် တရားလိုနေရာမှသည် တရားခံနေရာသို့ အကွက်ရွေ့သွားခြင်းဖြစ်သည်။

+ + +

စခန်းမှူးပြောပြောနေတတ်သည့် ကြားနေကျစကားလေးကို သတိရမိသည်။

"တရားလိုဖြစ်ဖြစ် ..တရားခံဖြစ်ဖြစ် သူတို့စိတ်တိုင်းကျ လုပ်ပေးနေရင် ကျေနပ်နေကြတာပဲ၊ သူတို့ဖြစ်ချင်သလိုဖြစ်မလာရင် ..ပြဿနာထရှာကြတော့တာပဲ၊ သူတို့ဖြစ်ချင်သလို လိုက်လုပ်ပေးဖို့ ဖွဲ့စည်းထားတယ်များ ထင်နေရော့သလား မသိဘူး၊ နောက်ပြီး ...ကျုပ်တို့ကို သူတို့လိုမ့်သလိုခံမယ့် လူမျိုးတွေလို့လည်း ထင်ကောင်းထင်ကြပေလိမ့်မယ် ..၊ တစ်ချို့ဆို ...ကျုပ်တို့ကို စာမတတ်ဘူးလို့တောင် ထင်တာရှိသေးတယ်၊ စာမတတ်ဘူးထင်တာက တော်သေးတယ်၊ ပိုက်ဆံပေးလိုက်ရင်ပြီးတယ်ဆိုတာ အခံရအခက်ဆုံးပဲ၊ ကိုယ်ချင်းစာရမယ့်အစား ကဲ့ရဲ့တတ်ပြန်တယ် မျိုးစုံပေါ့ဗျာ"

"ကျုပ်တို့တစ်တွေကတော့ ရေကျမှ ပေါ်တတ်တဲ့ သောင်မှမဟုတ်ဘဲ၊ နိုင်မာတဲ့ကျောက်စိုင်၊ ကျောက်သားအနေနဲ့ ရေပေါ်မှာပေါ်နေပြီးသားပဲ"

အမှုစစ်က စခန်းမှူး၏စကားသံများကို ပြန်လည်ကြားယောင်ရင်း တစ်ချိန်က တရားလိုပျောက်သည့်အမှုကို သတိရမိပါတော့သည်။

မောင်သိန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



(၁)

''ဆရာ ‥ ထမင်းစားတော့မှာ
သား၊ ပြင်လိုက်မယ်နော်''

''အေး ‥ အေး ‥ စားတော့
မယ်၊ ဗိုက်ဆာနေပြီ''

ဒေါ်မေသဇင် ထမင်းပွဲပြင်ပေး
ခဲ့က်သည်။

''ဆရာက ငါးဟင်းကြိုက်တာ
တွေ့လို့ … ငါးသလောက်ဟင်း ချက်
လာတယ်''

''ဟုတ်တယ် … တို့က ကမ်းရိုး
တန်းသားဆိုတော့ … ငါး ပုစွန်တွေ
ကြိုက်တယ်''

''စားနော် … ဆရာ၊ ဘာမှ
အားမနာနဲ့''

''အဲသလိုပြောလိုက်မှ … ပိုပြီး
အားနာသွားသလိုပဲ''

''စားပါ ‥ ဆရာကလည်း …
ရော့''

ဒေါ်မေသဇင် ခပ်နွဲ့နွဲ့လေးပြော ရင်း ငါးသလောက်တစ်တုံးကို ဇွန်းဖြင့် ကော်ရင်း ဦးတင်ဦးလှိုင် ထမင်းပန်းကန်ထဲ ထည့်ပေးလိုက်သည်။ ဦးတင်ဦးလှိုင်မှာ ဦးစီးအရာရှိတာဝန်ဖြင့် ပြည်နယ်မှ စီးပွားရေးမြို့တော် ရန်ကုန်သို့ ပြောင်းရွှေ့လာရသည်။ ပြည်နယ်မြို့ကလေး တစ်မြို့မှာ တာဝန်ထမ်းဆောင်စဉ်က တစ်ယောက်တည်းသမားဆိုတော့ စားရေးသောက်ရေးက မလွယ်။ ရုံးအကူကိုပဲ အကူအညီတောင်းပြီး ဖြစ်သလို စားသောက်လာခဲ့ရသည်။

ခု ရန်ကုန်ရောက်ချိန်တွင်တော့ ရုံးစာရေးမ ဒေါ်မေသဇင်က ဦးတင်ဦးလှိုင်အတွက် ထမင်းချိုင့်ဆွဲလာခဲ့သည်။ ဒေါ်မေသဇင်မှာ ဦးတင်ဦးလှိုင်ကြိုက်သည့်ဟင်းတွေကို စီမံလာတတ်သည်။ စားကောင်းခြင်းစားရတော့ စိတ်ချမ်းမြေ့မှုနှင့်အတူ လူတောင် အသားအရေ ပြည့်ဖြိုးလာသလိုပင်။

လူ့စိတ်ဆိုသည်မှာ အထိအတွေ့ ပတ်ဝန်းကျင်ပေါ်မူတည်ပြီး ပြောင်းလဲတက်သည့် အရာပဲမဟုတ်ပေလော။ ခုတော့ ဦးစီးအရာရှိ ဦးတင်ဦးလှိုင်တစ်ယောက် ငယ်ရွယ်စဉ်တုန်းက အောက်သက်မကျေခဲ့ပေမယ့် အသက် ၄၀ ကျော်ခါမှ သက်ကြီးဖတ်စာ ဖတ်တတ်လာခဲ့သည်။ ဒေါ်ငွေသဇင်အနားသို့ ကပ်လာတိုင်း အကြည့်ချင်းဆုံ ရင်ခုန်တတ်လာသည်။

\+ + +

(၂)

ဒေါ်မေသဇင်စားပွဲမှာ ဦးစီးအရာရှိ အခန်းနှင့် အတော်လှမ်းသည်။ သူမမှာ အလုပ်တာဝန်တွေကိုအချိန်နှင့်တစ်ပြေးညီလုပ်တတ်သူမို့ သူ့စားပွဲက ထသွားထလာသိပ်မပြုတတ်။ ဦးစီးအရာရှိ အခန်းဘက်သို့လည်း အရောက်အပေါက်နည်းသည်။ အရာရှိက ကိစ္စကြီးငယ်ရှိ၍ခေါ်မှသာ သွားဖြစ်သည်။ ဦးတင်ဦးလှိုင်ရောက်လာချိန်တွင် အထွေအထူးကိစ္စမရှိသော်လည်း အကြောင်းမရှိ၊ အကြောင်းရှာပြီး တစ်နေ့ ၃ ခေါက် အနည်းဆုံးရောက်သည်။

''ရော့ ဆရာ၊ မိုးတွေရွာနေတယ်၊ ကော်ဖီပူပူလေး သောက်လိုက်ပါဦး''

''ဆရာက အလုပ်တွေ အရမ်းလုပ်တော့မောတာပေါ့၊ ရော့ ‥ ပျားလိမ္မော်လေး စားလိုက်ပါဦး၊ ရင်အေးတယ်''

''ဆရာ ‥ ဒီမှာ စနိုးတာဝါလေး''

ဤသို့ ဤသို့ဖြင့် စာရေးမဒေါ်မေသဇင်ဦးစီးအရာရှိ ဦးတင်ဦးလှိုင်

**ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ**
**သူတစ်ပါးပစ္စည်းကိုယူမိရင် ခိုးခြင်းမည်ပေတယ်၊**
**အဒိန္နာဒါနံကံ မြောက်ပါတယ်၊ ခိုးမှုကို**
**ကျူးလွန်မိသူတစ်ဦးအနေနဲ့ ကြီးစွာသော စိတ်ဆင်းရဲကို**
**အကြိမ်ကြိမ် ခံစားကြရတတ်ပါတယ်…**



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ ဝင်ထွက်သမှု ပြုနေတတ်သည်။ ဒေါ်မေသဇင်မှာအမေလိုလည်း စောင့်ရှောက်သည်။ ညီမလေးလိုလည်း ပြုစုသည်။ ဇနီးမယားလိုလည်း ယုယပေးသည်။

''ဆရာ့အကြည့်တွေက အရမ်းလူငယ်ဆန်တယ်၊ ဟိုတစ်နေ့က အင်္ကျီပွင့်ရိုက်လက်ပြတ်လေးဝတ်ပြီး မတ်တပ်ရပ်ရင်း ကျွန်မကိုလက်ပိုက်ကြည့်နေလိုက်တာ ‥ ကျွန်မ ရင်တွေ ခုန်သွားလိုက်တာ အရမ်းပဲ ‥ ဟင့် ‥ ဟင့် … ဟင့်''

ဦးတင်ဦးလှိုင် ဘာမျှပြန်မပြောပေမယ့် သူမအမူအရာလေးတွေက စွဲလန်းစရာကောင်းမှန်း သတိထားလာခဲ့သည်။

ဒေါ်မေသဇင်မှာ အသက် ဆယ်စုနှစ် ၄ ခု ပြည့်ပြီပေါ့။ ရှည်သောအရပ်တွင် ပြည့်ဖြိုးသောကိုယ်လုံးကိုယ်ပေါက်ရှိသည်။ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နှင့် တင့်တယ်စေမှုသကြားထုသို့ ဆိုသလိုလည်း ကိုယ်နေဟန်ဖွဲ့စည်းပုံက အချိုးအစားကျလှသည်။ မျက်နှာပြင်လေးကလည်း နှာတံပေါ်ပေါ်လေးနှင့် ကျက်သရေရှိသည်။

မိန်းမတစ်ယောက်၏ အလှတရားတို့ကို ပိုင်ဆိုင်ထားသူ ဒေါ်မေသဇင်တစ်ယောက် အပျိုကြီးဖြစ်နေရခြင်းမှာ ပဟေဠိဆန်လွန်းလှသည်။ ဓမ္မဓိဋ္ဌာန်တရားကို ဆန်းစစ်ကြည့်လျှင် စိုက်စိုက်သွားခွင့်မရှိဘဲ မျှော်ပဲမျှော်နေရသော သဘာဝအကျိုးပေးနိမ့်ကျနေခြင်းကြောင့်ပဲလို့ ကောက်ချက်ချရပေမလားမသိ။

\+ + +

(၃)

မိုးဦးကာလမို့ မိုးက သဲသဲမဲမဲ ရွာချနေသည်။ ညနေရုံးဆင်းချိန်မို့ ရုံးဝန်ထမ်းတွေ ရုံးဝင်းထဲမှ ထွက်ခွာနေကြပေပြီ။

''ဆရာ … ပြန်တော့မယ်နော်''

''အေး အေး ‥ အေး ‥ အေး''

ဒေါ်မေသဇင် သွယ်လျသော ခါးတံနွဲ့နွဲ့လေးအောက်က စွင့်ကားသော တင်ဆုံဖိုင်းဖိုင်းလေးကို ခါယမ်းထွက်သွားလေသည်။ ဒေါ်မေသဇင်၏ လှုပ်ရှားမှုတိုင်းသည် ကမ်းရိုးတန်းသားအရာရှိ၏ရင်ကို လှုပ်ခါသွားစေသည်ကတော့ အမှန်ပါပဲ။

ဦးတင်ဦးလှိုင်မှာ ရုံးမှာပဲနေသူမို့ အေးအေးဆေးဆေးကျန်ခဲ့သည်။ စားပွဲအံဆွဲကို အသာအယာဆွဲထုတ်လိုက်သည်။ စားပွဲလက်ျာဘက်ထောင့်ကျကျ စာရွက်ထပ်ကြီးကို မယူလိုက်၏။

''ဟင် …''

ဦးတင်ဦးလှိုင် ရင်တစ်ခုလုံး မြင့်တက်သွားသည်။ ဘေးဘယ်ညာ စာရွက်ခေါက်ကလေးများကို မ,ကြည့်လိုက်ပြန်၏။ သွားပြီ။ ဦးတင်ဦးလှိုင် ဆောက်တည်ရာမရတော့။ နှလုံးခုန်သံကြီး တဒုန်းဒုန်းမြည်နေ၏။ အရာရာသည် ဝေဝါးနေပေပြီ။ သတိကို တင်းတင်းထားပြီး အာရုံကို စဉ်းစားကြည့်လိုက်သည်။

ဟုတ်ပါသည်။ သည်နေ့မနက်ပိုင်းက စာရွက်ခေါက်ကလေးဖြင့် အသာကလေး ဖုံးအုပ်ထားခဲ့သည်။ ညနေမှသိမ်းမည်ဆိုသော အတွေး၏ဖြစ်ရပ်သည် ကိုယ့်အားကောင်းစွာ ဒုက္ခဖြစ်စေခဲ့လေပြီ။ ဦးတင်ဦးလှိုင်၏နှလုံးသားတွင် နောင်တတို့ဖြင့် အထပ်ထပ် ရစ်ပတ်နေခဲ့လေပြီ။

''သားရယ် … အမေ ရွာအရှေ့ကုန်းမှာ ရွာဦးစေတီ တစ်ဆူတည်ချင်တယ်၊ အမေ့မှာ … သားအဖေ လက်ထက်ကတည်းက ရှိတာလေးတွေ ထုခွဲမယ်၊ (၁၀)သိန်းလောက်တော့ … ထပ်လိုမယ်၊ သားလုပ်အားနဲ့ရတာလစာလေးထဲက … စုပြီး အလှူပါဝင်နိုင်ရင် ပိုကောင်းမယ်၊ သံသရာအတွက် အနဂါမိကရွှေအိုး … မြှုပ်တာပေါ့ ‥ သားရယ်''

ခုတော့ အမေ့အလှူအတွက် စုဆောင်းထားသော ပိုက်ဆံ ၆ သိန်း သိန်းစွန်ယုတ်တို့ ထိုးသုတ်သွားကြလေရော့သလား။ မိမိလစာမှအပ အခြားဝင်ငွေ လုံးဝမရှိရှာသော ဝန်ထမ်းတစ်ဦးအတွက် ၆ သိန်းဆိုသော အသပြာမှာ လွယ်ကူသည်တော့မဟုတ်ပါ။ ၆ သိန်းကို ပထမအချီပို့မည်။ ၄ သိန်းကို ဒုတိယအသုတ်ပို့မည်။ ကုသိုလ်စိတ်ကဖြူစင်ပါပေ့၊ သန့်ပါပေ့။

ခု အမေ့ရွာက ဘုရားဖူးတို့ ရန်ကုန်သို့ရောက်လာကြသည်။ ဦးတင်ဦးလှိုင်အလှူငွေထည့်ပေးရန် ဆက်သွယ်ထားသည်။ ညနေ တောင်ကုတ်ကားအမှီသွားပို့ရန် စီစဉ်ထားခြင်းပင်ဖြစ်သည်။ ခုတော့ ခဲလေသမျှ သဲရေကျဆိုတာမျိုးပေပ။

လမ်းဘေးရေအိုးစင်မှာ ရေခွက်ကလေးကို ကြိုးဆွဲမထားလျှင် သက်ဆိုးမရှည်တတ်သော ကာလပြောင်းပြန်ကြီးပေတကား။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



(၄)

သည်နေ့ မနက် ၁၀ နာရီထိုး သည်ဆိုလျှင်ပဲ ဦးတင်ဦးလှိုင်အရေး ပေါ် အစည်းအဝေးတစ်ရပ် ခေါ်ယူလိုက်သည်။

''ဦးစီးအရာရှိ ရုံးထိုင်သော အခန်းမှာ အလွန်လုံခြုံသောအခန်းဖြစ်၍ အခြား ပြင်ပ,ပယောဂကြောင့် ဖြစ်ပျက်သော အကြောင်းအရာ မဖြစ်နိုင်ဆိုသည်ကို ရှင်းပြ၏။ ဘုရားတည်မည့် ဝတ္တုငွေဖြစ်သည့်အတွက် မယူထိုက်ကြောင်း ရယူလိုမှုဆန္ဒတရားပြင်းပြမိ၍ ပြုမူမိကြလျှင်လည်း တိတ်တိတ်ကလေး ပြန်လာထားပေးကြရန် မေတ္တာရပ်ခံလိုက်သည်''

''ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ ‥ သူတစ်ပါးပစ္စည်းကိုယူမိရင် … ခိုးခြင်းမည်ပေတယ်၊ အဒိန္နာဒါနံကံ မြောက်ပါတယ်၊ ခိုးမှုကို ‥ ကျူးလွန်မိသူတစ်ဦး အနေနဲ့ ကြီးစွာသော စိတ်ဆင်းရဲကို အကြိမ်ကြိမ် ခံစားကြရတတ်ပါတယ်''

''ပထမဆုံးအနေနဲ့ ‥ မိမိပြုမူမိတဲ့လုပ်ရပ်အတွက် ပိုင်ရှင်က ငါ့ … လုပ်ရပ်ကို သိများသိသွားပြီလားဆိုတဲ့ စိုးရိမ်ခြင်းသောကဟာ နှလုံးအိမ်ကို အကြိမ်ကြိမ်လာဆောင့်တယ်၊ ဒုတိယအချက်က ပိုင်ရှင်ကသိလို့ … ခွင့်မလွှတ်နိုင်တဲ့ အခြေအနေမျိုးမှာ သက်ဆိုင်ရာကို အသိပေးတိုင်ကြားလိုက်ခြင်းဖြင့် … အချုပ်ထောင်ကျပြီး လောကငရဲ ခံရတတ်တယ်၊ တတိယဆိုးကျိုး အဓိကပစ်မှတ်က … သေသည်၏ အခြားမဲ့၌ အပယ်ငရဲသို့ လားရခြင်းပဲ ဖြစ်ပါတယ်''

ဦးတင်ဦးလှိုင် လူမှုရေး၊ ဘာသာ



ရေးအခဆုံးအမတို့ဖြင့် ပြောပြ၏။ ရုံးသူရုံးသားများမှာ ကြားရသည့် သတင်းစကားကြောင့် မည်သူမျှစိတ်မကောင်းကြ။ လက်အောက်ငယ်သားအပေါ်မှာ အင်မတန်ကြင်နာတရားထားတတ်တဲ့ ပုဂ္ဂိုလ်ရဲ့ပစ္စည်းကိုမှ လုပ်ရက်လေခြင်းဟု ရင်ထဲမကောင်းရှာကြ။

အစည်းအဝေးပြီး၍ ကိုယ့်နေရာကိုယ် ပြန်သွားကြပြီးနောက်တွင် ဟိုလူတစ်ယောက် သည်လူတစ်ယောက် ရောက်လာကြသည်။ အကျိုးရယ်၊ အကြောင်းရယ် မေးကြမြန်းကြနဲ့ ပြန်သွားကြသည်။ မည်သူမျှတော့စိတ်မကောင်းရှာကြ။ ညနေရုံးဆင်းချိန်သို့သာရောက်လာသည်။ ပျောက်ဆုံးသွားသည့်အလှူငွေကိစ္စနဲ့ပတ်သက်၍ တစိုးတစိသော

သဲလွန်စကိုမျှရရှိမလာ။ ရုံးဝန်ထမ်းတွေက ဆယ်တန်းအောင်ဘွဲ့ရတွေချည်းပါပဲ။ သည်လိုအောက်တန်းကျသည့် အလုပ်ကို ဘယ်သူလုပ်မတုန်း။ နောက်ပြီး သူတို့၏ အထက်အရာရှိငွေ။

ဩော် … စဉ်းစားရ ခက်လိုက်ပါဘိ။

\+ + +

(၅)

''ဆရာရယ် … မနေ့က ဆရာ့အကြောင်းကြားရတာ … ကျွန်မစိတ်မကောင်းလိုက်တာ ဆရာသောကများနေတာတွေ့လို့ … ဆရာ့မျက်နှာ ကျွန်မ ကြည့်တောင် မကြည့်ရဲဘူး''

စားပွဲနားလာရပ်ပြီးပြောနေသူကို ဦးတင်ဦးလှိုင် မော့ကြည့်လိုက်ရာ ဒေါ်မေသဇင်မျက်နှာပြင်တွင် သောကဆေးရောင်တွေ ပေစွန်းနေသည်ကို တွေ့လိုက်ရသည်။

''ဆရာ ‥ အရမ်းခံစားနေရမှာပေါ့နော်၊ ကိုယ်ချင်းစာပါတယ် … ဆရာရယ်''

''ခံစားနေရတာတော့ … မပြောပါနဲ့တော့ဗျာ၊ အိပ်လို့တောင်မရဘူး၊ အဲဒီကိစ္စပဲ … အတွေးထဲမှာ ချာချာလည်နေတယ်၊ ကြာရင် … တစ်ကိုယ်လုံး ချွေးတွေစီးကျလာပြီး ဝတ်ထားတဲ့ အင်္ကျီတွေ ရွှဲကုန်တဲ့အထိပါပဲ၊

''နောက်ပြီး … အမေ အရမ်းလှူချင်နေတဲ့ … ဘုရားတည်တဲ့ အလှူ အထမမြောက်မှာကိုလည်း တွေးပူမိတယ်၊ ကျေးဇူးရှင် ‥ အမေရဲ့ ကုသိုလ်ဆန္ဒကို ဖြည့်မပေးနိုင်ဖြစ်ရမယ့် အရေးကို တွေးပြီး စိတ်ထိခိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် .. ဒီလို ပညာတတ်တစ်ယောက်ဖြစ်ဖို့ ... အစိုးရဝန်ထမ်း အရာရှိတစ်ယောက်ဖြစ်ဖို့အတွက် .. အမေဟာ အဖေ့အမွေ လယ်ကိုဖက်ပြီး ပညာသင်ပေးခဲ့တယ်၊ အမေ့ ကျေးဇူးတရားကြောင့် ပညာတတ်တစ်ယောက် ဖြစ်လာခဲ့တဲ့ ကိုယ်ဟာ အမေ့ဆန္ဒကို ဖြည့်ပြီး ကျေးဇူးဆပ်ခွင့်မရမှာကို အရမ်းကြောက်တယ်။

ဦးတင်ဦးလှိုင်၏ ရင်တွင်းခံစားချက်မှာ နှုတ်ပြောစကားသံများအဖြစ် လေးလေးနဲ့ မှန်မှန် ပေါ်ထွက်လာနေပေသည်။

"ကျွန်မ ... ဒီနေ့မနက် ဆရာ့ ပိုက်ဆံကိစ္စကို ... အကြားအမြင် ဆရာမဆီ သွားမေးကြည့်ပါတယ်"

ဦးတင်ဦးလှိုင် တစ်ချက် မော့ကြည့်လိုက်ပြန်သည်။

"အဲဒါ ... အကြားအမြင် ဆရာမက ... ပိုက်ဆံကိုယူတဲ့သူဟာ စနေသားသမီးဖြစ်တယ်လို့ အတတ်ဟောလိုက်ပါတယ် ... ဆရာ"

ဦးတင်ဦးလှိုင် စဉ်းစားကြည့်လိုက်တယ်။ ပိုက်ဆံပျောက်သည့်နေ့က ဒေါ်နုနုလွင်၊ ဒေါ်တင်တင်ဝေတို့ အရာရှိအခန်းသို့ရောက်လာကြသည်။ အောက်ခြေဝန်ထမ်း ဒေါ်တင်ဝင်းတောင် အရာရှိခေါ်၍ တစ်ကြိမ်ရောက်လာသေးသည်။ သူတို့တွေက စနေသားသမီးတွေပဲ။

"ဟုတ်များ ... ဟုတ်လေမလားပဲ၊ လူ့စိတ်ဆိုတာ ... အစိုးရတာ မဟုတ်ဘူး"

ဦးတင်ဦးလှိုင် အတွေးချာချာလည်နေပေပြီ။

"ကိုယ်ရေးစောင်မ၊ နှုတ်ရေးစောင်မလုပ်ပေးတာ ... ကျေးဇူးတင်ပါတယ်ဗျာ"

"ဟုတ်ကဲ့ရှင် ... ကျွန်မလည်း ဆရာ့အတွက်စဉ်းစားပြီး ... အရမ်းစိတ်မကောင်းဖြစ်ရတာ .. ဆရာ့အမေလည်း ဒီသတင်းကြားရင် .. ဘယ်လောက်များ သားအတွက် .. သောကများရှာလေမလဲ"

"အမေ့ကိုတော့ ... အသိမပေးတော့ပါဘူးဗျာ"

ဒေါ်မေသဇင် သူမအလုပ်စားပွဲသို့ လှည့်ပြန်ထွက်သွားသည်။ သည်ကိစ္စနဲ့ပတ်သက်၍ အခြေအနေက ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားရမည့်အနေအထားမျိုးဖြစ်နေပြီဆိုသည်ကို ဦးတင်ဦးလှိုင်အာရုံထဲ ဝင်နေပေပြီ။

"ရဲစခန်းသွားတိုင်ရင် ... လူသိ ရှင်ကြား ဖြစ်သွားမှာပေါ့၊ ရှက်စရာကြီး ကိုယ့် ... ရုံးသူရုံးသားတွေလည်း သိက္ခာကျမယ်၊ ဌာနလည်း နာမည် ပျက်မယ် ... မကောင်းပါဘူး"

ဦးတင်ဦးလှိုင် ကိုယ့်စိတ်ကိုယ် ချုပ်တီးလိုက်သည်။

"ဖြစ်ဖို့ရှိလို့ ဖြစ်တာပဲ၊ ငါ့ညံ့လို့ ဖြစ်တာပါ၊ ကိုယ့်ပစ္စည်းကိုယ်မှ .. စနစ်တကျ မထိန်းသိမ်းနိုင်တာ .. ငါ အသုံးမကျတာ"

လူ့ဘဝ၏ အဓိပ္ပာယ်ဒဿန တစ်ပိုင်းတစ်စသည် ဦးတင်ဦးလှိုင် နှလုံးသား၌ လာရောက်တွယ်ကပ်သွား ခဲ့သည်။

\+ + +

(၆)

အမိ ဧရာဝတီမြစ်ကြီးက လော ကဓံ၏အထုအထောင်းကို ကြံ့ကြံ့ခံပြီး လောကတာဝန်ကျေပွန်စွာဖြင့် စီးဆင်း နေပေ၏။ သည်မြစ်ကြီး၏ ကမ်းနဖူးမှာ မြေလတ်ပိုင်း ပြည်မြို့က သဘာဝကျ

၁၃၄၆ ခုနှစ်မှာ ဘိုးတော်ဘုရားရဲ့သားတော် အိမ်ရှေ့စံဥပရာဇာသီဟသူရဟာ ရခိုင်ကို စစ်ချီခဲ့တယ်။ အဲဒီမှာ ရခိုင်ဘုရင် မဟာသမ္မတရာဇာကို လက်ရဖမ်းဆီးနိုင်ခဲ့ပြီး စစ်သုံ့ပန်းများကိုပါ ခေါ်လာနိုင်ခဲ့တယ်၊ အထင်အရှားကတော့ ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကတည်းက သွန်းလုပ်ခဲ့တဲ့ မုနိလေးဆူကိုပါ ပင့်လာနိုင်ခဲ့ခြင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



…ှာ တည်ရှိနေပေ၏။ ရခိုင်ကမ်းရိုးတန်းနဲ့ ပြည်မကူးလူးဆက်သွယ်ကုန်စည်…ဖြူးရာဒေသဖြစ်၍ စည်ကားသည်။ …ဆံတော်၊ ရွှေဘုံသာမုနိနှင့် ရွှေနတ်…ောင်ဘုရားတို့ ကိန်းဝပ်စံပယ်တော်မူ…ာဒေသဖြစ်၍ ဘုရားဖူးများဖြင့် စည်…ားနေတတ်သည်။

"ဘုရား …ဖူးရတာ ပျော်ရဲ့…ား …ဟင်"

"ပျော်တာပေါ့ ‥မောင်ရယ်"

ရွှေဘုံသာမုနိကိန်းဝပ်စံပယ်တော်…ူရာအနီး ရောဝတီမြစ်ကမ်းနံဘေးက …အအေးဆိုင်လေးမှာ ကြံရည်သောက်…ကြရင်း အချစ်တို့ဖြင့် ပျော်ဝင်စီးသစ်နေသော နှလုံးသားတစ်စုံမှ သမုဒယသံစဉ်လေးများ တိုးတိုးညှင်းညှင်းထွက်ပေါ်နေပေသည်။

"ဒီ …ရွှေဘုံသာမုနိဘုရားဟာ …ူလက ရခိုင်ဘုရားပဲ"

"ဟုတ်လား"

"ဟုတ်တယ် …၁၁၄၆ ခုနှစ်မှာ ဘိုးတော်ဘုရားရဲ့သားတော် … အိမ်ရှေ့စံ ‥ဥပရာဇာသီဟသူရဟာ ရခိုင်ကို စစ်ချီခဲ့တယ်"

"ပြော်"

"အဲဒီမှာ …ရခိုင်ဘုရင် မဟာသမ္မတရာဇာကို လက်ရဖမ်းဆီးနိုင်ခဲ့ပြီး စစ်သုံ့ပန်းများကိုပါ ခေါ်လာနိုင်ခဲ့တယ်၊ အထင်အရှားကတော့ … ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကတည်းက သွန်းလုပ်ခဲ့တဲ့ မုနိလေးဆူကိုပါ …ပင့်လာနိုင်ခဲ့ခြင်းပဲ"

"မုနိ ၄ ဆူဆိုတာ ‥ဘာလဲမောင်"

"မုနိ ၄ ဆူဆိုတာ …

(၁)မဟာမြတ်မုနိ(ခု)မန္တလေးမှာရှိတဲ့ ဘုရားကြီးဆိုတာပေါ့၊

(၂) မာန်အောင်မြင်မုနိ အဲဒါက (ခု)ဇလွန် ပြည်တော်ပြန်ဘုရားဆိုတာလေ။

(၃) ရှင်ကျော်မုနိ အဲဒီဘုရားက (ခု)ရွှေနတ်တောင်ဘုရားတည်ရှိရာတောင်ခြေ အောက်ပါဒနန်းဦးစေတီတော်ကြီး ပရဝုဏ်အတွင်းမှာ ကိန်းဝပ်စံပယ်တော်မူလျက်ရှိတယ်

(၄) ရွှေဘုံသာမုနိက (ခု)တို့ ‥ဖူးမြင်နေရတဲ့ ဘုရားပေါ့ကွယ်"

"မောင်နဲ့ ‥ဘုရားဖူးရတာ ‥ကုသိုလ်လည်းရတယ်၊ သမိုင်းဆိုင်ရာဗဟုသုတလည်းရပါတယ် …မောင်ရယ်"

အအေးဆိုင်ရဲ့ထောင့်ကျကျ စားပွဲလေးမှာ အသံတွေ တိတ်ဆိတ်သွားပြန်သည်။ ရောဝတီမြစ်ကြီးကတော့ ကမ်းနဖူးများကို ညင်ညင်သာသာ တိုးဝှေ့ရင်း စီးဆင်းနေသည်။

"တို့ ‥အခု ဗုဒ္ဓရုပ်ပွားတော်တွေကို ‥ဖူးတယ်ဆိုတာ ဘုရားရှင်သက်တော်ထင်ရှား ‥ရှိနေတာကို ‥ရည်မှန်းပြီး ဖူးကြတာပဲ"

"ဗုဒ္ဓက သစ္စာလေးပါးကိုအောင်မြင်တော်မူတာလေ …သစ္စာဆိုတာမှန်ကန်ခြင်းပဲကွဲ့"

"ဟုတ်ကဲ့ …"

"ဒီတော့ …ဗုဒ္ဓကို ကိုးကွယ်ကြတဲ့ တို့ ‥ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့လည်း ဗုဒ္ဓရဲ့နှုတ်ခါးပတ်တော် ‥သစ္စာတရားမြဲခိုင်ရမယ်၊ မဟုတ်တာ မလုပ်ရဘူး၊ မမှန်တာ မပြောရဘူး"

"ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

အမျိုးသမီးက မျက်ဝန်းအိမ်ကြည်ကြည်လေးနဲ့ သူမ ချစ်သူကို မော့ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ကိုယ့်ကို …ဘာလို့ သည်းခြေပျက်လုမတတ် သောကတွေ ‥ပေးခဲ့ရတာလဲကွယ်"

"မောင် ‥ဘာကို ‥ဆိုလိုတာလဲဟင်"

"ကိုယ့်ပိုက်ဆံကိစ္စပေါ့ကွယ် ‥ဗုဒ္ဓဘာသာတွေပဲ လိမ်ဖို့ညာဖို့ မကြိုးစားပါနဲ့၊ သစ္စာစကားပဲ ပြောစမ်းပါ၊ အမှန်တရားကိုပဲ ကြားချင်ပါတယ်၊ ခုတို့ … ဘုရားဖူးနေကြတာနော်၊ ဘုရားကြိုက်တဲ့ သစ္စာစကားပဲ ကြားချင်တယ်"

သည်တစ်ခါတော့ ချောင့်ပိတ်ပြီး ချည်နှောင်ခြင်းခံလိုက်ရပြီမို့ ဒေါ်မေသဇင် ဘာမှမပြောနိုင်တော့ပါလား။

"အဟင့်"

ရှိုက်သံတစ်ချက် တုန်ခါထွက်ကျသွားသည်။

"ကိုယ်သိနေတယ် ‥တို့အသက်အရွယ် တို့ရာထူးတွေနဲ့ ‥တရားလိုတရားခံအဖြစ်မျိုးက ‥မသင့်တော်တဲ့ဘဝတွေမို့ ကျိတ်မှိတ်ခံခဲ့တယ်၊ တရားနဲ့ ဖြေခဲ့တယ်"

"နှစ်တွေလည်း ‥ကြာခဲ့ပါပြီကော ‥မောင်ရယ်၊ ၃ နှစ်ကတောင်သီသီစွန်းခဲ့ပြီလေ"

"ဟုတ်တယ် …ကိုယ်စဉ်းစားခဲ့တယ်၊ ငါဆိုတဲ့လူက လုပ်မယ်ဆို …ဖြစ်အောင်လုပ်တတ်တဲ့ ဝသီရှိတယ်၊ ဒါကြောင့် …တစ်နေ့ ဒီကိစ္စ ပေါ်အောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် ... သဇင်တို့ ... မိသားစုရဲ့ အရမ်းခက်ခဲတဲ့ ပြဿနာ တစ်ခုကြောင့် မျက်စိမှိတ် စွန့်စားလိုက်ရတာပါ၊ ကိုယ်ပြုမိတဲ့အမှားကို တွေးမကုန်ဘူး၊ ရှက်ခြင်း ကြောက်ခြင်းတွေနဲ့ ကျိတ်ပြီး .. ကြေကွဲခဲ့ရတယ်"

"တော်ပါတော့ .. ဒါ ... ကိုယ်ကျင့်တရားပဲ၊ အရမ်း .. အောက်တမ်းကျတယ်"

"သဇင် ... အရမ်းမှားခဲ့ပါပြီ"

"ကိုယ်မကြိုက်ဆုံးက ... ကိုယ့်အပြစ်ကို ကာကွယ်ဖို့အတွက် စနေသားသမီးတွေ ယူတယ်ဆိုပြီး အကြားအမြင်ကပေါသလို ... ပြောခဲ့တာပဲ၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်အချင်းချင်း .. စာနာစိတ်မရှိဘူး"

ဒေါ်မေသဇင်ကား ရှိုက်ကာရှိုက်ကာ ငိုကြွေးနေလေပြီ။ ဦးတင်ဦးလှိုင် ချက်ချင်းပဲ ဒေါ်မေသဇင်ပခုံးပေါ်တွင် တင်ထားသော ပုဝါလေးကို ဆွဲပြီး ခေါင်းကပင် ခြုံပေးထားလိုက်၏။

လောကကြီးထဲမှာ လူဆိုသော သက်ရှိတစ်မျိုးသာ ပြုံးတတ်ရယ်တတ်သည်။ သို့ကြောင့်ပင် ဉာဏ်များကြလေသလားမသိ။

\+ + +

(၇)

"တစ်ခါ ... တစ်ခါ ကိုယ့်အဖြစ်ကိုယ်တွေးပြီး .. အရမ်းအံ့သြတာပဲ မောင်ရယ်"

"ဘယ်လို .. အဖြစ်တွေလဲ"

"သဇင်နဲ့မောင် .. ခုလို .. အိမ်ထောင်သည်တွေ .. ဖြစ်လာကြရတဲ့ အဖြစ်ကိုလေ"



"ဟုတ်တယ် .. အမှန်က သဇင့်ကို ကိုယ်ရှောင်ရှားသင့်တယ်၊ သဇင်ဟာ ကိုယ့်အထက်အရာရှိရဲ့ ပစ္စည်းကို တောင်မရှောင်ဘူး၊ ကိုယ့်ဂုဏ်သိက္ခာကိုလည်း .. မင်း .. အောက်တန်းကျတဲ့ အလုပ်ကိုလုပ်ရဲတဲ့ မိန်းမ၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်ချင်း ညှာတာရမှန်း ... စာနာရမှန်း မသိတဲ့ မိန်းမ"

အရာရှိကတော် ဒေါ်မေသဇင် ခေါင်းငိုက်စိုက်ကျသွားခဲ့ပေပြီ။

"ပြည်ကို .. ဘုရားဖူးသွားကြတဲ့ အချိန်မှာ တည်းခိုခန်းတစ်ခုမှာ အတူတည်းခဲ့ရင်း ... အခွင့်အရေးရအောင် ယူလိုက်တယ်၊ အဲဒါကတော့ .. ကလဲ့စားချေချင်လို့ပါ၊ သဇင် .. ကိုယ့်ကို စိတ်ဒုက္ခတွေပေးခဲ့သလို ကိုယ်ကလည်း ပြန်ပေးမယ်ဆိုတဲ့ အောက်တန်း ကျတဲ့အတွေးနဲ့ .. အဲဒီလို .. ကြံမိလိုက်တာပါ၊ ဒါပေမဲ့ ... ကိုယ့်နှလုံးသားက ခွင့်မပြုခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် သဇင်ဟာ ... ကိုယ့်လက်အောက်က ဝန်ထမ်းတစ်ဦးပါ၊ မိန်းကလေးတစ်ယောက်ကို စော်ကားပြီးမှ ... ပစ်ထားလိုက်တယ်ဆိုတာ ... လူမဆန်တာပါ၊ ယောကျ်ားမပီသတာပါ၊ ဒါကြောင့် လက်ထပ်ဖို့ .. ဆုံးဖြတ်လိုက်ရတာပဲပေါ့၊ ကိုယ့်က ... သဇင့်ကိုချစ်နေမိတာလည်း .. ပါတာပေါ့လေ"

ဒေါ်မေသဇင် မျက်လုံးအိမ်ထဲမှ မျက်ရည်တွေ စီးထွက်လာ၏။

"မောင် .. သဇင့်ကို လက်ထပ်မယ်လို့ ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



တော့ သဇင် .. အရမ်းအံ့သြသွား
ယ် မောင့်ဆန္ဒကို သဇင်လိုက်လျော
ဟာ မောင့်ကို .. စိတ်ဒုက္ခတွေ
တဲ့အကြွေးကို ဆပ်လိုက်တာပါ၊
င့်ဆီက .. ဘာမှထပ်ပြီး မမျှော်
ခဲ့ပါဘူး၊ ဒါပေမဲ့ ... မောင်က
. စိတ်ကောင်းရှိတဲ့ လူကြီးလူကောင်း
ယောကျ်ားပီသတဲ့ ယောကျ်ားမြတ်
ယောက်ပါ၊ သဇင့်ကို လက်ထပ်
လို့ မောင်က ဖွင့်ပြောတော့ သဇင်
. အရမ်းကို နာကျင်ခဲ့ရပါတယ်''

ဒေါ်မေသဇင် ဦးတင်ဦးလှိုင်ကို မြတ်နိုးတွယ်တာလွန်းစွာ ဦးခိုက် ရှိခိုးလိုက်၏။ မျက်ဝန်းအိမ်တွင်တော့ မျက်ရည်များက ရွှန်းရွှန်းစိုလို့။


''ငိုမနေပါနဲ့တော့ကွယ် ... အဲဒီကိစ္စမှာ ကိုယ်လည်း အမေ့ကုသိုလ် အလုပ်အတွက် ငွေ ၁၀ သိန်း အလှူ ပါဝင်နိုင်ခဲ့ပြီ၊ ဘုရားလည်း တည်ပြီးပြီ၊ ဒီ ... တပေါင်းလပြည့်နေ့မှာ ရေစက်ချဖို့ ကိုယ့်ကို မှာထားပြီးပြီ၊ ချွေးမလေး ကိုပါခေါ်ခဲ့ပါတဲ့ ... သိလား''

ဦးတင်ဦးလှိုင် ဇနီးသည်၏ ကျောပြင်လေးကို ဆွဲဖက်ပြီး ရင်ခွင်ထဲသွင်းထားလိုက်ရာ အသက် ရွှေရတုနား နီးနေသည့်နှလုံးသားတစ်စုံ ပိုလို့ ပူးကပ်သွားကြသည်။

'ချစ်လျှင် အားလုံး ခွင့်လွှတ်သည်' ဆိုတာများ ဖြစ်နေလေရော့သလား။

လူလူချင်း မေတ္တာစိတ် ထားနိုင်ကြပါစေ။
ကျွန်းစဉ်မြေ စောခက်

## စုံထောက်ပွင့်သစ်



### ရင်လွဲဒဏ်ရာ

ရင်ခုန်တတ်စမှာပေါ့
စူးရှတဲ့ အကြည့်တစ်ချက်က
ရင်ကို လှုပ်ခတ်စေခဲ့လို့ ..။

နူးညံ့တဲ့ အပြုံးတစ်ပွင့်ကြောင့်
အသက်ရှုမှားသွားခဲ့လို့ ..။

နွေးထွေးတဲ့ စကားတစ်ခွန်းမှာ
အရူးအမူး ကျရှုံးသွားခဲ့လို့ ..။

သူ့အတွက် အရာရာ ကိုယ်ဖြစ်တည်ခဲ့တယ်
ဒါပေမဲ့ ..
ကိုယ်တို့နှစ်ယောက်ရဲ့ ရင်ခုန်သံတွေ
စည်းချက်မပီ ကာရံမညီခဲ့တော့
လွဲမှားခြင်းတွေ တနင့်တပိုးနဲ့
ဒဏ်ရာရ နှလုံးသားတစ်စုံ
ကိုယ့်ရဲ့ ဘယ်ဘက်ရင်အုံအောက်မှာ
တိတ်တဆိတ် ကြေကွဲနေလေရဲ့။ ။

ခိုင်မာသူ(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com





# ရှမ်းသျှိုက်

## အမိန့်တော်ရထွန်းလူ နှင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်

ပန်းချီ - လင်းခန့်ရေကြည်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ...

ကျွန်ုပ်နှင့် ကိုထွန်းလူတို့သည် ြလတ်ဒေသရှိ ရွာကလေးတစ်ရွာသို့ ောက်ခဲ့ကြသည်။

ထိုရွာမှာ ကျွန်ုပ်၏မိတ်ဆွေ ကို ဘတင့်နှင့် ကိုဘမြင့်တို့ ညီအစ်ကိုရှိ သောကြောင့် သူတို့အိမ်ဝိုင်းတွင် တည်း ိန် အဆင်ပြေမည်ဖြစ်၏။

ကျွန်ုပ်တို့ အဝေးပြေးကားပေါ်မှ င်းလိုက်သည်နှင့် –

''ကျွန်တော့်မိတ်ဆွေ ကိုဘတင့် ို့ ညီအစ်ကိုဆီမှာပဲ တည်းကြရ အာင် ကိုထွန်းလူ''

''အေးလေဗျာ ..၊ ရန်ကုန်က ထွက်ခင်ကတည်းက ခင်ဗျားစိတ်ကူး ဲမှာ အစီအစဉ်ဆွဲထားတာပဲ၊ အဲဒီပဲ ွားကြတာပေါ့၊ ဒါပေမဲ့ ...ရောက် ုန်း ဟောဟိုကမြင်နေရတဲ့ တုံးစေတီ လေးကို အရင်သွားဖူးကြရအောင်''

ကျွန်ုပ်တို့လည်း ရွာပြင်မှာရှိသော စေတီကလေးဆီ လျှောက်လာခဲ့ကြ ည်။

ကျွန်ုပ်တို့သည် ရွာကလေးသို့ ရောက်လာရသည့်အကြောင်းက ရန်ကုန်တွင်ဖြစ်သော လုယက်မှုတစ်ခုမှ တရားခံသည် သူ့မွေးရပ်မြေဖြစ်သော သည်မြို့ကလေးဘက်သို့ တိမ်းရှောင်နေသည်ဟူသောသတင်းကြောင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ သည်မြို့မှာ မည်မျှကျယ်ဝန်းသည် အတိအကျမသိရသေးသော်လည်း ကျေးရွာပေါင်းများစွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အတော်အတန်ကျယ်ဝန်းသည်။

ရှေးဟောင်းအုတ်များ ဖရိုဖရဲဖြစ်နေသော ရင်ပြင်တော်တစ်နေရာတွင် ထိုင်ကာ စေတီကလေးကို ထိခြင်းငါးပါးဖြင့် ရှိခိုးလိုက်ကြ၏။ ထိုနေရာမှာပင် မျက်နှာချင်းဆိုင် ထိုင်နေလိုက်ကြပြီး လယ်ကွင်းများကိုဖြတ်သန်းကာ ကုန်းမို့ မို့ထက်ဆီပြေးတက်လာသော မြေလတ်လေကိုရှူရှိုက်ရင်း ခေတ္တနားနေကြ၏။

''ငထွန်း သူ့မြို့ကို ပြန်တာတော့ ဟုတ်ပါပြီ၊ သူ့မြို့က ရွာပေါင်းနှစ်ဆယ်၊ သုံးဆယ်ရှိနေတာ ဘယ်လိုက်ရမှန်း မသိဘဲ လိုက်လာတာ၊ ကျွန်တော်တို့ လောရာမရောက်ဘူးလား''

''မလောလို့လည်း မရဘူးလေ ကိုအောင်ပွင့်ရဲ့၊ ဒီကောင် ဒီတစ်ခါ လုသွားတဲ့သူက ဘယ်သူမို့လို့လဲ ''

''ခင်ဗျားသိရဲ့သားနဲ့ဗျာ၊ ဆိုင်ဝန်ထောက်မင်းရဲ့ မယားငယ်ဆီက လုသွားတာမို့ ခရိုင်ဝန်ထောက်အမိန့်နဲ့ အသည်းအသန် ရှာနိုင်းနေတာလေ''

''ဒါကို ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ကောက်ရိုးပုံထဲကျသွားတဲ့အပ်ကို ကျွန်တော်တို့ရှာရမှာလေ ...မလွယ်ဘူးနော''

''လွယ်မှတော့ ဒီအလုပ်ကိုပုလိပ်တွေပဲလုပ်သွားတော့မှာပေါ့၊ ခက်မှန်းသိလို့ မင်းကြီးကိုယ်တိုင် ကျုပ်ကိုခေါ်ပြီး တာဝန်ပေးလိုက်တာပေါ့၊ ခင်ဗျားကို ကျုပ် တစ်ခုတော့သတိပေးထားမယ်၊ ခုချိန်ကစပြီး ကျုပ်က အစိုးရရဲ့အမိန့်တော်ရမင်း မဟုတ်တော့ဘူး၊ ခင်ဗျားနဲ့တွဲဘက်စာရေးဆရာ မောင်ထွန်းလူဖြစ်သွားပြီလို့ မှတ်ထားလိုက်ဗျာ၊ ကျုပ်တို့နှစ်ယောက် စာရေးဖို့ကုန်ကြမ်းရှာရင်း ဒီမှာလာတည်းကြတာဟုတ်ပြီနော်''

''ဩော် ...ဒီလို လား၊ ရပါတယ် ဗျာ၊ ခင်ဗျားပြောသလိုပဲ သဘောထား ရမှာပေါ့''

''သတိဆိုတာ ပိုတယ်မရှိဘူးလေ၊ ကျုပ်တို့ရှာရမယ့် ဒီမြို့ဆိုတာ ဟောဒီရွာငယ်ရွာလေးလည်း ပါနေတာဆိုတော့ သတိထားတဲ့အနေနဲ့ ကြိုတင်ပြင်ဆင်ရမှာပေါ့''

''ကျွန်တော် နားလည်ပါတယ် ကိုထွန်းလူ၊ ကဲ ...အမောလည်းပြေလောက်ပြီဆိုတော့ သွားကြရအောင်''

ကိုထွန်းလူက သူ့လက်ထဲမှ ရှေးဟောင်းအုတ်အကျိုးကို အသာပြန်ဆွဲပြီး ထထွက်လာခဲ့သည်။ ဘုရားကုန်းမှဆင်းပြီး ဆယ့်ငါးမိနစ်ခန့်လျှောက်မိသည်နှင့် ရွာငယ်ရွာကလေးသို့ရောက်ပြီ။

''ခင်ဗျား ..မိတ်ဆွေတွေအိမ်က တော်တော်ဝေးသေးလား ..ကိုအောင်ပွင့်''

''ရွာတောင်ပိုင်းမှာလို့တော့ ပြောတာပဲ၊ တစ်ယောက်ယောက်ကို မေးကြည့်ရမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ လူငယ်တစ်ယောက်ကို မေးကြည့်ရာ လူငယ်က ကိုဘတင့်တို့ အိမ်ရှေ့အရောက် လိုက်ပို့ပေး၏။

''ဦးလေးကိုဘတင့် ဧည့်သည် တွေလာတယ်ဗျို့''

ဟုအော်ပြီး ဆော့ကစားရင်း ပြေး ထွက်သွားပါတော့သည်။

ကိုဘတင့်အိမ်မှာ သက်ကယ်မိုး၊ ထရံကာဖြစ်သော်လည်း အတော်သပ်ယပ်သည်။ အကျယ်ပေနှစ်ဆယ်ခန့် အရှည်ပေလေးဆယ်ခန့် ဆောက်ထားသော်လည်း ခြံအကျယ်က အိမ်နှစ်ဆခန့်ရှိသည်။ အိမ်ရှေ့တွင် မြေကွက်လပ်အဖြစ် ပေနှစ်ဆယ်ခန့်ရှိနေပြီး ကုက္ကိုလ်ပင်ကြီးတစ်ပင်အောက်တွင် ကွပ်ပျစ်တစ်ခုကိုချထား၏။

သူနှင့်ကပ်လျက် ခြေရင်းဘက်တွင်လည်း သူ့အိမ်ခန့်သာရှိသောအိမ်တစ်လုံးရှိပြီး ခြံအကျယ်ကမူ ကိုဘတင့်တို့ခြံလောက်မကျယ်လှပေ။ ခြံအကျယ်ပေနှစ်ဆယ်ကျော်ရုံသာရှိသည်မို့ ခြံကျဉ်းကလေး ဖြစ်သည်။ ခြံကသာကျဉ်းသော်လည်း သစ်ပင်များစွာပေါက်ရောက်နေ၏။ ကိုဘတင့် အိမ်ရှေ့သို့ ကမန်းကတန်းပြေးထွက်လာပြီး–

''ဟာ ‥ ကိုအောင်ပွင့် ဆိုင်းမဆင့်ဗုံမဆင့်ကြီးရောက်လာပါလား၊ လာဗျာ အိမ်ပေါ်မတက်ခင် ကွပ်ပျစ်မှာထိုင်ဦး၊ ဘမြင့်ရေ ‥ ရေအေးအေး ခပ်ခဲ့စမ်းပါကွာ၊ ကိုအောင်ပွင့်ရယ် လာမယ်ဆို ကြိုအကြောင်းကြားရောပေါ့၊ ကျွန်တော်ရွာထိပ်လာကြိုပါ့မယ်''

''ဒုက္ခများပါတယ် ကိုဘတင့်ရယ်၊ ဒါ ကျွန်တော့်မိတ်ဆွေ စုံထောက်စာရေးဆရာ မောင်ထွန်းလူတဲ့ စာလေးဘာလေးရေးရင်း မျက်စိအေးနားအေး တစ်ပတ်ဆယ်ရက်နေမလားလို့''

''ရပါတယ်ဗျာ၊ တစ်ပတ် ဆယ်ရက်မကပါဘူး၊ တစ်လကိုးသီတင်းနေလည်းဖြစ်ပါတယ်''

ကိုဘတင့်၏ညီ ကိုဘမြင့်က ရေတကောင်းတစ်ခု ဖန်ခွက်နှင့် ခွပ်ယူလာပြီး ကွပ်ပျစ်ပေါ်လာချပေးသည်။

''ဘမြင့် သူ့ကိုမှတ်မိလား''

''မှတ်မိပါတယ် ကိုတင့်ရယ်၊ ဒါ စာရေးဆရာ ကိုအောင်ပွင့် မဟုတ်လား''

''ဟား ... ဟား ‥ ကိုဘမြင့် ကျွန်တော့်ကိုမှတ်မိသားပဲ၊ ခု ဘာလုပ်နေလဲ ... လယ်ပဲလား''

''ဆိုပါတော့''

ကိုဘမြင့်က 'ဆိုပါတော့'ဟုသာ ပြောပြီး တစ်ဘက်ခြံကိုလှမ်းကြည့်နေသည်။ တစ်ဘက်ခြံမှ လူငယ်တစ်ယောက် (ကိုဘမြင့်နှင့် ရွယ်တူခန့်သာရှိသည်)သူ့အိမ်ရှေ့ ပဒိုင်းပင်ကြီးအောက်ရှိ ရာဝင်အိုးများရှိရာနေရာတွင် ရပ်ပြီး ကိုဘမြင့်ကို လက်ဟန်ခြေဟန်နှင့်ပြနေ၏။

ကျွန်ုပ်နှင့် ကိုထွန်းလူလည်း ထိုလူငယ်ကိုကြည့်လိုက်မိသည်။

လူငယ်က ဆန်းရည် သွားသောက်ရန် လက်ဟန်ပြနေခြင်းဖြစ်သည်။ သူ့လက်များ လှုပ်ရှားလိုက်စဉ် လက်ခနဲဖြစ်သွားသောကြောင့် ရွှေလက်စွပ်ဝတ်ထားကြောင်းသိသာသည်။ စွပ်ကျယ်ဝတ်ထားသဖြင့် လည်ပင်းမှ ရွှေဆွဲကြိုးကိုတော့ မြင်နေရသည်။

ကိုဘမြင့် လူငယ်ကိုခေါင်းညိတ်ပြပြီး–

''ကျွန်တော် အပြင်သွားဦးမယ်၊ ကိုတင့် ‥ သွားလိုက်ပါဦးမယ် ခင်ဗျ''

ကျွန်ုပ်တို့ကိုပါနှုတ်ဆက်ပြီး ခပ်သွက်သွက်ထွက်သွားပါတော့သည်။

ကိုထွန်းလူလည်း ရေအေးအေး တစ်ခွက်သောက်ပြီး တစ်ဘက်ခြံမှ လူငယ်အကြောင်းကို စပ်စုလိုက်သည်။

''ကိုတင့် ... ဟိုဘက်ခြံကလူ ကြည့်ရတာ တော်တော် အဆင်ပြေနေပုံရတယ်၊ ခု သူတို့နှစ်ယောက် ထန်းရည်ဆိုင်သွားကြတာပေါ့ ဟုတ်လား''

ကိုဘတင့်တစ်ယောက် အမေးကို ချက်ချင်းမဖြေသေးဘဲ စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကွပ်ပျစ်နှုတ်ခမ်းတွင် တင်ပလ္လင်ထိုင်ချလိုက်သည်။ ပြီးမှ သက်ပြင်း၏နောက်ဆက်တွဲလေသံဖြင့်–

''ဟင်း ... ခက်ပါတယ်ဗျာ၊ ကိုယ့်ညီလည်း ကိုယ်မနိုင်၊ သူများလည်းကိုယ်မနိုင်ဆိုတာ ကျွန်တော်ပေါ့၊ ဒီနေ့ သူတို့သွားတာ နောက်တောင်ကျနေသေးတယ်၊ ခါတိုင်းနေ့ဆို မနက်စာမစားခင်သွားကြတာဗျ၊ တစ်ခါတလေ ရွာမှာတောင်မသောက်ဘူး၊ မြို့ပေါ်က တရုတ်ဆိုင်သွားပြီး အရက်သောက်၊ ရုပ်ရှင်ကြည့် စိတ်ကြိုက်နေပြီးမှ ပြန်လာကြတာ''

''ဟိုဘက်ခြံက သူဌေးလေးက ဒကာပေါ့ဟုတ်လား ... ကိုတင့်''

''ဟုတ်တယ်၊ အဲဒီသူဌေးလေးက မောင်မြင့်ဆိုတဲ့ကောင် အလုပ်လည်းမလုပ်၊ ဘယ်ကပိုက်ဆံရမလဲ''

''ဒါနဲ့ ... အဲဒီသူဌေးလေးက နာမည်ဘယ်သူလဲ၊ အလုပ်အကိုင်ကရော ဘာလုပ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



သူနာမည်က ဖိုးထွန်းတဲ့၊ မြို့က ...တာသိပ်မကြာသေးဘူး။ သူ ... အလုပ်ရယ်လို့ မယ်မယ်ရရမရှိ ... ရန်ကုန်သွားလိုက်၊ မန္တလေး ...လိုက်နဲ့ ကျောက်အရောင်းအဝယ် ... သစ်အရောင်းအဝယ်လိုလိုပါ၊ ကဲ ...များတို့လည်း ချွေးတိတ်ပြီဆိုတော့ ...ချင်ရင် ဟောဒီတွင်းမှာချိုးဗျာ၊ ...ရာနေရာ ကျွန်တော်ပြမယ် ..
...ကဲ့''

ကျွန်ုပ်တို့နှစ်ယောက် ကိုဘတင့် ...နောက်မှလိုက်လာပြီး ဘုရားစင်ရှေ့ ...ရှေ့ခန်းမှာအိပ်ရန် ကိုယ့်စိတ်ကြိုက် ...လိုက်သည်။ ခရီးဆောင်အိတ်ချပြီး ...ဘက်၊ ဆပ်ပြာခွက်၊ သွားတိုက်ဆေး ...များထုတ်ကာ ရေလဲပုဆိုးတစ်ထည် ...နှံတင်လျက် ကိုတင်ညွှန်ပြသော ရေ ...တွင်းဆီ လျှောက်လာခဲ့ကြသည်။

ရေတွင်းမှာ ဖိုးထွန်းခြံစည်းရိုးနှင့် ...ကပ်လျက်ရှိ၏။ ဖိုးထွန်းလည်း သည် ...တွင်းရေကိုငင်၍ သူ့ခြံတွင်းရှိ ရာဝင်အိုး ...ထဲထည့်သုံးကြောင်း သူ့ဘက်ခြံနှင့်ကပ် ...လျက် ရာဝင်အိုး ၂ လုံးက သက်သေ ...ပြနေသည်။ ထိုရာဝင်အိုးခြေရင်းတွင် သစ်တုံးကြီး လေးငါးတုံးခင်းထားသော ...ဖိုးထွန်း၏ ရေချိုးခုံရှိသည်။

''ဖိုးထွန်းလည်း ဒီတွင်းရေကိုပဲ သုံးပုံရတယ်ဗျ၊ ရာဝင်အိုးဘေးက ရေ ...ချိုးခုံနဲ့လေ''

ရေချိုးခုံဆိုသော်လည်း ရှစ်လက် ...မ၊ လေးလက်မရှိသော သစ်သားတုံး ...များမှာ လေးပေခန့်အရှည်ရှိပြီး လေး ...ငါးတုံးခင်းထားခြင်းဖြစ်သည်။ ကိုတင့် ...တို့ရေချိုးခုံကတော့ ထိုဆိုဒ်သစ်တုံးနှစ် ...တုံးကို စီထားခြင်းဖြစ်၏။

ကျွန်ုပ်တို့ ရေတွင်းမှရေကို ကိုယ့်ဘာသာငင်ပြီး အဝချိုးပစ်လိုက်သည်။

ကိုတင့်တစ်ယောက် ရွာထဲသွား၍ ကျွန်ုပ်တို့အတွက် ဟင်းစားရှာခဲ့ဟန်တူသည်။

ညနေစာစားချိန်ရောက်တော့ ဘဲဥကြော်၊ ကန်စွန်းရွက်ကြော်တို့အပြင် အသားဟင်းအဖြစ် တောဝက်သားကို ဆီပြန်အောင်ချက်ထား၏။ ရွာထဲမှ မုဆိုးပါလာသော တောဝက်သားကို မနည်းတောင်းပန်ပြီးဝယ်ခဲ့ရကြောင်း ကိုတင်ပြောပြသည်။ ထမင်းမိန်မိန်စားပြီး ခဏတစ်ဖြုတ် စကားစမြည်ပြောဖြစ်ကြ၏။

ည ၇း၀၀ နာရီခန့်ပင် ရှိသေးသော်လည်း တစ်ရွာလုံး မှောင်အတိဖုံးကာ မီးမရှိသောရွာတို့၏ထုံးစံအတိုင်း ဖြစ်နေပါသည်။ ထိုအချိန်အထိ ကိုဘမြင့်တစ်ယောက် ပြန်ရောက်မလာသေး။

ကျွန်ုပ်တို့လည်း ခြင်မကိုက်သော အရပ်မို့ ခြင်ထောင်မထောင်တော့ဘဲ အိမ်ရှေ့ခန်းမှာ နေရာယူလိုက်ကြသည်။ ကိုတင့်ကတော့ သူညီမလာသည်ကိုဂရုမစိုက်သည့်အလား အခန်းထဲဝင်အိပ်သွားပါသည်။

မှေးခနဲပျော်တော့မည့်အချိန်တွင် ကိုထွန်းလူ အလန့်တကြား ဝုန်းခနဲ ထထိုင်သည်။

''ဟုတ်ပြီ ... ရွာငယ်ရွာ လူပျောက်မှု၊ ရွာငယ်ရွာ လူပျောက်မှု၊ ကိုအောင်ပွင့် ထစမ်းပါဦးဗျ ... ထပါဦး''

အရေးတကြီး လှုပ်နိုးလာသောကြောင့် အလွန်အိပ်ချင်နေပြီဖြစ်သော်လည်း ကျွန်ုပ်ထထိုင်လိုက်သည်။

''ဘာလဲ .. ကိုထွန်းလူ ဘာဖြစ်လို့လဲ''

''ခင်ဗျား မှတ်မိသေးလား၊ ရွာငယ်ရွာဆိုတာ ဟိုး .. လွန်ခဲ့တဲ့တစ်နှစ်လောက်က လူပျောက်မှုတစ်ခုဖြစ်ပြီးနောက် ဘယ်လိုမှရှာမရတော့လို့ အမှုပါ ပိတ်ပစ်လိုက်ရတယ်လေ''

''လူပျောက်မှု ... လူပျောက်မှု''

ကျွန်ုပ်၏ အိပ်ချင်မူးတူးဖြစ်နေသောစိတ်ကို ဖျောက်ဖျက်ကာ ဦးနှောက်မှ မှတ်ဉာဏ်အကျန်ကို ပြန်နိုးကြားအောင် ပြုလုပ်နေရသည်။ ခဏအကြာ ကျွန်ုပ်ဦးနှောက် နိုးကြားလာတော့မှ လူပျောက်မှုကို ပြန်စဉ်းစား၍ရသည်။

''ဟုတ်ပြီ ... ဟုတ်ပြီ၊ ပဲနောက်ရွာသားတစ်ယောက် မြို့ပေါ်ကို အမတော်ကြေးသွင်းဖို့အသွား ရွာငယ်ရွာမှာ ဝင်တည်းရင်း မြို့လည်းမရောက်၊ သူ့ရွာလည်းပြန်မရောက် ပျောက်ချင်းမလုပျောက်သွားတာလေ''

''ဟုတ်တယ် ... သူနဲ့အတူ သူတို့ရွာက လယ်သမားတွေရဲ့ ငွေတစ်သောင်းကျော်ပါသွားတယ်လေ၊ အဲဒီအမှုဖြစ်တဲ့ ရွာငယ်ရွာဆိုတာ ဒီရွာပဲပေါ့''

''ဟုတ်မယ်ဗျ ... မနက်ကျမှ ကိုတင့်ကို မေးကြည့်ကြတာပေါ့''

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက် ပြန်အိပ်လိုက်ကြသည်။

နောက်တစ်နေ့ မနက်စောစော အဆာပြေစားကြရင်း ညကသတိရမိသော လူပျောက်မှုအကြောင်းကို မေးကြည့်မိ၏။

''ဟုတ်တာပေါ့ဗျာ၊ အဲဒီရွာငယ်ရွာက ဒီရွာပဲ၊ ဒါပေမဲ့ အခင်းဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရက်က ကျွန်တော်တို့ ညီအစ်ကိုရွာမှာ မရှိကြဘူးဗျ၊ တောင်တွင်းဘက်က ဘကြီးတစ်ယောက်ဆုံးလို့သွားနေတာ ဆယ်ရက်လောက်တောင် ကြာတယ်''

''ခင်ဗျားတို့ ... ဘာမှ မသိလိုက်ဘူးပေါ့''

''မသိလိုက်ပေမယ့် မြို့ကဂိတ်မှာ သွားအစစ်ခံရသေးတယ်၊ သေသူက ဖိုးထွန်းတို့ ဘကြီးဝမ်းကွဲဆိုလားဗျာ .. ပဲနောက်ရွာကလေ .. သူက ဖိုးထွန်းတို့အိမ်မှာ တစ်ညအိပ်သွားလို့ ပုလိပ်က ကျွန်တော်တို့ကိုခေါ်မေးတာ၊ ဒါပေမဲ့ ကျွန်တော်တို့ကလည်း တောင်တွင်းသွားတာ အမှန်ဆိုတော့ ဘာမှမသိမှန်းသိလို့ ... ဆက်မမေးကြတော့ဘူးလေ''

''အင်း .. စဉ်းစားစရာတွေတော့ အများကြီးရှိနေပြီ၊ ဒါနဲ့နေစမ်းပါဦး၊ ဖိုးထွန်းဆိုတဲ့သူက အိမ်မှာတစ်ယောက်တည်းလား၊ ဘယ်သူမှမရှိကြတော့ဘူးလား''

''ဟိုတုန်းကတော့ ရှိကြတာပေါ့၊ မျက်စိမမြင်တဲ့ သူ့အမေရယ် .. သူ့ညီမလေးတစ်ယောက်ရယ် အတူနေကြတာ ... မနှစ်က ပဲနောက်ရွာသားအမှု မဖြစ်ခင် တစ်လလောက်ကမှ သူ့ညီမလေးအိမ်ထောင်ပြုပြီး မြို့လိုက်သွားတော့ အိမ်မှာ သူတို့သားအမိနှစ်ယောက်ပဲ ကျန်ခဲ့တာလေ''

''အခုရော ... သူ့အမေရှိနေလား''

''မရှိရှာတော့ပါဘူးဗျာ၊ လွန်ခဲ့တဲ့ သုံးလေးလက ဆုံးသွားပါပြီ''

သောက်လက်စ ရေနွေးခွက်ကို လက်ကမချဘဲ ကိုထွန်းလူ ထရပ်လိုက်သည်။ ထို့နောက် အိမ်ရှေ့ခြံထဲဆင်းသွားပြီး ခြံကို အလျားလိုက်ရော၊ ဒေါင်လိုက်ပါလမ်းလျှောက်နေ၏။ ကျွန်ုပ်နှင့် ကိုဘတင့် နှစ်ယောက်သား စကားဝိုင်းဖွဲ့နေရာမှ ကိုဘတင့် ရွာထဲသွားမည်ဆို၍ ကျွန်ုပ်လည်း ဗဟုသုတအလို့ငှာ ရွာထဲလိုက်ရန် နှစ်ယောက်အတူထွက်လာခဲ့ကြသည်။ ခြံထဲတွင် သူ့အတွေး နှင့်သူ လမ်းလျှောက်နေသော ကိုထွန်းလူကို နှုတ်မဆက်ဘဲ ထွက်လာခဲ့ကြသည်။



ကိုဘတင့်က ကျွန်ုပ်တို့အတွက် ဟင်းစားဝယ်ရန်လိုက်ရှာပြီး ဟင်းစာ လာပို့မည်ဟုပြောသောကြောင့် ကျွန်ုပ် တို့ ရွာဦးကျောင်းသို့ ထွက်လာခဲ့ကြ သည်။ ဆရာတော်နှင့် အချိန်အတော် ကြာ စကားပြောပြီးမှ ကိုဘတင့်အိမ်သို့ ပြန်လာခဲ့ကြ၏။

ကျွန်ုပ်တို့ပြန်ရောက်လာသည့် အချိန်တွင် ကိုထွန်းလူတ ယောက် ကွပ်ပျစ်တွင်ထိုင်က စဉ်းစားခန်းဝင်နေဆဲပင်။

ကိုဘတင့်အိမ်ပေါ်တ သွားသော်လည်း ကျွန်ုပ် ကိုထွန်းလူ နံဘေးတွင် ထိုင်ရင်း–

''ဘာတွေ ဒီလော တွေးနေတာလဲဗျ''

''တွေးစရာရှိလို့ ကိုအောင်ပွင့်ရာ ... ခင်ဗျ ကြည့်စမ်း၊ ဟောဒီ ဖိုးထွန်း ထဲက အပင်ဟာ ဘာပင်လဲ တာ သိတယ်မဟုတ်လား''

''သိတယ်လေဗျာ ဒါ 'ပဒို ပင်လေ၊ အသီးကိုစားရင်ရှူးတယ် အရွက်ကို အရည်ညှစ်သော် လည်း ကြောင်တောင်တောင်ဖြစ် တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးထွန်း ... ဘာအလုပ်လုပ်သလဲ .. ခင်ဗျားသိလား"

"မသိဘူးလေဗျာ၊ ကိုတင့်ပြောပုံနဲ့ကြည့်ရတာတော့ ... တောအလုပ်လည်း မယ်မယ်ရရမလုပ်ဘူး မြို့သွားလိုက် ငွေကလေးရှင်လာလိုက် ရွာမှာစားလိုက်၊ သောက်လိုက်၊ ဖြုန်းလိုက်နဲ့ ကုန်ပြန်တော့ မြို့တက်သွားပြန်တာပဲ တဲ့"

"အလုပ်အကိုင်ကောင်းကောင်းမရှိတဲ့သူက ငွေသုံးကြမ်းတယ်၊ ခုဆို ရွှေတွေဝတ်ထားလိုက်တာလည်း မနည်းဘူး၊ ဒါ ရိုးသားတယ်လို့ ခင်ဗျားထင်လား"

"အေးဗျ ... ဒီကောင် သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး"

"သူ့ရဲ့ မူရင်းစိတ်ကိုက ငွေမက်တယ်ဆိုမှတော့ သူ့အိမ်ပေါ်ကို ငွေတစ်သောင်းကျော်ပိုက်ပြီး တက်လာတဲ့သူကို သူ အလွတ်ပေးပါ့မလား"

တွေးစရာများ ကျွန်ုပ်ခေါင်းထဲရိုက်ထည့်ပေးနေသည်။ သူ့ သုံးသပ်ချက်အပေါ် ကျွန်ုပ်လိုက်တွေးကြည့်ရာ အဖြေက တစ်ခုတည်းပါ။

"အင်း ... အဲဒီငွေကို သူအလွတ်ပေးမယ်မထင်ဘူး"

"အလွတ်လည်း မပေးချင်ဘူး၊ နောက်ပြီး ရောက်လာသူက ဆွေမျိုးဖြစ်နေတော့ သေစေလိုတဲ့ဆန္ဒလည်း ရှိမယ်မထင်ဘူး၊ အဲဒီတော့ ခင်ဗျားဆိုရင် ဘယ်လိုဖြစ်အောင်လုပ်မလဲ"

"မူးမေ့သွားအောင်လုပ်မှာပေါ့"

"ဟုတ်တယ်၊ မူးမေ့သွားအောင်လုပ်ဖို့ကလည်း သူ့အတွက်သိပ်မခက်ဘူးလေ၊ ဟောဒီ .. ပဒိုင်းပင်တစ်ပင်လုံး ရှိနေတာပဲ"

"ဖြစ်နိုင်တယ်"

"သိပ်ဖြစ်နိုင်တာပေါ့ဗျာ။ ပဒိုင်းရွက်နဲ့မူးမေ့အောင်လုပ်ပြီး ငွေတွေယူဖို့ ကြံစည်ခဲ့ပေမယ့် အချိန်အဆ မသိတော့ လက်ဆမှားသွားပြီး ဟိုလူသေ ဖိုးထွန်းက အတွေ့အကြုံရှိသူဆိုတော့ အလောင်းကိုဖျောက် .."

"ခင်ဗျားစဉ်းစားတာတွေက ဖြစ်နိုင်ပါတယ် ... ဒါပေမဲ့"

"ကျုပ် .. မကြာခင် သက်သေပြနိုင်အောင် ကြိုးစားရမှာပေါ့"

+++

နောက်တစ်နေ့ နေ့လယ်နှစ်နာရီခန့်တွင် ကိုဘမြင့်နှင့် ဖိုးထွန်းတို့ပြန်ရောက်လာကြ၏။

ကိုဘမြင့် ခြံရှေ့ရောက်သည်ကို မြင်လိုက်သော ကိုထွန်းလူ ... ဘယ်အချိန်ကဝယ်ထားမှန်းမသိသော ချက်အရက်ပုလင်းကိုဖွင့်ပြီး သူ့ကိုယ်မှာစွတ်လိုက်သည်။ နှုတ်ခမ်းနှင့်မေးဖျားကိုပါ အရက်များသုတ်လိုက်ပြီး–

"ကိုအောင်ပွင့် ... ခုချိန်ကစပြီး ခင်ဗျား ကျုပ်အခြေအနေကိုကြည့်ပြီး follow သာနေပေတော့ဗျာ"

"ဟာ ... ကိုထွန်းလူ"

"ခင်ဗျား ဘာမှမပြောနဲ့ .. ကျုပ်ပြောသလိုနေ"

ပြောပြောဆိုဆို အရက်များကို သွန်ချလိုက်၏။ ထို့နောက် အလွန်မူးနေဟန်ဖြင့်–

"ခင်ဗျား ... အရက်သွားဝယ်ပါလို့ပြောတာ ... ဘာလုပ်နေလဲ"

"ဟာ .. ကိုထွန်းလူကလည်းဗျာ တော်ပါပြီ ... ဒီလောက်သောက်ရ ကျေနပ်ရောပေါ့"

"မကျေနပ်သေးဘူးဗျာ၊ ကျုပ်သောက်ချင်သေးတယ်၊ ခုချက်ချင်းသွားဝယ်ဗျာ"

ကိုဘမြင့် ကျွန်ုပ်တို့အနီးရောက်လာပြီး–

"ဘာတွေဖြစ်နေကြတာလဲ ... ကိုအောင်ပွင့်" ဟုမေးကာ ကျွန်ုပ်အနီးမှ အရက်ပုလင်းအလွတ်ကို တွေ့သွားသဖြင့်–

"ဩော် .. ဒီ ဆရာသမားက ဒါလိုနေတာကိုး၊ ဒါလိုတာများဗျာ၊ ကျွန်တော်တို့မှာရှိပါတယ်၊ ခဏနေရင် ကျွန်တော် ဖိုးထွန်းအိမ်ပြန်သွားမှာ .. သူ့အမြည်းတွေလုပ်ထားလိမ့်မယ်၊ ခဏလေးပဲစောင့်"

ဘမြင့် နောက်ဖေးဝင်သွားပြီး ကိုဘတင့်ချက်ထားသည့် ကြက်သားဟင်းများကို ပန်းကန်လုံးနှင့်ထည့်ယူလိုက်၏။ နောက် အိမ်ရှေ့ပြန်ထွက်လာပြီး ကိုထွန်းလူနှင့်အတူ ဖိုးထွန်းအိမ်ဘက်သို့ ကူးသွားလေသည်။

ဖိုးထွန်းအိမ်တွင် မည်သို့စခန်းသွားနေသည် မသိ။ ညမိုးချုပ်မှ ကိုဘတင့်အိမ်ဘက် ပြန်လာသည်။

နောက်နေ့နံနက်စောစော ဖိုးထွန်းအိမ်ဘက်ကူးသွားပြန်ပြီး ဖိုးထွန်း၊ ဘမြင့်နှင့် ကိုထွန်းလူတို့သုံးယောက်သား စကားလက်ဆုံကြနေကြ၏။

ဘာအကြောင်းတွေပြောပြီး သဘောကျနေသည်မသိ။ တဝါးဝါး တဟားဟား ရယ်မောနေကြသည်။ သုံးယောက်သား အိမ်ရှေ့ဆင်းလာကြ၏။ ပဒိုင်းပင်အောက်ဆီ ဦးတည်လာကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ကိုထွန်းလူက ပဒိုင်းရွက်တစ်ရွက် ခူးပြီး လက်ထဲမှာချေကာ နမ်းဟန်ပြင် လိုက်သည်။

''ဟေ့ .. ဟေ့လူကြီး၊ ဒါ ပဒိုင်း ရွက်ဗျ၊ ခင်ဗျား ခုလိုရှူလိုက်ရင် မူးလဲ သွားမှာပေါ့''

''ဟာ .. ဒီလောက်ကလေးနဲ့ ဘာမှမဖြစ်လောက်ပါဘူးဗျာ၊ ဖြစ်ပါ တယ်''

နောက်တစ်ကြိမ်ထပ်ရှူရန် လက် ပြန်ယူလိုက်စဉ် ဖိုးထွန်း စိတ်မထိန်းနိုင် တော့ဘဲ အတင်းဝင်ဆွဲလိုက်ရင်း–

''မူးလဲရုံမဟုတ်ဘူး၊ သေတတ် တယ်ဗျ၊ ခင်ဗျား သေသွားလိမ့်မယ်''

သူတို့ပြောနေသည်မှာ ရာဝင်အိုး နှစ်လုံးအနီး ရေချိုးခုံနံဘေးမှာ ဖြစ် သည်။ ဖိုးထွန်းက သတိရသွားဟန်ဖြင့် ရေချိုးခုံပေါ်တက်ရပ်လိုက်၏။ မျက်နှာ မလုံမလဲအမူအယာနှင့် ဖြစ်သည်။

''မသေနိုင်ပါဘူးဗျာ ... ဒီပဒိုင်း ရွက်က ဘာမှမဖြစ်နိုင်ပါဘူး၊ ပဒိုင်းသီး သာ စားရင်ရူးသွားတာတို့ ဘာတို့ပဲ ဖြစ်တာပါ၊ သေတယ်လို့တော့ တစ်ခါမှ မကြားဖူးသေးပါဘူး''

''သေတတ်တယ်ဗျ၊ တကယ်သေ တတ်တယ်၊ ခင်ဗျားမသိပါဘူးဗျာ''

''အင်းလေ ... ဒါဆိုလည်း ရှိ ပါစေတော့၊ ကျုပ် ... ပြန်ဦးမယ်၊ ည နေကြမှထပ်လာမယ်ဗျာ''

''ဆက်ဆက်လာခဲ့နော် ... ကို ထွန်းလူ၊ ကျွန်တော် လယ်ကြွက်တွေ မှာထားတယ်၊ ငရုတ်သီးလေးနဲ့ကြော် လိုက်ရင် ဆွေမျိုးမေ့အောင် ကောင်း တာဗျာ၊ လက်ကျန်ဝီစကီလေးနဲ့က တော့ အလိုက်ဆုံးပဲ''



**ပဒိုင်းရွက်နဲ့**
**မူးမေ့အောင်လုပ်ရင်း**
**အချိန်အဆများသွားလို့**
**သေသွားတော့**
**အလောင်းကို**
**ဘယ်လိုဖျောက်ရမှန်းမသိ**
**ဖြစ်သွားတယ်၊**
**ဒါပေမဲ့**
**ညနေပိုင်းရေချိုးရင်း**
**သတိရသွားတာနဲ့**
**...**

''စိတ်ချ ... ကျုပ်လာခဲ့မယ်''

+++

ညနေ ၃း၀၀ နာရီလောက်တွင် ကိုထွန်းလူ ကျွန်ုပ်ကို ကိုဘတင့်အခန်း ထဲခေါ်ဝင်လာ၏။

''ကိုအောင်ပွင့် ... အရေးကြီး တဲ့အချိန်တော့ရောက်လာပြီ၊ ခင်ဗျား ကိုတင့်တို့ခြံ ကုက္ကိုလ်ပင်ကြီးအောက်က လက်ထိပ်နဲ့ သေနတ်ပြင်ပြီး အသင့် စောင့်နေ၊ ကျုပ် ဟိုဘက်ခြံမှာ တရားခံ ဖမ်းမယ်၊ သူတို့ဘက်က ကြမ်းလာရင် ခင်ဗျား ... ဝင်လာဖို့ပဲ''

''တရားခံဖမ်းမယ် ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ပဲနောက်ရွာကို သတ်ပြီး အလောင်းဖျောက်တဲ့ တရားခံကိုဖမ်းမှာ ... ခင်ဗျားအသင့် ဖြစ်ရင် ကျုပ်သွားမယ်"

ကျွန်ုပ် သူ့အကြောင်းသိနေပြီမို့ အသည်းရန်ထက် အဓိကတရားခံဖမ်းရန်ကိုသာ ရွေးချယ်လိုက်ရသည်။ ထို့ကြောင့် သေနတ်ကို ကျည်စစ်၊ လက်ထိပ်ယူပြီး ကုက္ကိုလ်ပင်အောက်မှာ ထိုင်နေလိုက်သည်။ ဖိုးထွန်းခြံကို ကျောခိုင်းထားသော်လည်း အသံကိုနားစွင့်နေမိ၏။

အရေးထဲ ကိုဘတင့်ရောက်လာပြီး စကားရှည်နေသောကြောင့်–

"ခင်ဗျား ... ဘာမှမပြောနဲ့ ကိုတင့် ဒီမှာထိုင်ပြီး ကျွန်တော်နဲ့စကားပြောပေးလုပ်ပေး၊ အချိန်တန်ရင် အပြေထွက်လာလိမ့်မယ်"

ထိုအခါမှ ကိုတင့်လည်း ဘာမှဆက်မမေးဘဲ ကျွန်ုပ်အနီးမှာ ထိုင်နေလိုက်သည်။

"ခင်ဗျား ဘာကောင်လဲ၊ လူပါးဝနဲ့နော်၊ ဖိုးထွန်းဆိုတဲ့ကောင်က လူသတ်ဖို့လည်း ဝန်မလေးဘူး"

"အေး ... ငါကလည်း ထွန်းလူကွ၊ မင်းထက်မိုက်တဲ့ကောင်တွေကို ကြက်တိုင်ပေါ်တင်ခဲ့တဲ့ကောင်ကွ"

"ဟာ ... ခင်ဗျားတို့ ဘာတွေဖြစ်နေကြတာလဲ"

ဖိုးထွန်းက သူ့အနီးကိုင်းခုတ်ဓားကောက်ကိုင်ကာ ကိုထွန်းလူကို ခုတ်ချလိုက်သည်။

ကိုထွန်းလူ ရိပ်ခနဲရှောင်လိုက်၏။ ကြောင်တစ်ကောင်လို လျင်မြန်စွာ ခုန်ထွက်လိုက်သည်။

"ဟိုဘက်ခြံမှာ ပြဿနာတွေ တက်နေပြီ၊ သွားမှဖြစ်မယ် ကိုတင့်ရေ"

ကျွန်ုပ်ခါးကြားမှ သေနတ်ဆွဲထုတ်ပြီး ဖိုးထွန်းတို့ခြံဘက်ပြေးထွက်ခဲ့၏။ ကိုဘတင့်လည်း ကျွန်ုပ်နောက်မှ အပြေးလိုက်လာသည်။

ဓားကိုင်ထားသော ဖိုးထွန်းနှင့် ကိုထွန်းလူတို့ မျက်နှာချင်းဆိုင် တိုက်ခိုက်ရန်ပြင်နေကြ၏။

"ဖိုးထွန်း ... မင်းဓားချလိုက်၊ ငါ့အမိန့်ကိုမနာခံရင် ပစ်လိုက်မှာနော်"

ဖိုးထွန်း ကျွန်ုပ်ကိုလှမ်းကြည့်ရင်း မယုံနိုင်စရာဖြစ်နေဟန်တူသည်။ သူ့ကို သေနတ်နှင့်ချိန်ထားသော ကျွန်ုပ်၏ လက်တစ်ဘက်တွင် လက်ထိပ်ကိုင်ထား၏။

"ခင်ဗျား ... ခင်ဗျား"

"အေး ... ငါတို့က မင်းကိုဖမ်းဖို့လိုက်လာကြတာကွ၊ ရော့ ... ကိုထွန်းလူ"

လက်ထိပ်ကိုပစ်ပေးလိုက်ရာ ကိုထွန်းလူ ကျွမ်းကျင်စွာဖမ်းပြီး ရှေ့သို့ တရွေ့ရွေ့တိုးသွား၏။

"မင်း ဓားချလိုက် ဖိုးထွန်း၊ ပဲနောက်ရွာသားကို ပဒိုင်းရွက်နဲ့ မူးမေ့အောင်လုပ်ရင်း အချိန်အဆများသွားလို့သေသွားတော့ အလောင်းကိုဘယ်လိုဖျောက်ရမှန်းမသိ ဖြစ်သွားတယ်၊ ဒါပေမဲ့ ညနေပိုင်းရေချိုးရင်း သတိရသွားတာနဲ့ ရေချိုးခုံအောက်ကိုတူးပြီး အလောင်းကိုမြှုပ်ခဲ့တယ်၊ ပဲနောက်ရွာသားရဲ့ငွေတစ်သောင်းကျော်ကို မင်းသုံးလိုက်တယ်၊ ငါပြောတာဟုတ်တယ် မဟုတ်လား ... ဖိုးထွန်း"

ဖိုးထွန်း အလွန်အံ့ဩထိတ်လန့်သွား၏။

"ခင်ဗျား ... ခင်ဗျား ... ဘယ်သူလဲ"

"ထွန်းလူ ... အမိန့်တော်ရ ထွန်းလူ"

ကိုထွန်းလူ၏စကားကို ပိုမိုပြည့်စုံစေရန် ကျွန်ုပ်ထပ်ဖြည့်ပြောလိုက်သည်။

"ပုလိပ်မင်းကြီးနဲ့ စုံထောက်မင်းကြီးတို့က စုံထောက်ခွင့်အမိန့်ပေးခံရတဲ့ ကိုထွန်းလူပဲ"

ဖိုးထွန်းလက်ထဲမှ ဓားလွတ်ကျသွား၏။ ဘာမှဆက်မပြောတော့ဘဲ လက်နှစ်ချောင်းကိုရှေ့သို့ ဆန့်ထုတ်ပေးလိုက်သည်။ ကိုထွန်းလူ သူ့ကို လက်ထိပ်ခတ်လိုက်၏။

တရားခံကို သူတို့မြို့ဂတ်မှာ အပ်လိုက်သည်။

မရွယ်ဘဲ ... စော်ကဲမင်းဖြစ်၊ ညောင်မြစ်တူးရာမှ ပုတ်သင်ဥပေါ်ခဲ့ရလေသည်။

**မှတ်ချက်**

ကျွန်ုပ်နှင့် ကိုထွန်းလူတို့ လိုက်ဖမ်းသည့် ရန်ကုန်မှလုယက်မှုတရားခံ ငထွေးမှာ ... ရွာငယ်ရွာမှ ပဲနောက်ရွာသားကိုသတ်ခဲ့သည့် ဖိုးထွန်းပင်ဖြစ်ကြောင်း စီအိုင်ဒီမှတ်တမ်းများအရ သိရှိခဲ့ရသောကြောင့် ကျွန်ုပ်တို့တရားခံဖမ်းသည့်အလုပ်မှာ "တစ်ချက်ခုတ် နှစ်ချက်ပြတ်"ဖြစ်ခဲ့ရပါသည်။

**စာပေသစ္စာမှန်ဖြင့်**

**နေမင်းသူရိန်**



www.burmeseclassic.com

www.burmeseclassic.com





# လူရှိန်အောင်

## ဂီလာနုလေးရဲ့ မားမားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထုသား အစိပ်သားလောက် ေတာင်တန်ဖိုးမရှိတဲ့ အတိတ်ခါးခါးကြီး ေတွကို ပြန်ပြီးအစမဖော်ကြေး။ ပလာ ဘာတစ်ချပ်လောက်တောင် အရသာ မရှိတဲ့ အနာဂတ်တွေကို ခေါက်သိမ်း ထားလိုက်။

လက်ရှိနေ့,နေရတဲ့ ခဏတာ၊ ဘဝတိုတိုလေးမှာ လောကွတ်တွေနဲ့ ပလီထားတဲ့ဒိုင်ယာလော့ဂ်တွေ နတ္ထိ။ သို့ရင်းကို ဒဲ့ရွှေ့ခဲ့ကြတာလေ။ တော်ကီ ေတွနဲ့ အပိုတွေ မဆိုကြေးပေါ့။

အဲဒီအသိုက်အဝန်းလေးဟာ ဒွဲ ချူးဝါးရှိခဲ့ပါတယ်။ ရှိနေဆဲပါ။

\+ + +

ဘဝကို ကြုံသလိုဖြတ်နင်းကာ ယနေ့ထက်တိုင် အသက်ရှင်သန်ခွင့်ရ ရှိထားသော မားမားကြီး(အဖွားကြီး) သည် ဂီလာန ပက်လက်ကုလားထိုင် လေးပေါ်တွင်ကြုံသလိုထိုင်ကာ ဂျာနယ် အစုတ်တစ်စောင်ကို ဖတ်ရှုနေလေ၏။

သေနင့်သေပြီဖြစ်သော တတိယ မြောက်လင် အမွေထားရစ်ခဲ့သော ဒုက္ခိတပါဂါမျက်မှန်လေးသည် မားမား ကြီး၏နားရွက်နှစ်ဘက်ဝှင် ရုပ်ဘသည် ကြီးနှင့် တက်ထိုင်နေလေ၏။

မားမားကြီးတဲ့။ ဘာ့ကြောင့် ဒီလို ခေါ်တာလဲ။ ရှင်းနေတာကို သွပ်အောင် မလုပ်ကြေး။ မားမားကြီးလို့ ဆိုလိုက် တာနဲ့ ဒီအဖွားကြီးလို့ အားလုံးက အော်တိုသိပြီးသား။ မှတ်ထားနော်။ မားမားကြီးတဲ့။

ပြူးပြဲကာ ဖတ်ရှုလေ့လာနေ သော အကြောင်းအရာကား အခြား မဟုတ်။ မြန်မာမင်းသား၊ မင်းသမီး တို့၏လင်ယူသားမွေးကိစ္စ။ လက်မထပ် ဘဲ တူတူပုန်းတမ်းကစားကာ ကလေး တွေ တပြွတ်ပြွတ်မွေးနေသည့် ဟောလီ ဝုဒ်မင်းသမီးတွေအကြောင်း။ ကျန် သေးတယ်။ သူ့မယားငါယူ။ သူ့လင် ကြောင်တောင်နိုက်၊ ကိုရီးယားမင်း သမီးတို့အကြောင်း စုံလို့၊ စိလို့။

အသက်နားထင်ဆောင့်နေပြီဖြစ် သော မားမားကြီးသည် ဖတ်ရင်း ဖတ် ရင်းနှင့် ဖီးလ်တွေဆောင့်တက်လာ၏။ လင်စိတ်သားစိတ်တွေ ရုန်းကြွလာ၏။ ပိန်တိန်တိန်ရင်အုံသည် ဖိုးသိုးဖတ် သတ်ညံလို့။

မငြိုငြင်ကြေးနော် ... တကယ် တော့ အချစ်ဆိုတာကြီးကလည်း လူ မျိုးမရွေး၊ ဘာသာမရွေး၊ အသက်အ ရွယ်မရွေး၊ လွတ်လပ်စွာ စားသုံးခွင့်ရှိ တဲ့ ဘုံပစ္စည်းကြီးလေ။ အသက်က ဘွဲ့ လွန်တက်နေပေမယ့် အဝိုက မူကြို တောင်မအောင်သေးဘူးပေါ့။ ဟဝိုဆို တာ အချစ်ကိုပြောတာ။ လိုရာဆွဲ မ တွေးကြေး၊ အဲဒါ ရှော့။

မားမားကြီးသည် ဆောင့်ဆောင့် တက်လာသော လင်စိတ်သားစိတ်တို့ကို အတတ်နိုင်ဆုံးဖုံးဖိကာ မျက်လုံးကစား လိုက်သည်။ ဟော ... တွေ့ပါပြီ။ အ ခြားမဟုတ်။

ပိန်ညောင်ညောင် သမီးမုဆိုးမ သည် ကလေးငယ်အား နို့တိုက်နေ၏။ မားမားကြီးသည် အားယူကာထလိုက် ၏။ မဖြစ်စလောက် လှုပ်ရှားမှုကြောင့် အသည်းငယ်သော တဲကလေးသည် ဆတ်ခနဲတုန်သွားသည်။

မားမားကြီးသည် လက်နှစ်ဖက် ကို အပေါ်သို့ဆန့်မြှောက်ကာပျင်းကြော ဆွဲသည်။ ဝါးခနဲသန်းလိုက်ပြီး–

"ဗိုက်ဆာလိုက်တာနော်"

ရင်တွင်းဖြစ်ဆန္ဒကို ထုတ်ဖော် ကြေညာလေ၏။ သမီးမုဆိုးမသည် ချက်ချင်းပင် နားပင်းသွားသည်။ ကျွေး စရာမှမရှိတာ။ သို့စဉ် လော်စပီကာ မှသီချင်းသံတို့သည် ယက်ကန်ယက် ကန်နှင့် ဒရွတ်တိုက်လွင့်လာလေ ၏။ သမီးမုဆိုးမသည် ချက်ချင်းပင် နားကောင်းသွားပြန်၏။

"အဲဒါ ... ဦးသံချောင်းရဲ့ ရက် လည် ... အမေရဲ့"

မင်္ဂလာရှိသောသတင်းအစအနကို ထုတ်ဖော်ပေးသည်။ မားမားကြီး၏ရင် ထဲတွင် မျှော်လင့်ချက်ရောင်ခြည်တို့ လက်လက်ထခဲ့ပေပြီ။ ဝါးတီးလေ။ ရက် လည်ဆိုတော့ မုန့်ဟင်းခါးပေါ့။ ပွက် ပွက်ဆူနေသော ဟင်းရည်အိုးကြီးကို ပြေးမြင်ယောင်လာသည်။

စားချင်သောက်ချင်စိတ်တို့သည် နန့်နန့်ကိုတက်လို့။ မားမားကြီးသည်



www.burmeseclassic.com

www.burmeseclassic.com


နောက်မဆုတ်တမ်း ဆုံးဖြတ်ချက်ကို ချလိုက်သည်။ ပြီးတော့ ဝါထိန်ထိန် စကတ်ကြီးကို စွန်တောင်ဆွဲကာ၊ မြောင်းပုပ်ကို လွှားခနဲခုန်ကျော်လိုက်တယ်။

အသက်နဲ့မလိုက် သွက်ပါပေ့။ အမှန်တော့ ထဘီကိုစွန်တောင်ဆွဲရမှာလေ။ ထဘီကပေါင်ထားတာဆိုတော့ရှိတဲ့စကတ်ကို စွန်တောင်ဆွဲလိုက်ရတာဆိုပါတော့။ အဘွားကြီးဖြစ်ပြီး ကလက်တယ်လို့ အပြစ်မတင်ကြပါနဲ့။ ခနော်ခနဲ့ထိုးထားတဲ့ ဝါးတံတားလေးက မရှိတော့ဘူးလေ။ ထင်းမရှိလို့ အရေးပေါ်စိမ်ချက်ထဲပါသွားတာ။ ဒါကြောင့် လွှားခနဲခုန်လိုက်ရတာ။

မသာအိမ်မှလော်သံသည် နီးသထက်နီးလာလေပြီ။ စားသောက်ပြီးပြန်လာသူတွေနှင့် ပက်ပင်းတိုးသည်။ မားမားကြီးသည် အလိုက်သင့်သွားကိုဖြီးပြကာ မသာအိမ်အတွင်းသို့ ဝင်လာခဲ့သည်။ အကူငွေလက်ခံသည့်နေရာကို ယောင်လို့တောင်လှည့်မကြည့်။

လွတ်နေသောစားပွဲတွင် ရုပ်တည်ကြီးဖြင့် ဝင်ထိုင်သည်။ ဟင်းရည်လိုက်ပေးနေသူသည် အခြားမဟုတ်။ ထဘီနိုးမှုနှင့် ထောင်ကလွတ်လာတာ မကြာသေးသော်။ ထောင်ထွက်အရုပ်သည် ဂီကလေး။

ဂီဆိုတာ ချိုနေတဲ့သူကို တင်စားပြီးခေါ်တဲ့ ဗန်းစကား။ ဒုက္ခိတသာသာကို ရည်ညွှန်းတာ။ ဂီလာနသာသာပေါ့။ တော်ရုံအရည်အချင်းနဲ့လည်း ဂီ မဖြစ်နိုင်ပါဘူး။ သူတို့ သတ်မှတ်ချက်စံနှုန်းအရ အရက်ကိုစွဲစွဲမြဲမြဲသောက်တတ်ရမယ်။ ဆေးလိပ်သောက်တတ်ရမယ်။ ကွမ်းစားတတ်ရမယ်ပေါ့။

အခု ဂီကလေးဟာ သတ်မှတ်စံနှုန်းထက် လျှံတောင်လျှံနေသေး။ ပိန်လိုလိုခန္ဓာကိုယ်မှာ အနာတွေပေါက်နေတဲ့ အရုပ်မျိုးစုံရှိတယ်။ ကာလာကို စုံလို့။ နောက်ပြီး ထောင်ထွက်။ ထဘီနိုးမှုနဲ့။

"ဟဲ့ . . . ဂီ"

"လာပြီ . . . မားကြီး"

ဂီကလေးသည် ကွမ်းချေးတက်နေသော သွားများကိုဖြီးကာ မားမားကြီး၏မှန့်ပန်းကန်ထဲသို့ ဘဲဥဖတ်တွေပါသော ဟင်းရည်ကို ခပ်ထည့်ပေး၏။ စေတနာဗရပွနဲ့။

"ဆွဲလို့ကောင်းလား . . မားကြီး"

အစာနင်နေသောမားမားကြီးခမျာ အသံမထွက်နိုင်။ မျက်လုံးပြူးကြီးဖြင့် အဖြေပေး၏။ ဂီကလေးက ဟင်းရည်ကို ထပ်ထည့်ပေးရင်း–

"ထမင်းလွတ်ဆွဲ . . အမုန်းသာဆွဲ၊ အဲဒီလူကြီးက တော်တော့်ကို အသက်ပြင်းတာဗျ။ မုန့်ဟင်းခါးလေးဆွဲရဖို့အရေး စောင့်လိုက်ရတာ . . ဟင့်"

ကြည့် . .။ သေပြီးမုန့်ဟင်းခါးကျွေးနေတဲ့ သွားရှာလေသူကြီးကို အပြစ်တင်နေကြတာ။ သေတာနောက်ကျလို့တဲ့။ စွဲချက်က ပြင်းပ။

မားမားကြီး မဝသေးဘူး။ နောက်ထပ် တစ်ပန်းကန်ထပ်ဆွဲဖို့ ကြံစဉ်–

"ဟဲ့ . . . မားကြီး"

အသံရှင်ကား အခြားမဟုတ်။ သွားလေသူကြီးရဲ့မိန်းမကြီး ဒေါ်ဂျမ်းဘုံ။ မုဆိုးမလတ်လတ်ဆတ်ဆတ်ဆိုပါတော့။ မျက်နှာက ရှစ်ခေါက်ချိုး၊ ခါးကိုထောက်ထားလိုက်သေးရဲ့။ မားမား

**အသက်က ၆၀**
**ကျော်နေပေမယ့်**
**လင်စိတ်သားစိတ်နဲ့**
**ကျိုင်လာရင်**
**မာန်က တဝင့်ဝင့်။**
**ငွတ်ဆိုမှငွတ်။**
**တားလို့လည်းရမှာမဟုတ်။**
**မားမားကြီးရဲ့ဇကို**
**သမီးမုဆိုးမက သိပြီးသား။**
**ဒါကြောင့် ရလိုရငြား**
**နောက်ဆုံး**
**ကျည်တစ်တောင့်ကို**
**ပစ်ကြည့်သည်**
**. . .**


www.burmeseclassic.com

www.burmeseclassic.com



ကြီးက အစာနင်သံကြီးဖြင့်–

"ပြောကြည့်လိုက် ‥ ဂျမ်းဘုံ"

"လေးတန်းအောင်စရာမလိုဘူး ဟဲ့ ‥ အလိုက်သိဖို့တော့လိုတယ်"

မားမားကြီး ငရုပ်သီးစပ်လေပြီ။ ချူးရှဲအသံကြီးဖြင့်–

"လိုရင်းပြောအေ ... တိုင်ပတ် မနေနဲ့"

ဒေါ်ဂျမ်းဘုံသည် ထဘီကို တင်းတင်းပြင်ဝတ်ကာ–

"ပျော်လွန်းလို့ မုန့်ဟင်းခါးကျွေးနေတာမဟုတ်ဘူး၊ လူတစ်ယောက်လုံးတောင် ရင်းထားရတာဟဲ့၊ အကူငွေကျမထည့် ... မျက်နှာပြောင်တိုက်ပြီး မို့ဆို့နေလို့ပြောတာ ကောင်မရဲ့"

လက်ထဲမှ ပန်းကန်ကိုဆောင့်ချကာ မားမားကြီးသည် ဝုန်းခနဲထရပ်သည်။ အဖွားကြီးနှစ်ယောက် ထိပ်တိုက်တွေ့ကြလေပြီ။ တစ်ယောက်မှ ဝင်ခွဲဖို့ စိတ်ကူးမရှိကြ။ ပွဲကြီးပွဲကောင်းကို ကြည့်ချင်နေကြတာ။ မားမားကြီးက–

"အဲလို ရှက်ကြေးဆို ... ညည်း အရင်ရှက်ပြီး ကာလနာတိုက်ရမှာဟဲ့"

"ငါက ဘာလို့ ကာလနာတိုက်ရမှာလဲဟဲ့"

အသံတို့သည် ပို၍မာန်ပါလာသည်။ လက်တော့မပါကြသေး။

"ငါ့ရဲ့ တတိယလင် စံကွန့်ရဲ့ ရက်လည်မှာလေ၊ အကူငွေလေးနှစ်ရာ ထည့်ပြီး နင်တို့တစ်ဆွေလုံး တစ်မျိုးလုံး လာမျိုကြတာလေ ... ကောင်မရဲ့၊ စားပြီးနားမလည်မလုပ်နဲ့ ... ဟွန်း"

မှန်တာပြောသဖြင့် ဒေါ်ဂျမ်းဘုံ သွက်သွက်ခါနာလေပြီ။

"ဘာရယ် ... ကောင်မ"

"လာလေ ထိုကြည့်လိုက်စမ်းပါ၊ ဟင်း ... ဟင်း"

လူကြီးတွေ ဝင်ရောက်ဖြန်ဖြေသဖြင့် ရန်ပွဲသည် အဆုံးသတ်ခဲ့ရလေပြီ။ မားမားကြီးသည် စကတ်ကြီးကို မကာ မကာ လမ်းပေါ်မှနေ၍–

"ဟဲ့ ... ဂျမ်းဘုံ"

"ဘာတုန်း ... မားကြီး"

"လင်တစ်ယောက်ထပ်ယူပြမယ်၊ အဲဒီလင်သေလို့ကတော့ ငါ့အကြောင်း သိမယ် ... ဟင်း ... ဟင်း"

ကြိမ်းဝါးချက်က ကြောက်ခမန်းလိလိ။ မားမားကြီးသည် စကတ်ကြီးကို မကာ မကာ ဘောက်ဆတ်၊ ဘောက်ဆတ်နှင့် ထွက်သွားလေ၏တကား။

\+ + +

မားမားကြီးသည် ကွမ်းတံတွေးတို့ကို မြောင်းပုတ်ထဲသို့ ထွေးထုတ်လိုက်သည်။ ခြင်တစ်အုပ်သည် ရုတ်ခနဲ ထပျံပြေးသည်။ ပြီးနောက် မားမားကြီးသည် ဝါးလုံးခေါင်းထဲတွင်ရှိသော ဆေးလိပ်တို့ကို မရမကနှိုက်ယူကာ ညှိဖွာရှိုက်လိုက်သည်။ ဆေးလိပ်ငွေ့တို့သည် တဲအတွင်းဝယ် ထွက်ပေါက်ပိတ်ကာ ယောက်ယက်ခတ်လို့။

သမီးမုဆိုးမသည် ပေါင်နှံ့ရန်အတွက် ထဘီကို ကြွပ်ကြွပ်အိတ်ထဲ ထည့်နေ၏။ မားမားကြီးသည် ချောင်းတစ်ချက်ဟန့်ကာ–

"ညရေးညတာအတွက် အားကိုးပြုဖို့ ယောက်ျားသားတစ်ယောက်တော့ လိုအပ်နေပြီကွဲ့"

သမီးမုဆိုးမသည် ထရံတွင်ကပ်ထားသော ပြက္ခဒိန်မှ မင်းသား၊ မင်းသမီးစုံတွဲကို အားပါးတရကြည့်ရင်း ယောက်ျားဆိုလျှင် စိတ်မဝင်စားဆိုသော မျက်နှာပေးအသံဖြင့်–

"တော်ပါပြီ ... အမေရယ် ‥ ယောက်ျားဆို စိတ်ကုန်လွန်းလို့"

မားမားကြီးသည် ဆေးလိပ်တိုကို တောက်ထုတ်ကာ–

"ဟဲ့ ‥ နင့်ကို ဘယ်သူက စိတ်ပါခိုင်းနေလို့လဲ ‥ တကတဲ"

မုဆိုးမသမီးသည် မျက်နှာအသေလေးဖြင့်–

"အမေပဲ ယောက်ျားဆို"

"ညည်းကို ... ဘယ်သူယူခိုင်းလို့လဲ"

သမီးမုဆိုးမသည် ရင်ထိတ်စွာဖြင့်–

"ဒါဖြင့် ..."

မားမားကြီးသည် ထိုင်ရာမှဆတ်ခနဲထကာ ရင်ဘတ်ပိန်တိန်တိန်လေးကို ပုတ်ကာ၊ ပုတ်ကာ–

"ငါ ... ငါ"

"ဘုရား ... ဘုရား"

သမီးမုဆိုးမသည် အသံထွက် ဘုရားတသည်။ ထဘီပေါင်မည့်စိမ်ကိန်းကို စိတ်မဝင်စားတော့။ စကတ်ဝါဝါကြီးကို ဖရိုဖရဲဝတ်ထားသော မွေးသမိခင်ကြီးကို ကြောင်တက်တက်ကြည့်ကာ–

"ဖြစ်ပါ့မလား အမေရယ် ... အမေ့ရဲ့ခန္ဓာကိုယ်က လေတိုက်ရင်တောင် တရွတ်တိုက်ပါသွားမှာ ... အမေလည်းသိပါတယ်၊ ယောက်ျားယူတယ်ဆိုတာ ကြက်ဖခွပ်တမ်းကစား



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူးလေ၊ ချစ်ကြည်ရေးနပန်းသတ်တာဆိုပြီး အကြောင်းမကောင်းရင် ... အသက်ပါ ပါသွားတတ်တာ''

သမီးမုဆိုးမက မုဆိုးမသုံးထပ်ကွမ်းမိခင်ကို ပြန်ပြီး မိကျောင်းမင်းရေခင်းပြလေ၏။ မားမားကြီးသည် အသံမထွက်ဘဲရယ်၏။ ဘာကို ဘာ့ဂရုမစိုက်သည့်အထာ။ မျက်နှာကြီးက မာတောင်လို့။

''ငါ့ကို ... စာဖတ်ပြမနေစမ်းပါနဲ့ အေ''

''စိုးရိမ်လို့ပါ''

မားမားကြီးသည် အသံထွက်ရယ်ကာ ဟိုကားထဲက ဟိုမင်းသမီးကြီးအထာဖြင့်–

''သုံးယောက် ... သုံးယောက်တောင်ယူပြီးပြီဟဲ့၊ ယောကျ်ားတွေအကြောင်း နောကြေပြီးသား .. သမီး''

''ရှင် ... အမေ''

''အမေ့တွက် မစိုးရိမ်ပါနဲ့ကွယ်၊ နေတတ် စားတတ်ပါတယ်ကွဲ့''

အသက်က ၆၀ ကျော်နေပေမဲ့ လင်စိတ်သားစိတ်နဲ့ ကွိုင်လာရင်မာန်က တဝင့်ဝင့်။ ဖွတ်ဆိုမှဖွတ်။ တားလို့လည်းရမှာမဟုတ်။ မားမားကြီးရဲ့ဇကို သမီးမုဆိုးမက သိပြီးသား။ ဒါကြောင့် ရလိုရငြား .. နောက်ဆုံးကျည်ဆံတစ်တောင့်ကို ပစ်ကြည့်သည်။

''အမေ့ကို ဘယ်သူက ယူမှာလဲဟင်''

မားမားကြီးက ရှက်တတ်တတ်မျက်နှာပေးကြီးဖြင့်–

''ဂိ ..''

''ဘာရယ် ... ဂိ''



မားမားကြီးသည် ပြုံးတုံ့တုံ့ဖြင့် ခေါင်းကို ညိတ်ပြပါသည်။ သမီးမုဆိုးမ သည် အံ့သြပြီးရင်း အံ့သြကာ–

''ထဘီခိုးမှုနဲ့ ထောင်ကလွတ်လာတဲ့ကောင်လေးလား''

''ဟုတ်ပါတယ်ဆို''

''ကောင်လေးက သမီးထက်တောင် ၂ နှစ်လောက်ငယ်မှာ အမေနဲ့ဆို အသက် အရမ်းကွာတာ''

မားမားကြီးက–

''လေးဆယ်လောက်ကွာတာပါအေ ... ညည်းကလဲ''

ဖွတ်ပါဆို။ နောက်ဆုတ်မယ့် လက္ခဏာ လုံးဝမရှိ။

''ကောင်လေးကအလုပ်လက်မဲ့နေ၁်''

မားမားကြီးသည်းမခံနိုင်တော့။ မျက်နှာကိုချက်ချင်းတည်ပစ်ကာ–

''အလုပ်ရှိမှ ယောကျ်ားယူမယ် ဆိုရင် ညည်းတောင်လူဖြစ်လာမှာမဟုတ်ဘူး''

ရှင်းတယ်နော် ..။ ဇာတ်က ပြတ်ကရော။ ဘာမှကို အထွန့်တက်လို့ မရတော့တာ။ သမီးမုဆိုးမသည် စိတ်ကို လျှော့ချလိုက်လေ၏။ ထဘီပေါင်ရန်အတွက် ကြွပ်ကြွပ်အိတ်ထုပ်ကိုယူကာ အပြင်ထွက်ရန်ပြင်၏။

''နေအုံးဟဲ့''

မုဆိုးမသမီးက ဝမ်းနည်းသံကြီးဖြင့်–

''မတားတော့ပါဘူး အမေရယ်၊ အမေ့သဘောပါ''

''ဟဲ့ ... နင့်ကို တားနိုင်းတာမဟုတ်ဘူး''

မားမားကြီးသည် တဲအပြင်သို့ခေါင်းထုတ်ကာ–

''ရှိ ..''

ကျယ်လောင်သောလေချွန်သံကို ပေးလိုက်၏။ အချက်ပေးလိုက်တာ ဘယ်အချိန်ကတည်းက တိုင်ပင်ကြ ထားသည်မသိ။ မကြာပါချေ။ ဂိ ကလေးရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





...း‌ရှိး ရောက်လာတာမဟုတ်။ ...နဲ့ ထော့နဲ့ နဲ့။ ခေါင်းတွင်ပတ်တီး ...သားနဲ့။ ညာဘက်လက်ကို ပတ် ...ဖြင့် စလွယ်သိုင်းထား၏။ အခုမှ ...ယ့် ဂီလာနဂိဖြစ်သွားတာ။

မားမားကြီးသည် ပြောင်းလဲနေ ... မကြာခင်ပိုင်ဆိုင်ရတော့မည့် ...ပေါက်စနဂိလေးကို ကြောင်တောင် ...င်ကြည့်ကာ–

''ဟဲ့ ... ဘယ်လိုဖြစ်လာတာလဲ ...''

...ဂိလေးသည် ရှုံ့တွသောမျက်နှာ ...ကို အားယူပြုံးကာ–

''မားမားကြီးပဲ ပြောတာလေ၊ ...ဆောင်ဖို့စရိတ်မရှိဘူးဆို၊ အဲဒါ ...ကြောင့် အနော်က စရိတ်ရှာလာတာ''

''လုလာတာလား''

''မလုပါဘူး ... မားမားကြီးရယ်''

''ဒါဖြင့် ...''

''ဆိုင်ကယ် အပွတ်ခံလိုက်တာ ...''

မားမားကြီးသည်ခင်ပွန်းလောင်း ...ဂိစလေးအား စိတ်ထဲကကြိတ်ပြီး ...တ်ပေးလိုက်၏။ ငါ့ကို တော်တော် ...ရှာသားပေါ့။

''ဘယ်လောက်ရလဲဟဲ့''

''ပွတ်တိုက်ခံတာဆိုတော့ တစ် ...သောင်းဘဲရပါတယ် မားကြီးရယ်''

ဂိကလေးသည်ဆိုင်ကယ်အတိုက် ...ရလာသောပိုက်ဆံတစ်သောင်းကို ...မားကြီးအား လှမ်းပေး၏။ မားမား ...ကြီးက–

''ပွတ်တိုက်ခံရတာတောင် တစ် ...သောင်း၊ သေရင် ပိုရမှာပေါ့နော့''

ဂိကလေး ဘာမှမပြောလိုတော့။ အဓိကကတော့ မိန်းမရဖို့ပဲလေ။ ကြို တင်စီစဉ်ထားတဲ့အတိုင်း အိမ်နီးချင်း အချို့ရောက်လာကြ၏။ ကြုံသလို ကျင်းပတော့မည့် မင်္ဂလာပွဲကို ကြ ရောက်ချီးမြှင့်ကြတာ။ တဲကလေးပြည့် သွားသည်။ အိပ်ပျော်နေသော ကလေး ငယ်သည် ထငိုလေပြီ။

သမီးမုဆိုးမသည် ကလေးငယ် ကို ပွေ့ချီကာ မီခင်ကြီး၏လုပ်ပေါက်ကို အကြောင်သားငေးနေမိ၏။ မားမားကြီး က–

''သမီး ...''

''အမေ ...''

''ဧည့်သည်တွေအတွက် ကော်ဖီ မစ်လေး ... မုန့်လေးသွားဝယ်ကွယ်''

သမီးမုဆိုးမသည် ကလေးငယ် ကိုချီကာ ထွက်သွားလေပြီ။ မားမားကြီး တို့၏မင်္ဂလာပွဲကား မကြာခင်ထမြောက် တော့မှာ။ စာချုပ်တွေ ဘာတွေမလိုဘူး။

ဖိုနှင့်မ ဟတ်ထိပြီး မီးပွင့်ရင် အိုကေပေါ့။

သမီးမုဆိုးမ ပြန်ရောက်လာ၏။ ပါလာသော ကော်ဖီမစ်တွေကို ဧည့် သည်တွေက ပိုင်းဖျော်ကြသည်။ ကော် ဖီသောက်၊ မုန့်စားနှင့် မင်္ဂလာပွဲကိုကျင်း ပနေစဉ်–

''ဝူး ...'' ''ကျွီ ...''

တဲအရှေ့သို့ ရုတ်တရက်ရောက် လာကြသော ဆိုင်ကယ်အချို့။ သတို့ သားလောင်း ဂိကလေးခမျာ မျက်လုံး တွေပြာဝေသွားသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် သူဆိုင်ကယ် နှင့် အတိုက်ခံခဲ့သည့် ဆိုင်ကယ်ပိုင်ရှင် ကောင်မလေးကို တွေ့လိုက်ရတာကိုး။

ဆိုင်ကယ်ပိုင်ရှင် ကောင်မလေး က ဂိကလေးကိုမြင်သည်နှင့်–

''ဟုတ် ... ဟုတ်တယ် ... သူ ... သူပဲ''

ရဲအရာရှိက ဂိကလေးကို စိမ်း စိမ်းကြီးကြည့်ကာ–

''တမင်တကာဆိုင်ကယ်အတိုက် ခံတယ် ... ပြီးတော့''

ဂိကလေးသည် ခေါင်းငိုက်စိုက် ချလို့။

''သူ့ဆွဲကြိုးရော ...''

ဂိကလေးသည် အသံတုန်တုန် ဖြင့်–

''ရှိ ... ရှိပါတယ် ဆရာ၊ ကျွန် တော် လိုက်ပြပါ့မယ်''

ဂိကလေးကို လက်ထိပ်ခတ် လိုက်ကြသည်။ ဟိုမရောက်ဒီမရောက် သတို့သမီး ဟတ်ကော့ မားမားကြီး သည် တဲပေါ်မှ ဆင်းလာကာ ဂိက လေး နောက်ပြေးလိုက်သွားပြီး–

''ဂိ ...''

''မားကြီး ...''

တကယ့်ကို လွမ်းခန်း။ တစ် ယောက်နှင့်တစ်ယောက် ရီဝေစွာစိုက် ကြည့်လို့။ ဂိကလေးရဲ့မျက်ဝန်းထဲမှာ နောင်တမျက်ရည်စတွေ ဝေလို့။

''ဂိ ...''

''မားကြီး ...''

ဂိကလေးငိုသံတောင်ပါတယ်။ မ တော်လိုက်ရတဲ့ သတို့သမီးလောင်းကြီး က ဘာပြောတယ်မှတ်လဲ။ နားထောင် ကြည့် ...။

နင်လွတ်တဲ့အထိ ငါမစောင့်နိုင် ဘူးနော်။

လှရိုန်အောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်သည် ကြိုးတိုက်ခန်းများဘက်ဆီ လှည့်လည်စစ်ဆေးရန် ရောက်ရှိသွားသည်။

''ပုံစံ''

ကြိုးတိုက်ဝန်ထမ်း ဒုတိယတပ်ကြပ် လှိုင်ဦး၏ အော်သံကို ကြားလိုက်ပြီး ကြိုးတိုက်ခန်းထဲရှိ ကြိုးသမားများအားလုံး မိမိတို့တိုက်ခန်းထဲမှာ တင်ပလ္လင်ခွေထိုင်လျက် ခါးကိုဆန့်မတ်ထားပြီး ဒူးနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်ကို လက်သီးဆုပ်အနေအထားဖြင့် ပုံစံထိုင်ကြသည်။

ကြိုးတိုက်ထဲတွင် ရှိနေခဲ့ကြသော ကြိုးသမားများ၏ ဘဝကား သတိသံဝေဂရစရာအဖြစ်များနှင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ရလေသည်။

အဘယ်ကြောင့်ဆိုသော် ကြိုးသမားအများစုမှာ ဒေါသတရားကို လက်ကိုင်ထားမိ၍ မဖြစ်သင့်မဖြစ်ထိုက်ဘဲ ဖြစ်ပေါ်ခဲ့ရသော လူသတ်မှုတရားခံများသာလျှင် ဖြစ်ပေသည်။

လူဆိုတာကလည်း ခက်သားလား။ ဆင်ခြင်တုံတရားကို လက်ကိုင်ထားနိုင်ပါမှ သို့မဟုတ်လျှင် ဆင်ခြင်တုံတရားကင်းကွာပြီး သေရည်လေးက မှိုဝဲပါလာခဲ့ရင် အမှားကျူးလွန်ဖို့ဆိုတာ ဝန်မလေးတော့။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့ဆိုတာ သတိတရားရှိပါမှ၊ သို့မဟုတ်ပါက အမှားတွေကို ထပ်ခါထပ်ခါ ကျူးလွန်နေကြလျှင်တော့ ထောင်မှူးကြီးစိုးဝေတို့လို ထိန်းသိမ်းစောင့်ရှောက်နေကြရတဲ့ နေရာမှာ ကြိုးတိုက်ထဲ ပြည့်ကြပ်နေရော့မယ်။

ဒါကြောင့် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ကလေးအတွင်းမှာ သတိလက်လွတ်ဖြစ်ပြီး ဒေါသနောက်အမှားပါခဲ့ကြတော့ ကြိုးတိုက်ခန်းထဲမှာ ရောက်နေကြပြီ။

ခုတောင် ကြိုးတိုက်ထဲမှာ ကြိုးသမားချည်း ငါးဆယ်လောက် ရှိနေပြီ။ ဒေါသတရားကို မထိန်းသိမ်းနိုင်ခဲ့ကြတော့ တရားဥပဒေဆိုတာကလည်း ပြစ်ဒဏ်အကြီးအသေးပေါ်မူတည်ပြီး အမိန့်ချမှတ်ခံရပြီပေါ့။

ထောင်မှူးကြီးစိုးဝေတို့လို ..အကျဉ်းထောင်ဝန်ထမ်းတွေရဲ့ ဘဝကကော ဘာထူးမှာလဲ။ ကိုယ်တိုင်က ပြစ်ဒဏ်မကျူးလွန်ခဲ့ဘူးကြပေမယ့် ပင်စင်မယူမချင်း အကျဉ်းထောင် ဝဲသြဃသံသရာထဲမှာပဲ နေ့ဝင်ညထွက်နဲ့ သံသရာလည်နေကြရတာပဲမဟုတ်လား။

ထောင်ကျအကျဉ်းသားတွေလို အုတ်ရိုးလေးဘက်ကြားမှာအမြဲထာဝရ နားမရကြရပေမယ့် ဝင်လိုက်ထွက်လိုက်နဲ့ တာဝန်ချိန်တွေကို အပြည့်အဝ ထမ်းဆောင်နေကြရတာပဲမဟုတ်လား။

ရှေးဘဝရေစက်ကြောင့် ဆိုရမလားပဲ၊ ခုလို ဥပဒေချိုးဖောက်လာခဲ့တဲ့ ရာဇဝတ်သားတွေကို စောင့်ရှောက်ထိန်းသိမ်းရတဲ့ တာဝန်က ကြီးမားလှပါတယ်။

ကိုယ်ကသူ့အပေါ်စာနာထောက်ထားတဲ့စိတ်နဲ့ ရိုင်းပင်းကူညီမှုပေးခဲ့တာတောင် အခြေအနေ အခွင့်အရေးရလျှင်ရသလို ကိုယ့်အပေါ်ပြန်ပြီး ဒုက္ခပေးခဲ့ကြပြန်တော့ အကျဉ်းထောင်ဝန်ထမ်းတွေရဲ့ ဘဝမှာလည်း ပီအီး၊ ဒီအီးတွေနဲ့ နပန်းလုံး ဖြေရှင်းနေရတော့တယ်။

ဒါကြောင့် ရှေးလူကြီးတွေ စကားအရ ဂျူတီအစ်စ်ဂျူတီလို့ ခေါ်တဲ့ တာဝန်ဟာ တာဝန်ပဲဆိုတာ သဘောထားဆက်ဆံတတ်ရမယ်။ ကိုယ့်တာဝန်ကိုယ်ကျေပွန်ဖို့ ထောင်တွင်းထောင်ပြင်တိုက်ခန်းမကျန် လှည့်လည်စစ်ဆေးကြည့်ရှုနိုင်ပါမှ တော်ကာကျမယ်။

ထောင်မှူးကြီးစိုးဝေလည်း တာဝန်ရှိသူ ဝန်ထမ်းတစ်ဦးအနေနဲ့ ကြိုးတိုက်ခန်းတွေကို လှည့်လည်စစ်ဆေးဖို့ တာဝန်က ရှိနေတော့ တစ်တိုက်ဝင်တစ်တိုက်ထွက်နဲ့ စစ်ဆေးနေခဲ့ရတယ်။

ကြိုးသမားတွေရဲ့ နေရေး၊ စားရေး၊ ကျန်းမာရေးပါမကျန် လိုအပ်တာတွေ ဖြည့်ဆည်းဆောင်ရွက်ပေးနေခဲ့ရတယ်။

ခုလည်း ကြိုးတိုက်ခန်းတွေကို လှည့်လည်စစ်ဆေးနေရင်း ကြိုးတိုက်ခန်းအမှတ်(၉)အခန်းဝကို ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာတော့ ကြိုးတိုက်ခန်းထဲမှာ ကြိုးသမားလှမောင်တစ်ယောက် လက်ယာဘက်လက်မှာ ပုတီးကုံးလေးကိုကိုင်လျက် ဒူးပေါ်မှာ တင်ထားတာကို တွေ့မြင်ရလို့ အံ့ဩသွားတယ်။

''ဘယ်လိုလဲ လှမောင်၊ ပုတီးတွေဘာတွေ စိပ်လို့ပါလား''

''ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်အမှုက စောဒကမှုတင်သွင်းထားခဲ့တာ။ ပယ်ချခံထားရလို့ နောက်ဆုံးအဆင့်ရောက်နေပြီ''

''ဟင် ‥ ဒါဆို မင်းအမှုက နောက်ဆုံးအဆင့် အသနားခံစာတင်သွင်းဖို့ပဲ ကျန်တော့တာပေါ့ကွ၊ အင်းကံပဲပေါ့ တပည့်ရာ၊ မင်း အခုလုပ်နေတဲ့ လုပ်ငန်းစဉ်ကိုသာ တစိုက်မတ်မတ် နှလုံးသွင်းပြီး မှန်မှန်ကျင့်သွားပေါ့ကွာ။ တရားသဘောကိုဆင်ခြင်ပြီး ဘဝကို အရှုံးမပေးနဲ့ပေါ့''

''ဟုတ်ကဲ့ ‥ ကျွန်တော်လည်း စောဒကမှု ရှုံးသွားပြီးကတည်းက စိတ်တွေ တုန်လှုပ်ချောက်ချားလာလို့ အိမ်က ပုတီးတစ်ကုံးမှာပြီး နေ့စဉ်အဓိဋ္ဌာန်ဝင်နေခဲ့ပါတယ်''

''ဒါနဲ့ မင်းက ဘာဂုဏ်တော်ကို ရွတ်ဖတ်ပြီး စိပ်နေတာလဲ''

''အသက်ကယ်ဂါထာကို ရွတ်ဖတ်ပူဇော်ပါတယ်''

''ဆိုစမ်းပါဦး ‥ မင်း ဂါထာက''

''ဒီ အသက်ကယ်ဂါထာက ဒီလိုပါ ‥‥''

ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊
ဓမ္မောမေ သရဏံ အညံနတ္ထိ၊
သံဃောမေ သရဏံ အညံနတ္ထိ၊
ဧတေန သစ္စေန၊ သုဂတိဟောတု။

''မင်းအသက် ဘယ်လောက်ရှိပြီလဲ''

''ကျွန်တော့်အသက်က နှစ်ဆယ့်ခုနစ်နှစ်ပါ''

''ဟာ ‥ မင်းက ကိုးဂဏန်းသမားပဲ ‥။ မင်းနာမည်ကလည်း လှမောင်ဆိုတော့ လှဆိုတာက ဗုဒ္ဓဟူးနံ (၄)ဂဏန်း၊ မောင်ဆိုတာက ကြာသပတေးနံ(၅)ဂဏန်း၊ ပေါင်းလိုက်ရင် (၉)ဂဏန်းရတယ်။ နောက်ပြီး မင်းအသက်ကလည်း (၂၇)နှစ်ဆိုတော့ ပေါင်းလိုက်ရင် (၉)ဂဏန်းဖြစ်နေတယ်။ ခု မင်းနေတဲ့ တိုက်ခန်းနံပါတ်က (၉)ဖြစ်နေပြန်တယ်။ တစ်ခါ ကြိုးတိုက်ဆိုတာက ကြိုးက တနင်္လာနံ(၂)ဖြစ်ပြီး၊ တိုက်ဆိုတာ စနေနံ(၇)ဖြစ်တယ်။ ပေါင်းလိုက်ရင် (၉)ဖြစ်နေတယ်။

ဒါကြောင့် ငါ့အတွေ့အကြုံအရ ပြောရရင် မင်းဟာ ကိုးနဝင်းကျနေတာကြောင့် သေကံမရောက် သက်မပျောက်နိုင်ဘူးကွ''

''ဟင် ‥ ဆရာပြောသလိုဆို ကျွန်တော်သေဖို့ မဖြစ်နိုင်ဘူးပေါ့။ ဒါပေမဲ့ ကျွန်တော့်အမှုက နောက်ဆုံးအဆင့် အသနားခံစာတင်ဖို့ပဲ ကျန်တော့တာ။ အသနားခံစာ ပယ်လိုက်ရင် ကြိုးစင်တက်ရဖို့ သေချာသွားပြီလေ။ ဒါကြောင့် ဘုရားကု ကုတဲ့အနေနဲ့ အသက်ကယ်ဂါထာကို နေ့စဉ် ပုတီးသက်စေ့စိပ်နေတာပါ''

''ဒီလိုလည်း ပုံသေကားချပ်မတွက်နဲ့ကွ၊ မင်းဟာ တိုက်ဆိုင်ထူးခြားမှုရှိနေလို့ ငါ ထင်တာ ပြောပြတာပါ။ ငါကိုယ်တိုင်လည်း ဘာသာရေးကို လိုက်စားနေတော့ ဘာမှတွေးပူမနေပါနဲ့ကွာ။ ကိုယ်ကျင့်ရမယ့် နေ့စဉ်ဘာသာရေးကျင့်စဉ်ကိုပဲ စွဲစွဲမြဲမြဲ ကျင့်ကြံအားထုတ်နေပါ။ တရားကို နှတ်စောင့်ပါတယ်ကွာ''

''ဆရာရယ် ‥ ကျေးဇူးတင်ပါတယ်။ အားငယ်နေတဲ့သူအပေါ် စိတ်အားတက်ကြွအောင် သွန်သင်ဆုံးမလို့ ကျေးဇူးတင်ပါတယ်''

တကယ်တော့ ထောင်မှူးကြီးစိုးဝေတို့လို အတွေ့အကြုံရင့်ကျက်နေတဲ့ သန္ဓေထောင်ဝန်ထမ်းတွေကတော့ အခြေအနေကို ရိပ်မိနေတာကြောင့် လတ်တလောမှာ စိတ်ဓာတ်ကျဆင်းနေသူကို စိတ်ဓာတ်မြှင့်တင်ပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဒီလိုမှ စိတ်ဓာတ်မမြှင့်ပေးခဲ့လျှင် နောက်ဆုံးအဆင့်ရောက်နေတဲ့ ကြိုးသမားတစ်ယောက် ဘယ်လိုဆောက်တည်ရာရောက်မလဲ၊ စိတ်ဓာတ်တွေ ချောက်ချားပြီး မတော်တရော်တွေ ကြံစည်ခဲ့လျှင် တာဝန်ကျဝန်ထမ်းတွေ၊ အုပ်ချုပ်သူ ထောင်အရာရှိတွေ ဆင့်ကဲဆင့်ကဲအရေးယူခံကြရမယ်လေ။

ဘယ်လိုပဲဖြစ်ဖြစ်လောလောဆယ်မှာ ကြိုးသမားလှမောင်တစ်ယောက် သူ့မျှော်လင့်ချက်လေးနဲ့သူ ပြုကျင့်ရမယ့်လမ်းကို ရွေးတာကို အားပေးနှစ်သိမ့်ပေးရမယ့်တာဝန်က ရှိနေတယ်။

ဒါကြောင့်လည်း ဆရာကြီးလေသံနဲ့ ပြောဆိုပြီး မတောက်တစ်ခေါက်တတ်ထားတဲ့ ဗေဒင်ပညာလေးကိုအားကိုးပြီး ဟောကိန်းထုတ်ပေးထားခဲ့တယ်။ ဒါကို ကြိုးသမားလှမောင်က လည်း ယုံကြည်ကိုးစားပြီး ကျင့်ကြံပွားများနေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ ‥ မင်းက ဘယ်လောက်ဘောင် ရက်ရက်စက်စက် ပြုကျင့်ခဲ့လို့ သေဒဏ်ချမှတ်ခံရတာလဲ"

"ကျွန်တော့်အပြစ်က ဒီလိုပါ ဆရာရယ် ‥၊ ကျွန်တော့် ယောက္ခမနဲ့မိန်းမကို စိတ်ဆိုးစကားများရာက သားအမိနှစ်ယောက်စလုံးကို ပေါက်တူးနဲ့ ခုတ်သတ်ခဲ့လို့ သေဒဏ်ကျခံလာခဲ့ရတာပါ"

"ဟာ ‥ ဖြစ်မှ ဖြစ်ရလေကွာ၊ ရှင်းပြီး သေတာပဲလား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ကလည်း အရက်မူးမူးနဲ့ ဒေါသပေါက်ခဲ့ထွက်ပြီး မဆင်မခြင် ပေါက်တူးနဲ့ နှစ်ယောက်စလုံးကို ခုတ်သတ်လို့ နှစ်ယောင်းပြိုင်လူသတ်မှုဖြစ်သွားခဲ့တာပါ"

"ဘယ်လိုအကြောင်းကိစ္စ ဖြစ်ခဲ့ကြတာလဲ"

"ဒီလိုပါ ဆရာ၊ အမှန်တော့ မဖြစ်သင့်မဖြစ်ထိုက်ဘဲ ဖြစ်သွားရတာပါ၊ ကျွန်တော့်ရဲ့ တဖောက်ကန်းစိတ်ကြောင့် မစဉ်းစားမဆင်ခြင်ဘဲ ကိုယ့်ကျေးဇူးရှင်ယောက္ခမကြီးနဲ့ စကားအချေအတင်များရာက ပေါက်တူးနဲ့ ခုတ်သတ်လိုက်မိတယ်။ တစ်ခါ မိန်းမလုပ်သူက သူ့အမေဘက်က ဝင်ကူပြောပြီး စကားများရာက ဒေါသကို မထိန်းနိုင်ဘဲ သူ့ကိုပါ ဆက်ခုတ်ပစ်လိုက်တာပါ"

"အေးပေါ့ကွာ၊ လူဆိုတာ မမှားသောရှေ့နေ မသေသောဆေးသမားဆိုသလို ဖြစ်တာတွေလည်း ဖြစ်သွားပျက်သွားပြီ။ ဒီတော့ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံကို တရားဘာဝနာကျင့်ကြံပြီး ဆေးကြောသုတ်သင်ပစ်ပေါ့ကွာ"

§ § §

မကြာမီမှာ နိုင်ငံတော်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့တယ်။ ထောင်ထဲမှာ ရှိနေကြတဲ့ လူသတ်မှုနှင့် ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသားတွေကို ထောင်ဒဏ်(၁၀)နှစ်သို့ ပြောင်းလဲခံစားခွင့်ပြုလိုက်တယ်။

ဒီလို ပြစ်ဒဏ်ပြင်ဆင်ပြောင်းလဲပေးလိုက်တာကြောင့် ကြိုးသမားလှမောင်တို့ ကြိုးတိုက်ထဲက လွတ်မြောက်သွားပြီးအိပ်ဆောင်တွေဆီ ချက်ချင်းပြောင်းရွှေ့ခဲ့ကြရတယ်။

ယခုလို ကြိုးမိန့်ကျတရားခံတွေကို ပြင်ဆင်ချက် ချနိုင်လို့ပဲဖြစ်ဖြစ်၊ အယူခံနိုင်လို့ပဲ ဖြစ်ဖြစ် ချက်ချင်းလက်ငင်း ကြိုးတိုက်ထဲကနေထုတ်ပြီး သက်ဆိုင်ရာ အိပ်ထောင်အသီးအသီးကို လွှဲခွဲချထားပေးရတယ်။

ခုတော့ ကြိုးသမားလှမောင်တစ်ယောက် သေဒဏ်ကနေ လွတ်မြောက်လာခဲ့လို့ ထောင်ဒဏ်(၁၀)နှစ်ကိုပြောင်းလဲပေးလိုက်ချိန်မှာ ကြိုးတိုက်ထဲက ထွက်ခွင့်ရသွားခဲ့ပြီ။

"ဘယ်လိုလဲ လှမောင်၊ မင်းက ခုတော့ ဆန္ဒတွေပြည့်သွားပြီ မဟုတ်လားကွ"




www.burmeseclassic.com

''ဟုတ်ပါတယ် ဆရာ၊ ဆရာ့ ကျေးဇူးကြောင့် ခုလို ထောင်ဒဏ် ပြောင်းလဲပြီး လွတ်ရက်ပေါ်လာခဲ့ရပြီလေ။ ကျွန်တော့်ဘဝအမှောင်လမ်းထဲက အလင်းပြန်ရောက်လာပြီ ဆရာ''

''မင်းရဲ့ စရဏအားထုတ်မှုတွေကြောင့် ကံတရားက မင်းဘက်က ဖေးမပေးလိုက်တာပါကွာ။ မင်း .. ခုလို ဘာသာတရားကိုပဲ ယုံယုံကြည်ကြည်နဲ့ ဆက်လက် လုပ်ဆောင်သွားနိုင်ရင်တော့ မင်းဘဝ သာယာဖြောင့်ဖြူးသွားမှာပါ''

''ဟုတ်ကဲ့ ဆရာ''

ထောင်မှူးကြီးစိုးဝေက လှမောင်ကို သွန်သင်ဆုံးမ ဩဝါဒပေးနေချိန်မှာ လှမောင်တစ်ယောက် ဝမ်းသာပျော်ရွှင်လွန်းလို့ တက်ကြွနေတယ်။ ကျန် ကြိုးသမားအားလုံးလည်း သေကံမရောက် သက်မပျောက်ဘဲ ကြိုးဒဏ်က လွတ်မြောက်သွားခဲ့ကြလို့ ဝမ်းသာပျော်ရွှင်လို့ နေကြတယ်။

ဒီအချိန်မှာ လှမောင်တစ်ယောက် အိပ်ဆောင်(၄)မှာရှိတဲ့ ထောင်ကျဆောင်ကို ပြောင်းရွှေ့ရောက်ရှိလာတော့ ဘဝတူ ထောင်ကျနေသူတွေက ကြိုးပြန်လှမောင် ဟူသော ဝိသေသဘွဲ့ထူး ပေးအပ်လာခဲ့တော့တယ်။

အိပ်ဆောင်(၄) တောင်ယာခင်းမှာ လှမောင်တို့လို နှစ်ကြီးအကျဉ်းသားတွေကို တာဝန်ပေးခိုင်းစေထားခဲ့တယ်။ လှမောင်တစ်ယောက် ကြိုးတိုက်ခန်းလေးထဲမှာ လနှင့်ချီပြီး နေလာခဲ့ရတဲ့ အချိန်တွေ ကုန်လွန်လာလို့ ပြင်ပကမ္ဘာ ရောက်မှပဲ လွတ်လွတ်လပ်လပ်အလုပ်လုပ်ခွင့်ရလာခဲ့တယ်။

တစ်နေ့မှာတော့ ကြိုးပြန်လှမောင်တစ်ယောက် သူ့ရဲ့တောင်ယာစိုက်ခင်းကြီးထဲမှာ သီးနှံတွေဝေဖြာဖြစ်ထွန်းအောင် စိုက်ပျိုးထားခဲ့တယ်။

ဒါပေမဲ့ ဒီသီးနှံစိုက်ခင်းတွေထဲက သီးနှံတွေ မကြာခဏ ပျောက်ဆုံးနေတော့ အိပ်ဆောင်မှူး၊ ထောင်မှူးထံ သတင်းပို့ခဲ့တယ်။ ဒီလို သီးနှံတွေ ခိုးယူခံရတယ်ဆိုတာ ထောင်ကျအကျဉ်းသားတွေထဲကနေ တောင်ယာထဲမှာ ခိုးယူစားသောက်နေခြင်းကြောင့် ဖြစ်တယ်။

ဒါကို သဘောပေါက်နေတဲ့ ကြိုးပြန်လှမောင်ဟာ သီးနှံခိုးယူသူကို စောင့်ဖမ်းပြီး အိပ်ဆောင်မှူးထံ ရှုံးတင်ခဲ့တယ်။ သီးနှံတွေ မကြာခဏအခိုးခံနေရတာကို မခံချင်လို့ ရှုံးတင်ခဲ့တော့ အဆောင်မှူးလုပ်သူက အရေးယူ အပြစ်ပေးခဲ့တယ်။

ဒီလိုလုပ်ခဲ့တဲ့ ရန်စမီးပွားဟာ ထောင်ထဲမှာတော့ မအေးဘဲ တနည်းနည်းနဲ့ တုံ့ပြန်လက်စားချေတတ်ကြပါတယ်။ ယခုလို ခံလိုက်ရတဲ့လူဘက်ကလည်း တန်ဖိုးမကြီးမားတဲ့ သီးနှံလေး ခိုးစားမိလို့ ပြစ်ဒဏ်ပေးခံရတာထက် အရှက်တရားက ပိုသည်းသွားပါတယ်။

တစ်နေ့မှာတော့ ကြိုးပြန်လှမောင်တစ်ယောက် ထုံးစံအတိုင်း အဆောင်တောင်ယာတဲလေးပေါ်မှာ အနားယူအိပ်စက်နေခဲ့တယ်။

အဲဒီအချိန်မှာ တောင်ယာတဲက သီးနှံခိုးမှုနဲ့ပြစ်ဒဏ်ပေးခံရတဲ့ အကျဉ်းသားမြင့်အောင်ဆိုသူဟာ ကြိုးပြန်လှမောင်အပေါ်မှာ မကျေမနပ်ဖြစ်နေတာကြာပြီ။

ယခုလို လှမောင်ကတဲပေါ်မှာ အိပ်ပျော်အနားယူနေချိန်မှာ တောင်ယာတဲက အလုပ်လုပ်နေကဲ့ ပေါက်တူးတစ်လက်ယူလာပြီး အကျဉ်းသားမြင့်အောင်ဟာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး ဝင်သွားတယ်။

ကျန်အကျဉ်းသားတွေကလည်း တောင်ယာစိုက်ခင်းကြီးထဲမှာ ကိုယ့်တာဝန်ကိုယ့်လုပ်ငန်းတာဝန်တွေ လုပ်ကိုင်နေကြတယ်။ ခုလို အကျဉ်းသားမြင့်အောင်လုပ်ငန်းခွင်ထဲမှာ အလုပ်လုပ်နေရင်းကနေ အပေါ့အပါးသွားသလိုလိုနဲ့ ပေါက်တူးကိုင်စွဲယူသွားတာ မသိကြဘူး။

ဒီတော့ အခြေအနေနဲ့ အခွင့်အခါကောင်းကိုစောင့်နေတဲ့ မြင့်အောင်ဟာ လက်ထဲက ပေါက်တူးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် တဲလေးပေါ်မှာ အေးအေးလူလူ အိပ်စက်အနားယူနေတဲ့ လှမောင်ကို အပေါ်ကနေ ဆီးခုတ်ချလိုက်ချိန်မှာ ...

''အား ..''

ကြောက်မက်ဖွယ်ရာ အသံနက်ကြီးနဲ့ အော်လိုက်သံကို တောင်ယာတဲကလူတွေ ကြားလိုက်ရတော့ ထိတ်လန့်တကြားဖြစ်ပေါ်သွားတယ်။ ဟိုဟိုဒီဒီ ကြောက်အားလန့်အား ထွက်ပြေးလို့ပြေးနှင့် ယောက်ယက်ခတ်နေကြတယ်။ တချို့ကလည်း အဆောင်မှူးရုံး ပြေးသတင်းပို့ကြတယ်။

အိပ်ဆောင်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကလည်း အဆောင်ဝင်းထဲမှာ ပေါက်တူးခုတ်မှုဖြစ်ပွားသွားလို့ ဝိုင်းဝန်းထိန်းသိမ်းဖို့ တုတ်တွေဓားတွေ ကိုင်ဆွဲဝိုင်းထားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှူးဖြစ်သူ ထောင်မှူး လည်း ပြဿနာဖြစ်ပွားရာဆီ မှာတကော ပြေးလာကြည့်တယ်။ ဆောင်ယာတဲလေးရဲ့ရှေ့မှာတော့ ပေါက်တူးတစ်လက် စုံကိုင်မြှောက်လို့ ကျဉ်းသားမြင့်အောင်ကတော့ မည်း ညည်းမြင်ရာခုတ်မဲ့ဟန် ကြိမ်းဝါးခြိမ်း ခြောက်ပြောဆိုနေတယ်။



ဒါပေမဲ့ ထောင်မှူးလေးအောင် ကြူးရဲ့ ကရာတေးပညာအစွမ်းနဲ့ပဲ အကျဉ်းသားမြင့်အောင်ကို အနိုင်ယူ ဖမ်းချုပ်နိုင်ခဲ့လို့ မိန်းဂျေးလ် (MAIN JAIL) ရုံးခန်းဆီ ခေါ်ဆောင်သွားခဲ့တယ်။

တောင်ယာတဲလေးထဲမှာတော့ ကြိုးပြန်လှမောင်ခမြာ ကြိုးက လွတ်မြောက်သွားလို့ ဆက်လက်အသက်ရှင်သန်လွတ်မြောက်ခွင့်ရသွားပြီဆိုပြီး ဝမ်း

မြောက်နေရာက ခုတော့ လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရတယ်။

တဲလေးထဲမှာ ကြိုးပြန်လှမောင်ရဲ့ ဦးခေါင်းကို ပေါက်တူးနဲ့ ခုတ်ချသတ်ဖြတ်ပစ်ခဲ့လို့ ရုပ်ပျက်ဆင်းပျက် ဖြစ်ကာ ဝါးကြမ်းခင်းပေါ်မှာ သွေးတွေအိုင်ထွန်းနေတယ်။

လူသတ်မှုကျူးလွန်ခဲ့သူ မြင့်အောင်ကို ဝန်ထမ်းတွေက ဖမ်းချုပ်ခေါ်ဆောင်လာပြီး အဆောင်မှူးရုံးတင်လို့ တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ထားခဲ့တယ်။ နောက်တရားရုံးမှာ လူသတ်မှုနဲ့ နောက်မှုဖွင့်လှစ်တရားစွဲဆိုနိုင်ဖို့ ထောင်ကျရုံးထောင်မှူးက စီစဉ်ဆောင်ရွက်နေခဲ့တယ်။

ကြိုးပြန်လှမောင်ရဲ့ အလောင်းကိုတော့ သက်ဆိုင်ရာတွေက သေမှုသေခင်းဖွင့်လှစ်ပြီး ထောင်ဆေးရုံဆီ သယ်ဆောင်သွားခဲ့ကြတယ်။

တကယ်တော့ ကြိုးပြန်လှမောင်ရဲ့ ဘဝက ကြိုးနဲ့သေဆုံးရမယ့် အခြေအနေကနေ ကံကောင်းထောက်မလို့ လွတ်မြောက်လာခဲ့ပေမယ့် ကြိုးတိုက်ပြင်ပမှာ အသတ်ခံလိုက်ရခြင်းဖြစ်ပါတယ်။

ဒါဟာလည်း တူသောအကျိုးပေးကို ပေးဆပ်လိုက်ရခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိမိယောက္ခမနဲ့ ဇနီးဖြစ်သူတို့ကို စကားများပြီး ရန်ဖြစ်ပွားရာမှ ဒေါသအလျောက် ပေါက်တူးနဲ့ခုတ်သတ်ခဲ့ခြင်းကြောင့်ဖြစ်တယ်။

ယခု တောင်ယာတဲထဲမှာ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ်အနားယူနေချိန်မှာ အကျဉ်းသားမြင့်အောင်ရဲ့ တုံ့ပြန်လက်စားချေတဲ့ ပေါက်တူးခုတ်ချက်နဲ့ပဲ ရုပ်ပျက်ဆင်းပျက်အသက်ပျောက်သွားခဲ့ရတယ်။

ကြိုးတိုက်ခန်းလေးထဲမှာ ကြိုးသမားတစ်ယောက်ဘဝနဲ့ အေးအေးဆေးဆေးသေမင်းခေါ်မည့်အချိန်ကို စောင့်ဆိုင်းနေခွင့်ရခဲ့ပေမယ့် ပြင်ပအိပ်ဆောင်ရောက်ရှိသွားခဲ့ချိန်မှာတော့ သူ့ထက်သူ လူစွမ်းကောင်းများပေါ်များခဲ့တာကြောင့် မကျေနပ်ချက်အပေါ်လက်ဦးမှုရယူသွားခဲ့ခြင်းကြောင့် လှမောင်ဘဝ ဇာတ်သိမ်းမလှပဲ အသက်ဆုံးရှုံးသွားခဲ့ရခြင်းဖြစ်တယ်။

တကယ်တော့ ကိုယ်ပြုတဲ့ကံ ကိုယ့်ထံ ပြန်လာတာပဲမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





၊ ဘိုကလေး ၊

# ဘဝပြောင်းသွားသော ပြောင်ထီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ၏နေ့တစ်နေ့၊ နေရာကား ဖန်ရှဲကြီးတော၊ စောကျိမ်းက ပြောင်းဖူးပြုတ်တစ်ဖူးကို ဆားအနည်းငယ်ပွတ်ကာအားရပါးရဝါးလိုက်သည်။ ဆာဆာနှင့် ပြောင်းဖူးပြုတ်နှစ်ဖူးအကုန်လောက်တွင် တင်ဝင်းက နှစ်လုံးပြူးကြီးကိုင်ကာ အပြေးရောက်လာသည်။

"စောကျိမ်း ... စောကျိမ်း"

"ဟ ... ဘာလဲဟ၊ ဘယ်လိုဖြစ်လာတာလဲ"

"ဟာ ... စောကျိမ်းရာ၊ ကျွန်တော် ဗိုက်နာနေတာနဲ့ တောထဲခဏဝင်ပြီးထိုင်လိုက်တာရှိသေး၊ နောက်ဘက်ကနေ တဗျောဗျောနဲ့ ပြေးလာတဲ့ အသံတွေကြားလို့ လှည့်ကြည့်လိုက်တာ ကျွဲအုပ်ကြီးနဲ့ တိုးနေတယ်၊ ဒီကောင်တွေကလည်း ကျွန်တော့်ကို တွေ့တော့ လန့်ပြီး အနောက်ဘက်ကို ပြေးကုန်ကြရော၊ နောက် ကျွန်တော်စဉ်းစားမိတာက ဒါလောက် ရွာနဲ့ဝေးနေတာ ကျွဲတွေကတောထဲကို ဘယ်လိုလုပ်ရောက်လာနိုင်သလဲဆိုတာ စဉ်းစားမိတယ်"

"တင်ဝင်းရာ ညံ့ပါ့၊ အေးလေ မင်းလည်း တို့နဲ့လိုက်ပြီးအတွေ့အကြုံရှာတုန်းဆိုတော့ ဟုတ်ပါတယ်၊ ကျော်စိုးသာဆိုရင် မင်းကိုရယ်မှာ သေချာတယ်"

"ကျွဲတွေ မဟုတ်ဘူးလား ... စောကျိမ်း"

"အဲဒါ ပြောင်တွေကွ"

"ဒီလိုမှန်းသိရင် နှစ်လုံးပြူးနဲ့ ဆော်ထည့်လိုက်ပါတယ်"

"မင်းအဘ ... ပြောင်တွေကို နှစ်လုံးပြူးနဲ့ဆော်ရင် အယားပြေရုံပဲရှိမယ်၊ မင်းကိုတောင် လှည့်ပြီး ဆော်လိုက်ဦးမယ်၊ ဒီကောင်တွေက (. ၃၃၃) တို့ (. ၄၇၅)တို့ (. ၅၀၀)နဲ့မှပစ်လို့ရတာ၊ နောက်မှတ်ထား၊ ပြောင်ဆိုတာ သားကောင်ကြီးမို့ တော်ရုံသေနတ်နဲ့ပစ်လို့မရဘူး၊ အခု ဒီကောင်တွေ ဘယ်ဘက်ကို ပြေးကုန်ကြလဲ"

"အနောက်ဘက်ကိုပဲ စောကျိမ်း"

"ဝေးဝေးတော့မရောက်နိုင်သေးဘူး၊ လိုက်ရင်ရနိုင်တယ်"

စောကျိမ်းက ... တဲအတွင်း တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသော ဦးပန်းအောင်အား–

"ဦးလေး ပန်းအောင်၊ ဒီတောထဲမှာ ကျစ်တွင်းတွေများရှိသလား"

"ရှိတယ်လေ၊ ဒီကနေ နှစ်မိုင်လောက်ဝေးတဲ့နေရာမှာ ကျစ်တွင်းတစ်ခုရှိတယ်"

+ + +

ဒီနယ် ဒီတောတွေက သွားလည်း သွားဖူးသည်။ ရောက်လည်း ရောက်ဖူးသည်။ သို့သော် တစ်ယောက်တည်းတော့မဟုတ်။ မုဆိုးတွေပါသည်။ အဖော်တွေပါသည်။ အခုဟာက တစ်ယောက်တည်း။ မကြောက်ဘူးဆိုပေမဲ့ နည်းနည်းတော့ရွံ့သည်။ သစ်ထုတ်လုပ်ရေးစခန်းမှ ငယ်ပေါင်းတစ်ယောက်ထံသို့ မတွေ့တာကြာ၍ ကျော်စိုးလိုက်လာခဲ့ခြင်းဖြစ်သည်။

အပြန် ငယ်ပေါင်းသူငယ်ချင်းက မပြန်ရဲလျှင် အဖော်တစ်ယောက်ထည့်ပေးလိုက်မည်ဆိုသော်လည်း အားနာသောကြောင့် ကျော်စိုးက တစ်ယောက်တည်းပြန်လာခဲ့ခြင်း ဖြစ်သည်။

တစ်တောလုံးက တိတ်ဆိတ်နေသည်။ ကျေးငှက်သာရကာများ၏အသံမှလွဲ၍ ဘာသံမျှမကြားရ။ တစ်ယောက်တည်းဆိုတော့ ကျော်စိုးက သတိကြီးစွာဖြင့် သေနတ်ကိုကိုင်ကာ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ သစ်ထုတ်လုပ်ရေးစခန်းက ထွက်လာခဲ့သည်မှာ တစ်နာရီကျော်မျှ ကြာပြီ၊ ဟင်းစားကောင်ဆို၍ တစ်ကောင်တစ်မြီးမျှ မတွေ့သေး။ တောကြက်တို့ ယုန်တို့ ရှဉ့်တို့တောင်မတွေ့ရ။ တောတိရစ္ဆာန်တွေရှိသော တောလို့တောင်မထင်ရ။ တိတ်ဆိတ်ငြိမ်သက်နေသည်။

တောင်ကြောအတိုင်းလျှောက်လာပြီး ရွက်စိမ်းတောကျော်လျှင် စောကျိမ်းတို့ စခန်းချရာနေရာကိုရောက်ပြီ။ ရွက်စိမ်းတောက ဧရိယာနည်းနည်းတော့ကျယ်သည်။ တောကောင်များရှိတတ်သည်။ ကျော်စိုးက မောလာသောကြောင့် ရေဘူးကို မော့သောက်လိုက်သည်။

"ဗျော ... ဗျော .. ဝရော"

ကျော်စိုး ..... ရေဘူးကို မော့



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ချိန်တွင် မထင်မှတ်သော အန္တရာယ်ကောင်ကဝင်လာသည်။ တစ်ယောက်တည်းမို့ ကျော်စိုးက သတိထားနေခြင်းဖြစ်သည်။

အစွယ်ဖွေးဖွေးနှင့် တစ်ရှိန်ထိုးဝင်လာသော တောဝက်တစ်ကောင်။ ကျော်စိုးက ဝက်တောင်းဆိုတာသိလိုက်သည်။ ကိုယ်ကိုယ့်ကာ ဘေးသို့သုံးလေးလှမ်းမျှရှောင်လိုက်သည်။ အရှိန်မည်မျှပြင်းသည်တော့မသိ။ ဒုန်းခနဲအသံနှင့်အတူ ဝက်တောင်းကြီးက ကညင်ပင်ဘေးတွင် ခွေကျသွားသည်။

ချက်ချင်းပြန်ထသည်။ ခေါင်းတစ်ပတ်လည်ကာ ကျော်စိုးကို မျက်နှာမူလိုက်သည်။

"ဒိုင်း" "ဒိုင်း"

စောကျိမ်းထံမှ ခေတ္တတောင်းလာသော (. ၅၀၀)နှစ်လုံးပြူးရိုင်ဖယ်က ကျည်အားပြင်းသည်။ တောကောင်ကြီးများနှင့် အံကိုက်ဖြစ်သည်။ ဝက်တောင်းကြီး တုန့်ခနဲဖြစ်သွားသည်။ အဆီမရှိသောအခေါက်ထူကြီးပေါ်တွင် ဖွေးခနဲဖြစ်သွားသည်။ ကျည်ထိရာပစ်မှတ်က နှစ်လက်မလောက်သာ ခြားသည်။ နှစ်နေရာစလုံး ဖွေးခနဲဖြစ်သွားသည်။

သို့သော် ... လဲကျမသွားဘဲ "ဖောက် ... ဖောက်"ဟူသော မေးရိုက်သံနှင့်အတူ ကျော်စိုးထံသို့ ရထားခေါင်းတွဲကြီးတစ်စီးဝင်လာသလို 'ဝေါ' ခနဲရောက်လာသည်။ ကျော်စိုးက စိတ်ကိုငြိမ်အောင်ထား၍ ရပ်နေရာမှ ဝက်တောင်းကြီးအနားသို့ရောက်ဖို့ သုံးပေခန့်မျှအကွာတွင် ကိုယ်ကိုယ့်ကာ ဘေးတွင်ရှိသော ဖန်ရွဲချုံထဲသို့ ခုန်ဝင်လိုက်သည်။

"ဒုတ်"ဟူသောအသံနှင့်အတူ အနောက်ဘက်ရှိ လူနှစ်ဖက်စာမျှရှိသော တောင်မရိုးပင်ကြီးတွင် ဝက်တောင်းကြီးက ခေါင်းစိုက်နေသည်။ ကျော်စိုးက ရှောင်ထွက်လိုက်သောကြောင့် ဝက်တောင်းကြီးက သူ့အရှိန်နှင့်သူ တောင်မရိုးပင်ကြီးကို ထိုးကော်၍ ပက်လိုက်ခြင်းဖြစ်သည်။

ကျော်စိုးက ချုံထဲကနေ ကပျာကယာထကာ ကြည့်လိုက်သည်။ ဝက်တောင်းကြီးတောင်မရိုးပင်ကို ခေါင်းစိုက်ကာ ထမလာတော့။ ကျည်ထိရာဒဏ်ရာများက သွေးများ တစိမ့်စိမ့်ကျနေသည်။ ကျော်စိုးက ခပ်လှမ်းလှမ်းမှနေကာ သစ်ကိုင်းခြောက်တစ်ခုနှင့် ပစ်ပေါက်လိုက်သည်။ လုံးဝမလှုပ်တော့၊ ကျော်စိုးပျော်သွားသည်။ ခရီးသွားဟန်လွှဲ တောဝက်တစ်ကောင်ရလိုက်သောကြောင့်ဖြစ်သည်။

ဖန်ရွဲကြီးကို ရောက်ကတည်းက ဟင်းကောင်းကောင်း တစ်ခါမျှမစားရသေး။ ကျော်စိုး တောဝက်ကြီးနားရောက်ချိန်တွင် တောင်မရိုးပင်ကို ခေါင်းစိုက်နေသော တောဝက်ကြီးက တစ်ဖက်ဘေးသို့ ဗုန်းခနဲမြည်အောင် လဲကျသွားသည်။

"ဟာ"

တောဝက်ကြီးပက်ထည့်လိုက်သော အစွယ်နှစ်ချောင်းက တောင်မရိုးပင်၏ ပင်စည်တွင် တန်းလန်းကျန်နေခဲ့သည်။ ဝက်မာန်စွယ်ဆိုတာ ဒါကိုခေါ်တာလား။ တောဝက်တစ်ကောင်ပစ်ပြီးရင်တော့ အစွယ်ရမည်ဆိုတာမှန်သည်။ သို့သော် ဒေါမာန်ထနေချိန်တွင် ရလိုက်သော အစွယ်မို့ မာန်စွယ်လို့ခေါ်တာလား။

ကျော်စိုးပျော်နေသည်။ စခန်းကို ပြန်ရောက်ရင်တော့ စောကျိမ်းနှင့်တင်ဝင်းကို သူ ကြွားဦးမည်။ တောဝက်ကြီးကိုတော့ တစ်ယောက်တည်းမနိုင်သောကြောင့် ထားခဲ့မည်။ သို့သော် ကျော်စိုး တစ်စုံတစ်ခုကိုသတိရသောကြောင့် ခါးကြားမှ တောလိုက်ဓားမြှောင်ကိုထုတ်ကာ သိုတံကြီးကိုလှီးထုတ်လိုက်သည်။

+ + +

"ပြောင်ဆိုတဲ့ကောင်မျိုးက လူနံ့ရရင်ထွက်ပြေးတတ်တယ်၊ အကျဉ်းအကျပ်တွေ့တဲ့အခါကြမှ လူကို ရင်ဆိုင်တိုက်ခိုက်တတ်တယ်၊ ပြောင်တွေရဲ့ အဓိကအစာကတော့ မြက်နုကလေးတွေပဲ၊ မြက်နုမရှိရင်တော့ ပြောင်ချိုက အလှဆုံးလို့ ငါထင်တယ်၊ ပြောင်တစ်အုပ်မှာ ၁၀ ကောင်ကနေ အကောင် ၂၀ လောက်ထိရှိတတ်တယ်၊ အဲဒီပြောင်အုပ်ကို အရွယ်ရောက်ပြီးတဲ့ ပြောင်ထီးတစ်ကောင်က ခေါင်းဆောင်တတ်တယ်၊ အရွယ်မရောက်သေးတဲ့ ပြောင်ထီးကလေးတွေလည်း ပါတယ်ပေါ့ကွာ"

"နောက် ... ဒီကောင်တွေက ကျစ်တွင်းကိုကြိုက်တတ်တယ်ကွ၊ ကျစ်တွင်းတွေက မြေငန်တွေကိုယက်ပြီး အေးအေးလူလူ နားနေတတ်တယ်"

စောကျိမ်းက မုဆိုးသင်တန်းတက်ခါစ တင်ဝင်းကို သင်ခန်းစာပို့ချနေခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျော်စိုးက ခပ်သုတ်သုတ်ဝင်လာသည်။

"စောကျိမ်း ... ခင်ဗျားတို့ ဘာကောင်တွေရထားသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ဘယ်မှမသွားရသေးဘဲ ဘာကောင်တွေရရမှာလဲ၊ မင်း . . . ပြန်အလာကိုစောင့်နေတာ"

"ကျွန်တော် . . တောဝက်တစ်ကောင်ပစ်ခဲ့တယ်ဗျ၊ တောင်မရိုးပင်အောက်မှာ ထားခဲ့တယ်၊ မသယ်နိုင်ဘူး"

"ဟေ . . . တယ်ဟုတ်ပါလား"

"ဟုတ်ဆိုဗျာ. . . ဝက်မာန်စွယ်တောင်ရလိုက်သေး"

"ဘာကွ . . မာန်စွယ်ဟုတ်လား"

ကျော်စိုးက မာန်စွယ်ကိုထုတ်ပြလိုက်ကာ ရလာပုံကိုလည်းပြောပြလိုက်သည်။ စောကျိမ်းက ရယ်သည်။

"မာန်စွယ်ရတော့ ဘာကောင်းသလဲကွ"

"အဲဒါတော့ မသိဘူးဗျ၊ စောကျိမ်းကိုမေးမလို့"

"ငါမသိလို့မေးတာပါ၊ အဲဒါမျိုးမာန်စွယ်တွေ ငါ့ဆီမှာ အများကြီး၊ မင်းလိုချင်ရင်တောင်ပေးလိုက်ဦးမယ်၊ အဲဒီကိစ္စထားလိုက်ပါဦး၊ မင်း သူငယ်ချင်းတင်ဝင်းက ပြောင်အုပ်ကို တွေ့လိုက်တယ်၊ အဲဒီကောင်တွေ လိုက်ဆော်ကြရအောင်"

"ဟုတ်လား . . ဘယ်လောက်ကြာပြီလဲ၊ ကျွန်တော်နဲ့တော့ မတိုးလိုက်ဘူး"

"တစ်နာရီနီးပါးလောက် ရှိပြီကွ၊ မင်းအလာကို စောင့်နေတာ၊ ဦးပန်းအောင်ကပြောတယ်၊ ဒီကနေနှစ်မိုင်လောက်ဝေးတဲ့နေရာမှာ ကျစ်တွင်းတစ်ခုရှိတယ်တဲ့"

"ဒါဆိုရင် လိုက်ရင်မီတယ်ဗျ၊ ဘယ်လိုလဲ"

"အေး . . သွားကြမယ်လေကွာ"

"ဒါဆိုရင် . . . ယူစရာရှိတာတွေ ထည့်ကြတော့၊ ဦးပန်းအောင် စားစရာဘာတွေများ လုပ်ထားသေးလဲ"

"ငါးပိကင်နဲ့ မြူရှက်သုပ်ပဲရှိတယ်"

"ဒါဆို ရှိတာထည့်ဗျာ၊ ညနေစာတော့ တောဝက်သားက သေချာပါတယ် . . . တောင်မရိုးပင်အောက်က တောဝက်ကိုသယ်ဖို့ ဦးပန်းအောင်ဆီမှာမဟုတ်ဘူး၊ ကျုပ်တို့ပဲ စီစဉ်လိုက်မယ်"

လိုသောပစ္စည်းများကို ကျောပိုးအိတ်များတွင်ထည့်ကာ သုံးယောက်သား ခပ်သုတ်သုတ် ချီတက်လာကြသည်။ တစ်နာရီလောက်အကြာတွင် ပြောင်အုပ်ကိုခြေရာခံမိကြသည်။ ဆယ်ကောင်ဝန်းကျင်လောက်ရှိသော ပြောင်အုပ်ဖြစ်သည်။

သေနတ်သံကြောင့် တို့တောထဲဝင်လာတဲ့ အဓိကရည်ရွယ်ချက် ပျက်သွားမှာပေါ့ ပြောင်တစ်ကောင်ရရင် တစ်ရွာလုံး စားလောက်တယ်လေ၊ မင်းအကောင်က တစ်နှပ်စာအပြင် အဲဒီအကောင်အသားက စားလို့မကောင်းဘူး ပွစိစိနဲ့ . . .





www.burmeseclassic.com

သွားရာလမ်းတစ်လျှောက် သစ်ရွက်၊ သစ်ညွန့်၊ ရွက်နုကလေးများကို ဆွဲယူစားသွားကြောင်း တွေ့ရသည်။ အချို့နေရာများတွင် အစိုအတိုင်းရှိနေသေးသည့်ပြောင်ချေးများ။

ဦးပန်းအောင်ပြောသည့်အတိုင်း ပြောင်အုပ်က ကျစ်တွင်းကိုဦးတည်နေသည်။ ကျော်စိုးက လွန်ခဲ့သောသုံးနှစ်ခန့်က ထိုကျစ်တွင်းတွင် ပစ်ခဲ့ဖူးသောကြောင့် ပြောင်အုပ်သွားရာ လမ်းအတိုင်း ကျစ်တွင်းရှိရာသို့ ခြေလှမ်းသွက်သွက်လှမ်းလာကြသည်။ တောက အောက်ခြေရှုပ်သောတောမျိုး။ ငှက်မျိုးစုံအသံနှင့်မျောက်အော်သံများက ဆူညံနေသည်။ တစ်နေရာတွင် ထူးထူးဆန်းဆန်းအသံတစ်ခုကြောင့် ရှေ့ကသွားနေသောကျော်စိုးက–

"တင်ဝင်း ... အဲဒါ ဘာသံလဲ သိလား"

"လေယာဉ်ပျံအသံလို့ ... ထင်တယ်"

"အေး ... အဲဒီသတ္တဝါအော်သံက လေယာဉ်ပျံအသံလိုပဲ၊ အဲဒါ အောင်းလောင်ငှက်အော်သံကွ"

အသံလာရာ သစ်စိမ်းပင်ကြီးအောက်တွင်ရပ်ကာ ကျော်စိုးက အပင်ပေါ်သို့လှည့်ပတ်ချောင်းနေလေသည်။ တစ်နေရာတွင်ရပ်ကာ–

"တင်ဝင်း ... အပေါ်တည့်တည့်ကို ကြည့်လိုက်"

သစ်ရွက်သစ်ခက်များအကြားမှ မြင်လိုက်ရသော အောင်းလောင်ငှက်၏ ရင်အုံကြီးဖြစ်သည်။ တက်နင်းထားသော သစ်ကိုင်းကညွတ်ကာ တလှုပ်လှုပ်ဖြစ်နေသည်။

"ဟာ ... နည်းနည်းနောနော အကောင်ကြီးမှမဟုတ်ဘဲ၊ သုံးလေးပိဿာလောက်ရှိမယ်ဖော့ ... ဆော်လိုက်ရမလား"

"ဟ ... မင်းအဘ ဆော်ထည့်လိုက်လို့ သေနတ်သံကြောင့် တို့ တောထဲဝင်လာတဲ့ အဓိကရည်ရွယ်ချက် ပျက်သွားမှာပေါ့၊ ပြောင်တစ်ကောင်ရရင် တစ်ရွာလုံးစားလောက်တယ်လေ၊ မင်းအကောင်က တစ်နပ်စာအပြင် .. အဲဒီအကောင်အသားက ... စားလို့ မကောင်းဘူး ပွစိစိနဲ့"

"မသိပါဘူးကွာ၊ ငါက အကောင်မြင်တော့ လက်ယားနေလို့"

တောတန်းကလေးကို လွန်ပြီးနောက် ဗွေ(တောင်ရိုးအလယ်ကုန်းကြော)အတိုင်း မသိမသာမြင့်တက်လာသော မြေလမ်းအတိုင်းတက်လာကြသည်။ မြေလမ်းက ဝါးခုတ်သမားများ၊ ထင်းခုတ်သမားများ၊ သွားနေကြလမ်းဖြစ်၍ ဖြူးနေသည်။ ပြောင်အုပ်က ထိုလမ်းမှမသွား၊ ကုန်းကြောဘေးတောကင်ပွန်းချုံ၊ ဆူးရစ်ချုံနှင့် တောင်လမုချုံများပေါက်နေသော ချုံများကိုတိုးကာ ရွက်နုများကိုစားရင်းသွားထားကြောင်း မြင်နေရသည်။

သွားရင်း စားရင်း ချေးများပါချထားခဲ့သေးသည်။ စောဂျိမ်းနှင့် ကျော်စိုးက တစ်ယောက်နှင့် တစ်ယောက် မေးငေါ့ကာပြလိုက်ကြသည်။ တင်ဝင်းကတော့မသိ။ ဗွေအတိုင်း တရွေ့ရွေ့လျှောက်လာကြရင်း မိနစ် ၂၀ လောက်အကြာတွင် မြေလမ်းမှ ဖဲ့ထွက်ကာ ကုန်းကြောဘေးသို့ ဆင်းလိုက်ကြသည်။ ပြောင်အုပ်က ဝဲဘက်သို့ ကွေ့ထွက်သွားနေသောကြောင့် ဖြစ်သည်။

မုဆိုးခြေလှမ်းကလည်း ခပ်သွက်သွက်မို့ သိပ်မကြာမီ ပြောင်အုပ်ကိုမီလာနိုင်သည်ဟု စောဂျိမ်းက တွေးမိသည်။ ကျော်စိုးအတွေးအရ ပြောင်အုပ်သည် ကျစ်တွင်းတွင် မြေငန်များကို စားတတ်သောကြောင့် ကျစ်တွင်းသို့ အမီလျှောက်လာကြသော်လည်း ခြေရာများက အခြားဘက်သို့ ဦးတည်နေကြောင်း စောဂျိမ်းကယူဆသည်။

စောဂျိမ်းကဦးဆောင်ကာ ကုန်းကြောဘေးသို့ဆင်းလိုက်ပြီး တောကင်ပွန်းချုံများထဲသို့ တိုးလိုက်သည်။ ချုံတောထဲမှ ပွတ်တိုက်တိုးဝှေ့သွားသော အမှတ်အသားများက အထင်အရှားဖြစ်သည်။ ချုံများက ကျိုးတို့ကျဲတဲပေါက်နေ၍သာ တော်တော့သည်။ စောဂျိမ်းက သေနတ်ကိုအသင့်ကိုင်ရင်း ရှေ့ကသွားနေသည်။ ချုံများက ကျောပိုးအိတ်နှင့် အင်္ကျီများကိုညိနေသောကြောင့် ခရီးကမတွင်လှ။

"ဖြော .. ဖြော .. ဖြော"

"ဖုန်း .. ဖုန်း .. ဖုန်း"

ဒရောသောပါးပြေးလာသော လူသုံးယောက် အနားရောက်မှ စောဂျိမ်းတို့နှင့် ရင်ဆိုင်တိုးသည်။ ချုံတောထဲမှ မြုန်းခနဲ ပြေးထွက်လာသောကြောင့် စောဂျိမ်းတို့လည်းလန့် သူတို့လည်းလန့်ကုန်ကြသည်။ စောဂျိမ်းက–

"ဟော့ .. လူတွေ ဘာဖြစ်လာကြတာလဲ"

တစ်ယောက်က–

"ဟာ .. ဆရာတို့"

စောဂျိမ်းတို့ကိုင်ထားသော သေနတ်များကိုကြည့်ကာ မျက်စိမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



…နေကြသည်။ စောဂျိမ်းက–

"ကျုပ်တို့က မုဆိုးတွေပါ၊ မကြောက်ပါနဲ့"

"ဟုတ်လား ‥ တော်ပါသေးရဲ့"

"ခင်ဗျားတို့ ဘာဖြစ်လာတာလဲ"

"ပြောင်အုပ်နဲ့တိုးလာလို့ ဆရာရေ ‥ ဒါကြောင့်မို့ ပြေးလာတာ"

"ဘယ်နားမှာလဲ"

"တော်တော်ဝေးဝေးကျန်နေခဲ့ပြီ၊ ကျွန်တော်တို့က ဝါးခုတ်နေရင်းဆိုတော့ ဝါးတွေရော ‥ အထုပ်အပိုးတွေရော ထမင်းထုပ်တွေရော ကျန်နေခဲ့ပြီ"

ကျော်စိုးက ထိုလူသုံးယောက်ထဲမှ တစ်ယောက်ကို သိပုံရသည်။ ထို့ကြောင့်–

"ခင်ဗျား ‥ ဦးပန်းအောင်တဲကို လာတာတွေ့ဖူးပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်က ဦးပန်းအောင်တူပါ၊ အလည်ရွာ…တာပါ"

"ကျုပ်တို့က အဲဒီ ‥ ပြောင်တွေ နောက်လိုက်လာတာ ခင်ဗျားတို့တွေ့တဲ့ ဝါးတောက တော်တော်ဝေးလား"

"ကျွန်တော်တို့ ပြေးလာတာ နာရီဝက်လောက်ရှိပြီ"

"ခင်ဗျားတို့နောက်ကို လိုက်လာသေးလား"

"ကြောက်ကြောက်နဲ့ လှည့်မကြည့်ဖြစ်ပါဘူး"

"ကဲ ‥‥ကဲ ‥‥အခု ဘာကြောင့် နောက်ကပါမလာပါဘူး၊ အဲဒီကောင်တွေ သွားပစ်မလို့ လိုက်ကြဦးမလား"

"ဟာ ‥‥မလိုက်တော့ပါဘူး"

"ဒါဆိုရင် ခင်ဗျားတို့ကျန်နေခဲ့တဲ့ ပစ္စည်းတွေ ကျုပ်တို့အပြန် ယူလာခဲ့မယ်၊ ခင်ဗျားတို့က ကျုပ်တို့ကို အကူအညီတစ်ခုပေး"

"ပြောပါဆရာ ‥‥ဘာလုပ်ပေးရမလဲ"

"ဦးပန်းအောင်တဲကိုမရောက်ခင် ရွက်စိမ်းတောထဲမှာ တောင်မရိုးပင် ကြီးတစ်ပင်ရှိတယ်"

"သိတယ်ဆရာ ‥ ဆောင်းဝင်စဆိုရင် အဲဒီအပင်က ပွင့်တတ်တော့ အပွင့်ပွင့်ချိန်ဆိုရင် တစ်တောလုံးမွှေးနေတတ်တယ်"

"ဟုတ်ပြီ၊ အဲဒီအပင်အောက်မှာ ကျုပ် ‥ တောဝက်တစ်ကောင် ပစ်ထားတာရှိတယ်၊ ခင်ဗျားတို့ ဦးပန်းအောင်တဲကိုထမ်းသွားလိုက်၊ နောက် ဦးပန်းအောင်ကိုပြောပြီး တစ်ယောက်ကိုနှစ်ပိဿာစီလောက်ယူသွားလိုက်"

"စိတ်ချဆရာ"

"ဒါဆိုရင် ‥ သွားကြတော့"

ပြောင်ခြေရာများကို ကြည့်၍ လိုက်ခဲ့ကြသည်မှာ တောကင်ပွန်းချုံများထဲတွင် နာရီဝက်လောက်ကြာပြီဖြစ်သည်။ ကင်ပွန်းချုံလွန်လျှင် မြောက်လယ်ကွင်းကိုရောက်မည်။

မြောက်လယ်ကွင်းတွင် ငှက်ပျောတောတစ်ခုရှိသည်။ အလယ်တွင်တော့ စမ်းချောင်းကလေးတစ်ခုစီးနေသည်။ စမ်းချောင်းအစပ်တွင် စိမ်းစိုသော မြက်တောကွင်းများရှိသည်။ ထိုမြက်နုများက ပြောင်များအကြိုက်ပင်ဖြစ်သည်။

မြောက်လယ်ကွင်းအစပ်ကကြည့်လိုက်လျှင် ငှက်ပျောတောက စိမ်းစိုကာ ယိမ်းပျိုဖြိုးများ ယိမ်းကနေသလို လေတိုက်ရာသို့ လှုပ်ယမ်းနေလေသည်။

ငှက်ပျောတောအခြေအနေကို ကြည့်ရာ ထူးခြားမှုမတွေ့။ ထို့ကြောင့် စောဂျိမ်းက–

"ကျော်စိုး ‥‥ငြိမ်ငြိမ် သက်သက်ပါလား"

"အေးဗျ၊ ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာ"

"စမ်းချောင်းအစပ်က မြက်တောကွင်းထဲများ ရောက်နေပြီလား"

"ဖြစ်နိုင်တယ်"

သုံးယောက်သား အင်ပင်ပေါက်ကလေးအုပ်စုမှ သစ်ကိုင်းသစ်ခက်များကို ဖြဲကာအထွက်တွင်–

"ပြော ‥‥ပြော"

"ဝုန်း ‥‥ဝုန်း"

တောဝက်လေးငါးကောင်က ရေစပ်စပ်ရှိနေသော ရွံ့အိုင်တစ်ခုတွင် လူးနေကြရာမှ စောဂျိမ်းတို့ကို တွေ့သွားသောကြောင့် ဝရုန်းသုန်းကားထွက်ပြေးကြခြင်းဖြစ်သည်။ စောဂျိမ်းတို့ပင် လန့်သွားသည်။

"နင့်မေကလွှား ‥‥ပြောင်တွေ နောက်လိုက်နေလို့ပေါ့ကွာ၊ နင်မို့ရင် မင်းတို့ ဟင်းစားကောင်တွေဖြစ်တာ ကြာပြီ"

ငှက်ပျောတောကြီးက မှိုင်နေအောင်ထုလှသည်။ ခုတ်မည့်သူမရှိ။ ခူးမည့်သူမရှိသောကြောင့် အပင်များက ကြီးချင်သမျှကြီးကာ ငှက်ပျောသီးများကလည်း နုတာတွေ၊ ရင့်တာတွေ၊ မှည့်တာတွေ၊ မှည့်၍ကြွေကျနေတာတွေ အများအပြားတွေ့ရသည်။ တစ်ချက်တစ်ချက် လေအဝေ့တွင် ငှက်ပျောပင်များက ဝေါခနဲမြည်ကာ ယိမ်းထိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





ဦးချိုကားကားနှင့်
ပြောင်အားလုံးထဲတွင်
ဦးချိုအလှဆုံး
အကောင်ကြီးကို
သုံးလေးကောင်က
ဝိုင်းခတ်လိုက်၊
ထိုပြောင်ကြီးက
ထွက်ပြေးသွားလိုက်၊
ပြန်ပြေးလာလိုက်နှင့်
လှုပ်ရှားနေသော
မြင်ကွင်းဖြစ်သည်။
စောဂျိမ်းက
တွေးလိုက်သည်။
ထိုပြောင်ကြီးက
တစ်ချိန်က
ခေါင်းဆောင်လုပ်နေသော
ပြောင်ထီးကောင်းကြီး
ဖြစ်နိုင်သည်...

သုံးယောက်သား သေနတ်များကို အသင့်ကိုင်ကာ ငှက်ပျောတောအတွင်းသို့ ဝင်လာကြသည်။

ထူးခြားမှုမတွေ့ရ။ စောဂျိမ်းက ကျော်စိုးကို မေးငေါ့ပြသည်။ ကျော်စိုးက ခေါင်းယမ်းပြသည်။ ငှက်ပျောတောကို အလယ်မှဖောက်ထွက်လာကြရာ ငါးမိနစ်ကြာမှ ငှက်ပျောတောအစပ်ကို ရောက်သည်။ စိမ်းစိုသော မြက်တောကွင်းက ဆီးကြိုနေသည်။ မြက်တောကွင်းသည် ပြောင်မပြောနှင့် ဆိတ်တစ်ကောင်ရပ်နေလျှင်ပင် ထီးထီးကြီးမြင်သာလောက်၍ သတ္တဝါတစ်ကောင်တစ်မြီးမျှမတွေ့။ ရှင်းလင်းနေသည်။

တွေ့ပါပြီလေ။ မြက်တောကွင်းအတွင်း ပြောင်အုပ်ကျသွားသောကြောင့် ခါးလည်မှပြတ်နေသော မြက်ပြတ်များကိုအစီအရီတွေ့လိုက်ရသည်။ စောဂျိမ်းက စမ်းချောင်းကလေးဘက်ကို ကြည့်လိုက်သည်။ ပြီးမှ မြက်ပြတ်များကို မြှောက်လိုက်သည်။ မြှောက်တင်လိုက်သော မြက်ပြတ်များက စောဂျိမ်းကိုယ်ပေါ်ကို ပြန်ကျသည်။

စောဂျိမ်းတို့က လေအောက်ဘက်ကိုရောက်နေသည်။ စောဂျိမ်းက ကျော်စိုးကိုလက်ပြကာ စမ်းချောင်းဘက်သို့ ခြေဦးလှည့်လိုက်သည်။ စမ်းချောင်းနောက် မသိမသာကလေးနိမ့်ဆင်းသွား၍ ချောင်းစပ်တွင် ဆူးရစ်ချုံချင့် ဥနှဲချုံများက အစီအရီပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထီးထီးမားမားဆို၍ မျောက်ပင်ကြီးတစ်ပင်သာ ရှိသည်။

သုံးယောက်သားမျောက်လုပ်ပင် ဘေးတွင်ကပ်ကာ ဆူးရစ်ချုံနှင့် ချုံများကိုကျော်၍ ကြည့်လိုက်သည်။ ပါပြီ။ စမ်းချောင်းအတွင်းငုံ့၍ ရေ သောက်နေကြသော အကောင်များနှင့် စ်ကောင်နှင့်တစ်ကောင် ပွတ်တိုက် ကလူကျီစယ်လုပ်နေသော အ ကောင်များစုစုပေါင်း ကိုးကောင်တိတိ သည်။ ပြောင်များက အနိမ့်ပိုင်း ဖြစ်၍ အပေါ်စီးမှမြင်နေရခြင်းဖြစ် သည်။

ဦးချိုကားကားနှင့် ပြောင်အား ထဲတွင် ဦးချိုအလှဆုံးအကောင်ကြီး သုံးလေးကောင်ကဝိုင်းခတ်လိုက်၊ ပြောင်ကြီးက ထွက်ပြေးသွားလိုက်၊ ပြေးလာလိုက်နှင့် လှုပ်ရှားနေသော ကွင်းဖြစ်သည်။ စောဂျိမ်းက တွေး က်သည်။ ထိုပြောင်ကြီးက တစ်ချိန် ခေါင်းဆောင်လုပ်နေသော ပြောင် ကောင်းကြီးဖြစ်နိုင်သည်ဟု။

အသက်အရွယ်ကြီးလာချိန်တွင် ပြောင်ငယ်ပြောင်ပေါက်များက ပြန်ခုခံ သောကြောင့် ထွက်ပြေးနေရခြင်းဖြစ် သည်။ တစ်ချိန်တွင် ထိုပြောင်ထီး ကောင်းကြီးသည် သင်းကွဲပြောင်ဖြစ် နိုင်သည်။

လှုပ်ရှားနေသောမြင်ကွင်းကို စောဂျိမ်းက တာဝန်ခွဲဝေလိုက်သည်။ မှိုင်းနေသောဦးချိုနှင့် ပြောင်ထီး ကောင်းကြီးအား ပြန်လည်ခတ်နေ သောတစ်ကောင်ကို ကျော်စိုးအတွက် လိုက်သည်။ စောဂျိမ်းက ပြောင်ထီး ကောင်းကြီးအား ထိုးချိန်လိုက်သည်။

ပစ်ကွင်းက လှုပ်ရှားနေသောပစ်ကွင်း။ မှုဆိုးအကြိုက်တရားမျှတသောပစ်ကွင်း ပင်ဖြစ်သည်။

''ဒိုင်း ...ဒိုင်း

(. ၀၅၅)နှစ်လုံးပြူး ရိုင်ဖယ်နှင့် (. ၄၇၅)မဂ္ဂဇင်းရိုင်ဖယ်သံများက စက္ကန့် ပိုင်းလောက်သာခြား၍ ထွက်သွား သည်။ သို့သော်–

''ဒိုင်း''

ပြောင်ထီးကောင်းကြီးအား ပြန် ခတ်နေသောအကောင်က ခတ်ပြီး ခေါင်းပြန်အကျတွင် ကျော်စိုးကခလုတ် ကို ဆွဲလိုက်သော်လည်း ထိုအကောင် က ရုတ်ချည်း ခေါင်းပြန်ထောင်လိုက် သောကြောင့် ပစ်မှတ်က နည်းနည်းလွဲ သွားသည်။ သေလောက်သောကျည်ရာ မဟုတ်။ ထို့ကြောင့် ကျည်ကလည်ပင်း အောက်ကိုဖောက်၍ ဝင်သွားချိန်တွင် ခေါင်းကိုဆတ်ခနဲခါလိုက်ချိန်၌ နားထင် တည့်တည့်သို့ ကျည်တစ်ချက်ပစ်သွင်း လိုက်ခြင်းဖြစ်သည်။

ပြောင်ထီးကောင်းကြီးကတော့ စောဂျိမ်းလက်ချက်ကြောင့် အကောင် က ခေါင်းကြီးခါယမ်းကာ ပတ်ချာလည် ပြီးမှလဲကျသွားတော့သည်။ ကျန်အ ကောင်များကတော့ သေနတ်သံများ ကြောင့် စမ်းချောင်းကိုဖြတ်ကာ တစ် ဖက်တောထဲသို့ ဒရောသောပါးပြေး ကုန်ကြတော့သည်။

အကောင်ကြီး၏ အလေးချိန်များ သောကြောင့် ပြောင်အုပ်ပြေးသံက တစ်တောလုံးဆူညံကာ အတော်ကြာမှ အသံပျောက်သွားသည်။

အတုံးအရုန်းလဲနေသော ပြောင် နှစ်ကောင်အနက် စောဂျိမ်းကသူပစ် လိုက်သော ပြောင်ထီးကောင်းကြီးကို တစိမ့်စိမ့်ကြည့်ကာ သဘောကျနေ သည်။

စွင့်ကားနေသော ဦးချိုကြီးက ခန့် မှန်းချေလက်မ ၃၀ လောက်ရှိကာ အ လေးချိန်ကလည်း ပိဿာချိန် ၁၀၀၀ ကျော်မည်ဟု တွက်မိသောကြောင့်ဖြစ် သည်။ စောဂျိမ်းက သူ့အတွေးနှင့် သူ တွေးကာ ကျောပိုးအိတ်ထဲမှ ရေဘူးထဲ တွင်ထည့်ထားသော ရမ်အရက်ကို ထုတ်၍မော့သောက်နေချိန်တွင် တဖျစ် ဖျစ်မြည်နေသော ညှော်နံ့က နှာခေါင်း ထဲကို ဝင်လာသည်။

ကျော်စိုးက ပေါင်သားတစ်တုံးကို လှီးကာ မီးကင်နေခြင်းဖြစ်သည်။

''ဟ ...မြန်လှချည်လား''

''စောဂျိမ်း ခရီးပန်းလာတယ် လေဗျာ၊ နားဦးမှပေါ့၊ နောက်ပြီး ငါး ပိကင်နဲ့မြူရွက်သုပ်ပဲပါလာတာ ဆာနေ ပြီဗျ၊ ခင်ဗျား အဲဒါနဲ့ပဲစားမလား''

''အေးပါ ဟုတ်ပါတယ်၊ နို့ မင်း တို့က ပြောင်သားကြီးကင်ပြီး ဒီအတိုင်း စားမှာလား''

''ဒါကတော့ စောဂျိမ်းရေဘူးထဲ ကဟာလေးလဲ နည်းနည်းမျှဦးမှပေါ့''

''အေး ...ဒီလိုလုပ်စမ်းပါကွ''

ပြောင်သားမီးကင်နံ့က ပတ်ဝန်း ကျင်တစ်ခုလုံး မွှေးကြိုင်သွားသလို ထမင်းမပါသော်လည်း ငါးပိကင်၊ မြူ ရွက်သုပ်နှင့် ပြောင်သားကင်က ရမ် အရက်နှင့် ပေါင်းစပ်လိုက်သောအခါ မီးကင်ထားသော ပြောင်သားတုံးကြီး လည်း တက်တက်စင်အောင် ပြောင် သွားပါတော့သတည်း။

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com





ည …

လမထွက်သေးသဖြင့် ကြယ်ရောင်ဖြင့်သာ ညသည် အားနည်းဖျော့တော့စွာ လင်းလက်နေ၏။

သူရနှင့်ဥက္ကာက မှောင်ရိပ်ကျသော သစ်ပင်ကြီးတစ်ပင်အောက်တွင် စီးလာသော မြင်းများကို ရပ်တန့်ထားခဲ့လျက် ကြယ်ရောင်ဖျဖျအောက်သို့ လှမ်းထွက်ခဲ့ကြသည်။ သူတို့၏ ဦးတည်ရာတွင် အုတ်တိုက်ဟောင်းအိမ်တစ်လုံးကို မသဲမကွဲမြင်ရ၏။ ဥက္ကာက လှမ်းနေသည့် ခြေလှမ်းကို ရပ်တန့်၍ အုတ်တိုက်ဆီ မျှော်ကြည့်ရင်း အကဲခတ်သည်။ သူရက လေသံတိုးတိုးဖြင့် …

''ဒီအိမ်ဆိုတာ သေချာတယ် မဟုတ်လား''

''သေချာပါတယ် ..၊ ငါ သေချာမှတ်ခဲ့တာပဲ။ မမှားနိုင်ပါဘူး''

''ဒါဆိုရင် တို့ဝင်ပြီး မင်းပြောတဲ့ အရှုးကောင်ကို ဖမ်းကြမလား''



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အခန်းဆက်ဝတ္ထုရှည်

# မင်းမဟာကျော်ခေါင်

## ချစ်သောပန်ထွာ

www.burmeseclassic.com

အရှင်ဟာ
တိုင်းပြည်အုပ်ချုပ်
မင်းလုပ်နေတဲ့
ဘုန်းသမ္ဘာရှင်
ဘုရင်မကြီးဆိုပေမယ့်
မိန်းမလေကွာ။
မိန်းမတွေရဲ့ စိတ်ဟာ
တို့ယောကျ်ားတွေလောက်တော့
မခိုင်မာဘူးပေါ့ကွာ။
နူးညံ့ပျော့ပြောင်းတယ်။
ယုံလွယ်တတ်တယ်
မဟုတ်လား•••

"အဲဒီအတွက် တို့လာတာပဲကွာ၊ လာ ..ဝင်ကြမယ်"

ကျောမှာလွယ်ထားသည့်ဓားကို ဓားအိမ်အတွင်းမှ အသံမထွက်အောင် ဆွဲထုတ်လိုက်ကြသည်။ ကြယ်ရောင် လဲ့လဲ့တွင် သံမဏိဓားသွားများက ဖျတ်ခနဲ တောက်လက်သွား၏။ သူရနှင့် ဥက္ကာက ဓားကို လက်မှာတင်းတင်း ဆုပ်၍ ခြေကိုဖော့နင်းလျက် အုတ်တိုက်ဆီ ချဉ်းကပ်သည်။

ဝင်းထရံမှာ ဝါးကပ်ကို စိပ်စိပ် ယက်၍ ကာထား၏။ အတော်ဟောင်း နွမ်းနေပုံရသည်။ ဝင်းထရံပေါ်တွင်လည်း သပွတ်နွယ်ပင်များ ပိန်းပိန်း ပိတ်အောင် ဖုံးအုပ်ထား၏။ အပြင်မှ ရုတ်တရက်ကြည့်လျှင် ခြံတွင်းကို လုံးဝ မြင်ရနိုင်ပုံမရ။ သူရနှင့်ဥက္ကာက ခြံစည်းရိုးဝင်းထရံကို ပြေးကပ်၍ ခြံအတွင်းမှ အုတ်တိုက်ဟောင်းကို လေ့လာသည်။

ထိုစဉ် •••

အုတ်တိုက်ဟောင်းကြီး၏ အဝင် အထွက်တံခါးကြီးပွင့်လာလျက်အတွင်းမှ မီးရောင်လဲ့လဲ့ အပြင်ဘက်သို့ ဖိတ်စင်ကျလာ၏။ သူရနှင့်ဥက္ကာ အသက်ပင်မရှူမိဘဲ စိတ်ဝင်တစား စောင့်ကြည့်သည်။

အုတ်တိုက်ထဲမှ လူသုံးယောက် ထွက်လာပြီးနောက် အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခဏအကြာတွင် မြင်းနှစ်စီးခွာသံပြင်းပြင်းဖြင့် ပြေးထွက်သွားသံ ကြားလိုက်သည်။

ကျန်တစ်ယောက်က အုတ်တိုက်ထဲပြန်ဝင်၍ တံခါးကို ပိတ်လိုက်သည်။ မီးရောင်လက်နေသည့် ညဝန်းကျင် က ချက်ချင်း ပြန်၍အမှောင်ကျသွား၏။ မျှော်လင့်မထားမိသည့် မြင်ကွင်းကို ငေးကြည့်နေရာမှ သတိရလျက် ..

"ဟာ ..ဟိုကောင်တွေကို တို့ ဆီးဖမ်းလိုက်ဖို့ကောင်းတာကွာ။ ရုတ်တရက် ကြောင်ပြီး ကြည့်နေလိုက်မိတယ်"

"ဒီကောင်တွေကအရှူးကိုနောက်က ကြိုးကိုင်တဲ့အပေါင်းပါတွေ ဖြစ်လိမ့်မယ်ကွ။ ခုန ထွက်သွားတဲ့ကောင်တွေထဲမှာ အရူးမပါဘူး။ အရူးက တံခါးဖွင့်ပေးတယ်။ ပြီးတော့ အိမ်ထဲပြန်ဝင်ပြီး တံခါးပိတ်တာကို ငါမြင်လိုက်တယ်။ အဲဒီအရူးကောင် အိမ်ထဲမှာပဲ ရှိနေတယ်။ ကဲ ..လာ တို့အစီအစဉ်အတိုင်း အရူးကိုပဲ ဖမ်းစစ်ကြတာပေါ့ကွာ။ အိမ်ထဲကို ဘယ်လိုဝင်လို့ရမလဲ ဆိုတာ စဉ်းစားကွာ"

ခန္ဓာကိုယ်များကို ခြံစည်းရိုးဝင်းထရံနှင့်ကပ်၍ ပုန်းကွယ်နေရာမှ ခွာလိုက်သည်။ ခြံစည်းရိုးကို ထောက်မိသည့်လက်တွင် အိုးမည်းများကပ်ပါလာ၏။ အခိုင်အမာ ခြံစည်းရိုးဝင်းထရံကို အဟောင်းအဆွေးဟုအထင်ရောက်အောင် အိုးမည်းနှင့်ရွှံ့စေးသုတ်၍ ပုံဖျက်ထားမှန်း သိလိုက်သည်။

သည်အုတ်တိုက်ကို အခြေပြုနေသူများသည် သူတို့ခြံအတွင်းသို့ ရန်သူ အလွယ်တကူ ကျူးကျော်ဝင်ရောက် ခြင်းမပြုနိုင်စေရန် ခြံစည်းရိုးကို အခိုင်



www.burmeseclassic.com

www.burmeseclassic.com



အမာ ကာရံထား၏။ သို့သော် အုတ်တိုက်အဟောင်းကြီးနှင့် ခြံစည်းရိုးဝင်းအရံအသစ်ကြီးဆိုလျှင် သည်အိမ်တွင် ဝင်ထွက်နေသူများကို သင်္ကာမကင်း ဖြစ်လာနိုင်သည့်မို့ ပုံဖျက်ထားပုံရသည်။ သည်အုတ်တိုက်ဟောင်းကြီး ကို အခြေပြုလှုပ်ရှားနေသူများသည် ဘာကယ်ပင် ဗိသုကာနီးကို ဖျက်ဆီးရန် အကြံရှိသူများဖြစ်နိုင်၏။ သူရဆီမှ အသံတိတ်နေသဖြင့် ဥက္ကာက အားလိုအားမရ ဖြစ်လာလျက် ..

"ဘယ်လိုလဲ သူရ၊ တို့အိမ်ထဲကို ဘယ်လိုဝင်ကြမလဲ"

"ဩော် .. အေး ဟုတ်သားပဲ။ ငြိ အတွေးလွန်သွားမိတယ်ကွာ။ ကဲ .. သာ ငါ့နောက်က လိုက်ခဲ့"

သူရက ခြံပေါက်ဝဆီ ရှေ့မှ လျှောက်သွား၏။ ဥက္ကာက နောက်မှ ကပ်လိုက်သည်။ စောစောက မြင်းစီးသွားသူများထွက်သွားသည်နှင့် အကဲမှ အရှုံးကောင်က ခြံတံခါးကို အသေအချာ တုတ်ကန့်လန့်ဖြင့် ပိတ်လိုက်ပုံရသည်။ ခြံတံခါးကိုလည်း အခိုင်အမာ ဝင် ပြုလုပ်ထားသည်။ အပြင်မှဖွင့်ရန် ခက်ခဲနေသဖြင့် သူရနှင့်ဥက္ကာက ကြောင်ရိုင်းများနှယ် ခြံတံခါးကို ပေါ့ပါးစွာကျော်တက်လျက် ခြံဝင်းထဲသို့ ခုန်ချလိုက်သည်။

ခြံထဲရောက်သွားသည်နှင့် အခြေအနေကို ခေတ္တစောင့်ကြည့်သည်။ ထူးခြားမှုမရှိသောအခါမှ အုတ်တိုက်ကြီး၏ တံခါးဆီ ပြေးကပ်လိုက်သည်။ သူရက တံခါးကို ခပ်ဖွဖွခေါက်လိုက်၏။

"ဒေါက် .. ဒေါက်"

"ဘယ်သူလဲ"

အိမ်ထဲမှ ခပ်မာမာမေးသံထွက်လာ၏။

သူရက လေသံတိုးတိုးဖြင့် တံခါးအနီးကပ်လျက် ...

"တို့ပါကွ၊ မင်းကိုမှာခဲ့ဖို့မေ့နေတာကို သတိရလာလို့ လာခဲ့တာပါ။ တံခါးမြန်မြန်ဖွင့်ဟေ့ အချိန်မရှိဘူး"

အထဲမှလူက သူရစကားကို ယုံသွားဟန်တူ၏။ တံခါးမင်းတုပ်ဖွင့်သံကြားရ၏။ သူရနှင့်ဥက္ကာက အသင့်အနေအထားဖြင့် စောင့်နေလိုက်သည်။ တံခါးက ကျိုးကျိုးကျည်ကျည်မြည်၍ ပွင့်လာသည်။ အတွင်းမှ မီးရောင်များ အပြင်သို့ တိုးထွက်လာ၏။ သူရနှင့် ဥက္ကာက ပွင့်လျက်သားတံခါးကို ကျောနှင့်ကပ်၍ ပိတ်လိုက်၏။ အတွင်းမှ အံ့ဩမှင်သက်နေသူကို သေချာကြည့်လိုက်သည်။ မုတ်ဆိတ်ကျင်စွယ်မရှိ၊ အသားဖြူဖြူ၊ လူရည်သန့်သန့်၊ ဥပဒိ ရုပ်ကောင်းကောင်းနှင့် သူရပ်နေသည့် နောက်ဘက်ရှိ စားပွဲခုံပေါ်တွင် ဆံပင်တုတစ်ခု၊ မုတ်ဆိတ်ကျင်စွယ်နှင့် နှုတ်ခမ်းမွေးအတုတစ်ခု၊ အဝတ်အစား အစုတ်အနုပ်တွေ တင်ထားသည်များကိုလည်း မြင်ရသည်။

သေချာသွားပြီ။ ရုပ်ဖျက်၍ အရှုံးယောင်ဆောင်သူမှာ ထိုသူပင် ..။

သူရက ရင်ဘတ်ကို ဓားနှင့် ထောက်လိုက်၏။

"မသေချင်ရင် ငြိမ်ငြိမ်နေ"

"ဟာ .. မင်း .. မင်းတို့က"

"အေး .. တို့က မင်းရဲ့ သေမင်းတွေပဲ"

အတွင်းမှလူက မမျှော်လင့်ဘဲ ရန်သူနှင့်ရင်ဆိုင်လိုက်ရသဖြင့် အံ့ဩတုန်လှုပ်သွားရာမှသတိရလျက် နောက်သို့ ဆုတ်သွားပြီးလျှင် စားပွဲပေါ်တွင် အရှုံးဟန်ဆောင်သည့်ပစ္စည်းများနှင့် အတူရော၍ ကန့်လန့်ဖြတ်တင်ထားသည့်ဓားကို ကောက်ကိုင်လိုက်သည်။

မျက်ခြေမပြတ်စောင့်ကြည့်ထားသည့် သူရက စားပွဲပေါ်မှ ဆွဲယူလိုက်သည့်ဓားကို သူ့ဓားပြားနှင့် ရိုက်ချလိုက်သည်။

ဖြောင်း ..

အား ..

ရန်သူက နှုတ်မှ အားခနဲ အော်၍ ဓားလွတ်ကျသွား၏။

လက်နက်မဲ့ဖြင့် ဓားသမားနှစ်ယောက်ကို မယှဉ်နိုင်မှန်းသိသွားသည့် ရန်သူက အပေါက်ဝဆီသို့ပြေးထွက်၏။

အပေါက်ဝမှာ ပိတ်ကာရပ်နေသည့် ဥက္ကာက ခြေနှင့်ဆောင့်ကန်လိုက်သည်။ ဝုန်းခနဲ ကြမ်းပြင်ပေါ်ပစ်ကျသွား၏။ သူရက ရန်သူကို ဓားနှင့် ထောက်ပြီးနောက် ...

"ခေါင်းမပြတ်ချင်ရင် တို့မေးတာကို ဖြေ"

"ဟုတ် .. ဟုတ်ကဲ့၊ ဖြေပါ့မယ်။ မသတ်ပါနဲ့ဗျာ"

"အေး .. မေးတာကို ဖြေရင် မင်းကို မသတ်ဘူး။ ကဲ .. ထစမ်း"

ရန်သူက အမိန့်အတိုင်း ကုပ်ကုပ်ကလေး ထရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ ..မင်းကို အရှုးယောင်ဆောင်နိုင်းပြီး မဟုတ်က ဟုတ်က ကောလာဟလတွေကို တစ်မြို့လုံးလျှောက်ဖြန့်နိုင်းတဲ့လူကို သိချင်တယ်။ မင်းဖြန့်တဲ့ အဲဒီကောလာဟလသတင်းကြောင့် မြို့သူမြို့သားတွေ အထိတ်တလန့်ဖြစ်နေကြပြီကွ။ ပြောစမ်း ..မင်းကို နိုင်းတဲ့လူဟာ ဘယ်သူလဲ''

''ဗျာ ..အဲ ..အဲ ..ဒါက''

အရှုးက တဆတ်ဆတ်တုန်နေရာမှ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရင်း ပုဆိုးခါးပုံစထဲမှ တစ်စုံတစ်ခုကို ဖျတ်ခနဲယူ၍ ပါးစပ်ထဲသို့ ထည့်လိုက်သည်။

''ဟေ့ကောင် ..မင်း အဲဒါ ဘာလုပ်တာလဲကွ ဟင်''

သူရ တားဆီးဖို့ နောက်ကျသွားခဲ့ပြီ။ ရန်သူ၏ ပါးစပ်အတွင်းမှ ပန်းရောင် အမြှုပ်များ တစီစီ စီးထွက်လာ၏။ မျက်လုံးအစုံမှာလည်း အဆမတန်ပြူးထွက်လာသည်။ ဝေဒနာအပြင်းအထန်ခံစားရဟန်ဖြင့် မျက်နှာတစ်ခုလုံး အရှုံ့ရှုံ့အမဲ့မဲ့ဖြစ်သွားရာမှ လက်တွေနှင့် ခန္ဓာကိုယ်ကြီးတစ်ခုလုံး ကောက်ကွေးတွန့်လိမ်လျက် ဘိုင်းခနဲ ပစ်လဲသွား၏။

''ဟာ ..ဒီကောင် အဆိပ်ဆေးလုံးကိုစားပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားတာပဲကွ။ ဘုရင်မကြီးကို လုပ်ကြံတဲ့ကောင်ကို ဖမ်းတုန်းကလည်း ခုလိုပဲလုပ်တာပဲ။ ဒီကောင်တွေဟာ တစ်ဂိုဏ်းတည်းသားတွေပဲဖြစ်မယ်''

''အေးကွာ ..၊ ဒီကောင်စားတဲ့ အဆိပ်က တော်တော်ပြင်းတယ်ကွ။ ချက်ချင်းလဲသေသွားတာပဲနော်''

သူရက သက်မောရှိုက်သည်။ သစ္စာဖောက်များကို ဖော်ထုတ်နိုင်မည့် တစ်ခုတည်းသော အားထားရာသက်သေမှာ သူ့အလိုလို နှုတ်ပိတ်သွားခဲ့ပြီဖြစ်၏။ ဘာဆက်လုပ်ရမည်ကို စဉ်းစားရင်းမှ အကြံရလိုက်၏။

သူရက သေသူ၏ ခန္ဓာကိုယ်တွင် သဲလွန်စ တစ်စုံတစ်ရာတွေ့လိုတွေ့ငြား ရှာကြည့်သည်။ အလောင်း၏ အင်္ကျီ လျှို့ဝှက်အိတ်ထဲတွင် မာမာတစ်ခုစမ်းမိသဖြင့် အလျင်စလို နှိုက်ယူလိုက်သည်။ လက်ထဲတွင် ပါလာသည်က တံဆိပ်ပြားတစ်ခု။

တံဆိပ်ပြားမှာ မြေတံဆိပ်ပြားဖြစ်၏။ မီးကျက်ကျက်ဖုတ်ထားသဖြင့် ကြေးနီရောင်ပေါက်နေသည်။ အမောက်ထောင်၍ မာန်တင်းနေသည့် နဂါးတစ်ကောင်က ၇-၆-၇ ဟူသော ဂဏန်းသုံးလုံးကို ရစ်ပတ်ထားပုံဖြစ်၏။

တံဆိပ်ပြားကို စိစိကြည့်၍ ..အဓိပ္ပာယ်ဖော်ကြည့်သည်။ သူ မည်သို့မျှ ဉာဏ်မမီ။ သည်လျှို့ဝှက်တံဆိပ်ပြားသည် သေသူနောက်မှ ကြိုးကိုင်သည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုကို ကိုယ်စားပြုနေပုံပင်။ တံဆိပ်ပြားကို ဥက္ကာလက်ထဲသို့ လှမ်းပေးလိုက်သည်။

ဥက္ကာကလည်း တံဆိပ်ပြားကို အပြန်အပြန်အလှန်လှန်ကြည့်၍စဉ်းစားသည်။ သူလည်း နောက်ဆုံးတွင် လက်လျှော့ရတော့၏။

''ဒီတံဆိပ်ပြားဟာ ဘာကို ကိုယ်စားပြုတယ်ဆိုတာတော့ အသိရခက်တယ်ကွာ။ ဒါပေမဲ့ ဘယ်လောက်ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်ပဲဖြစ်ဖြစ် တစ်နေ့မှာတော့ ပေါ်လာမှာပါပဲ ..။ အချိန်ပဲ စောင့်ရမယ်။ တို့မှာ ဘာမှ လက်ဆုပ်လက်ကိုင်မရှိတာနဲ့စာရင် ဒီ သဲလွန်စတစ်ခုရှိနေတာဟာ အားတက်စရာပေါ့ကွာ''

''အေးလေ ..ဟုတ်ပါတယ်။ ဒီ အိမ်ကြီးထဲမှာ နောက်ထပ်သဲလွန်စ တစ်ခုခု တွေ့လိုတွေ့ငြား ရှာကြည့်ဦး မယ်ကွာ''

''အေး''

အတွင်းခန်းများကို ဝင်ကြည့် သောအခါ အံ့သြစရာများ တွေ့ရပြန် ၏။ တိုက်အိုကြီးမှာ အပြင်မှကြည့် လျှင် ဟောင်းနွမ်းနေသော်လည်း အတွင်းခန်းများမှာ သန့်ရှင်းသပ်ယ နေ၏။ ပစ္စည်းပစ္စယများမှာ သူ့နေရာ နှင့်သူ စနစ်တကျရှိနေ၏။ တိုက်အို ကြီးကို အသုံးပြုနေသူများသည် ပုံမှ များမဟုတ်သည်မှာ ထင်ရှားသည် အထိုက်အလျောက် အဆင့်အတန်း သူများဖြစ်နိုင်၏။

ထမင်းစားခန်းထဲရှိ စားပွဲတ လုံးပေါ်တွင် မြေသေရည်အိုးတစ်လုံး မြေခွက်များ၊ စားပြီးသား အရိုးအရ များနှင့် လုံးဝမစားရသေးသော ကြ ကြော်တစ်ကောင်ပင် ရှိနေသေးသည် သည်ဝိုင်းတွင် စောစောကထွက်သွ သူနှစ်ယောက်နှင့် ကျန်ခဲ့သူတို့ စားသောက်နေရင်း အကြောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



စစ်ရာပေါ်လာသဖြင့်အလျင်စလိုထွက်သွားကြပုံရသည်။ အခြား မသင်္ကာဖွယ်သဲလွန်စ မတွေ့ရ။ ရှာဖွေခြင်းအလုပ်ကို လက်လျှော့ကြရတော့၏။ ဥက္ကာက ...

"တို့ ပြန်ကြမယ်ကွာ။ ဒီမှာဆက်နေလို့လည်း အကျိုးမရှိတော့ပါဘူး။ ဒီမသာလောင်းကြီးနဲ့အတူ ရှိနေရတာ ကျက်သရေယုတ်လွန်းလို့ပါ"

"ဟာ ..မင်းလို သချိုင်းကုန်းမှာနေတဲ့ကောင်က ဒီစကားမျိုးပြောရတယ်လို့ကွာ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီအထဲမှာနေရတာ မွန်းကျပ်တယ်ကွ၊ ပြန်ကြမယ်ကွာ"

ဥက္ကာ၏ ဆန္ဒကို လိုက်လျော၍ ပြန်ထွက်ခဲ့သည်။

"ဩော် ..ခဏဟေ့ သူရ"

ဥက္ကာက ထမင်းစားခန်းထဲ ပြန်ဝင်သွားလျက် စားပွဲပေါ်မှ မစားရသေးသည့် ကြက်ကြော်နှင့် သေရည်အိုးကို ဆွဲယူလိုက်သည်။ သူရက ..

"ဟေ့ကောင် အဲဒါဘာလုပ်တာလဲ"

"ရန်သူတစ်ယောက်ကို ရှင်းပစ်လိုက်နိုင်တဲ့ အထိမ်းအမှတ်နဲ့ မင်းနဲ့ငါ ဒီည ဒီကြက်ကြော်နဲ့ သေရည်ကို ဖိမ်ခံသောက်ပြီး အောင်ပွဲခံမယ်လေကွာ။ ဒီမှာ ထားခဲ့လို့လည်း ဒီမသာကောင်က ထစားနိုင်တော့မှာမှမဟုတ်ဘဲ ..ဟား ..ဟား ..ဟား"

## အခန်း(၁၆)

## ပျောက်သွားသည့်အလောင်း

ဖိနပ်သံတခွပ်ခွပ်က သချိုင်းဇရပ်ကြီး၏ မြေတိုက်ခန်းဆီ ဦးတည်လာနေ၏။ သူရ နားစွင့်ထားလိုက်သည်။ ဖိနပ်သံမှာ ကြားနေကျတစ်ယောက်တည်း ဖိနပ်သံမဟုတ်။ နှစ်ယောက်ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။ တစ်ယောက်မှာ ခါတိုင်းကြားနေကျ ဥက္ကာ၏ဖိနပ်သံ၊ သူနှင့်အတူပါလာသည့် အဖော်ဖြစ်သူ၏ ဖိနပ်သံမှာ ပြင်းပြင်းနင်းလာသည့်ဖိနပ်သံ။

မကြာပါ ..

လှေကားထစ်များကိုနင်း၍ မြေတိုက်ခန်းထဲသို့ ဆင်းလာနေသည့် ဥက္ကာနှင့်သူ၏အဖော်က မြင်ကွင်းမှာ ပေါ်လာသည်။ ရုတ်တရက် မည်သူမည်ဝါဖြစ်သည်ကို မဝေခွဲနိုင်သေး။ အနီးရောက်လာ၍ ပြုံးလိုက်တော့မှ တပ်မှူးပါလမှန်း သိလိုက်ရသည်။ တပ်မှူးပါလက ခရီးရောက်မဆိုက်ပင် ..

"မင်းကို ဒီလို ကျန်းကျန်းမာမာ တွေ့ရတာ ဝမ်းသာတယ် သူရရေ့"

သူရက ပါလကို မကြည့်ရဲကြည့်ရဲဖြင့် ကြည့်သည်။ ပါလအပေါ် အထင်မှားမိခဲ့သည်များကို တွေးမိလျက် မျက်နှာချင်းဆိုင်ရမှာကို မလုံမလဲဖြစ်လျက်ရှိရာမှ ...

"ကျုပ်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် တပ်မှူးရယ်"

"ငါတစ်ယောက်တည်းဆိုရင် ကယ်ချင်မှ ကယ်နိုင်မယ်ကွ။ ဥက္ကာဝင်ကူလို့ ကယ်နိုင်တာပါ"

"ဟုတ်ပါတယ်လေ၊ ကျုပ်ကလည်း နှစ်ယောက်စလုံးကို ကျေးဇူးတင်တာပါ"

သူရက ဒဏ်ရာရနေချိန်တွင် ဆေးကုပေးခဲ့သည့် စိတ္တာ၏အကြောင်းကိုတော့ ထည့်မပြောခဲ့ပေ။ ဥက္ကာတွင် ပန်ထွာဘုရင်မကြီးနှင့် ခွဲမရအောင် ရုပ်ချင်းတူသည့် ညီမလေး စိတ္တာရှိနေခြင်းကို တပ်မှူးပါလ မသိစေချင်၍ ဖြစ်သည်။

"ငါ အခုလာတာက မင်းအခြေအနေကို သိချင်လို့ လာတာကွ"

"ကျုပ်တို့ကလည်း ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲဗျာ"

"ဘာလဲ၊ မင်းတို့မှာ ငါ့ကိုပြောစရာအကြောင်းထူးရှိနေလို့လား"

သူရနှင့်ဥက္ကာက တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲကြည့်မိကြ၏။ သူတို့သိထားသည်များကို ပါလအား ပြောသင့်မပြောသင့် မဝေခွဲနိုင်သေးဘဲ ခေတ္တမျှ ငြိမ်သက်နေမိကြသည်။ သူတို့ထံမှ စကားသံထွက်မလာသဖြင့် ပါလက အားမလိုအားမရ မေးသည်။

"ဘာလဲကွ၊ ဘာအကြောင်းမို့ မင်းတို့က အပြောခက်နေတာလဲ"

သူရနှင့်ဥက္ကာ ပြိုင်တူဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် သူရက ပါလကို မေးခွန်းတစ်ခုမေးသည်။

"ခုတလော မြို့ထဲမှာ ဘာများထူးခြားနေသလဲ တပ်မှူး"

www.burmeseclassic.com

အဲဒီအရူး
သူ့ကိုယ်သူ
စီရင်သွားတာကလည်း
အရှင့်ကို လုပ်ကြံတုန်းက
ထွက်ပြေးသွားတဲ့
တစ်ယောက်ကို
ကျုပ်တို့ လိုက်ဖမ်းတုန်းက
သူ့ကိုယ်သူ
အဆုံးစီရင်သွားတဲ့
နည်းအတိုင်းပဲ၊
အဆိပ်ဆေးကို
စားသွားတာဗျ။
ဒါကိုကြည့်ရင်
ဒီကောင်တွေဟာ
သရေခေတ္တရာနဲ့
ဆက်စပ်မှုရှိနိုင်တယ်
...

သူရအမေးကြောင့် ပါလက တွေ ၍စဉ်းစားနေရာမှ သတိရသွားလျက် ..

''နိမိတ်လိုလို .. တဘောင်လိုလို သံပေါက်လိုလို ရွတ်ဆိုနေသံတွေ ပျံ့နှံ့နေသံတော့ ကြားတယ်ကွ။ ငါလည်း အဲဒီအသံတွေ အရှင့်နားဆီပေါက်ကြား မသွားအောင် နန်းတွင်းသားတွေကို တီးတိုးတိတ်တိတ် အမိန့်ထုတ်ထားပြီး တားဆီးထားရတယ်။ အရှင်ကြားသွားရင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့''

အမြော်အမြင်ကြီးသည့် ပါလ၏ ဆောင်ရွက်ချက်ကို သူရနှင့်ဥက္ကာ လေးစားသွားသည်။

''အရှင်က ဒီလို ကောလာဟလ စကားတွေကို ယုံတတ်သလား တပ်မှူးရဲ့''

''ဒါကတော့ကွာ .. အရှင်ဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ ဘုန်း သမ္ဘာရှင် ဘုရင်မကြီးဆိုပေမယ့် မိန်းမ လေကွာ။ မိန်းမတွေရဲ့ စိတ်ဟာ တ ယောကျ်ားတွေလောက်တော့ မခိုင်မာ ဘူးပေါ့ကွာ။ နူးညံ့ပျော့ပြောင်းတယ် ယုံလွယ်တတ်တယ်မဟုတ်လား။ အဲဒီ နိမိတ်တဘောင်သံတွေကြားပြီး အထိတ်တလန့်ဖြစ်မှာစိုးလို့ ငါက ရွှေ နားတော်မပေါက်အောင် တိုးတိုးတိတ် တိတ် တားဆီးထားရတာပေါ့။ ဒါနဲ့ အဲဒီ အကြောင်း မင်းတို့က ဘာကြောင့်မေး တာလဲ''

''အဲဒီကောလာဟလနဲ့ပတ်သက် ပြီး ကျုပ်တို့မှာ ပြောစရာရှိလို့ပေါ့ဗျာ''

''ဟေ .. ဘာများလဲကွ''

''ဒီလိုဗျာ''

သူရက သောကြာကြယ်နှင့်လ နီးကပ်စွာတည်ရှိခြင်းမှာ သဘာ





www.burmeseclassic.com

www.burmeseclassic.com



ရားအရ ဂြိုဟ်ပူးယှဉ်ခြင်းသာဖြစ်ကြောင်း၊ ထိုအခါကို အခွင့်ကောင်းယူလျက် မသိနားမလည်သူများ အသိတ်တလန့်ဖြစ်အောင် လူတစ်စုက ကြံစည်နေခြင်းဖြစ်ကြောင်း။ တစ်နေ့ ဥက္ကာ ဗိသနိုးမြို့ ဈေးကြီးသို့သွားရင်း အရူးတစ်ယောက်နှင့်တွေ့ရပုံ၊ အရူးမှ ကောလာဟလသတင်းများ လျှောက်ဖြန့်နေသဖြင့် မသင်္ကာဖြစ်ပြီး နောက်မှလိုက်လံထောက်လှမ်းခဲ့ပုံ၊ နောက်ဆုံး အရူးနေသည့် အုတ်တိုက်ကြီးကို သူတို့ဝင်ရောက်စီးနင်းဖမ်းဆီးသည်ထိ ပြောပြလိုက်သည်။ တပ်မှူးပါလက ငြိမ်သက်စွာ နားထောင်နေရာမှ ...

"အဲဒီကောင်အရူးယောင်ဆောင်ပြီး ကောလာဟလတွေ တမင်လိုက်ဖြန့်နေတယ်ဆိုတာ သေချာလား"

"သေချာတာပေါ့ဗျာ၊ ကျုပ်တို့က သူတို့ရဲ့ လျှို့ဝှက်စခန်းထဲထိ ရောက်ခဲ့ပြီးပြီပဲ"

"အရူးက သူ့ကိုယ်သူ အဆုံးစီရင်ပြီးနှုတ်ပိတ်သွားတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီအရူး သူ့ကိုယ်သူ စီရင်သွားတာကလည်း အရှင့်ကို လုပ်ကြံတုန်းက ထွက်ပြေးသွားတဲ့တစ်ယောက်ကို ကျုပ်တို့ လိုက်ဖမ်းတုန်းက သူ့ကိုယ်သူ အဆုံးစီရင်သွားတဲ့နည်းအတိုင်းပဲ၊ အဆိပ်ဆေးကို စားသွားတာဗျ။ ဒါကိုကြည့်ရင် ဒီကောင်တွေဟာ သရေခေတ္တရာနဲ့ ဆက်စပ်မှုရှိနိုင်တယ်။ ခင်ဗျား ဘယ်လိုထင်သလဲ"

"အဲဒီအရူးဟာ ငါတို့ ဗိသနိုးမြို့သားဆိုရင် ငါ သိချင်သိမယ်ကွ။ ဒါမှမဟုတ် ဘယ်ကကောင်လဲဆိုတာ လူမြင်ရင် ငါခန့်မှန်းနိုင်တယ်။ အဲဒီအရူးရဲ့အလောင်းကို ငါကြည့်ချင်တယ်"

"ရပါတယ် .. ကြည့်ချင်တယ်ဆိုရင် လိုက်ပို့ပေးမယ်"

§ § §

အုတ်တိုက်ဟောင်းကြီး၏ ဝင်းတံခါးကိုပွင့်လျက်တွေ့သည်။ ပထမအခေါက်လာစဉ်က ခက်ခက်ခဲခဲကျော်ဝင်ခဲ့ရသည့် အုတ်တိုက်ဟောင်းကြီး၏ ဝင်းတံခါးက ယခုကဲ့သို့ တံခါးမရှိ ဓားမရှိ အနေအထားဖြစ်သဖြင့် သူရနှင့် ဥက္ကာအဖို့ ထူးဆန်းနေ၏။

မြင်းတွေကို အုတ်တိုက်ကြီး၏ ဝင်းအတွင်း စီးဝင်ခဲ့လျက် တိုက်အဝင်တံခါးရှေ့မှာရှိသည့် မြင်းချည်တိုင်တွင် ချည်ထားခဲ့ပြီးနောက် တိုက်အိုကြီး၏ တံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

သူရနှင့်ဥက္ကာက ဓားတွေကို အသင့်ပြင်ထားသည်။ မတော်တဆ ရန်သူ့ထောင်ချောက်ထဲဝင်မိသလို ဖြစ်သွားလျှင် အသင့်ခုခံနိုင်ရန် ဖြစ်၏။ အတွင်းမြင်ကွင်းကို မြင်ရသည်မှာလည်း ပို၍ပင်အံ့သြစရာကောင်းနေပြန်၏။ ယမန်နေ့က သူတို့တွေ့ခဲ့ရသည့် ပရိဘောဂများ၊ အရူးနှင့် တိုက်ခိုက်စဉ်က ပြိုလဲကျသော စားပွဲနှင့် ခုံများလည်း မရှိတော့။ သူတို့မျက်စိရှေ့တွင် သူ့ကိုယ်သူ အဆုံးစီရင်သွားသည့် အရူး၏ အလောင်းကြီးမှာလည်း ပျောက်ချင်းမလှပျောက်နေ၏။ ဧည့်ခန်းထဲရှိ သေရည်အိုးများနှင့် စားကြွင်းစားကျန်များကိုပင် ရှင်းလင်းထားသည်။ အားလုံးခြုံ၍ ကြည့်မည်ဆိုလျှင် ဤ အုတ်တိုက်အဆောက်အဦကြီးထဲတွင် လူနေခဲ့သည်ဆိုခြင်းနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် အရိပ်လက္ခဏာများ လုံးဝမရှိအောင်ပင် ရှင်းလင်းထားခဲ့ကြသည်။ သူရနှင့်ဥက္ကာ နားမလည်နိုင်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။

"ဘယ်လိုဖြစ်တာလဲကွ၊ အစအနတောင် မတွေ့ရတော့ပါလား"

"အေး .. ရန်သူက သူတို့ဒီမှာ ရှိခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားမကျန်အောင် လက်ဦးမှုယူပြီး ရှင်းလင်းသွားတာ ဖြစ်မှာပေါ့ကွာ"

"မင်းတို့ နေရာများ မှားသလားကွ .. ဟင်"

"မမှားနိုင်ပါဘူးဗျာ။ သူတို့နဲ့ ဒီနေရာမှာ လူသေတဲ့အထိ တိုက်ခိုက်ခဲ့ကြတဲ့ အထောက်အထားတွေကို ဖျောက်ဖျက်ပစ်တယ်ဆိုတာက လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ဗိသနိုးမြို့ထဲမှာ ခြေကုပ်ယူပြီး လှုပ်ရှားနေခဲ့တယ်ဆိုတာကို ခင်ဗျားလို တာဝန်ရှိသူတွေ မသိစေချင်တဲ့အတွက် သဲလွန်စဖျောက်ပစ်ခဲ့တာဖြစ်မှာပေါ့"

သူရက မကျေမနပ်ဖြင့် တောက်တစ်ချက် ပြင်းပြင်းခေါက်ရင်း ပြောရာမှ သတိရလျက် ...

"ဩော် .. မေ့နေလိုက်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူရက သူ၏ ကိုယ်ကျပ်အင်္ကျီ အတွင်း အိတ်ထဲမှ မြေတံဆိပ်ပြားကို ထုတ်ယူလျက် ပါလကိုပြသည်။

"တပ်မှူး ‥ ဒီ တံဆိပ်ပြားကို သိသလား"

ပါလက သူရလက်ထဲမှ မြေ တံဆိပ်ပြားကို ယူကြည့်သည်။ ပြီး နောက် ခေါင်းကိုခါသည်။

"မသိဘူးကွ ‥၊ ငါတစ်ခါမှ ဒီ လိုနဂါးက ၇–၆–၇ ဆိုတဲ့ ဂဏန်းတွေ ကို ပတ်ထားတဲ့ အမှတ်အသားမျိုး မမြင်ဖူးဘူး။ မင်းတို့ ဒါကို ဘယ်ကရ တာလဲ"

"ဒီအခန်းထဲမှာ သေသွားတဲ့ အရူးကောင်ရဲ့ ကိုယ်ကျပ်အင်္ကျီထဲက ကျုပ်တို့ရှာလို့တွေ့တဲ့ သဲလွန်စ တံဆိပ် ပြားပေါ့ဗျာ"

"ဒါဆိုရင်တော့ ကောင်းကောင်း သိမ်းထားကွာ။ တစ်နေ့နေ့ တို့အနေနဲ့ တံဆိပ်ပြားရဲ့ လျှို့ဝှက်ချက်ကို ဖော်နိုင် ရင် သစ္စာဖောက်ကိုပါ ဖော်ထုတ်နိုင် လိမ့်မယ်"

သုံးယောက်သား မြင်းကိုယ်စီနှင့် အုတ်တိုက်ဟောင်းကြီးထဲမှ ပြန်ထွက် ခဲ့ကြလေ၏။

## အခန်း(၁၇)
## မမျှော်လင့်သည့်ဧည့်သည်

သချိုင်းဝတွင် မြင်းရထားတစ်စီး ရပ်လိုက်သည်။

ဇရပ်ပေါ်တွင် ထိုင်နေရာမှ သုံး ယောက်စလုံး ပြိုင်တူလိုပင် ထရပ်မိ ကြ၏။ မျက်လုံးတွေကလည်း ထူးထူး ဆန်းဆန်းဧည့်သည်ဆီ အကြည့် ရောက်သွားသည်။ မြင်းရထားကြီးပေါ် မှ ဆင်းလာသူမှာ အထိန်းတော်ကြီး ရှင်မိအူ။

သူရက တစ်ချက်မျက်မှောင် ကြုတ်၍ မြင်းရထားကြီးကို ကြည့် နေရာမှ သတိရသွားလျက် စိတ္တာလေး ဘက် ဖျတ်ခနဲ လှည့်လိုက်ရင်း …

"စိတ္တာ ‥ မြေတိုက်ခန်းထဲ ဝင် နေချေ။ အဲဒီ ဧည့်သည် နင့်ကို တွေ့ သွားလို့ မဖြစ်ဘူး"

စိတ္တာက ရပ်နေရာမှ ဖျတ်ခနဲ လှည့်ထွက်လျက် မြေတိုက်ခန်းဆီ ပြေး ဆင်းသွားသည်။ သူရနှင့်ဥက္ကာက ဇရပ် ကြီးပေါ်မှဆင်း၍ အထိန်းတော်ကြီး ရှင်မိအူကို ကြိုသည်။ အထိန်းတော် ကြီး ရှင်မိအူက ခရီးရောက်မဆိုက်ပင်။

"အကျွန် ဒီကိုရောက်လာလို့ အမောင်တို့ အံ့သြနေကြမယ် ထင် တယ်"

"ဟုတ်တယ် ‥ အထိန်းတော် ကြီး၊ အကြောင်းထူးရှိလို့ လာခဲ့တာ လား"

ရှင်မိအူက ဇရပ်ပျက်ကြီးနှင့် ပတ်ဝန်းကျင်အခြေအနေကို မျက်စိ ကစားလိုက်ရင်းမှ …

"လာတုန်းကတော့အရှင်နဲ့အတူ အဖရသေ့မြတ်ရဲ့ ကျောင်းသင်္ခမ်းမှာ ရောက်နေတဲ့ အာဂန္တုရဟန်းရှင်ကို ပူဇော်သက္ကာယပြုဖို့ လာခဲ့တာပဲ"

အာဂန္တုရဟန်းဆိုသည့်စကားက သူရအဖို့ ထူးဆန်းနေသည်။ မည်သို့ သော ရဟန်းဖြစ်သည်။ မည်သို့သော အကျင့်သီလကို ကျင့်သုံးဆောက်တည် မည်။ မည်သည့်အကြောင်းဖြင့် မည် သည့်အရပ်မှ လာရောက်သည်ဆိုခြင်း များကို စိတ်ဝင်တစား သိလိုလာသည်။

"နေပါဦး ‥ အထိန်းတော်ကြီးရဲ့ အဲဒီ ရှင်ရဟန်းဆိုတာက ဘယ်ကလာ တဲ့ အာဂန္တုရဟန်းလဲ။ ရှင်ရဟန်း သီတင်းသုံးတဲ့ အရပ်ဒေသနဲ့ ရဟန်း ရှင်ရဲ့ ဇာတိရပ်ရွာကရော ဘယ်ကတဲ့ လဲ"

"အင်း ရဟန်းရှင်ရဲ့ ဇာတိရပ် ရွာကတော့ ဘယ်ကလဲဆိုတာ အတိ အကျမသိပါဘူး အမောင်။ နန်းရင်းဝန် ကြီး ဒဿန အရှေ့တောင်တန်းဆီ တောလိုက်ထွက်ရင်း တောထဲမှာ တစ် ပါးတည်း သစ်တစ်ပင်ရိပ်၊ ဝါးတစ် ပင်ရိပ်မှာ ကျင့်ကြံအားထုတ်နေတဲ့ အကျင့်သီလဖြူစင်တဲ့ ရှင်ရဟန်းကို တွေ့လို့ ကြည်ညိုသဒ္ဓါပွားပြီး သူ့ရဲ့ စံအိမ်တော်ကြီးမှာ သီတင်းသုံးဖို့ ရည် ရွယ်ပြီး ပင့်ဆောင်လာခဲ့တာတဲ့"

"ဗိဿနိုးကိုရောက်တော့ ရှင် ရဟန်းက နန်းရင်းဝန်ကြီး ဒဿနရဲ့ စံအိမ်တော်မှာ သီတင်းသုံးဖို့ ဝိနည်းနဲ့ မညီလို့ ငြင်းပယ်တဲ့အတွက် ဖခင် ရသေ့မြတ်ရဲ့ ကျောင်းသင်္ခမ်းကို ပို့ပေး ခဲ့ရတာလို့ သိရတယ်"

"ဩော် ‥ အဲဒီလိုလား"

"ဟုတ်တယ် ‥ ကိုသူရ၊ ဖခင် ရသေ့မြတ်ဟာလည်း ရှင်ရဟန်းကိုတွေ့ ပြီး ကြည်ညိုသဒ္ဓါစိတ်တွေဖြစ်တဲ့ အတွက် အတူသီတင်းသုံးဖို့ ခွင့်ပြု တယ်။ ပြီးတော့ အရှင့်ထံ့ခြည်း ဆက်



www.burmeseclassic.com

www.burmeseclassic.com



သားလွှတ်ပြီးအကြောင်းကြားတဲ့အတွက် ဒီနေ့ အရှင်ကိုယ်တိုင် အဖူးမျှော်ထွက်ခဲ့တာပါပဲ။ ဖခင်ရသေ့ရဲ့ကျောင်းသခ်မ်းကိုရောက်တော့မှ ..''

အထိန်းတော်ကြီး ရှင်မိအူက ပြောလက်စ စကားကိုရပ်တန့်လျက် မသက်မသာ သက်မောကိုရှိုက်ရင်း လူသူလေးပါးကင်းရဲ့လားဟူသောသံသယဖြင့် ပတ်ဝန်းကျင်ကို မျက်စိကစားသည်။ ဆက်ပြောရမည့်စကားမှာ ရာဇဝတ်သင့်နိုင်သည်ထိ အနှောင့်အသွားလွတ်ဟန်မတူသဖြင့် ယုံကြည်စိတ်ချရမှု ရှိ/မရှိ လေ့လာပုံရလေသည်။ သူရ မနေသာတော့ ..

''ဆက်ပြောပါဦး အထိန်းတော်ကြီးရဲ့၊ ဖခင်ရသေ့မြတ်ကျောင်းသခ်မ်းရောက်တော့ ဘာတွေထူးသေးလို့လဲ''

အထိန်းတော်ကြီးက သူပြောမည့် စကားကို မြင်းရထားမောင်းသူရထားထိန်းမကြားစေချင်သဖြင့် အသံကို နှိမ့်လျက် သူရနှင့်ဥက္ကာအနားသို့ တိုးကပ်ပြီးလျှင် ...

''မြို့ထဲမှာ ဖြစ်နေတဲ့ နိမိတ်တဘောင်တွေကို ဒဿနပြောလို့ ဖခင်ရသေ့မြတ်ကကြားသိရကြောင်း အရှင့်ကို ပြောတယ်လေ။ အဲဒီတော့ အရှင်က ဘယ်လို နိမိတ်တဘောင်တွေလဲလို့ ဖခင်ရသေ့မြတ်ကို မေးတော့ ..''

''သောကြာကြယ်ကြီး လနှင့်နီး ပြည်ကြီးပျက်လတ္တံ့၊ စည်တော်အတုလ သိဒ္ဓိကျကျွန်ဘဝရောက်မည်ပ''

လို့ ဖခင်ရသေ့မြတ်က ဆိုပြလိုက်တော့ အရှင့်မျက်နှာတော်ဟာ ချက်ချင်းညှိုးကျသွားရှာတယ်။ တော်တော် စိတ်ထိခိုက်သွားပုံရတယ် ..။ အရှင့်လို စိတ်ဓာတ်ခိုင်မာတဲ့ နိုင်ငံ့ဥသျှောင်ဘုရင်မတစ်ပါးအနေနဲ့ ဒီလောက် စိတ်ဓာတ်ပျက်ပြားပြီး ထိခိုက်ကြေကွဲသွားတဲ့ အမူအရာမျိုး တစ်ခါမှမမြင်ဖူးဘူး။ အရုပ်ကြိုးပြတ်ဖြစ်သွားတဲ့အတွက် အကျွန်ကဘေးကနေပြီး မသိမသာ ဖေးကူးပေးထားရတဲ့အထိပဲ''



''အို .. ဟုတ်လား''

''အဲဒီနိမိတ်တဘောင်အကြောင်း သတင်းဖြစ်နေတာကြာပြီ။ ကြားတဲ့ လူတိုင်းလည်း အထိတ်တလန့်ဖြစ်နေရတဲ့အတွက် တပ်မှူးပါလက အရှင်ကြားရင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ အရှင့်နားမပေါက်စေနဲ့လို့ အကျွန့်ကိုတောင် နှုတ်ပိတ်ခိုင်းထားလို့ နန်းတွင်းသားတွေ တစ်ဆင့်စကား တစ်ဆင့်မပြောကြဖို့ ကျပ်ကျပ်တည်းတည်းတားမြစ်ထားခဲ့ရတာလေ။ အခုလို ဖခင်ရသေ့မြတ်အနေနဲ့ ဒဿနဆီကနေ သူကြားတဲ့အတိုင်း အရှင့်ကို ပြောလိုက်တာကတော့ အကျွန်လည်း မတတ်နိုင်ဘူးပေါ့''

သူရနှင့် ဥက္ကာ စိတ်အနှောင့်အယှက်ဖြစ်နေကြသည်။ ဤနိမိတ်တဘောင်ဆိုတာကြီးမှာ မဖြစ်နိုင်သည့် လုပ်ကြံဖန်တီးမှုကြီးမှန်း အစကတည်းက သိနေသော သူရနှင့်ဥက္ကာအနေဖြင့် အရှင့်နားတော်ထိမရောက်ရောက်အောင်ပို့သူ ဒဿနအား နားမလည်နိုင်အောင် ဖြစ်ကြရသည်။

ရှေ့လဆက်ရန်

မင်းမဟာကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အစတို့ဆုံးဝတ္ထု



## ဉာဏ်ဝင်းကျော်
## စူးရှသော မျက်လုံးတစ်စုံ

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်စကားအတိုင်း ကျွန်တော်တို့ရပ်ကွက်သူ ရပ်ကွက်သားများဟာ ကျန်းမာရေးအတွက် နာပကျန်းဖြစ်လာရင် ရပ်ကွက်အတွင်းမှာရှိတဲ့ သုခဆေးခန်းက ဆရာဝန်အောင်ချမ်းဆီကို ပြေးကြရပါတယ်။ အနာနဲ့ဆေးတည့်အောင်ပေးဆိုတဲ့စကားဟာလည်း ဆရာဝန် ဆရာမတွေအတွက် ပိုပြီးမှန်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဆရာအောင်ချမ်းနဲ့ ကျွန်တော့်အိမ်ဟာ တစ်လမ်းတည်း တစ်ရပ်ကွက်ထဲဖြစ်သလို အိမ်ချင်းကလည်း မျက်စောင်းထိုးပါ။ ဆရာအောင်ချမ်းဟာ အိမ်နဲ့ဆေးခန်း တွဲဖွင့်ထားတာပါ။

ကျွန်တော်ဟာ တစ်ခါတစ်ရံ ဆရာအောင်ချမ်းဆီမှာ ကျန်းမာရေးအတွက်ပြရသလို၊ အားလပ်တဲ့အခါမှာလည်း ဆရာအောင်ချမ်းထံ ရောက်ရှိကာ စကားစမည်ပြောလေ့ရှိပါတယ်။ ဆရာအောင်ချမ်းဟာ ဆေးပညာဗဟုသုတရော၊ အပြောအဆိုနဲ့ စာပေဗဟုသုတပါ ကြွယ်ဝတဲ့အတွက် ကျွန်တော်ဟာ လေးစားတဲ့အနေနဲ့ မကြာခဏ စကားပြောဖြစ်ပါတယ်။ ဆရာအောင်ချမ်းရဲ့ ဆေးခန်းဟာ တစ်နေ့နှစ်ကြိမ်ဖွင့်တာတောင် လူနာက မပြတ်ရှိနေတတ်ပါတယ်။ သုခဆိုတဲ့ အေးချမ်းမှုနဲ့ လူနာတွေကို ရွှန်းရွှန်းဝေအောင် ပြောနေတတ်တဲ့ ဆရာအောင်ချမ်းရဲ့ လူနာတွေအပေါ် ကရုဏာထားတဲ့ စကားတွေကြောင့်လားတော့ မပြောတတ်ပါဘူး။

တစ်နေ့ ကျွန်တော်နဲ့ ဆရာအောင်ချမ်း စကားပြောနေတဲ့အချိန်မှာ ဆိုက်ကားတစ်စီးနဲ့ လူနာရောက်လာပါတယ်။ ဆေးခန်းဖွင့်ဖို့အချိန်ကလည်း မိနစ်(၂၀)လောက်သာ လိုပါတော့တယ်။ လူနာဖြစ်တဲ့ ယောကျ်ားတစ်ယောက်ကို အမျိုးသမီးက ဆိုက်ကားပေါ်မှတွဲချပြီး အိမ်ထဲဝင်လာပါတယ်။ ဆရာအောင်ချမ်းကိုတွေ့တော့–

''ဆရာရယ် ကျွန်မယောကျ်ား ဗိုက်ထဲကအောင့်တာ တစ်နေ့လုံး မနေနိုင်လို့ တစ်ချက်လောက်ကြည့်ပေးပါ''

ဟု ဆိုပါတယ်။ ဆေးဝယ်သောက်တာလည်း မသက်သာဘူးလို့ ဆိုပါတယ်။ ဒါနဲ့ ဆရာအောင်ချမ်းဟာ လူနာကို တစ်ချက်လှမ်းကြည့်ပြီး ဆေးခန်းဖွင့်ချိန်မဟုတ်သေးဘူးလို့ ဆိုပါတယ်။ လူနာရှင်ဖြစ်တဲ့ ဇနီးလုပ်သူက မျက်နှာငယ်လေးနဲ့ တောင်းတောင်းပန်ပန် စကားဆိုပါတယ်။ ဒီတစ်ခါ ဆရာအောင်ချမ်းပြောလိုက်တဲ့စကားက–

''ဆေးခန်းဖွင့်ချိန် မဟုတ်ဘူး လူနာကြည့်ချိန်မဟုတ်တဲ့အတွက်တခြား ဆေးခန်းသွားပြပါ''

ဟု ပြောလိုက်ပါတယ်။

ထိုအခါ လူနာဖြစ်တဲ့ ယောကျ်ား လုပ်သူဟာ ဒေါက်တာအောင်ချမ်းရဲ့ အပြောအဆို အပြုအမူကို ကြားပြီး ဝေဒနာကို မရှုမလှ ရှုံ့မဲ့ ချွေးဒီးဒီးကျ အောင် ခံစားနေရတဲ့ကြားက ဇနီးလုပ်သူကို –

''လာ မိန်းမ . . တခြားဆေးခန်း သွားမယ်'' ဟု အသံမာမာနဲ့ပြောကာ ဆရာအောင်ချမ်းအား စူးရှသောမျက်လုံးတစ်စုံဖြင့် စိုက်ကြည့်ကာ ဆိုက်ကားပေါ်တက်ပြီး ထွက်သွားပါတယ်။

ကျွန်တော် ထိုနေ့က ဆရာဝန် အောင်ချမ်းရဲ့ အပြောအဆိုအပြုအမူ တွေကို နားမလည်နိုင်အောင်ဘဲ တွေး ရင်း ဆရာတစ်ယောက်ဟာ လူနာတစ် ယောက်အပေါ်မှာ ရှိသင့်တဲ့ နာသုံးနာ ဆိုတဲ့ ဝိသနာရယ်၊ မေတ္တာနာရယ်၊ ကရုဏာတရားတွေဟာ ဆရာအောင် ချမ်း ဆေးခန်းဖွင့်ချိန်မှာကဲ့သို့ အပြော ချိုတဲ့ အပြုံးမျက်နှာမဟုတ်တာကို တော့ . . .။

ဉာဏ်ဝင်းကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ရုံးသွားရင် စီးနေကျ ဂျပန်စက်ဘီးလေးကို သားတော်မောင်က အလွဲသုံးစားလုပ်ပြီး ရောင်းပစ်လိုက်တယ်။ မိဘနဲ့သားသမီးဆိုတော့လည်း ပြောရခက်သားလား။ စိတ်ထဲကနေ တော်တော်လုပ်ရက်တဲ့ကောင်လို့ပဲ သားအပေါ်မှာ မှတ်ယူလိုက်ရတယ်။

ဒါပေမဲ့လို့ နောင်ကြဉ်အောင်တော့ ကျွန်ုပ်ပြောလိုက်ပါတယ်။

''မင်းနော် .. ငါလိုမိဘနဲ့တွေ့လို့ သည့်ပြင် မိဘမျိုးနဲ့ဆိုရင် မလွယ်ဘူးမှတ်၊ သားဖြစ်တဲ့သူက အဖေ့စက်ဘီးကိုခိုးပြီး ရောင်းလိုက်လို့ အဖေကိုယ်တိုင်က သားဖြစ်တဲ့သူကို ရဲစခန်းပို့လိုက်တာလေ။ ဂျာနယ်ထဲမှာ ငါဖတ်ရတယ်ကွ''

ကျွန်ုပ် ပြောတော့လည်း သားအနေနဲ့ ငြိမ်ကုတ်ပြီး နားထောင်နေတယ်။ ဘာတစ်ခွန်းမှ ပြန်ပြောရှာတာ မဟုတ်ဘူး။ အေးလေ .. ပြန်မပြော နားမထောင်ဘူးဆိုတဲ့ အထဲမှာ မပါခဲ့ရင် ကျွန်ုပ်ကျေနပ်ပါတယ်။ ကျွန်ုပ်စက်ဘီးနဲ့ပတ်သက်ပြီး သားကို ဆုံးမပြီးတဲ့နောက်မှာ သည်ကောင် တော်တော်ငြိမ်ကျသွားတယ်။ ပြောသာပြောရတာပါ .. ကျွန်ုပ်က သားသမီးတွေရဲ့အပေါ်မှာ ဇက်စက်တတ်တဲ့ မိဘမျိုးမဟုတ်ပါဘူး။ စက်ဘီးမရှိတော့လည်း ရုံးဖယ်ရီနဲ့ ရုံးသွားရုံးပြန်လုပ်ခဲ့ရတာပေါ့။ မိသားစုတစ်ယောက်ရဲ့ သားသမီးတွေအပေါ်ထားရှိတဲ့ မေတ္တာဆိုတာ ဒါပါပဲ။ သားကိုချစ်တာလည်း ပါတာပေါ့။

ကျွန်ုပ်သားက ဆိုင်ကယ်ပြင်တဲ့လုပ်ငန်းတစ်ခုမှာ ဝင်လုပ်နေတဲ့သူပါ။ သူတို့လုပ်ငန်းကလည်း အောက်မြင်လေတော့ သားအနေနဲ့ ရပေါက်ရလမ်းတွေက မဆိုးလှပါဘူး။

တစ်နေ့ သားတော်မောင်တစ်ယောက် စက်ဘီးအသစ်ကလေးကိုစီးပြီး အိမ်ကိုပြန်ချလာတယ်။ ကျွန်ုပ်ကိုလည်း မြင်လိုက်ရော ..

''အဖေ ရုံးသွားရင်စီးဖို့ သားစုထားတဲ့ လုပ်အားခထဲကနေ ဝယ်လာတာ။ အဖေ့စက်ဘီးကို အလွဲသုံးစားလုပ်ခဲ့တဲ့အတွက် သားက အခုလို ပြန်ပြီး အလျော်ပေးတာပါ။ ဒါပေမဲ့ အဖေရယ် .. အဖေပြောတဲ့ ဂျာနယ်ထဲက စက်ဘီးခိုးတဲ့သားလိုမျိုးတော့ မဟုတ်ဘူးနော်။ လုပ်ရပ်ခြင်းတူပေမယ့် စရိုက်ခြင်းက ကွဲပြားတယ်ဆိုတာ အဖေ နားလည်ခံစားပေးပါ''

နားလည်ခံစားပေးရမှာပေါ့။ နားလည်ခံစားပေးရမယ်။ ကျွန်ုပ်ရင်က ဖြစ်လာတဲ့ သားပဲဥစ္စာ၊ သည်လိုဆိုတော့လည်း သူ့လုပ်ရပ်၊ သူ့အတွေးအခေါ်တွေကို ကျွန်ုပ်အနေနဲ့ လျှော့တွက်လို့ မရတော့ပါဘူး။

သည်ကောင် ကျွန်ုပ်အနားကနေ ထွက်ခွာသွားတဲ့အချိန်မှာတော့ ကျွန်ုပ်ကိုယ်ကျွန်ုပ် နှုတ်ကနေ တိုးတိုးလေး ပြောလိုက်မိပါတယ်။

''တကယ်တော့ သားရယ်၊ အဖေ့စက်ဘီးနဲ့ပတ်သက်လို့ သားအနေနဲ့ ရောင်းချင်ရောင်း၊ ပေါင်ချင်ပေါင်၊ အဖေဘာမှမပြောလိုပါဘူး။ ဒါပေမဲ့လို့ ဒါကိုအကြောင်းပြုပြီး ရပေါက်ချောင်တဲ့ လမ်းတွေကို မင်းလိုက်မိသွားမှာစိုးလို့ အဖေ့အနေနဲ့ မပြောချင်ဘဲ ပြောလိုက်ရတာပါ။ အိုးလုပ်တဲ့သူဆို ဝ၁ အိုးကောင်းရစေဖို့ကတော့ အိုးကိုနာနာပုတ်ခတ်ရက်ရမှာပဲလေ''

# အောင်ကျော်ပြုံး

## အိုးသမားရဲ့ သံစဉ်ချို



သားဝယ်လာတဲ့ စက်ဘီးလေးကတော့ ကျွန်ုပ်ကို မသိကျိုးကျွံသလိုမျိုး ကြည့်နေတယ်။ သည်အကြောင်းတွေ ဘယ်သူသိသိ၊ မသိသိ၊ ကျွန်ုပ်ကိုယ်ကျွန်ုပ် သိနေခဲ့ရင် ပြီးတာပါပဲ။ မိဘဆိုတာ သည်လိုသတ္တိမျိုးကတော့ ရှိရမှာပေါ့။ ဟုတ်ပါလိမ့်မယ်နော်။

**အောင်ကျော်ပြုံး**

www.burmeseclassic.com

# လူထွင်

## အပြောနဲ့အလုပ်



''ခင်ဝင်းရေ ‥ ခင်ဝင်း''

သူငယ်ချင်းဖြစ်သူ၏ အမည်ကို လှမ်းခေါ်ရင်း ကျော်ကြီးတစ်ယောက် ခြံထဲကို လှမ်းဝင်လိုက်သည်။

''သား ‥ ကျော်ကြီး လာလေ၊ မင်းသူငယ်ချင်းက ရေချိုးပြီး အဝတ်အစားလဲနေတယ်''

ခင်ဝင်း၏ မိခင်ဖြစ်သူက လှမ်းပြောလိုက်သည်။

ကျော်ကြီးလည်း သူငယ်ချင်းဖြစ်သူ၏ မိခင်အား တစ်ချက်ပြုံးပြလိုက်ပြီး သူငယ်ချင်းဖြစ်သူ၏ အိပ်ခန်းထဲ လှမ်းဝင်လိုက်သည်။

''ဟာ ‥ ဟော့ကောင်၊ ခဏလေးကွာ ‥ ငါ ထမင်းစားလိုက်ဦးမယ်၊ ပြီးမှ သွားကြတာပေါ့ကွာ''

§ § §

''ကျော်ကြီး ‥ လက်ဖက်ရည်ဆိုင် သွားရအောင်ကွာ''

''အေးသွားတာပေါ့ ‥ ခဏလေး ငါ အလုပ်ကလေး လက်စသတ်လိုက်ဦးမယ်''

လက်ဖက်ရည်ဆိုင်ရောက်တော့ သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်သောက်ရင်း စကားပြောဖြစ်ကြ၏။

''သူငယ်ချင်း ငါ မင်းကို ပြောစရာရှိတယ်၊ စိတ်တော့ မဆိုးနဲ့ကွာ၊ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ပြောသင့်တယ်ထင်လို့ပြောမှာ''

ကျော်ကြီးရဲ့ အပြောကို ခင်ဝင်းက ‥‥

''မင်းကလည်းကွာ စကားပလ္လင်ခံနေပြန်ပြီ၊ မင်းနဲ့ငါနဲ့ကြားမှာ ပြောစရာလိုသေးလို့လားကွ''

''အေး ‥ ငါ မနက်က မင်းအိမ်ရောက်တော့ မင်း ထမင်းစားဖို့အတွက်ကို မင်းအမေက ပြင်ဆင်ပေးနေတာကိုတွေ့ရတယ်။ နောက်ပြီး မင်းထမင်းစားပြီးတဲ့အခါကျတော့လည်း မင်းစားထားတဲ့ ပန်းကန်တွေကို တစ်ခါတည်း မဆေးဘဲ မင်း ဘေစင်ထဲမှာ ထည့်ခဲ့တာကို တွေ့ရတယ်။

အဲဒါ မကောင်းဘူးကွ။ ဘာလို့လဲသိလား။ မင်းတို့အိမ်မှာ မင်းက တစ်ဦးတည်းသောသားမဟုတ်လား ‥၊ မင်း ‥ အဲဒီလိုထားခဲ့တဲ့အခါကျတော့ အဲဒီပန်းကန်တွေကို ဘယ်သူဆေး[illegible] မှာလဲ။ မင်းမိဘတွေပဲ ဆေးရမှာပေ[illegible] ကွ''

ခင်ဝင်းလည်း သူငယ်ချင်းဖြစ်သူ[illegible] ကျော်ကြီးရဲ့စကားကို ခေါင်းတညိတ်[illegible] ညိတ်နဲ့ ထောက်ခံလိုက်၏။

ကျော်ကြီးက ဆက်ပြောသည်။

''မိဘကတော့ ချစ်လို့လုပ်ပေး[illegible] တာပဲ၊ ဒါပေမဲ့ မင်းမှာ ငရဲကြီးတယ်[illegible] ကွ၊ ဘာလို့လဲ သိလား။ မိဘဆိုတာ[illegible] ဘုရားနဲ့တစ်ဂိုဏ်းတည်းပဲလေကွာ[illegible] အနန္တောအနန္တငါးပါးထဲမှာ တစ်ပါး[illegible] အပါအဝင်ကွ။ မိဘနှစ်ပါးရဲ့ကျေးဇူး[illegible] ဟာ ဘယ်လောက်ကြီးမားသလဲဆိုရင်[illegible] မိခင်ကို လက်ယာပခုံးပေါ်၊ ဖခင်ကို[illegible] လက်ဝဲပခုံးထက်မှာတင်ပြီး အသ[illegible] ထက်ဆုံး လုပ်ကျွေးပြုစုမယ်ဆိုရင်[illegible] တောင် မိဘကျေးဇူးက ဆပ်လို့မကုန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ။ နာမည်ကျော်ဆရာတော်ကြီးတစ်ပါးက မိဘနှစ်ပါးကိုလက်အုပ်ချီမိုးမှိုးမအိပ်တဲ့သူဟာ ခွေးအိပ်ခြင်းနဲ့တူတယ်လို့တောင် ဟောကြားခဲ့ဖူးတယ်။

ကျော်ကြီး ပြောသည့်စကားကို ခဏရပ်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်၏။ ပြီးမှ ဆက်၍ ‥

''မိဘမေတ္တာဟာ သားသမီးတွေအပေါ်မှာ ဘယ်လောက်တောင်ကြီးမားသလဲဆိုရင် စာပေတွေထဲက ငါတော်ဖူးထားတာလေးတစ်ခုကို ပြောပြမယ်။

ငါတို့ ဂေါတမမြတ်စွာဘုရားရှင်လောင်းလျာဟာ ဥစ္စာပစ္စည်းကို မဆိုထားနဲ့ ကိုယ့်အသက်ခန္ဓာကိုတောင်မှ မငဲ့မကွက် လှူဒါန်းပြီး ပါရမီတွေကို ဖြည့်ကျင့်ခဲ့တဲ့ သာသနာ့အာဇာနည်ယောက်ျားကောင်းတစ်ယောက်ဖြစ်တယ်ကွ။ ဒါတောင်မှ ဝေသန္တရာမင်းဘဝမှာ ဘုရားအလောင်းတော်ဟာ သားတော် ဇာလီနဲ့ကဏှာဇိန်ကို ပုဏ္ဏားကြီးလက်ကို လှူဒါန်းလိုက်တယ်။ ပုဏ္ဏားကြီးလက်ထဲကို သားတော်နဲ့သမီးတော်ရောက်ရှိသွားပြီး ပုဏ္ဏားကြီးက သားတော်နဲ့သမီးတော်ကို နှိပ်စက်နေတာကို မြင်ရတဲ့အခါမှာ သားသမီးကိုချစ်စိတ်နဲ့ ပုဏ္ဏားကြီးကို အဆုံးစီရင်ဖို့အတွက် လက်သုံးတော်သံလျက်နဲ့ရွယ်မိခဲ့တယ်လေ။

ဗိမ္ဗိသာရမင်းကြီးဆိုရင်လည်း သားတော်အဇာတသတ်ကို ချစ်မြတ်နိုးလွန်းလို့ သားတော်ငယ်နုစဉ်အခါက သားတော်ရဲ့ လက်ညှိုးမှာ ခူနာပေါက်လို့ မည်သို့မှ ချော့မော့မရဘဲ ငိုယိုနေတဲ့အခါမှာ သားတော်ရဲ့ လက်ညှိုးကို အာခံတွင်းထဲမှာ ငုံထားပြီး သားတော်ကို အငိုတိတ်ကာ အိပ်ပျော်စေခဲ့တယ်။ ခူနာက အနာပြည်ပေါက်သွားတဲ့အခါမှာလည်း သားတော်နိုးသွားမှာစိုးလို့ လက်ညှိုးကိုထုတ် ပြည်ပုပ်တွေကို ထွေးမထုတ်ဘဲ အနာပြည်ပုပ်တွေကို ဝမ်းတွင်းကိုမြိုချခဲ့တယ်''

''နောက်တစ်ခါ သားတော်အဇာတသတ်က ထီးနန်းကို လိုချင်တယ်လို့ဆိုတဲ့အခါမှာလည်း အသက်ကိုစွန့်ပြီးတော့ကို သားတော်ကို ထီးနန်းလွှဲအပ်ခဲ့တယ်''

''ခုခေတ်လူငယ်တွေက မိဘတွေက ချစ်လို့အလိုလိုက်တဲ့အပေါ်မှာ အပြောအဆို အနေအထိုင်တွေက အရမ်းကို အပြစ်ကြီးတယ်လို့ ငါ့စိတ်ထဲမှာ ခံစားရတယ်ကွာ။ တချို့ရှိသေးတယ် လူငယ်ချင်းစကားပြောရင် မိဘကိုများ ဒီဘဲကြီးကတို့ ဒီအဘိုးကြီးကကွာတို့နဲ့ လွယ်လွယ်ကူကူ ပြောဆို သုံးနှုန်းနေကြတယ်''

''ငါ့ဆရာ တစ်ယောက်ပြောတာကြားဖူးသေးတယ်ကွာ။ ကလေးတစ်ယောက် မိဘက ကောင်းစေချင်လို့ ဆုံးမတာကိုများ သူငယ်ချင်းတွေ စုမိလို့ ပြောကြတဲ့အခါမှာ အိမ်က အဘိုးကြီးက အီးပေါက်နေလို့ ကြာနေတာလို့ သုံးနှုန်းဖူးတယ်ကွ။ မိဘပါးစပ်ကို မနှိုင်းသင့်တာနဲ့ နှိုင်းလိုက်တာ အဲဒီကလေးမှာ ဘယ်လောက် အပြစ်ကြီးလိုက်မလဲကွာ။ မင်းပဲ စဉ်းစားကြည့်''

''ငါကတော့ မိဘနှစ်ပါးအပေါ်သိတတ်မှုမရှိတာ၊ စော်ကားတာ၊ အပြစ်လုပ်မိတာဟာ ဘုရား၊ တရား၊ သံဃာအပေါ်ကို အပြစ်ပြုလုပ်မိသလို အပြစ်ကြီးတယ်လို့ စိတ်ထဲမှာ ယူဆခံစားရတယ်ကွာ။ အဲဒါကြောင့် နောက်ကို အဲဒါမျိုးမဖြစ်အောင်၊ မလုပ်မိအောင် ဆင်ခြင်စေချင်တယ်ကွာ''

''မိဘအပေါ် ကျေးဇူးသိတတ်တဲ့သူဟာ ဘုရားတောင်မှ ဖြစ်နိုင်တယ်ဆိုတာကို ငါ သာဓကတစ်ခုပြောပြမယ်။

ဟိုး ရှေးရှေးတုန်းကပေါ့ကွာ သင်္ဘောတစ်စင်းဟာ ပင်လယ်ပြင်ကို ဖြတ်ပြီး မောင်းနှင်လာရင်းက သင်္ဘောပျက်ပြီး ရေလယ်မှာ နစ်တော့တာပဲကွာ။ အဲဒီအချိန်မှာ အမျိုးကောင်းသားတစ်ယောက်ဟာ သူ့ရဲ့မိခင်ကိုပခုံးထက်မှာထမ်းပြီး အဆုံးအစမရှိ ကမ်းမမြင်လမ်းမမြင်ပင်လယ်ကြီးထဲမှာ ခွန်အားရှိသရွေ့ကူးခတ်တယ်ကွ။ အဲဒါကို မြင်တွေ့လိုက်ရတဲ့ ဗြဟ္မာကြီးတစ်ဦးက အဲဒီအမျိုးကောင်းသားနဲ့မိခင်ကို ကယ်တင်ပြီး အဲဒီအမျိုးကောင်းသားကိုလည်း ဘုရားဆုကို ပန်စေခဲ့တယ်။ အဲဒါ ငါတို့ရဲ့ ဂေါတမဘုရားရှင်အလောင်းအလျာပဲကွ''

§ § §

ညနေခင်း အလုပ်ကအပြန်မှာတော့ ခင်ဝင်းလည်း သူငယ်ချင်းဖြစ်သူကျော်ကြီးထံမှာ အင်္ကျီယူစရာရှိတာကြောင့် ကျော်ကြီးအိမ်ကို လိုက်သွားခဲ့တယ်။ အိမ်အရောက်မှာတော့ ကျော်ကြီးက ဗီရိုထဲမှ သူ၏ အင်္ကျီကို ထုတ်ပေးရင်း ‥‥

''ရော့ကွာ ‥ မင်း အင်္ကျီ ဟိုနေ့က ငါ ခဏယူဝတ်သွားတာ''

ကျော်ကြီးက သူငယ်ချင်းဖြစ်သူခင်ဝင်းကို အင်္ကျီလှမ်းပေးရင်း ပြောလိုက်သည်။

''ကဲ ‥ ဒါဆို ငါပြန်တော့မယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



''အေး ..အေး''

ခင်ဝင်းလည်း သူငယ်ချင်းဖြစ်သူ ကျော်ကြီးတို့အိမ်ကအထွက် သူငယ်ချင်းဖြစ်သူ ကျော်ကြီး၏မိခင်က လှမ်းပြောလိုက်သံကို ကြားလိုက်ရတာကြောင့် တစ်ချက်ပြုံးလိုက်မိတယ်။

''သားရေ ..မင်း မနက်က စိမ်ထားခဲ့တဲ့ အင်္ကျီတွေ အမေလျှော်ပြီး လှမ်းထားတယ်။ အဲဒါလေးတွေ ရုပ်လိုက်ပါဦး''တဲ့။

မိဘနှင့်ပတ်သက်ပြီး သူ့ကို အမြဲတစေဆုံးမတတ်သည့် ကျော်ကြီးတစ်ယောက် သူ့အဝတ်အစားတွေကို သူ့အမေလျှော်ပေးနေရတာဟာ အမှတ်တမဲ့ သားသမီးကျင့်ဝတ် ဖောက်ဖျက်တာနဲ့ အတူတူပဲဆိုတာ သတိထားမိဟန်မတူဘူးထင်ပါရဲ့ ...။

လူထွန်း

# မောင်ပန်သူ

# ပင်ကူမျိုးပွား



ကျွန်တော် ရောက်သွားတော့ ဧည့်ခန်းထဲမှာ ဒေါ်လေးတစ်ယောက်တည်း တွေ့ရသည်။ ဦးလေးက တစ်ရေးတစ်မော အိပ်နေသည်ဆို၏။

''တိုင်ပင်စရာရှိလို့ မင်းကို လှမ်းခေါ်လိုက်ရတာ၊ ဒီလိုကွဲ့'' ဆိုပြီး ဦးလေးရဲ့အကြောင်း ပြောပြသည်။

''ဟန်းဖုန်းလိုချင်လို့တဲ့ကွာ၊ နေပြည်တော်ရောက်နေတဲ့ သူ့သားသမီးတွေဆီ ဖုန်းဆက်ချင်လို့တဲ့။ ဖုန်းဖိုးတွေလည်း ကုန်လှပြီ။ တစ်နေ့တစ်နေ့ နားကိုငြီးလို့''

ကျွန်တော် ပြုံးလိုက်မိသည်။

''ဟိုတစ်နေ့ကလည်း ဖတ်လက်စ ဂျာနယ်ကို ကြမ်းပြင်ပေါ် ဘုံးခနဲ ပစ်ချလို့ ဒေါ်လေးတောင် လန့်သွားတယ်။ ပြီးတော့ ဘာမပြောညာမပြောနဲ့ 'ဝေလွင်လွင်၊ ငွေသဖင် ဟိုပင်မြင့်ဆီက လေသင့်ရာမွှေး၊ သူခြံတွင်းပေမို့၊ လှဲ့ဝင်းကို အယူခက်တယ်၊ နီးရက်နဲ့ဝေး' ဆိုတဲ့ ကျောင်းတုန်းက သင် ရတဲ့ ကဗျာကို ဟန်နဲ့ပန်နဲ့ ရွတ်နေလေရဲ့။ အဲလို ရွတ်နေတာ သုံးလေးရက်လောက်ရှိပြီ''

ကျွန်တော် အံ့အားသင့်သွားသည်။

''နေပါဦး၊ ရှင် ဘာဖြစ်နေတာလဲလို့ မေးတော့၊ ဂျာနယ်ထဲက ဆောင်းပါးတစ်ပုဒ်ကို ပြတယ်။ တစ်ဖက်နိုင်ငံမှာ ဆင်းကဒ်တွေ အလကားပေးတာတဲ့။ ဝယ်ရင်လည်းတစ်ထောင်ကျော်လောက်ပဲ ရှိတာတဲ့''

ကျွန်တော် ဟက်ခနဲ ရယ်လိုက်သည်။

''ခုတစ်ခါ လာပြန်ပြီ၊ ဂျာနယ်တွေ သတင်းစာတွေဖတ်၊ တီဗွီသတင်းတွေ နားထောင်ပြီးရင် မှုကုတ်ကုတ်နဲ့ ဟို ဂျာအေး သူ့အမေရိုက်၊ မုန့်လုံးစက္ကူကပ်ဆိုတဲ့ ကဗျာလိုလိုဟာကို ပတ်ချာလှည့် ဆိုတော့တာပဲ။ ပင်စင်ယူပြီးစိတ်မှ မှန်သေးရဲ့လားမသိဘူး။ အဲဒါ မင်းအားတဲ့နေ့ ဆရာဝန်ဆီ ခေါ်သွားပြီးရင် ကောင်းမလားလို့''

သည်တစ်ခါတော့ ကျွန်တော်မရယ်နိုင်၊ ရင်ထဲမှာ ကတုန်ကယင်ဖြစ်သွားသည်။

''နေဦး ..ဒေါ်လေး၊ ဒီလိုဆို ကျွန်တော် အရင်သွားပြမှ ဖြစ်မယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်လည်း အဲသလိုဖြစ်နေလို့''

''ဟင်''

မောင်ပန်သူ

www.burmeseclassic.com

www.burmeseclassic.com



# နေသိုက်
## သဘောထားကြေညာချက်



ဦးသန်းဝင်းသည် စာအလွန်ဖတ်သည်။ ကျွန်တော့်အိမ်တွင်ရှိသော စာအုပ်အချို့နှင့် မဂ္ဂဇင်းများကို သူလာရောက်ဖတ်လေ့ရှိသည်။ တစ်နေ့ သူ စာအုပ်ရွေးရန် အိမ်ရောက်လာသည်။ စာအုပ်များ ရွေးချယ်နေရာမှ ..

"မနေ့ကကွာ၊ ငါမိတ်ဆွေတွေနဲ့ စကားစပ်မိလို့ မင်းအကြောင်းရောက်သွားတယ်။ မင်း ...ကဗျာရေးတဲ့အကြောင်း ငါပြောလိုက်တော့ တစ်ပုဒ်ကို ဘယ်လောက်ရသလဲတဲ့။ ထောင့်ငါးရာ နှစ်ထောင်လောက်ရှိမှာပေါ့လို့ ငါက ပြောလိုက်တော့၊ ဒါလေးနဲ့ ဘယ်လိုရပ်တည်နေကြသလဲ မသိဘူးနော်။ ဒါလည်း အလုပ်တစ်ခုပဲလားတဲ့။ ခက်တယ်ကွာ ..၊ ကဗျာကို ငွေကြေးနဲ့ တိုင်းတာတော့ .."

+++

ကျွန်တော့်သား ကျောင်းပိတ်ရက်ဖြင့် အိမ်ပြန်ရောက်လာသည်။ ရောက်တတ်ရာရာပြောဆိုကြရင်း သူတို့ကျောင်း၏ နှစ်လည်မဂ္ဂဇင်းအကြောင်းရောက်သွားသည်။ တဆက်တည်းပင် ကျွန်တော် ကဗျာရေးတဲ့အကြောင်း သူ့သူငယ်ချင်းတွေကို ပြောပြသတဲ့။ ဒီတော့ ကျွန်တော်က ..

"မင်း သူငယ်ချင်းတွေက ဘာပြောသလဲ"

"မင်း အဖေ ကဗျာရေးတာ စာမူခ ဘယ်လောက်ရသလဲတဲ့။ သားက နှစ်ထောင်သုံးထောင်လောက်ပဲ ရတာပါကွာလို့ ပြောတော့၊ ဒါဆို မင်းတို့ တော်တော်ထောမှာပဲဆိုပြီး ဗိုင်းကြားကြတယ်"

+++

စီးပွားရေး အတော်အတန် အောင်မြင်နေသော ငယ်သူငယ်ချင်းများ၏ ဖိတ်ကြားချက်အရ ဘီယာဆိုင် ထိုင်ဖြစ်သည်။ ငယ်ပေါင်းတွေမို့ ကျွန်တော့်ဝါသနာနှင့် ကဗျာကို သူသိသည်။ သို့သော် စိတ်တော့မဝင်စား။ သူ၏လုပ်ငန်းများ အောင်မြင်နေပုံကိုတစ်ဝကြီးပြောပြီး..

"ဘယ်လိုလဲ ..မင်းတို့ကဗျာဈေးက ဒီအတိုင်းပဲလား"

"ဒီလိုပါပဲကွာ"

"အေး ..မင်းကတော့ ဒါနဲ့သေမှာပဲ"

ကျွန်တော် သူ့ကို ဘာမျှရှည်ရှည်ဝေးဝေး ရှင်းပြမနေချင်တော့။ အနုပညာနှင့် အသပြာချိန်ခွင်လျှာ လိုက်ညှိတတ်ကြသောသူများအတွက်ကျွန်တော် ကဗျာတစ်ပုဒ် ရေးခဲ့ဖူးသည်။ ၂၀၁၁၊ နိုဝင်ဘာ၊ ပြစ်မှုမဂ္ဂဇင်းတွင် ပါရှိပြီး 'ကဗျာအာဟာရ' ဟူသော ခေါင်းစဉ်နှင့်ဖြစ်သည်။ အချို့အဝက်ကို ထုတ်နုတ်တင်ပြရသော် ..(ကြော်ငြာဝင်ခြင်းမဟုတ်ပါ)

ကဗျာတစ်ပုဒ်
လက်ဆောင်မဂ္ဂဇင်းတစ်အုပ်နဲ့
စာမူခ ၁၅၀၀/၂၀၀၀
ခပ်ကြောင်ကြောင်လူစားတွေလို့
(စာပေနဲ့ပျော်ဝင်ခြင်းမရှိသူတွေရဲ့)
သို့ကလို သတ်မှတ်ချက်
ဘဝဆက်ဆက်ဖြတ်ကျော်ခဲ့ပြီးပြီ။

+++

ကျွန်တော်တို့ချစ်တဲ့ကဗျာ
အနုပညာမြောက်မမြောက်
ထွင်းဖောက်ခံစား
နှလုံးသားမှာတစ်ခုမဟုတ်တစ်ခု
ချိတ်ပါသွားရင်
ရေးရကျိုးနပ်
(စာမူခနဲ့ တန်ဖိုးမဖြတ်လို့)
အလိုလိုအရှုံးစိုတယ်ပဲသဘောထား
အားလုံးမဂ်လာပါ။

ကျွန်တော့်သဘောထားကြေညာချက်ကို အထက်ပါအတိုင်း ဖော်ပြပြီးဖြစ်သည်။ မည်သို့ပဲ သတ်မှတ်သတ်မှတ်၊ မည်သို့ပဲ တိုင်းတာ တိုင်းတာ၊ ဘဝနှင့်ကဗျာ အတူတကွ လက်တွဲဖြတ်သန်းရသည့်အရသာကို မည်သည့်အရာနှင့်မျှ လဲလှယ်ခြင်းမပြုလို။

နေသိုက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စိတ်အစဉ် လွတ်လပ်မှုကို လိုလားကြသည်။ ရယ်မောပျော်ရွှင်လိုကြသည်။ တကယ်တမ်းတွေးကြည့်လျှင် လူ့ဘဝသည် တိုတောင်းသောအချိန်တစ်ခုသာ။ ထိုဘဝတွင် စိတ်ချမ်းသာမှုကို ဆုတစ်ခုအဖြစ်လိုချင်ကြသည်။ ရယ်မောခြင်းဖြင့် ကျန်းမာရေးကိုလည်း ကောင်းမွန်စေသည်။ တကယ်တမ်းပြောကြလျှင်ဖြင့် လူတိုင်းတွင် ဟာသဉာဏ်ရှိပါသည်။ လူပျိုကြီးကျောင်းဆရာတစ်ယောက် အိမ်ထောင်ကျပုံလည်းဆန်းသည်။ ဒသမတန်းကျောင်းသူလေးနှင့်ကျောင်းသား၏ အချစ်ဇာတ်လမ်းကိုသိလို့ ကလေးများအရွယ်မတိုင်မီ ဒုက္ခမရောက်ရေး တွေးခေါ်ကြရာတွင် ထိုကလေးများကို တိတ်တဆိတ် ရုံးခန်း၌တွေ့ဆုံပြီး ဆုံးမကြရန် ဓာတုဗေဒသင်သော ဆရာမအပျိုကြီးနှင့် မြန်မာစာသင်သော ဆရာလူပျိုကြီးတို့ တာဝန်ကျရာရုံးခန်းတွင်းသို့ ကလေးမလေးကို အရင်ခေါ်စစ်သည်။

ဒီနေရာမှာ မြန်မာစာဆရာအကြောင်း နည်းနည်းပြောပြဖို့လိုပါသည်။ မြန်မာစာဆရာက စာရေးဆရာ၊ ညကို ညဥ့်နက်အောင်စာရေးသည်။ မနက်ကို အိပ်ရာစောစောထသလို ဈေးဆိုင်သွားဖွင့်ပေးရသည်။ ဒါကြောင့် မြန်မာစာဆရာက ထိုင်လျက်လည်း အိပ်ငိုက်တတ်သည်။ ဆရာမဓာတုကတော့ အရမ်းအလုကြိုက်သည်။ မင်းသမီးရှုံးလောက်အောင်ပြင်သည်။ မိဘကချမ်းသာတော့ မပူမပင်ရ၊ စိတ်ကြိုက်လည်းအလှပြင်သည်။ တကယ်လည်းလှသည်။ နည်းနည်းကလေး ဝတာကလွဲလို့ အလွန်လှသည်။ စကားပြောလျှင် အသံကိုဆွဲပြီး ပျော့ပျော့ပြောင်းပြောင်းလေး ချွဲနွဲ့ပြောတတ်သည်။ အပျိုကြီးတို့ထုံးစံအတိုင်း ဂျီးများတတ်ခြင်း၊ ရွံ့တတ်ခြင်း၊ တစ်ဖက်သားကို မတူသလိုဆက်ဆံတတ်ခြင်း၊ ယောကျ်ားများကို ပါးစပ်က မုန်းသည်ဟု ပြောတတ်ခြင်း၊ အိမ်ထောင်ရေးကို စိတ်မဝင်စား၊ အိမ်ထောင်သည်များကို ဒုက္ခသည်တွေဟု မြင်တတ်ခြင်းစသော အရည်အချင်းများနှင့်ပြည့်စုံပါသည်။(အပျိုကြီးဓာတုကိုသာ ဆိုလိုခြင်းဖြစ်ပါသည်)

ထိုနေ့က ရုံးခန်းထဲ၌ ကျောင်းသူမလေးက ငြိုးငယ်စွာထိုင်နေ၏။ ရှေ့၌ ဓာတုဆရာမဘေးတွင် အိပ်ချင်မူးတူးနှင့် မြန်မာစာဆရာထိုင်နေသည်။

ဓာတုဆရာမ– သမီး ပညာရေးကို ဂရုစိုက်ရမယ့်အရွယ်မှာ ရည်းစားထားရတယ်လို့ကွယ်။ အခု သမီးရေးထားတဲ့ စာတွေလည်း ဆရာမတို့ ရထားတယ်နော်။ သမီးမိဘကို ခေါ်တွေ့ပြီး ပြောရမလား။ ဆရာမတို့ပြောရင်ပြီးမလား။

# ...တော်တာဆ အချစ်ကို ကောက်ရကြသူများ



ထက်ဝေး

ကျောင်းသူ– မလုပ်ပါနဲ့ ဆရာမ ရယ်(ပျာပျာသလဲပြော)ဟင့် . . ရှုတ် . . အီး။

ဆရာမရယ် သူက နေ့တိုင်းစကားလိုက်ပြောနေလို့ သမီးလည်းစိတ်လည်သွားတာပါ။ ဖျက်ဆိုလည်းဖျက်ပါ့မယ် . . ဟင့် . . အင့်

ကျောင်းဆရာကတော့ ကျောင်းသူလေးကိုကြည့်လိုက် မျက်စိပြန်မှိတ်လိုက် ဘာတစ်ခွန်းမျှဝင်မပြောပေ။

ဓာတုဆရာမ– သမီးကတိပေး ရင် ဆရာမတို့က မိဘမခေါ်ပါဘူး။ ဒီမှာလေ သမီးရေးထားတဲ့စာတွေ။

ကျောင်းသူလေးက ရှက်လွန်း၍ ခေါင်းငုံ့နေသည်။ ဆရာမက ကျောင်းသူရဲ့စာကို ဘေးက ငိုက်နေသော ဆရာဆီ လက်တို့ပြီး ပေးလိုက်သည်။ ဆရာက မျက်လုံးတွေပွတ်လို့ စာရွက်ကို ဖတ်ကြည့်သည်။ ဆရာမကိုလည်း မျက်လုံးပြူးပြီးကြည့်သည်။

''ဟာ . . ဆရာမရယ်၊ ဒီလို ပြောစရာမလိုပါဘူး။ ကျွန်တော်လည်း ဆရာမကိုချစ်နေတာကြာပါပြီ။ အမြင့် ကပန်းဆိုတော့ မမီလို့ မခူးရက်တာပါ။ ဖွင့်မပြောဘဲ ကြိတ်ခံစားနေရတာ ကြာ ပါပြီဗျာ။ ကျွန်တော်က တစ်သက်တာ တစ်ဘဝမှာ ထာဝရလက်တွဲမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ သိပ်ချစ်တာပဲ ဆရာမရယ်''

မြန်မာစာဆရာက အိပ်မှုန်စုံမွှား ဖြင့် ခရားရေလွှတ်ပြောလိုက်တာ ဆရာမ ပြန်ပြောချိန်မရလိုက်ဘူး။ ကျောင်းသူလေးကလည်းမျက်လုံးအဝိုင်း သားနဲ့ ဆရာ့ကိုကြည့်လို့၊ ဆရာမ ဓာတုကလည်း ဆာဖြူရစ်အက်ဆစ် ပျော့ပက်ခံလိုက်ရသလို မျက်နှာက ရဲရဲ တွတ်နီလို့ပေါ့။

ဓာတုဆရာမပြုလိုက်တဲ့စာက . .

''ကို . . အချစ်မှာ အရွယ်နဲ့မ ဆိုင်ပါဘူး။ သတ္တိရှိစေချင်ပါတယ်။ ညီ မလေးကတော့ တကယ်ချစ်မိပြီ''

+++

ဒီလိုနဲ့ ဆရာနဲ့ဆရာမ ချစ်သူ ဖြစ်သွားကြတော့တယ်။ ကျောင်းသား လေးနဲ့ကျောင်းသူလေး ရှေ့ဘာဆက် ဖြစ်ကြသည်ကို သူတို့စိတ်မဝင်စားကြ တော့။ ဒီလိုပဲ မြန်မာစာဆရာလို ချစ်နေ လျက် မပြောရဲဘဲ အချစ်ကို မတော် တဆ ကောက်ရသူတွေ ဒီကမ္ဘာမြေမှာ ရှိနိုင်ပါလိမ့်မယ်။ ရှိမယ်လို့ ကျွန်တော် ထင်ပါတယ်ဗျာ။

ထက်ဝေး



www.burmeseclassic.com

www.burmeseclassic.com


# သက်ရှည်ကျန်းမာ ရယ်စရာ



## ပြစ်ဒဏ်

တစ်နေ့တည်းမှာ တရားသူကြီးက အမှုနှစ်ခုကို စီရင်ချက်ချသည်။

ပထမတစ်မှုက ဌာနအကြီးအကဲတစ်ဦးက နိုင်ငံပိုင်ငွေများကို ခိုးယူသောအမှုဖြစ်၏။ သိန်း ၁၀၀၀ ခိုးမှု။

''ထောင်ဒဏ် (၇)လ ကျခံစေ''

ဒုတိယအမှုကလည်း ခိုးမှုဖြစ်၏။

ပလတ်စတစ်ကောက်သော ကောက်တိုတစ်ယောက်က အိမ်တစ်အိမ်၏ နောက်ဘက်မှ ခိုးမှုဖြစ်၏။

''ထောင်ဒဏ် (၅)နှစ် ကျခံစေ''

တရားသူကြီး တရားရုံးမှဆင်းလာသောအခါ ဂျာနယ်လစ်တစ်ခုက အင်တာဗျူး၏။

''ပြစ်ဒဏ်ဘာကြောင့် မတူတာပါလဲ''

တရားသူကြီးက ..

''ထဘီသူခိုးက ဂုဏ်သိက္ခာမရှိတဲ့ကောင်လေ ..။ ဒီကောင့်ကြောင့် တိုင်းပြည်သိက္ခာကျတယ်။ ဒါကြောင့် ပြစ်ဒဏ်များများချလိုက်တာ'' ဟု ဖြေသောဟူ၏။

---

## ရွှေ့နေနှင့်အမှုသည်

အမှုသည်မှာ အနိုင်ရအောင်စွမ်းဆောင်ပေးခဲ့သော ရွှေ့နေအား သူ၏အမှုသည် ဖောက်ထွင်းဝိဇ္ဇာက ပြောသည်။

''ကျေးဇူးပါပဲဗျာ၊ ဆရာ့ကို တွေ့ချင်ပါသေးတယ်။ အိမ်ကို လာခဲ့ပါဦးမယ်''

ရွှေ့နေက ပြန်ပြောသည်။

''ခင်ဗျား လာမယ်ဆိုရင် ကြိုပြီး ဖုန်းဆက်လိုက်ပါ။ အိမ်က ပစ္စည်းတွေ ရွှေ့ပြောင်းဖို့ အချိန်ရအောင်လို့ပါ''


www.burmeseclassic.com

## နှစ်ဆပေးမယ်

ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူကို ဝမ်းသာအားရ သတင်းတစ်ခုပေးသည်။

"ရှင် ဝမ်းသာပေတော့"

ခင်ပွန်းဖြစ်သူက ..

"ဘာဖြစ်လို့လဲ"

"ရှင် အမြဲတမ်းအပြစ်ရှာနေတဲ့ ကျွန်မပါးစပ်လေ၊ နင့်ပါးစပ်ကြီးက ပြလိုက်တာဆိုပြီးတော့ .."

"အေးလေ .. အဲဒါဘာဖြစ်လဲ"

"ကျွန်မ ဒီနေ့ပဲ ပလတ်စတစ်ခွဲစိတ်ဆရာဝန်ကြီးနဲ့ သွားတွေ့ခဲ့တယ်။ သူက ကျွန်မ ပါးစပ်ကိုကြည့်ပြီးတော့ တာဝန်ယူလိုက်တယ်။ နည်းနည်းလောက်ချုပ်ပြီး ပြင်လိုက်ရင် ကျွန်မ ပါးစပ် မော်ဒယ်လ်မလေးပါးစပ်လို ဖြစ်သွားမယ်"တဲ့။

"ဟုတ်လား၊ ဘယ်လောက်ကုန်မတဲ့လဲ"

"၁၀ သိန်းတဲ့"

ထိုအခါ ခင်ပွန်းဖြစ်သူက စိတ်အားထက်သန်စွာ ပြန်၍ ပြောလိုက်လေသည်။

"အိုကေ .. သိန်း ၂၀ ယူသွား၊ ပါးစပ်တစ်ခုလုံးကို ပိတ်ချုပ်ပေးလိုက်ပါလို့ပြော"တဲ့။

---

## အမေးနဲ့အဖြေ

အမှုကိစ္စတစ်ခုအတွက် ရှေ့နေနှင့် အမှုသည်တို့ ဆုံတွေ့ကြသည်။

ရှေ့နေက မေး၏။

"ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ ရိုးဖြောင့်မှန်ကန်တဲ့ အမြင်ကိုလိုချင်ပါသလား"

ထိုအခါ အမှုသည်က ဖြေ၏။

"ရိုးဖြောင့်မှန်ကန်တာကို လိုချင်မှတော့ ခင်ဗျားကို ငှားပါ့မလား"တဲ့။

---

## တိကျတဲ့မျက်မြင်သက်သေ

တရားရုံးမှာ မတော်တဆမှုတစ်ခုအတွက် စစ်ဆေးနေသည်။ ရှေ့နေက ...

"ခင်ဗျားကို ဒီဖြစ်ရပ်ကိုမြင်တဲ့ သက်သေအနေနဲ့ မေးချင်ပါတယ်။ အချင်းဖြစ်ပွားတာကို ခင်ဗျား ဘယ်လောက်အကွာက မြင်ပါသလဲ" ဟု မျက်မြင်သက်သေတစ်ဦးကို မေးသည်။

မျက်မြင်သက်သေက ..

"ငါးကိုက် .. နှစ်ပေနဲ့ ဆယ့်တစ်လက်မအကွာကပါ" ဟု ဖြေသည်။

ရှေ့နေ အံ့အားသင့်သွား၏။

"တိကျလှချည်လားဗျာ .. ဟုတ်ရဲ့လား"

ထိုအခါ မျက်မြင်သက်သေက ပြန်ဖြေသည်မှာ ...

"ဒီလို အမေးခံရမယ်ဆိုတာ သိတယ်လေ။ ခင်ဗျားတို့ရှေ့နေတွေ ပေါက်ကရ မေးတတ်ပြောတတ်လွန်းလို့ သေချာအောင် ကျွန်တော်က သေသေချာချာကို တိုင်းထားတာပါ"တဲ့။

---

## ညော် .. ဒုက္ခ

ဒီကောင် မိန်းမ မရခင်က ဒီလိုပြောတယ်။

"သူမကိုသာ ရမယ်ဆိုရင် ငါ ငရဲကိုပဲ သွားရသွားရပါ"တဲ့။

ဟော .. အခု သူကြိုက်တဲ့ မိန်းမကိုရသွားပြီ။ အခု သူပြောတာက ..

"သူမကိုရတာ ငရဲပြည်ရောက်နေရသလိုပဲ"တဲ့။

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# မြသိန်း

## ထိပ်ကွက်ခြင်းခံလိုက်ရသော ခေတ်ပျက်သူဌေး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ မအူကုန်းရပ်ကွက်၌ နေထိုင်သော ဦးလှစိန်နှင့်ဒေါ်ကြည်လင်မယားသည် ဒုတိယကမ္ဘာစစ်ကြီးပြီးစ အချိန်တွင် စစ်ရိက္ခာများကို အရောင်းအဝယ်လုပ်ရင်းချမ်းသာကြွယ်ဝလာသည်။

နယ်ချဲ့အင်္ဂလိပ်စစ်တပ်အတွက် ထောက်ပံ့ပေးရသော စည်သွတ်ဗူးများ၊ စီးကရက်များ၊ နို့ဆီများ၊ ချောကလက်စသောရိက္ခာများကို သူတို့သည် ဝယ်ယူသိုလှောင်ထားပြီး၊ မအူကုန်းအမှိုက်ပုံ(ယခုမရှိတော့ပါ)ရှိလက်လီဆိုင်များသို့ရောင်းချ၏။

လူရည်လည်သော ဦးစိန်လှသည် နယ်ချဲ့ရိက္ခာထောက်ပံ့ရေးတပ်မှ မျက်နှာဖြူအရာရှိများနှင့် အဖွဲ့ကျသွားသဖြင့် အဆိုပါထောက်ပံ့ရေးတပ်မှ အရာရှိများက ဦးစိန်လှကို ရိက္ခာများအား ရောင်းချခြင်းဖြစ်သည်။(မှောင်ခိုရောင်းချခြင်းဖြစ်သည်။)

စစ်ပြီးခါစ အင်္ဂလိပ်စစ်တပ်များ ရန်ကုန်မြို့တွင် အခြေချထားစဉ်အတွင်း တစ်နှစ်ကျော်အတွင်း ဦးစိန်လှသည် သူဌေးပေါက်စကလေးဘဝရောက်သွားသည်။ ဂျစ်ကားဖြင့် တဝီဝီသွား၍ စီးကရက်ကိုလက်ထဲကမချသော ဦးစိန်လှနှင့်ဇနီးသည် ငွေများကို လက်ထဲတွင်မထားပဲ ရွှေများကိုဝယ်ထားသည်။

ဦးစိန်လှ၏ဇနီးဒေါ်ကြည်မှာလည်း ယခင်ကမဝတ်ဘူးသော လက်ဝတ်ရတနာများကိုဝတ်ခွင့်ရသဖြင့် အပျော်ကြီးပျော်နေ၏။ သူတို့အိမ်သို့လာသော ဧည့်သည်များမှာလည်းနေ့ညမစဲတော့။ အထူးသဖြင့် ရွှေပွဲစား၊ စိန်ပွဲစားများသည်သူတို့အိမ်သို့အလာများ၏။

တစ်နေ့တွင် ဦးစိန်လှသည် စစ်ရိက္ခာပွဲစားကုလားရာဂျူးနှင့် တာမွေအဝိုင်းကြီး(ယခုမရှိတော့)အနီးရှိ စားသောက်ဆိုင်ကြီးတွင် အလုပ်ကိစ္စပြီး၍စားသောက်ကြရင်း စိန်အကြောင်းစကားရောက်သွားသည်။ ရွှေထက်တန်ဖိုးကြီးသောစိန်ကို ဝယ်ထားရင်မမှားဘူး၊ ပြန်ရောင်းရင်အမြတ်ကောင်းကောင်းရနိုင်ကြောင်း ရာဂျူး၏ပြောစကားကို ဦးစိန်လှလက်ခံလိုက်သည်။

နောက်ဆယ်ရက်ခန့်အကြာတွင် ဦးစိန်လှသည် ပန်းဆိုးတန်းလမ်းပေါ်ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်၏ သီးသန့်အခန်းတွင် ရာဂျူးနှင့်တွေ့သည်။ (ချိန်းထားသောကြောင့်)ရာဂျူးအနီးတွင် အသက်သုံးဆယ်အရွယ်မျက်နှာဖြူတစ်ယောက်ထိုင်နေသည်။ အရပ်ဝတ်ကိုသပ်သပ်ရပ်ရပ်ဝတ်ထားသော မျက်နှာဖြူ။ အင်္ဂလိပ်စကားမတတ်သောဦးစိန်လှကို ရာဂျူးက ထိုမျက်နှာဖြူနှင့်မိတ်ဆက်ပေးသည်။

ရာဂျူးက ထိုမျက်နှာဖြူသည် အင်္ဂလိပ်ထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးအဆင့်ရှိသူဖြစ်ကြောင်း၊ အလု ကိစ္စဖြင့် တောင်အာဖရိကမှလာကြော သူသည် ရန်ကုန်တွင်သုံးလခန့်ကြ မည်ဖြစ်ကြောင်း၊ မိမိသည် သူနှ အင်္ဂလိပ်ရိက္ခာထောက်ပံ့ရေးရုံးတွ တွေ့ရင်း ခင်မင်သွားကြောင်း၊ သူ့တွ တောင်အာဖရိကမှ စိန်များပါလ ကြောင်းဖြင့် ဦးစိန်လှကိုပြောပြ ရာဂျူးက ထိုမျက်နှာဖြူကို အင်္ဂလိပ် ပြောလိုက်ရာ ထိုမျက်နှာဖြူသည် ၏ဘောင်းဘီအိတ်ထဲမှ သေးငယ်သေ ဗူးကလေးကိုထုတ်၍ ရာဂျူးကိုပေ လိုက်သည်။ ရာဂျူးက ထိုဗူးငယ်လေ ကို ဦးစိန်လှရှေ့တွင်ဖွင့်လိုက်သည်။ ရောင်ဖြင့်တလက်လက်တောက်နေသေ စိန်ပွင့်တစ်ပွင့် ...။

ဦးစိန်လှမျက်နှာတွင် အရော များလက်သွားသည်။

"အဲဒါ တောင်အာဖရိကမှာထွ တဲ့စိန်" ,

ရာဂျူးက ဦးစိန်လှကိုပြောသ ထိုအခိုက် မျက်နှာဖြူက ရာဂျူး အင်္ဂလိပ်လိုပြောလိုက်ပြန်သည်။

"ဗိုလ်ကြီးကပြောတယ်၊ ဒီစိန် ဦးစိန်လှယူသွားပြီး စိန်အကြောင်း လည်သူနဲ့ ပြကြည့်ပါတဲ့"

ရာဂျူးက မြန်မာလိုဘာသာ ပြီးပြောသည်။

ထို့နောက် သူတို့စားကြသော ကြသည်။ စားသောက်အပြီးတွင် ကျစရိတ်ကို မျက်နှာဖြူက ငွေးလ ပေးလိုက်သည်။ ဦးစိန်လှက မျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြူ၏စိန်ကို ယူသွားပြီး စိန်အကြောင်းနားလည်သူနှင့်ပြကြည့်၊ ဈေးလည်းမေးခဲ့(ပေါက်ဈေး)။ ဤအကြောင်းကို လျှို့လျှို့ဝှက်ဝှက်လုပ်ရန်၊ နောက်သုံးရက်အကြာတွင် ဤနေရာ၌ပင် ပြန်ဆုံကြရန်ပြောကြပြီး လူချင်းခွဲလိုက်ကြသည်။

ဦးစိန်လှသည် ယခုကဲ့သို့ထောက်လှမ်းရေးဗိုလ်ကြီးဆိုသူနှင့် စကားပြောခွင့်ရ၊ အတူတူ တစ်စားပွဲတည်း စားရသောက်ရသဖြင့် ပျော်ရွှင်နေသည်။

အိမ်ပြန်ရောက်သောအခါ သူ့ဇနီးကို အကျိုးအကြောင်းပြောပြပြီး စိန်ကိုပြလိုက်သည်။ ထိုညက သူတို့လင်မယားနှစ်ယောက် ရုတ်တရက်အိပ်မပျော်ကြ။

နောက်တစ်နေ့တွင် ဦးစိန်လှနှင့်ဒေါ်ကြည်သည် သူတို့အိမ်သို့ ရောက်လာသော စိန်ပွဲစားတစ်ယောက်ကို ထောက်လှမ်းရေးဗိုလ်ကြီးဆိုသူ ပေးလိုက်သောစိန်ကို ပြကြည့်ရာ ..

"တော်တော် အရည်အသွေးကောင်းတဲ့စိန်"

ဟု ပြော၏။

"ကာလပေါက်ဈေး ဘယ်လောက်ရှိမလဲ"

ဦးစိန်လှကမေးသောအခါ စိန်ပွဲစားက ..

"ဒီစိန်ပွင့်ဟာ အနည်းဆုံးတစ်သောင်းတန်တယ်" ဟု ပြော၏။

(အခြားပွဲစားများနှင့် ပြကြည့်သောအခါတွင်လည်း ထိုအတိုင်းပင်ပြောကြ၏။)

နောက်သုံးရက်အကြာ ဦးစိန်လှ၊ ရာဂျူးနှင့် မျက်နှာဖြူတို့ ပြန်ဆုံသည်။ ဦးစိန်လှက မျက်နှာဖြူကို စိန်ဘူးပြန်ပေးရင်း မိမိကို စိန်များရောင်းပါဟု ရာဂျူးမှတဆင့်ပြောသည်။

မျက်နှာဖြူက ..

"ဒီလိုလူကြီးလူကောင်းနဲ့တွေ့ရတာ ဝမ်းသာကြောင်း၊ ကျုပ်က စိန်ကို လူတိုင်းကိုမရောင်းပါ။ ခင်ဗျားလိုလူကြီးလူကောင်းကိုသာ ရောင်းမှာပါ" ဟု အင်္ဂလိပ်လိုပြောရာ ရာဂျူးက ဘာသာပြန်ပေးသည်။

ထို့နောက် သူတို့သည် စိန်အရောင်းအဝယ်ကိစ္စကို ပြောကြသည်။ ဦးစိန်လှက ထိုမျက်နှာဖြူထံမှ စိန်များကို ယခုကာလပေါက်ဈေး စိန်တစ်ပွင့်ကျပ်တစ်သောင်းပေးဝယ်မည်။ စိန်ပွင့်နှစ်ဆယ် ဝယ်လိုသည်ဟု ပြောရာ မျက်နှာဖြူက ရာဂျူးမှတဆင့် ..

"ကျေးဇူးတင်ပါတယ်။ တစ်ပွင့်ကျပ်တစ်သောင်းဆိုတော့ ကျပ်နှစ်သိန်းဖြစ်ကြောင်း၊ မိမိက စိန်ပွင့်နှစ်ဆယ်အပြင် ယခု နမူနာစိန်ပွင့်ကိုလည်းလက်ဆောင်ပေးပါကြောင်း"

ဖြင့် ပြောလိုက်သည်။

ထို့နောက် သူတို့သည် စိန်ပေးငွေယူအလုပ်အတွက် မနက်ဖြန်ည ၉ နာရီတွင် ဦးစိန်လှအိမ်တွင် ပြုလုပ်ရန်ချိန်းဆိုလိုက်ကြသည်။

"ကျုပ်က မျက်နှာဖြူဆိုတော့နေ့ဘက်လာရင် ပတ်ဝန်းကျင်က တစ်မျိုးထင်မယ်" ဟု မျက်နှာဖြူက ပြော၏။

မျက်နှာဖြူထံမှ စိန်ဝယ်ပြီး တစ်ပတ်ခန့်အကြာ ဦးစိန်လှ၏မိန်းမ ဒေါ်ကြည်သည် စိန်ပွဲစားတစ်ယောက်အား မျက်နှာဖြူထံမှ ဝယ်ထားသော စိန်များ

"ရှင်...
အညာမိလိုက်ပြီ။
စိန်တစ်လုံးကလွဲရင်
ကျန်စိန်တွေက
အတုတွေကြီးပဲ။
မယုံရင်
စိန်အကြောင်း
နားလည်သူတွေကို
ပြကြည့်..."



www.burmeseclassic.com

ကို ပြကြည့်ရာ စိန်ပွဲစားသည် စိန်များကို တစ်လုံးစီ အသေအချာကြည့်ပြီး ...

"ဟား ..ဟား ..ဟား ရှင်အညာမိလိုက်ပြီ။ စိန်တစ်လုံးကလွဲရင် ကျန်စိန်တွေက အတုတွေကြီးပဲ။ မယုံရင် စိန်အကြောင်းနားလည်သူတွေကို ပြကြည့်"

ဟု ပြောရာ ဒေါ်ကြည်သည် သူမ၏ ရင်ဘတ်ကိုနှိပ်ပြီး မူးမေ့သွားလေတော့၏။ ထိုအမှုသည် ကျွန်ုပ် မောင်စံပျော် ထံရောက်လာသည်။ စိန်တုများဖြစ်ကြောင်း စုံထောက်ဌာန ဓာတ်ခွဲခန်းမှူးကလည်း သက်သေခံ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဦးစိန်လှ အကူအညီဖြင့် ကုလားရာဂျူးကို ဦးစွာ လိုက်ရှာရသည်။ ရာဂျူးခြေရာဖျောက်သွားလေပြီ။ သို့သော် ကျွန်ုပ်သည် စိတ်မပျက်။ ရာဂျူး၏ ပုံပန်းသဏ္ဌာန်နှင့် ခန့်မှန်းအသက်ကို ဦးစိန်လှအားမေး၍ ပုံကြမ်းရေး၍ ကျွန်ုပ်၏ တပည့်များကို ပေးပြီး ရန်ကုန်မြို့အနှံ့ လိုက်ရှာ နိုင်းသည်။

ထို့နောက် ကျွန်ုပ်သည် ရန်ကုန် မြို့၊ ....မြို့နယ်ရှိ စိန်တုလုပ်သော ဆိုင်ကို ထောက်လှမ်းသည်။ ရွှေဘုံသာ လမ်း ယခင်အခေါ် မဂိုလမ်းရှိ စိန် ဘာဘူဆိုင်ရှင်တစ်ယောက်ထံမှ ရသော သတင်းဖြင့် စိန်တုလုပ်သော လျှို့ဝှက် ဆိုင်နှစ်ဆိုင်တွင် စုံစမ်းထောက်လှမ်း ရာ လွန်ခဲ့သော တစ်လခန့်က ကုလား တစ်ယောက်(သူတို့ပြောသောပုံပန်းအရ ရာဂျူး ပုံပန်း) လာပြီး စိန်အစစ်တစ် လုံးကိုပြ၍ စိန်တုလုပ်ခိုင်းသွားကြောင်း။ ဆိုင်တစ်ဆိုင်ကလုပ်ပေးပြီး အခြား ဆိုင်က လုပ်မပေး။ စိန်တုအလုံး ၃၀ လုပ်ပေးလိုက်ရကြောင်း စုံစမ်း၍ရ၏။ (ဦးစိန်လှထံမှ သက်သေအဖြစ်သိမ်း ထားသော စိန်တုအချို့ကိုပြရာ ဆိုင် ရှင်က သူလုပ်ပေးလိုက်သော စိန်တု ဖြစ်ကြောင်း ဝန်ခံသည်။)

စိန်တုလုပ်ပေးလိုက်သောဆိုင်က အလုပ်အပ်သူ(ရာဂျူး)၏လိပ်စာကို ရေးမှတ်ထား၏။ ထိုလိပ်စာမှာ အမှန်



မဟုတ်ပေ။ သို့နှင့် အချိန်တစ်လကျော် ကြာသွားသည်။ ရာဂျူးကို ရှာမတွေ့။ သို့သော် ကျွန်ုပ်သည် စိတ်မပျက်။ ရာဂျူးသည် သူသွားတတ် လာတတ် သောနေရာ၌သာ ရုပ်ဖျက်၍လှုပ်ရှား မည်ဖြစ်၏။ သူနှင့်စိမ်းသောနေရာတွင် သွားလာလှုပ်ရှားမည်မဟုတ်။

ထို့ကြောင့် ကျွန်ုပ်သည် မအူ ကုန်းတစ်ဝိုက်နှင့် အင်္ဂလိပ်ထောက်ပံ့ ရေးတပ်အခြေစိုက်ရာ ကျိုက္ကဆံမြင်း ကွင်းတစ်ဝိုက်တွင် ဂရုပြုလှုပ်ရှားမှုပြု ၏။ ယနေ့ဗဟန်းမြို့နယ်ရှိ ကျိုက္ကဆံ ရပ်ကွက်မှာ စစ်ပြီးကာစအင်္ဂလိပ်တပ် များအတွက် ရိက္ခာများထောက်ပံ့သော ထောက်ပံ့ရေးတပ်ဂိုဒေါင်နေရာများဖြစ် သည်။

တစ်ညနေတွင် ကျွန်ုပ်သည် တပည့်တစ်ယောက်နှင့် တာမွေအဝိုင်း ကြီးအနီးရှိ တရုတ်ခေါက်ဆွဲဆိုင်တွင် ထိုင်နေစဉ် မျက်နှာဖြူတစ်ယော သည် ခေါက်ဆွဲဆိုင်ရှေ့မှ ဖြတ်သွာ ၏။ ကာကီဘောင်းဘီ၊ ကာကီအင်္

www.burmeseclassic.com

www.burmeseclassic.com



ထ်သားသော ထိုမျက်နှာဖြူမှာ ဆယ်(၃၀)ခန့်သာရှိရာ ကျွန်ုပ်သည် သူ့ကို စိတ်ဝင်စားသွား၏။ တပည့်ကို ခေါ်၍ သူ့နောက်မှ မသိမသာခွာ၍ နောက်ယောင်ခံလိုက်သည်။ သူသည် ရန်ကုန်မြို့ထဲသွား ဘတ်(စ်)ကားပေါ်သို့ တက်သွားသောကြောင့် ကျွန်ုပ်တို့က လည်း ထိုဘတ်(စ်)ကားပေါ်တက်စီး လိုက်သည်။

မြို့ထဲရောက်သောအခါ ထိုမျက် နှာဖြူသည် ဘားလမ်း(ယခု မဟာဗန္ဓု လပန်းခြံလမ်း)ရှိ တိုက်ခန်းတစ်ခန်းပေါ် သို့ တက်သွားရာ ကျွန်ုပ်တို့သည် ထို လှေကားထိပ်၌ မယောင်မလည်ရပ်၍ အခြေအနေကိုကြည့်နေသော်လည်း သူ သည် ပြန်မဆင်းလာပါ။

ကျွန်ုပ်သည် . . . တပည့်အား ကျောက်တံတားရဲဌာနသို့ စေလွှတ်၍ ဌာနအုပ်(ရဲစခန်းမှူး)အား အကျိုး အကြောင်းပြော၍ နယ်ထိန်းတစ် ယောက်ကို စေလွှတ်ပေးဖို့ အကူအညီ တောင်းခိုင်းလိုက်သည်။ မိနစ်နှစ်ဆယ် ကျော်ခန့်အကြာ၌ နယ်ထိန်းတစ် ယောက်နှင့် ကျွန်ုပ်တပည့်တို့ ရောက် လာကြသည်။

နယ်ထိန်းက . . .

"ဒီအပေါ်မှာ တည်းခိုခန်းရှိတယ် ဆရာ"

ဟု ပြောရာ ကျွန်ုပ်သည် နယ် ထိန်းကိုခေါ်၍ (တပည့်ကို အောက်တွင် စောင့်ခိုင်းထားပြီး)အပေါ်သို့တက်ပြီး စုံစမ်းသည်။ တည်းခိုခန်းစာရေးကို နယ်ထိန်းကတွေ့၍ တည်းခိုသူများ စာရင်းကို ယူကြည့်သည်။ ကျွန်ုပ် သည်း နယ်ထိန်းနှင့်အတူကြည့်ရာ အလက်ဇန်းဒါးဟု ခေါ်သော ဗိုလ်က ပြားတစ်ယောက် လွန်ခဲ့သော တစ်လ ခန့်က တည်းခိုနေကြောင်း သိရသည်။

"အလက်ဇန်းဒါးက မြန်မာလို ကောင်းကောင်းပြောတတ်တယ်မဟုတ် လား"

ဟု စာရေးကို ကျွန်ုပ်က မေးရာ–

ကျွန်ုပ်က စာရေးအား . .

"အလက်ဇန်းဒါးနဲ့တွေ့ချင်တယ်"

ဟု ပြောပြီး ဧည့်ခန်းတွင် ထိုင် စောင့်လိုက်သည်။ နောက်ငါးမိနစ်ခန့် အကြာတွင် အလက်ဇန်းဒါးဆိုသူ ရောက်လာသည်။ သူသည် မြန်မာလို ဝတ်ထားသည်။ သူသည် ကျွန်ုပ်၏ရှေ့ ရှိ ကုလားထိုင်လွတ်ပေါ်၌ ထိုင်လိုက် သည်။ ကျွန်ုပ်က ရာဂျူးဘယ်မှာလဲ ဟု မေးလိုက်သောအခါ အံ့ဩသော အသွင်ဖြစ်သွားသည်။

"ဘယ်က ရာဂျူးလဲ" ဟု မေး သည်။

"ဘယ်က ရာဂျူးလဲဆိုတော့ မင်းနဲ့ကုလားရာဂျူးနဲ့ပေါင်းပြီး မအူ ကုန်းက ဦးစိန်လှကို စိန်တုတွေရောင်း ခဲ့တဲ့ ရာဂျူးပေါ့"

သူသည် ငြိမ်သက်ပြီး တွေးနေ သည်။

"ကဲ . . ကျောက်တံတားရဲစခန်း ကို ခဏလိုက်ခဲ့"

ကျွန်ုပ်သည် ထိုသို့ပြောပြီး ထိုင် ရာမှထလိုက်သည်။

"ရာဂျူး . . တာမွေ . . . လမ်းမှာ ရှိတယ်"

အလက်ဇန်းဒါးက ပြောသည်။

ကျွန်ုပ်သည် အလက်ဇန်းဒါးကို ကျောက်တံတားရဲစခန်း၌ အပ်နှံထား ပြီး တပည့်နှင့်အတူ တာမွေရဲစခန်းသို့ သွားပြီး ထိုစခန်းမှ နယ်ထိန်းတစ် ယောက်အကူအညီဖြင့် ရာဂျူးကို ဖမ်းဆီးလိုက်သည်။

ဦးစိန်လှကို ခေါ်၍ ပြသောအခါ ရာဂျူးဖြစ်ကြောင်း ပြောသလို ကျောက် တံတားရှိ အလက်ဇန်းဒါးမှာလည်း ရာဂျူးနှင့်အတူတူ ပူးပေါင်း၍လိမ်သူ ဖြစ်ကြောင်း ပြောပါသည်။

ရာဂျူးမှာ မော်လမြိုင်မြို့မှဖြစ်ပြီး အလက်ဇန်းဒါးမှာ ရန်ကုန်သားဖြစ်၏။ စစ်အပြီးတွင် အလက်ဇန်းဒါးသည် ဗြိတိသျှတပ်၊ ထောက်ပံ့ရေးတပ်၌ စကားပြန်လုပ်ရင်း ရာဂျူးနှင့်သိကျွမ်း ခင်မင်သွားရာမှ ခေတ်ပျက်သူဌေးဦး စိန်လှထံမှ မတရားသောနည်းဖြင့် ငွေ များရရန် ပူးပေါင်းကြံလိုက်ခြင်းဖြစ်၏။

သူတို့၏ လိမ်ညာမှုကို ရုံးတင် တရားစွဲလိုက်ရာ တရားသူကြီးက သူ တို့ကို ထောင်ဒဏ်(၅)နှစ်စီ အပြစ်ပေး လိုက်သည်။ (သူတို့ထံမှ ပြန်ရသော ငွေများမှာ သောင်းဂဏန်းပင်မရှိတော့)

မြသိန်း



www.burmeseclassic.com

# ဦးကျော် (လှိုင်သာယာ)

# ရမ္မက်တဏှာ၏အကြွေး



နိုးဆို လင်းခန့် (ရေကြည်)



www.burmeseclassic.com

www.burmeseclassic.com



(၁)

''တောက် ...တော် တော်
တ်ပါ့ဗျာ၊ အများအမြင်မှာတော့
ရားဒကာ၊ ကျောင်းဒကာ၊ ရွာ့မျက်
ထုံးဆိုပြီး လေးစားနေကြတာ''

''ဟုတ်ပါ့... ဟုတ်ပါ့ကွာ၊ ဖွတ်
က်မှ တောင်ပို့ကြီးမှန်းသိရတာ ဒါ
ပေါ့ကွာ၊ ဘယ်နှယ့် အနယ်နယ်
ရပ်ရပ်က ကြားလို့မှမတော်တဲ့ဟာ''

''ဒါတော့... ဒါပေါ့ကွာ၊ ချကြည့်
လူကြီးကြောင့်..တို့က ဒီရွာသားပါ
တာကြီးကို လူပုံအလယ် ချမပြောရဲ
အောင် ...ရှက်လှသကွာ''

''အေးပေါ့လေ ..၊ တို့တောင်
သိုမျိုးခံစားနေရမှတော့ သူ့သားစဉ်
ဆက် ဘယ်လာပြီး လူတွေထဲ ဝင်
ရဲတော့မှာလဲ''

ဦးဘသာ၏နားထဲမှာ ဟိုမှ ဒီမှ
ပြာနေသည့်အသံတွေကို မကြားချင်
မယ့် ကြားနေရသည်။ ဘယ်သူမပြု
အမှုဆိုပေသည့် မိမိကြောင့် သား
မီးတွေ ဒီလူတွေရဲ့အလယ်မှာ ဘယ်
က်နှာတွေပြပြီး နေရစ်ကြတော့မှာလဲ။

ဦးဘသာ ဘာမှမတွေးချင်တော့။ ဖြစ်နိုင်ရင် ဒီနေရာကနေ အဝေးဆုံး ပြေးထွက်သာသွားလိုက်ချင်သော်လည်း အတောင်ရှိလျက် အပျံခက်သည့်ငှက် ပမာ ခြေနှစ်ချောင်းရှိပါလျက် အသွား ရခက်နေသည့်သူ့ဘဝကို တွေးမိတိုင်း ရင်နာ၍မဆုံးနိုင်အောင်ရှိနေတော့သည်။

ဦးဘသာတစ်ယောက် ခေါင်းငိုက် စိုက်ချကာ အိမ်ခြံဝိုင်းထဲတွင် အသင့် ရပ်ထားသည့်လှည်းပေါ်သို့ လက်ထိတ် တန်းလန်းနှင့်လှမ်းတက်လိုက်ရသည်။ သွားရမည့်ခရီးက မိမိစိတ်ဆန္ဒအရ သွားရမည့်နေရာမဟုတ်၊ တာဝန်ရှိသူ တို့ခေါ်ရာနောက်သို့ လိုက်သွားရမည့် ခရီး။

ဒီခရီးအတွက် နောက်ဆုံး သား နှင့်သမီးကိုတွေ့ဆုံပြီး နှုတ်ဆက်စကား တွေပြောပြလိုက်ချင်သော်လည်း သူတို့ လေးတွေကို ဘယ်နေရာမှရှာမတွေ့နိုင်။ မိမိကိုယ်တိုင်မှာလည်း ထိုလူအုပ်ကြီး ကြားထဲ ပေါ်ပေါ်ထင်ထင်၊ ရဲရဲဝံ့ဝံ့ မရှာ ဖွေနိုင်တော့သည့်ဘဝ၊ ဒီဘဝ၊ ဒီခန္ဓာ ကိုယ်နှင့် ဒီအရပ်နေရာမှာ ရှည်ကြာစွာ ရပ်တည်မနေချင်တော့သည့် ဦးဘသာ ၏ဆန္ဒ မကြာခင် ပြည့်ဝခဲ့လေတော့ သည်။

နွားနှစ်ကောင်တပ် လှည်းသည် ဦးဘသာ၏ခြံဝိုင်းမှ ရွာလယ်လှည်း လမ်းအတိုင်း ထွက်လာခဲ့သည်။ လမ်း တစ်လျှောက်ခြံဝိုင်း၊ အိမ်ဝိုင်းတို့မှ ဦးဘသာအား အထူးအဆန်းသဖွယ် လှမ်းကြည့်နေကြသည့် ရွာသားတို့ကို မမြင် မျက်ကွယ်ပြုကာ လှည်းခေါ်ရာ နောက်သို့ လိုက်ပါသွားခဲ့ရလေသည်။

ဦးဘသာအတွက် မွန်းကြပ်နေ သည့်စိတ်ခံစားမှုတို့မှ တဒင်္ဂ လွတ် မြောက်သွားခဲ့ရသည်။ လှည်း၏နောက် ဘက်၌ လွင့်မျောကျန်ရစ်ခဲ့သည့် ဖုန် လုံးကြီးများနှင့်အတူ ဦးဘသာ၏ရွာ လေးသည်လည်းအဝေးဆုံးတည်နေရာ ၌ မှုန်ဝါးဝါးဖြင့်သာ ကျန်ရစ်ခဲ့ရလေ တော့သည်။

(၂)

မှုန်ဝါးဝါးအတိတ်တို့ ပြန်လည်မ တွေးမြင်ချင်သော်လည်း–

''ဦးဘသာ ... ဗျို့ .. ဦးဘသာ ရှိလား''

**မာတုဂါမနဲ့ဆိတ်ကွယ်ရာမှာ ကြုံတွေ့နေရပေမဲ့**
**တဏှာရဲ့လက်ဦးမှုကိုမခံရအောင်**
**အသိဉာဏ်စဉ်နဲ့ လက်ဦးမှုယူလိုက်နိုင်လို့သာ**
**ဒီတဏှာကျော့ကွင်းက လွတ်မြောက်သွားရတာပေါ့**
**ဒါတောင်မှ အင်မတန်ထိန်းချုပ်ရခက်တဲ့စိတ်ရိုင်းကို**
**ထရံကြားမှာထိုးထားတဲ့ နီးဖြာဓားနဲ့**
**ဆရာတော်ဟာ ကိုယ့်ခြေထောက်ကို လှီးလိုက်တော့မှ...**



www.burmeseclassic.com

ဆိုသည့်အသံနှင့်အတူ ဦးဘသာ၏ခြံဝိုင်းအတွင်းသို့ လူတစ်စုရောက်ရှိလာခဲ့သည်။ လူတစ်စုဆိုရာ၌ ဌာနအုပ်နှင့် တပ်သားနှစ်ယောက် လှည်းမောင်းသူတို့သာဖြစ်သည်။ ထိုအသံကြောင့် အိမ်မြင့်ကြီး၏အောက် ခုံတန်းလျားရှည်ပေါ်၌ထိုင်နေသော ဦးဘသာသည် အိမ်အပြင်သို့တိုင် ထွက်လာပြီး–

"ဟာ ... ဘယ်သူတွေလဲလို့ ဌာနအုပ်မင်းတို့ပါလား .. ကိုယ်တိုင်ပဲ ကြွလာကာကိုး၊ ကြွပါ ... ကြွပါ၊ ကဲ .. ကဲ ထိုင်ကြပါဦး၊ နားနားနေနေပေါ့၊ ဟေ့ .. မောင်အေးရေ ရေနွေးကြမ်းနဲ့ မြည်းဖို့တစ်ခုခုအမြန်လုပ်လာစမ်းဟေ့"

"ဟုတ် ... ဟုတ်"

ဦးဘသာ၏နောက်ဘက်သို့ လှမ်းအော်သံနှင့်အတူ တဟုတ်ဟုတ်အသံတို့ကို ဆက်တိုက် ကြားလိုက်ရပြီးနောက်–

"အော် ... ဒါနဲ့ မ.ပိလို့မေးရဦးမယ် ဌာနအုပ်မင်းတို့ ... ဟိုတောင်ခြေရွာ လူသတ်မှုနှင့် ပတ်သက်တဲ့ တရားခံကို သိရပြီလား"

ဌာနအုပ်မင်းသည် ဦးဘသာ၏ မျက်နှာကိုစေ့စေ့ကြည့်ကာ–

"အင်း ... သိပြီဆိုပါတော့"

"ဘယ်သူများပါလိမ့် ..၊ ဌာနအုပ်မင်း ဒီမှာ ရေနွေးကြမ်းနဲ့ဆတ်သားခြောက်လေး သုံးဆောင်လိုက်ကြပါဦး"

ဌာနအုပ်မင်းသည် ရေနွေးကြမ်းတစ်ခွက်ကိုင့်ယူသောက်နေရာမှ–

"အဲဒီ တရားခံအကြောင်းပြောပြဖို့ ဒီကိုရောက်လာခဲ့ရတာပဲ၊ အဲ့ဒီ တရားခံဘယ်သူဆိုတာ ဦးဘသာမစဉ်းစားမိဘူးလား"

ဦးဘသာသည် ရေနွေးကြမ်းအိုးဆီသို့ လက်လှမ်းနေသောသူ၏လက်ကို အလျင်အမြန်ရုတ်သိမ်းလိုက်ပြီး–

"ဟာ ... မစဉ်းစားမိပါဘူး၊ ဘယ်သူဘယ်ဝါဆိုတာ စဉ်းစားလို့မရပါဘူး ဌာနအုပ်မင်းရယ် ... ကျွန်တော်သာ စဉ်းစားတွေးမိလို့ရရင် ဌာနအုပ်မင်းတို့ဆီ ... လူလွှတ်ပြီး ချက်ချင်းသတင်းပို့လိုက်မှာပေါ့"

"အင်းလေ ... ဦးဘသာစဉ်းစားလို့မရဘူးဆိုရင်လည်း ခေါင်းရှုတ်ခံစဉ်းစားမနေပါနဲ့တော့၊ တရားခံဆိုတာ သူလုပ်ခဲ့တဲ့ပြစ်ဒဏ်ကို လွယ်လွယ်နဲ့ ဘယ်ဝန်ခံပါ့မလဲ၊ အနည်းဆုံးတော့ ပွတ်ကာသီကာပဲဖြစ်ဖြစ် ရှောင်လွှဲချင်ကြတာပဲ၊ ဒါကလည်း သူ့တာဝန်ပေါ့၊ ကျွန်တော်တို့တာဝန်က အဲ့ဒီလို ဖုံးကွယ်ရှောင်တိမ်းနေတဲ့တရားခံကို ဖော်ထုတ်ဖမ်းဖို့ပဲ ... ဦးဘသာရေ"

ဦးဘသာသည် ဌာနအုပ်မင်း၏ မျက်နှာကို မျက်နှာငယ်နှင့် လှမ်းကြည့်ကာ–

"ဌာနအုပ်မင်းပြောတဲ့စကားက သိပ်မှန်တာပဲ၊ သူခိုး ခိုးပါတယ်လို့သာ ပြောရင် ထောင် ... ဘယ်ဆံ့တော့မလဲ" ဆိုကာ ခပ်ရွှံ့ရွှံ့ပြောနေစဉ်–

"အင်း .. ကျွန်တော်တို့ တာဝန်က တကယ်ခိုးတဲ့သူခိုး ခိုးပါတယ်ဆိုတဲ့ စကားဝန်ခံလာအောင် ပြောလာဖို့ပဲ၊ ဒီအတွက် ... ခိုင်လုံတဲ့သက်သေတွေ အထောက်အထားတွေ ပြရတာပေါ့၊ ခု လည်း အဲဒီလို ... သက်သေပြနိုင်ဖို့ အတွက် သက်သေခံပစ္စည်းကို ရှာလာပြီး တရားခံကိုဖမ်းရမှာပဲ၊ ဦးဘသာကို ပြရဦးမယ်၊ လူသတ်မှုဖြစ်တဲ့နေရာက ရလာတဲ့ သက်သေခံပစ္စည်းပဲ၊ အဲဒီ ပစ္စည်းကို ဦးဘသာများ ... သိများ သိနေမလားလို့"

ဌာနအုပ်မင်းသည် ၎င်း၏ အိတ် ကပ်ထဲတွင် အသင့်ပါလာသော စက္ကူ ထုပ်လေးကို ဖွင့်ပြလိုက်သည်။ ပြီး နောက် ဦးဘသာ၏မျက်နှာကို စေ့စေ့ ကြည့်ကာ –

"ဦးဘသာ ဒါ ... ကျောက်စိမ်း အကာသားကို ပွတ်သပ်ပြီးလုပ်ထားတဲ့ ကျောက်စိမ်းပုတီးစေ့တွေပဲ၊ ကျွန်တော့် အတွေးကတော့ သေသူနဲ့ တရားခံ ရုန်းရင်းဆန်ခတ်ရင်း ကြိုးပြတ်ကျန်ခဲ့ တာပဲ၊ တရားခံက ရုတ်တရက်မတွေ့လို့ ကြမ်းအောက်နဲ့ ကြမ်းကြားကရခဲ့တာ ဒါကြောင့် ... မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဆိုတာ ဒီလိုရာဇဝတ်မှု တိုင်းမှာ ... သက်သေခံပစ္စည်းတွေ အနည်းနဲ့ အများ ကျန်ရစ်ခဲ့ကြတာ မဟုတ်လား၊ ကဲ .. ကဲ ဦးဘသာ ဒီပုတီးစေ့ ၃ စေ့ကို သေသေချာချာ ကိုင်ကြည့်ပါဦး"

ဦးဘသာသည် မိမိမျက်နှာအ သို့တိုင် ထိုးပေးလာနေ ပုတီးစေ့ ၃ စေ့ကို ရုတ်တရက်လှမ်းမယူရဲသေး ဘဲ တဆတ်ဆတ်တုန်နေသည်။ ကို တည်ငြိမ်အောင်လုပ်ကာ လှမ်း လိုက်ရသည်။

"ဟုတ် ... ဟုတ်တယ်၊ ဌာန အုပ်မင်း အလယ်မှာ ကြိုးပေါက်ရာ ပါတော့ ပုတီးစေ့ဆိုတာ မှန်ပါတယ်"

"ဒါဟာ ပုတီးစေ့ဆိုတာသိနေ တော့ တရားခံဘယ်သူဆိုတာ ဦးဘ သာက ကျွန်တော်တို့ထက် ပိုသိနေ ပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကျွန်တော်က ပိုသိနေ နယ်၊ မဖြစ်နိုင်တာ ... ကျွန်တော်က ဘာလို့ ပိုသိနေရမှာလဲ"

"ဦးဘသာ တကယ်မသိဘူးဆို ရင် ကျွန်တော်ကပဲပြောပြရမှာပေါ့၊ ဒီ ပုတီးစေ့အပြတ်လေးဟာ ဦးဘသာလို ငွေကြေးပြည့်စုံတဲ့လူမျိုးတွေသာ ဒီအ ချိန် ဒီဒေသမှာကိုင်နိုင်ကြတာ၊ ပွင့်ပွင့် လင်းလင်းပြောရရင် ဒီပုတီးစေ့ရဲ့ပိုင်ရှင် အစစ်ဟာ ဦးဘသာဆိုတာ ကျွန်တော် တို့ နိုင်နိုင်လုံလုံ သိထားပြီးပါပြီ၊ ဒီအ တွက်ငြင်းမနေပါနဲ့တော့၊ ပိုပြီးခိုင်လုံ အောင် အသတ်ခံရတဲ့မိန်းကလေးဟာ ကာမအနိုင်ကျင့်ခံရပြီးမှ အသတ်ခံရတယ်ဆိုတာ ဆရာဝန်ဆေးစစ်ချက်ယူ နေပါပြီ၊ ပြီးရင် .. ဦးဘသာဆီက သုက်ပိုးကိုပါ စစ်ဆေးချက်ယူပြီးရင်တော့ ဦးဘသာအတွက် ဘာမှဖုံးကွယ်ထားလို့ မရနိုင်တော့ဘူးပေါ့၊ ဦးဘသာအနေနဲ့ ကျွန်တော့်ကို အကူအညီတစ်ခုတော့ပေးပါ၊ အဲဒါက မိန်းကလေးကိုသတ်ရာ မှာ အသုံးပြုခဲ့တဲ့လက်နက်ကို ဘယ်မှာသိမ်းထားသလဲဆိုတာပဲ"

ဦးဘသာသည် ဌာနအုပ်မင်း ပြောပြနေသည့်အကြောင်းအရာတို့ကို နားထောင်နေရာမှ ခေါင်းငိုက်စိုက်ကျသွားသည်။

"အားတော့နာတယ် ဦးဘသာ၊ တာဝန်အရပါ၊ ဘာကြောင့်ပဲဆိုတော့ ဦးဘသာလို တောရောမြို့ပါ လူသိများတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးဖြစ်နေတာ ရယ် ... သာမှုနာမှုတွေမှာလည်း ရှေ့ဆုံးက ဦးဆောင်ဦးရွက်လုပ်ခဲ့တဲ့လူမှု ကူညီမှုတွေကြောင့်ပေါ့ဗျာ၊ ဒီကိစ္စမျိုးဆိုတာ ခက်တော့ခက်သားပဲ၊ မှောင်တကာ့ မှောင်ထဲမှာ အမိုက်မဲဆုံးအမှောင်ဆိုတာ ကျွန်တော်နားလည်ပေးပါတယ်၊ ဒါကို သတိဆိုတဲ့ချွန်းနဲ့အုပ်နိုင်မှ ထိန်းလို့ရမှာ၊ ဒါကလည်း တကယ် ကိုယ် ကျင့်တရားရှိတဲ့သူတော်စဉ်တွေမှပါဗျာ၊ ဥပမာ ဓားမကူးဆရာတော် လိုပေါ့၊ မာတုဂါမနဲ့ဆိတ်ကွယ်ရာမှာ ကြုံတွေ့နေရပေမဲ့ တဏှာရဲ့ လက်ဦးမှုကိုမခံရအောင် အသိဉာဏ်စဉ်နဲ့ လက်ဦးမှုယူလိုက်နိုင် လို့သာ ဒီတဏှာကျော့ကွင်းက လွတ်မြောက်သွားရတာပေါ့၊ ဒါတောင်မှ စိတ်မချနိုင်သေးလို့ အင်မတန်ထိန်းချုပ်ရခက်တဲ့ စိတ်ရိုင်းကို ထရံကြားမှာထိုးထားတဲ့ နှီးဖြာဓားနဲ့ ဆရာတော်ဟာ ကိုယ့်ခြေထောက်ကို လှီးလိုက်တော့မှ ထိန်းမရတဲ့တဏှာစိတ်ရိုင်း ဟာ ခန္ဓာကိုယ်ကနေ ပြေးထွက်သွားရတယ်ဆိုတာ ဦးဘသာ သိပြီး သားပါ၊ ဒါပေမဲ့ အဲ့ဒီလိုလုပ်နိုင်ဖို့ဆိုတာ လွယ်တော့မလွယ်ပါ ဘူးနော်"



ဦးဘသာသည် ဌာနအုပ်မင်းကို ကြည့်နေရာမှ မျက်ရည်စ တွေရစ်ဝဲကျလာသည်။ တုန်ရီနေသောနှုတ်မှလည်း ...

"ဟုတ် ... ဟုတ်၊ ကျွန်တော် ကျွန်တော် ဒီတဏှာ အကြွေးကို ဆပ်ပါမယ် ... ဌာနအုပ်မင်းရယ်"

(၃)

မညီမညာသောလှည်းလမ်းကြောင်းပေါ်မှာ လိုက်ပါသွားခဲ့ရ သည့် ဦးဘသာ၏ ခန္ဓာကိုယ်ကြီးသည် ဘယ်ညာယိမ်းထိုးနေရာမှ 'တောက်'တစ်ချက်ကို ပြင်းပြင်းထန်ထန်ခေါက်မိလိုက်သည်။

မဆင်မခြင် တဒင်္ဂစိတ်ရိုင်းကြောင့် ဘဝတစ်ခုလုံးပေးဆပ်ရ တော့မည့် မိမိ၏မိုက်ပြစ်ကိုတွေးမိတိုင်း ဒေါသတို့ဖြင့်သာ ပေါက်ကွဲ နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းက ဒီလမ်း ဒီနေရာကိုသာ သွားဖို့မရွေးချယ်ခဲ့မိရင် ယခုဇာတ်လမ်းတွေဖြစ်လာလိမ့်မည်မဟုတ်ဟု စိတ်၌ ဖြေလျော့စွာ တွေးမိခဲ့သော်လည်း–

ထိုနေ့က ဦးဘသာတစ်ယောက် သူပိုင်တောင်ပေါ်ယာခင်းတွေမှာ ပဲနှုတ် ပဲသိမ်းလုပ်ငန်းတွေပြီးလောက်ပြီဆိုသည့် အတွေးနှင့် ရောက်သွားခဲ့သည်။ မြေပဲ စတင်နှုတ်သည့်အချိန်မှ ယနေ့အချိန်တိုင်အောင် တစ်ခေါက်မှမရောက်သေးသည့်အတွက် အခြေအနေသိရအောင် ကိုယ်တိုင်သွားရောက်ခဲ့ရခြင်းဖြစ်သည်။

ယနေ့ ပဲနှုတ်ပြီးချိန်မှအပြန် ပဲသိမ်းလှည်းတွေနှင့်အတူ ရွာသို့ပြန်လိုက်ရန် စိတ်ကူးထားသော်လည်း ပဲမှာ ဦးဘသာထင်သလို မပြီးပြတ်နိုင်သေးဘဲ နောက်တစ်ရက်ဆက်လုပ်ရဦးမည့်အခြေအနေကြောင့် စာရင်းငှားသိန်းအောင်ကိုသာ မှာကြားခဲ့ပြီး ရွာသို့ တစ်ယောက်တည်း ပြန်လာခဲ့သည်။

လမ်းတစ်ဝက်တွင်မထင်မှတ်သော မြင်ကွင်းကြောင့် တအံ့တသြငေးကြည့်နေစဉ် သိန်းစွန်ကုတ်ဖွဲ့ခံရသော ပျားအုံမှပျားများသည် ဦးဘသာဆီသို့ အုပ်ဖွဲ့ပျံသန်းလာနေသည်ကို လှမ်းတွေ့လိုက်ရသည်။ ဦးဘသာကြာရှည်ငေးကြည့်မနေနိုင်၊ ၎င်းတို့နှင့်ဝေးရာသို့ အမြန်ဆုံးကွေ့ပတ်ပြေးခဲ့ရလေသည်။ အတော်ဝေးဝေးသို့ပြေးမိမှ ပျားတို့၏အန္တရာယ်မှ လွတ်ကင်းသွားသည်။

တစ်ချိန်လုံး ပြေးလွှားလာခဲ့ရသဖြင့် ရေငတ်လာသည့်ဒုက္ခကို ယခုမှပင် သတိပြုမိလိုက်သည်။ သစ်ရိပ်တို့မရှိသဖြင့် မိမိ၏ဦးခေါင်းထက်မှနေကို မော့ကြည့်မိလိုက်သည်။ နေမွန်းတည့်အချိန်ဖြစ်သဖြင့် အပူရှိန်က မြင့်မားနေသည်။ တောင်ခြေသို့ ရောက်လာသော်လည်း ရွာဆက်မှာအလှမ်းဝေးသေးသဖြင့် ရေရနိုင်မည့်နေရာကိုမမှန်းဆနိုင်ရှိနေသည်။

တောတန်းချုံနွယ်ကွေ့တစ်ကွေ့ကို ကျော်လိုက်မှသာ တောင်ခြေယာခင်း တဲလေးတစ်ခုကို လှမ်းတွေ့လိုက်ရသည်။ ဦးဘသာသည် လှမ်းမြင်တွေ့နေရသည့် ယာတဲလေးဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းသွားလိုက်သည်။ တဲအနီးသို့ရောက်လျှင် ယာတဲရှင်ကို လှမ်းခေါ်သော်လည်း မည်သည့်အရိပ်အယောင်မှမတွေ့ရသဖြင့် တဲအတွင်းပိုင်းသို့ ခေါင်းငုံ့ဝင်လိုက်သည်။ တဲအတွင်းပိုင်း၌ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဦးဘသာ၏နှုတ်မှပင် ယောင်ယမ်းထွက်သွားသည်။

''ဟာ ... ဒုက္ခပါပဲ''

ဆိုကာ တဲဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ လူဆက်ရွာဆက်ဝေးသော ဤအရပ်၌ လူသူအရိပ်အယောင်မတွေ့ရသဖြင့် တဲအတွင်းပိုင်းသို့ ဒုတိယအကြိမ် ပြန်လှည့်ကြည့်လိုက်သည်။ မြင်ရသည့်မြင်ကွင်းမှာ စိတ်လှုပ်ရှားစရာ။ အသက် ၂၀ ဝန်းကျင်ခန့်သာရှိမည့် မိန်းမပျိုတစ်ယောက်သည် လွတ်လပ်နစ်ချိုက်စွာဖြင့် အိပ်မောကျနေသည်။ ဖြူဝင်းသောအသားအရေတို့ပေါ်မှ အဝတ်စတို့သည် ပြေလျော့နေသဖြင့် လုံးဝန်းတောင့်တင့်သော အသားဆိုင်တို့သည် ဦးဘသာအား ဖိတ်ခေါ်နေသယောင် ..။

ဦးဘသာတစ်ယောက် ဂဏှာမငြိမ်ဖောက်ပြန်နေသောစိတ်တို့ကြောင့် တစ်ကိုယ်လုံးဖောချွေးများပင်ပြန်လာသည်။ ချောက်ကပ်နေသောလည်ချောင်းမှ [illegible] တွေးတို့ကို အကြိမ်ကြိမ်မျိုချနေရ[illegible] မိန်းကလေး၏ဝင်းအိနေသော အသား[illegible] စိုင်တို့ကို ထိတွယ်ကိုင်ကြည့်လို[illegible] သည်။ လှုပ်ရှားမှုမရှိ ငြိမ်သက်အိပ်[illegible] ကျနေခြင်းသည် ဦးဘသာအား [illegible] မှောင့်တကာ့အမှောင်တွင်းသို့ တွန်း[illegible] လိုက်သလိုရှိစေခဲ့လေတော့သည်။

အရာအားလုံးသည် လွယ်လွ[illegible] ကူကူနှင့် အဆုံးသတ် ပြီးဆုံးသွာ[illegible] သည်တော့မဟုတ်။ တွန်းတိုးရုန်းက[illegible] ခြင်းတို့ဖြင့် တစ်ခန်းရပ်နိဂုံးချုပ်သွာ[illegible] ရသည့်ဖြစ်ရပ်ကြောင့် ..။

သူ့ဘဝတစ်ခုလုံးအတွက် [illegible] ဆပ်ရမည်မှာ ဂုဏ်သိက္ခာနှင့်အရှ[illegible] ထိုအတွက်ကာကွယ်ရန် တစ်ခုတည်[illegible] သောထွက်ပေါက်ကို တဒင်္ဂအတွ[illegible] စဉ်းစားမိလိုက်သည်။

မဖြစ်သင့်မဖြစ်ထိုက်၊ မလုပ်သ[illegible] မလုပ်ထိုက်သော်လည်း ဦးဘသာ[illegible] ဘဝတစ်ခုလုံးအတွက် အခြားရွေးချ[illegible] စရာလမ်းမရှိတော့သည့်အတွက် [illegible] မှတ်မထင် လှမ်းမြင်တွေ့လိုက်ရသော[illegible] ထရံကြားမှဓားဦးချွန်ဖြင့် ဖြေရှင်းလို[illegible] ရပေတော့သည်။

\+ + +

သို့အတွက် ဦးဘသာ ပြန်လည်[illegible] ပေးဆပ်ရဦးမည့်ရမ္မက်တဏှာ၏ နိဂုံး[illegible] ချုပ်အကြွေးသည် ...။

ဦးကျော်(လှိုင်သာယာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# နေဝင်ချိန်တွင် မိုးသောက်သည်



၁ ။

''ရှင်စာပါကို ငါရမှ ချမ်းသာတော့မည်။ မရလျှင် ဒီနေရာမှာဘဲ ငါအသေခံတော့အံ့၊ စာပါလေးကို ရမယ်ဆိုရင် ငါ ဘာပဲလုပ်ရလုပ်ရ လုပ်မယ်။ အောင်မယ်လေး .. ငါ့ရင်တွေကွဲထွက်မတတ် ပူလောင်လှချည်ရဲ့ .. ကယ်တော်မူကြပါ''

ငါသည် အိပ်ရာထက်၌ ဘယ်လူးညာလိမ့်ဖြစ်လျက် ပြင်းစွာသောဝေဒနာကို ခံစားနေရ၏။ လူဖြစ်လာသည်မှစ၍ ဤကဲ့သို့သော သောကပရိဒေဝဝေဒနာမျိုး ဘယ်တုန်းကမှ ငါမခံစားဖူးပါ။ ဝေဒနာအမျိုးအမည်ကို ဖော်ပြနိုင်စွမ်းမရှိသော်လည်း ဝေဒနာဖြစ်ရခြင်း၏ ကြောင်းရင်းဇစ်မြစ်ကိုတော့ ငါသိပါ၏။

ငါသည် တက္ကတွန်းဘဝဖြင့် မြင့်မြတ်သော အကျင့်ကို ကျင့်ကြံအားထုတ်လျက် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်၌ ကျောင်းသခ်မ်းကလေးဖြင့် စင်ကြယ်သောဘဝကို တည်ဆောက်နေခဲ့သူ။ ငါ့ကို ကြည်ညိုသူများလည်းရှိသည်။ တပည့်ဒကာအဖြစ်ခံယူလျက် ဆွမ်း၊ သက်န်းစသော ဝတ္ထုပစ္စည်းများ ပေးလှူသူများလည်း မနည်းပေ။ ထိုစဉ်က ငါ့ဘဝသည် ကြာမျိုးစုံဖူးပွင့်ဝေစီနေသော အနောဒတ္တအိုင်ကဲ့သို့ သာယာတင့်မောဖွယ်ဖြစ်၏။ ငါ့ကို ဆည်းကပ်ကိုးကွယ်သော တပည့်ဒကာများထဲတွင် စဏ္ဍာမိ အမည်ရှိသော မုဆိုးကျော်ကြီးလည်းပါဝင်သည်။

မုဆိုးကြီးသည် တောတကာလှည့်၍ အမဲသားကောင်ရှာဖွေရင်း ငါနှင့်ဆုံတွေ့ခြင်းပင်။ ငါ့ကိုမြင်လျှင် မြင်ချင်းကြည်ညိုသဒ္ဓါဖြင့် ဆရာသခင်အရာထား၍ ဆည်းကပ်ကိုးကွယ်သည်။ မိုးတွင်းမိုးခါ တောတောင်ထဲတွင် ဆရာသခင် အနေအစားဆင်းရဲကြပ်တည်းမည်ကို မကြည့်ရက်ပါ။ သက်သောင့်သက်သာ နေထိုင်ရပြီး မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်နိုင်ရန် တပည့်တော်၏ အိမ်ဝိုင်းအယံသို့ ကြွတော်မူခဲ့ပါ။ ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ကိုးကွယ်ထားပါမည်။ ပစ္စည်းလေးပါးဒယကာအဖြစ် သနားသောအားဖြင့် တပည့်တော်ကို ချီးမြှင့်တော်မူပါဟု မကြာခဏ ပင့်လျှောက်၏။ တပည့်ဒကာ၏ စေတနာဆန္ဒကို လိုက်လျောလိုသောကြောင့် ဤဝက်ဖနယ်သို့ ငါလာခဲ့မိခြင်းသည် ငါ့ဘဝတွင်



www.burmeseclassic.com

ပြင်ဆင်ရန်ခက်ခဲသော တံလျှပ်ရေထင်မိသည့် ဆုံးဖြတ်ချက်အမှားပင် ဖြစ်ပါသတည်း။

* * *

၂။

ဝင်္ကဖနပုဒ်သို့ အလာလမ်း၌တွေ့ခဲ့ရသော ပုဂ္ဂိုလ်ထူးကို ဖျတ်ခနဲသတိရ၏။ မြင်မြင်ခြင်း ကြည်ညိုစိတ်ကြောင့် ငါ့နှုတ်မှ ပဋိသန္ဓာရစကားတွေ အလိုလိုထွက်ကျသွားခဲ့၏။

"ငါ့ရှင် သင်၏ ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ်ဖြစ်၏။ သန့်ရှင်းစင်ကြယ် သပ္ပါယ်ပြည့်ဖြိုးသော ခန္ဓာကိုယ်နှင့် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလက်၏။ အဆင်းရူပကာနှင့်လည်း ပြည့်စုံ၏။ ဖန်ရည်ဆိုးသောသင်္ကန်းတော်ကို ဆင်မြန်းထားသူဖြစ်၍ ရဟန်းဟု ထင်ရ၏။ သင်သည် ဘယ်သူကိုရည်မှန်း၍ ရဟန်းပြုသနည်း။ သင့်ဆရာကားမည်သူနည်း"

ငါ၏ အမေးစကားအဆုံးမှာပင် သူသည် ကြည်လင်သာယာ၍ မာနသံကင်းသော နှစ်လိုဖွယ် မဟာကရုဏာအသံဖြင့် ...

"ချစ်သား ဥပက၊ ငါကား ကိလေသာအဖွဲ့အနှောင်ကို ပယ်သတ်အောင်မြင်တော်မူ၍ အလုံးစုံသော ဘုံသုံးပါးမှ တရားအပေါင်းကို ထိုးထွင်းသိမြင်တော်မူခဲ့ပြီ။ ထို့သို့ ဓမ္မအလုံးစုံကို အလိုလိုသိတော်မူပြီးဖြစ်၍ လောကသုံးပါး၌ ထင်ရှားပြစရာ ငါ့ဆရာသည် အဘယ်မှာရှိတော့အံ့နည်း။ ငါ့အမည်ကား မာရ်ငါးပါးကို အောင်မြင်တော်မူသောအနန္တဇိနမည်ပေသည်တကား"

"အို .. အသင်ဟာ အနန္တဇိနဆိုတော့ အရှင်ဂေါတမရဟန်းထင်ပါရဲ့၊ အခု အဘယ်သို့ကြွအံ့နည်း"

"ချစ်သား ဥပက၊ ဂင်္ဂါဝါလုသဲစုတမျှ ပွင့်ကုန်ကြသော ဗုဒ္ဓမြတ်စွာတို့၏ ဓမ္မတာ၊ ဓမ္မစကြာဟူသော တရားစည်ကြီးကို ရိုက်ဆော်မြည်ဟီးအောင် တီးတော်မူခြင်းငှာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးသို့ ငါ ကြွလှမ်းတော်မူပေအံ့"

သူသည် ဤသို့ ဖွင့်ဟမြွက်ကြား၏။ ငါသည် ကြည်ညိုဖွယ်တင့်တယ်သော ရှင်ရဟန်း အနန္တဇိနနောက်သို့ ဖဝါးခြေထပ် လိုက်ပါသွားရန် စိတ်ကူးမိသေး၏။ သို့သော် ထိုစိတ်ကူးသည် အကောင်အထည်မပေါ်။ ငါသည် အနန္တဇိနခေါ် ဂေါတမဗုဒ္ဓနှင့် ကြုံဆုံမိပါလျက် ဘုရားရှင်ဟောကြားမည့် တရားဦးတရားထူးကို နာယူရန် အားမထုတ်မိခဲ့။ အကယ်၍သာ ငါသည် ထိုစဉ်က တဒင်္ဂဖြစ်ပေါ်မိသောစိတ်ကူးအတိုင်း သူနှင့်အတူ မိဂဒါဝုန်သို့ လိုက်ပါမိခဲ့ပါလျှင် ဘုရားရှင်ဟောကြားညွှန်ပြဆုံးမတော်မူသော ဓမ္မစကြာတရားဦးကြောင့် ဒုက္ခအပေါင်းမှလွတ်မြောက်ရာ နိဗ္ဗာန်ရွှေပြည်သို့ မျက်မှောက်ပြုနေရလောက်ပေပြီ။

ဤသို့မဟုတ်မူဘဲ ငါ့အပေါ် ကြည်ညိုသဒ္ဓါသူများ၏ ဖိတ်ခေါ်မှုအပေါ် သာယာမိသော လောဘစိတ်အလျဉ်ကြောင့် စဏ္ဍာမိမုဆိုးကြီးရှိရာ ဝင်္ကဖနပုဒ်သို့ ရှေ့ရှုခဲ့သဖြင့် ယခုကဲ့သို့ နက်ရှိုင်းသည့် အမှောင်ပိတ်ဖုံးသော မောဟတောတွင် အကန်းတစ်ယောက်ပမာ လမ်းပျောက်နေသော ဒုက္ခအနန္တနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းဆိုပါလျှင် ...။

* * *

၃။

စဏ္ဍာမိမုဆိုးသည် ကတိတည်၏။ ငါ့ကို မြင်လျှင်မြင်ချင်း ဝမ်းပန်းတသာ ကြိုဆိုလျက် သူ၏ ဥယျာဉ်မြေတစ်နေရာတွင် ငါ့အတွက် ကျောင်းသခမ်းကို ဆောက်လုပ်လှူဒါန်း၏။ ငါသည် တပည့်ဒကာမုဆိုး၏ အလှူဖြင့် ဆွမ်းကွမ်းစသော ခဲဖွယ်ဘောဇဉ်တို့ကို နေ့စဉ်နေ့တိုင်း သူကိုယ်တိုင် ပို့အပ်လှူဒါန်းသဖြင့် ကြောင့်ကြမှုကင်းစွာ သီတင်းသုံးနိုင်ခဲ့၏။ တက္ကတွန်းတစ်ပါး၏ မွန်မြတ်သည့် ကျင့်စဉ်များကို သောကကင်းစွာ ကျင့်ကြံအားထုတ်နိုင်သည်ထိပင်။

တစ်နေ့ ...

ထိုနေ့သည် ငါ့ဘဝဖြစ်စဉ်ထဲမှ အမှတ်တရနေ့ဖြစ်၏။ ငါ့ဘဝအား တစ်ဆစ်ချိုးပြောင်းလဲပစ်မည့်နေ့လည်းဖြစ်၏။ အေးချမ်းသော သာယာငြိမ်းအေးသော ငါ့ဘဝကို လျှပ်စစ်မုန်တိုင်းတို့ သည်းစွာတိုက်ခတ်ဖြိုလှဲ၍ အစိပ်စိပ်အမွှာမွှာ တစ်စစီဖြစ်အောင် ဖျက်ဆီးသည့်နေ့လည်းဖြစ်၏။

နံနက် အရုဏ်ယာဂုဆွမ်းလာပို့ရင်းမှာပင် တပည့်ဒကာဖြစ်သူ မုဆိုးကြီးက သူသည် တောသို့ဝင်၍ အမဲသားကောင် အရှာထွက်မည်မို့ ဆရာသခင်ကိုယ်တော်တိုင် အိမ်သို့ ကြွသွားတော်မူ၍ ဆွမ်းအလှူခံလည့်ပါဟု ဆို၏။ တပည့်ဖြစ်သူ၏ စေတနာကို တုံ့ပြန်၍ ပင့်လျှောက်မှုကို ငါ လက်ခံခဲ့သည်။ ဤသည်မှာ ငါ့ဘဝကို ဖျက်ဆီးမည့် စီရင်ချက်ကို ငါ ကိုယ်တိုင်လက်ခံရွေးချယ်၍ သတ်မှတ်လိုက်ခြင်းဖြစ်၏။ ကိုယ့်ကြမ္မာကို ကိုယ်တိုင်ဖန်တီးလိုက်ခြင်းပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစားချိန်တွင် ဆွမ်းဒကာ၏ အိမ်သို့ ဆွမ်းဘုန်းပေးသုံးဆောင်ရန် ငါ ကြွလှမ်းခဲ့၏။ အိမ်ဦးခန်းတွင် မွန်မြတ်စွာ ခင်းကျင်းပြင်ဆင်ထားသည့် ဆွမ်းစားပွဲဝိုင်းတွင် ထိုင်လိုက်သည်။ ထိုအချိန်မှာပင် ငါ့နှာခေါင်း၌ မွှေးပျံ့ချိုအီသည့်ရနံ့ကို ရှိက်ရှူမိပြီးနောက် တင့်တယ်စွာဆင်ယင်ထားအပ်သော မိန်းမငယ်တစ်ဦး ငါ့အား ဆွမ်းလုပ်ကျွေးရန် အနီးသို့ချဉ်းကပ်ရောက်ရှိလာ၏။ ငါသည် အသက်ရှူရန်ပင် မေ့လျော့သွားဘိ၏။ အသက်ဝိညာဉ်ကင်းသူ တစ်ယောက်ပမာ တဒင်္ဂမိန်းမောတွေဝေသွားသည်။ စင်စစ် ငါသည် မိန်းမငယ်၏ အလှကွန်ယက်တွင် အမိအရဖမ်းဆီးခံရသည့် လိပ်ပြာငယ်တစ်ကောင်ပမာ အသေချော် အနန္တသော ဘဝက အစွဲတွင် ကိန်းအောင်းစက်ပျော်နေသော ရာဂမီးသည် ညီးညီးပြောင်ပြောင် အဟုန်ပြင်းစွာထ၍ တောက်လောင်လာတော့၏။

ပါးစပ်အတွင်း သွပ်သွင်းလိုက်သောဆွမ်းကို ပါးမျိုရန် သတိမရ။ လည်ချောင်းဝတွင် တစ်ဆို့ရောက်ရှိနေသော အစာကိုလည်း မျိုမချနိုင်။ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်လျက် ဆောက်တည်ရာကင်းမဲ့သော အချစ်ရူးတစ်ယောက်ဖြစ်မှန်းမသိဖြစ်လျက် ထိုင်ရာမှထပြီးလျှင် အပူအအေး သမမျှတအောင် ဝတ်ရုံထားသောသင်္ကန်းကိုပင် အနိုင်နိုင်သိမ်း၍ အိမ်ပေါ်မှ ဒရောသောပါး ဆင်းပြေးခဲ့ရ၏။

အို ..ငါ၏ ဒုက္ခကြီးစွတကား။ ထိုတဒင်္ဂသည် ငါ၏ တစ်ဘဝစာ အမိုက်တိုက်အတွင်းသို့ ဦးဆောက်ကျွမ်းပြန် ကျရောက်သွားခြင်းဖြစ်ပါ၏။ ထိုနေ့မှစ၍ ခုနစ်ရက်တိုင်တိုင် ငါသည် စားလည်း မစားနိုင်၊ စားချင်သည့် အာသီသ လည်းမရှိ။ အိပ်ရာထဲမှာပင် လူးလိမ့်လျက် ရှင်စာပါလေး၏အမည်ကို နှုတ်မှ တဖွဖွရွတ်ဆိုမည်တမ်းမိပေသည်တကား ...။

၆ ၆ ၆

## ၄။

တပည့်ဒကာဖြစ်သော စဏ္ဍာမိ မုဆိုးပြန်ရောက်လာသောအခါ သူ့အိမ်သို့ ခုနစ်ရက်ပတ်လုံး ငါ ဆွမ်းအလှူခံမကြွကြောင်း သိသွားသည်ထင်၏။ သူကိုယ်တိုင် ကျောင်းသင်္ခမ်းသို့ စုံစမ်းရန်အလာ၊ ငါ့နှုတ်မှ စာပါကလေးကို တမ်းတတဖြင့် ရေရွတ်လူးလိမ့်နေသည်ကို မြင်သွား၏။ သူက ..

"ဆရာသခင် မည်သို့သော အကြောင်းချင်းရာကြောင့် မချမ်းမသာ ရှိနေပါသနည်း"

သူမေးသော မေးခွန်းသည် ဖြေကြားရန်ခက်ခဲသော အမေးဖြစ်၍ ငါ မဖြေဘဲ လူးလိမ့်မြဲ လူးလိမ့်နေမိသည်။ ဒကာစဏ္ဍာမိသည် အားမလိုအားမရ ဖြစ်လျက် ...

"အို ဆရာသခင်၊ ကျွန်ုပ်အား အကြောင်းစုံပြောလော့၊ အားနာတော်မူပါလင့်၊ လိုအပ်သော ဆန္ဒကို ဖြည့်ဆည်းပေးအံ့" ဟူ၍ပင် ထပ်ဆင့်ပြောလာ၏။ ငါ မနေသာတော့၊ မပြောမပြီး မတီးမမြည်ပေ။ ထို့ကြောင့် ..

"ဒါယကာ ငါသည် သင်၏သမီး စာပါသတို့သမီးကြောင့်ပင် ဤသို့ဖြစ်ရ၏။ စာပါကိုသာ ငါ မပေါင်းဖက်ရပါမူ ငါ၏ အသက်ဇီဝသည် မတည်ငြိမ်း ချုပ်ရပေတော့အံ့"

ထိုသို့ တုံ့ပြန်လိုက်သည့် ငါ၏ စကားအဆုံး၌ ..

"ဆရာသခင် ကျွန်ုပ်သမီး စာပါကို ရယူပိုင်ဆိုင်ရန် ခဲယဉ်းလှသည် မဟုတ်ပါ။ ဆရာသခင်တွင် အိမ်ထောင်သားမွေးလုပ်ရန် အဘယ်သို့သော အတတ်ပညာကို တတ်မြောက်ပါသနည်း"

ငါသည် ငယ်စဉ်ကပင် တက္ကတွန်းဘဝဖြင့် နေလာခဲ့သူဖြစ်၏။ မည်သို့သော အသက်မွေးဝမ်းကြောင်း အတတ်ပညာကိုမျှ သင်ကြားတတ်မြောက်ခဲ့သူမဟုတ်ပေ။ သို့ဖြစ်၍ ငါသည် ရှင်းရှင်းနှင့်ဘွင်းဘွင်းပင် ပြောရတော့၏။

"အသင် မုဆိုး၊ အတတ်ပညာဟူ၍ ငါ့တွင် မြူမှုန်မျှပင်မရှိပါ။ သို့ရာတွင် ငါ့တွင်ခွန်အားရှိ၏။ သင့်ကို အဖော်ပြု၍ သင် ပစ်ခတ်သတ်ဖြတ်သော သားငှက်တို့ကိုထမ်း၍ ဈေးတကာ ရွာစဉ်လှည့်လည်ရောင်းချခြင်းငှာ ငါ တတ်နိုင်ပါ၏"

ငါ၏ အဖြေကိုကြားသောအခါ မုဆိုးသည် ပြုံးလိုက်၏။

"ဆရာသခင် ကျွန်ုပ်ကား ဥစ္စာပစ္စည်းကို မမက်မော၊ ကျွန်ုပ်နှင့်လက်ရေတပြင်တည်း လုပ်ကိုင်စားသောက်မည်ဟု ဝန်ခံခြင်းကို နှစ်သက်၏။ ယခုပင်လျှင် ကျွန်ုပ်နှင့်အတူ အိမ်သို့လိုက်၍ ကျွန်ုပ်သမီးနှင့်ပေါင်းဖက်ရန် ကျွန်ုပ်ခွင့်ပြု၏"

ထိုနေ့မှာပင် ငါချစ်သော စာပါလေးနှင့် ငါ့ကို မုဆိုးကြီးက ထိမ်းမြားပေး၏။ ငါ့ဘဝတွင် မိုးမမြင်လေမမြင် ပျော်ရွှင်ရသောနေ့များပါပင်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင်နှင့်ပတ်သက်၍လည်း အခက်အခဲမရှိလှ။ မုဆိုးကြီးနောက်ကလိုက်၍ ပစ်ခတ်ဖမ်းဆီးရမိသော အမဲသားကောင်တို့ကို ထမ်းယူလျက် ရပ်တကာရွာစဉ်လှည့်လည်ရောင်းချခြင်းဖြင့် ဘဝရပ်တည်မှုကို ဖြစ်စေခဲ့၏။

ထိုဘဝဖြင့် ကာလရှည်လျားကြာမြင့်သောအခါ ငါ၏ ရှုမငြီးသော ချစ်ဇနီး စာပါသည် သားတစ်ယောက်ဖွားမြင်၏။ ထိုသားကို သုဘဒ္ဒ ဟူသော အမည်ကိုမှည့်၏။ ယခု ငါသည် တစ်ပင်တည်းသော သံယောဇဉ်ကြိုးပင်မကတော့ သားတစ်ယောက်ဖခင်ဟူသော နောက်ထပ်သံယောဇဉ်ကြိုးတစ်ချောင်းဖြင့် အခိုင်အမာ ထပ်မံချည်နှောင်ခြင်းကိုခံခဲ့ရလေပြီ။

§ § §

၅။

**တစ်နေ့**သောအခါ အမဲသားကောင်များကို ထမ်းပိုးချီမ၍ ရွာစဉ်လှည့်ရောင်းပြီးအပြန် အိမ်အဝင်တွင် သားလေးသုဘဒ္ဒ၏ သည်းသည်းငိုသံကိုကြားသည်။ မိခင်ဖြစ်သူ ငါ၏မယား စာပါက သားကိုရိုက်နှက်ရင်း ...

"ဟဲ့ .. သားထမ်းသမားရဲ့သား၊ မုဆိုးနောက်လိုက် တဏှာတွန်းထွက် ကမ်းကုန်အောင်မိုက်မဲသည့် လူမိုက်သားပီပီ နင်တော်တော်ပူပြင်းသည့်ကလေး၊ နင်သေမှ အေးတော့မည်"

ဤသို့သော စာပါ၏ ငေါက်ငန်းကျိန်ဆဲသော ဖရုသဝါစာကြောင့် ရင်တစ်ခုလုံးပွင့်ထွက်လုမတတ် ပြင်းစွာနာကျင်ခဲ့ရ၏။ ပေါက်ကွဲရန်းကန်ထွက်လာတော့မည့် ဒေါသမီးကို အနိုင်နိုင်မျိုသိပ်ငြိမ်းသတ်လိုက်ရ၏။ သို့သော် ခါးသည်းလွန်းသည့် ထိုးနှက်ချက်ကို ခံလိုက်ရသဖြင့် နှလုံးသားတွင် အမြဲအဖြစ် တည်ဖြစ်နေသော မသိစိတ်ကို နိုးထအချက်ပေးလိုက်သလို ဖြစ်သွားခဲ့သည်တော့အမှန်ပင်။

စာပါသည် ဤမျှဖြင့် လည်း အားမရနိုင်သေး။ သားချော့ရာတွင်လည်း ...

"အို .. အေ့ .. အေ့ သားကလေးအိပ်ပါတော့လေ။ နင့်အဘ တဏှာရူးရဟန်းယောင်ပျက်၊ ငါ့ကိုမက်လို့ လူထွက်လာ၊ ပညာတုံးတုံး ထမင်းဖြုန်းသည့် ဆန်ကုန်မြေလေးရဲ့ သားကလေးရယ်၊ အိပ်လှဲ့ပါတော့ အိပ်ပါတော့ကွယ်"

ဟူ၍လည်း ငါ့ကိုစောင်း၍ တစ်မျိုး၊ တည့်တည့်တစ်မျိုး မထေမဲ့မြင်နှင့် ထိကပါး ရိကပါး ပျက်ရယ်ပြုခြင်းများကိုလည်းအကြိမ်ကြိမ်အခါခါ ခံရဖန်များလာသောအခါ ...

"သင်က ငါ့ကို ကိုးကွယ်ရာ ဆည်းကပ်ရာ အားကိုးမရှိတဲ့ တစ်ကောင်ကြွက် နလပိန်းတုံးလို့ ထင်လို့လား။ ဟော့ဒီမှာ လောကဓာတ်တစ်ခွင်လုံးမှာပြိုင်ဘက်မရှိတဲ့ အနန္တဇိနအမည်ရသော ငါ့အဆွေတော် ဘုရားရှင်သည် အထင်အရှားရှိ၏။ ဘုရားရှင်ထံ ငါသွား၍ ရဟန်းပြုလျှင် လင်ပစ်မအဖြစ် သားတစ်ကောင်နှင့် သင်ကျန်ရစ်မည်စိုးသဖြင့် ငါ သည်းခံနေခြင်းဖြစ်သည်"

"သြော် .. ဒီလိုဆိုတော့လည်း သင့်မှာ နာတတ်တဲ့ စိတ်ကလေးရှိသေးသားပဲ။ သင့်လို ရဟန်းလူထွက် ကတုံးတိုဆံတစ်ဆစ်နဲ့ အကြံတုန်းဉာဏ်တုံးလင်ပစ်တော့ကော မိစာပါတို့က မှုမယ်များထင်လို့လား"

"အချိန်မရွေးသွားတော်မူပါ။ မြန်လေကောင်းလေပါပဲတော်ကြီးရေ"

ငါ သည်းခံနိုင်သည့် အတိုင်းအတာကို ကျော်လွန်သွားခဲ့ပါပြီတည်း။ သည်မိန်းမနှင့်အတူ ဆက်နေလျှင် အကုသိုလ်များ၍ အပါယ်လားရန်သာ ရှိတော့သဖြင့် သည်ဘဝသည်မျှနှင့် ပင် အဆုံးသတ်ဖို့ ငါ ဆုံးဖြတ်လိုက်သည်။ သည်တော့လည်း ...

§ § §

၆။

ငါသည် မဇ္ဈိမဒေသသို့ ရှေးရှုခဲ့၏။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ရောက်သောအခါ အသင့်တွေ့သည့်ရဟန်းပျိုတစ်ပါးအား ငါ မေးမြန်းစုံစမ်း၏။

"ငါ့ရှင်တို့ အနန္တဇိနဘယ်မှာရှိသနည်း"

ဟု ငါမေးလိုက်သည်။ ထိုအခါ ငါ မေးလိုက်သောရဟန်းငယ်က ..

"သြော် .. သင်ရောက်လာခဲ့ပြီကိုး၊ ဘုရားရှင်က အနန္တဇိနသည် အဘယ်မှာရှိသနည်းဟု မေးလာသူအား ငါ့ထံ ဆောင်ခဲ့လော့ ဟု မှာကြားထားခြင်း ရှိပါသည်။ လာလော့ ကျွန်ုပ်နောက်က လိုက်ခဲ့လော့"

ရဟန်းငယ်က ငါ့ကို အနန္တဇိန၏ ရှေ့တော်သို့ ပို့ဆောင်ပေးလျှင် အံ့သြခြင်းမက အံ့သြရတော့၏။ ဟိုးလွန်ခဲ့သောနှစ်များစွာက ငါနှင့်စတွေ့စဉ်အတိုင်း အနန္တဇိနသည် ဝင်းဝါစိုပြေဆဲ လန်းဆန်းကြည်လင်ဆဲ ကြည်ညိုစဖွယ် ဣန္ဒြေတော်ဖြင့် ထိုင်နေခြင်း

www.burmeseclassic.com



အား ငါမြင်ရသောအခါ ငါ့ဘဝနှင့် နှိုင်းယှဉ်ကြည့်မိ၏။

ငါသည်ဇရာ၏အရေးအကြောင်းကို့ကြောင့် အသားအရည်တို့ မွဲခြောက်ပျော့တွဲနေပြီ။ ငယ်စဉ်က စူးရှကြည်လင်ခဲ့သည့် မျက်လုံးအစုံတို့သည် နှမ်ဝါးမှိုင်းဝေစ ပြုလာ၏။ နားအစုံမှာသည်း အကြားအာရုံတို့ ချို့တဲ့၍ သွားတို့သည် နာကျင်ပွဲကြွေ၏။ ခါးသည်ကိုင်းစဥ္စွတ်စဖြင့် ..။

သူတော်ကောင်းတရားကို ကျင့်ကြံ၍ သတ္တဝါအပေါင်းကို ကယ်ချွတ်နေသူနှင့် ဒုစရိုက်မှုတို့ဖြင့် ပြွမ်းတီးငြိမ်းကျဲသော အသက်မွေးသူတို့၏ ဥပဓိရုပ်သည် အကွာကြီးကွာခြားနေသည်ကပင် အကောင်းနှင့်အဆိုး၊ အနိမ့်နှင့်အမြင့်၊ မြင့်မြတ်မှုနှင့် ယုတ်ညံ့မှု၊ ကုသိုလ်နှင့် အကုသိုလ်စသည်တို့၏ မတူကွဲပြားခြားနားမှုတို့သည် ထင်ရှားသိသာလွန်းနေပေသည်။

ငါသည် အနန္တဇိနကို မဝသော ကြည်ခြင်းဖြင့်ကြည့်၍ ကြည်ညိုသဒ္ဓါစိတ်ကို မြိုသိပ်နိုင်စွမ်းမရှိတော့ဘဲ ထိုသူကိုမျှ ဦးနှိမ်မချ ဖူးသည့်လက်အစုံဖြင့် ရိုသေညွတ်တွားစွာ လက်အုပ်ချီမိုး ရှိခိုးမိလေ၏။ ထို့နောက် ငါက..

''အရှင်ဘုရား ..ကျွန်ုပ်အား မှတ်မိပါသေးရဲ့လား''

''ချစ်သား ဥပက၊ သင့်ကို ငါကောင်းစွာသိ၏။ ယခုအခါ သင် ဘယ်အရပ်မှာ နေသနည်း''

''အရှင်ဘုရား ကျွန်ုပ်သည် ဝင်္ကဇနပုဒ်၌ မုဆိုးသမက်ဖြစ်နေပါ၏''

ငါ၏ အဖြေစကားအဆုံးမှာပင် ညှို့အိုင်ထဲမှ မသန့်ရှင်းသော ရေကဲ့သို့ ညစ်ညူးနောက်ကျိနေသော ငါ၏ စိတ်အလျဉ်အတွင်းသို့ ဘုရားရှင်အဆုံးအမသည် စူးရှနက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်လာတော့၏။

''ချစ်သား ဥပက ..၊ သင်၏ အသက်အရွယ်သည် ကြီးရင့်လှပေပြီ။ *မမြဲသောအနိစ္စတရားကြောင့်၊* ဒီလလော .. နောင်လလော .. အခုလော အတော်ကြာမှလော ဟူ၍ သေရအံ့သောကာလကို တွေးတောရမည့်အချိန်ပင်။ အဆီအသားမကပ်သည့် အမဲရွတ်ကို ဝါးသောသူပမာ ကာမတဏှာချမ်းသာကို မြတ်နိုးမြိန်ယှက်စွာ သုံးဆောင်ရန် တမ်းတနေခြင်းဖြင့် အကျိုးမဲ့သေချေသော် လူ့အဖြစ်ကို တဖန်ပြန်၍ရနိုင်တော့မည်မဟုတ်။ သတိသံဝေဂရချိန်တန်ပေပြီ''

''အရှင်ဘုရား .. ဟုတ်မှန်ပါပေ၏''

ငါ ဝန်ခံရတော့၏။ အမှန်စင်စစ်လည်း တကယ်ပင် ငါ့ဘဝ၏ နေဝင်ချိန်သည် လွန်စွာ နီးကပ်လျက်ရှိပြီ။ ငါသည် အသူတစ်ရာမက နက်ရှိုင်းမှောင်မည်းသော ချောက်နှုတ်ခမ်းတွင် လှုပ်လီလှုပ်လဲ့ ယိုင်နဲ့နဲ့ဖြင့် အနိုင်နိုင်အားတင်းရပ်တည်နေရသောဘဝ၊ အချိန်မီ ကယ်တင်မည့်သူမရှိပါလျှင် ချောက်အတွင်းကျ၍ ဘဝဆုံးတော့မည့်အခြေအနေ။ ထိုအချိန်မှာပင် ဘုရားရှင်၏ အသံတော်သည် နားစည်အတွင်း ချိုသာသိမ်မွေ့စွာ စီးမျောဝင်ရောက်လာပြန်၏။

''ချစ်သားဥပက ရှေးဘုရားတို့သည် ဓမ္မစကြာတရားဟောကြားခြင်းငှာ မိဂဒါဝုန်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူမြဲတည်း။ ငါသည် သင်၏ အနာဂါမ်ဖြစ်လတ္တံ့သော ဥပနိဿယကိုရည်၍ ခြေဖြင့်ကြွတော်မူခဲ့ခြင်းဖြစ်ပေသည်။ သင့်နှင့်တွေ့ဆုံပြီးသကာလ သင်သည် တစ်နေ့နေ့တွင် ငါ့ထံသို့ လာလိမ့်မည်ဟူ၍ သိတော်မူပြီးဖြစ်၍ အနန္တဇိနဟူ၍ မေးလာသူအား ငါ့ထံဆောင်ယူခဲ့ကြကုန်ဟု မဆွကပင် မှာကြားထားခဲ့သည်။ ယခု သင်ရောက်ပြီဖြစ်၍ ရဟန်းပြုနိုင်ပါပြီလော''

ဘုရားရှင်၏ မဟာကရုဏာစကားကြောင့် အားတက်ဝမ်းမြောက်စွာဖြင့် ငါ လျှောက်ထားမိတော့၏။

''အရှင်ဘုရား တပည့်တော်အား သနားသဖြင့် ရဟန်းပြုပေးတော်မူပါ''

ငါသည် ရွှင်လန်းစွာ တက်ကြွနှစ်လိုစွာ အားတက်မျှော်လင့်လျက် ဘုရားရှင်ထံပါးမှာ ရဟန်းပြုပေးပါရန် လျှောက်ထားအသနားခံလိုက်သည်။

ဤသည်မှာ အကုသိုလ် ဒုစရိုက်အမိုက်တရားများဖြင့် လိမ်းကျံထားသည့် ညစ်ပေနေသော ငါ့ဘဝအား အပါယ်သို့ကျရောက်အံ့ဆဲဆဲမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် အထောက်အပံ့ကောင်းဖြစ်စေရန်ပင် ဖြစ်ပါသတည်း။

**မောင်သစ်နွယ်**

<u>ဝန်ခံချက်</u>

ရွှေတောင်မြို့၊ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော ဇိနတ္ထပကာသနီကျမ်းစာ ၄၆/ဥပကဝတ္ထုကို မှီငြမ်းပြု၍ ရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လွှဝင်စားဆိုရင်
အတိတ်ဘဝက
အကြောင်းတချို့ကို
ပြောရမယ်လေ။
ငါ ဘယ်သူလဲ ‥
ဘယ်မှာနေတယ်
ဘာညာ
ပြောရမှာပေါ့…





www.burmeseclassic.com

www.burmeseclassic.com



ကြူမှာရဟတ်



www.burmeseclassic.com

လောကတွင် သိပ္ပံပညာနှင့် ချိန်ထိုးမရသော ထူးခြားဆန်းကြယ်နက် ရှိုင်းမှုများ ရှိနေပေ၏။ ယင်းတို့ကို ဂမ္ဘီရဟု ဆိုနိုင်၏။

သင့်ကို ဥပမာတစ်ခု ပြပါမည်။

ကြည့်ပါ ...

အမေရိကန်သမ္မတနှစ်ဦး၏ ဖြစ်စဉ်သည် သင့်ကို အံ့သြစေပါလိမ့်မည်။

| **အေဗရာဟင်လင်ကွန်း** | **ဂျွန်အက်ဖ်ကနေဒီ** |
|---|---|
| ၁၈၄၆ တွင် လွှတ်တော်အမတ်ဖြစ်။ | ၁၉၄၆ တွင် လွှတ်တော်အမတ်ဖြစ်။ |
| **၁၈၆၀ တွင် သမ္မတဖြစ်။** | **၁၉၆၀ တွင် သမ္မတဖြစ်။** |
| အိမ်ဖြူတော်တွင်နေစဉ် ရင်သွေးများသေဆုံး။ | အိမ်ဖြူတော်တွင်နေစဉ် ရင်သွေးများသေဆုံး။ |
| **သောကြာနေ့တွင် လုပ်ကြံခံရ။** | **သောကြာနေ့တွင် လုပ်ကြံခံရ။** |
| ဦးခေါင်းတွင် သေနတ်ဒဏ်ရာရ၍ သေဆုံး။ | ဦးခေါင်းတွင် သေနတ်ဒဏ်ရာရ၍ သေဆုံး။ |
| **လုပ်ကြံသူမှာ တောင်ပိုင်းသား။** | **လုပ်ကြံသူမှာ တောင်ပိုင်းသား။** |
| သမ္မတအဖြစ် ဆက်ခံသူ တောင်ပိုင်းသား။ | သမ္မတအဖြစ် ဆက်ခံသူ တောင်ပိုင်းသား။ |
| **လင်ကွန်း၏ အတွင်းရေးမှူးအမည် ကနေဒီ။** | **ကနေဒီ၏ အတွင်းရေးမှူးအမည် လင်ကွန်း။** |
| သမ္မတဆက်ခံသူ အင်ဒရူးဂျွန်ဆင်သည် ၁၈၀၈ ခုဖွား။ | သမ္မတဆက်ခံသူ လင်ဒန်ဂျွန်ဆင်သည် ၁၉၀၈ ခုဖွား။ |
| **လုပ်ကြံသူ ဂျွန်ဝိုက်ဘုသ်သည် ၁၈၃၉ ဖွား။** | **လုပ်ကြံသူ လီးဟာဗီအော်စ်ဝေါသည် ၁၉၃၉ ဖွား။** |
| လုပ်ကြံသူအမည် ဂဏန်း ၁၅ | လုပ်ကြံသူအမည် ဂဏန်း ၁၅ |
| **လုပ်ကြံသူ ရုံးမတင်မီ လုပ်ကြံခံရ။** | **လုပ်ကြံသူ ရုံးမတင်မီ လုပ်ကြံခံရ။** |
| ဖို့ဒ်ကဇာတ်ရုံတွင် လုပ်ကြံခံရ။ | လင်ကွန်းအမည်ပေးထားသော ဖို့ဒ်ကားပေါ်တွင် လုပ်ကြံခံရ။ |

အထက်တွင် နှိုင်းယှဉ်ဖော်ပြထားသည့်အတိုင်း သမ္မတကြီးအေဗရာဟင် လင်ကွန်းနှင့် ဂျွန်အက်ဖ်ကနေဒီတို့၏ ဘဝဖြစ်စဉ်များသည် တစ်ထပ်တည်း တူညီနေသည်ကို တွေ့ရ၏။ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယင်းတို့ နှစ်ဦး၏ ဘဝဖြစ်စဉ်များသည် နှစ်ပေါင်း ၁၀၀ တိတိခြား၍ တူညီနေခြင်းဖြစ် သည်။

သင် မည်သို့ပြောမည်နည်း ...

***

Pacific Star and Stripe တွင် ပါရှိသော ဆောင်းပါးမှ အေဗရာဟင် လင်ကွန်းနှင့် ဂျွန်အက်ဖ်ကနေဒီတို့၏ အကြောင်းကို ကျွန်တော် စိတ်ဝင်စား မိသဖြင့် နားလည်တတ်ကျွမ်းသူတချို့ ကို မေးစမ်းဖူး၏။

တာရိုဒေ၀တွင် ကားချပ်တစ်ရာ မရှိပါ။ ယင်းကားချပ် (Major Arcana) ၂၂ ချပ်နှင့် အုပ်စုကားချပ် (Suite Arcana) သို့မဟုတ် (Minor Arcana) ကားချပ် ၅၆ ချပ်၊ စုစုပေါင်း ၇၈ ချပ်သာရှိသည်ဟု ဆို၏။ သို့သော် ၁၀၀ ဆိုသည်မှာ (၁၀ × ၁၀) သဘောပေ ဖြစ်သည်ဟု ဆိုကြ၏။

တာရိုဒေ၀တွင် ပင်မကားချပ် နံပါတ် ၁၀ မှာ ကြမ္မာရဟတ် (The Wheel of Fortune)ဖြစ်သည်။ ရဟတ် ဘီးပုံဖြင့် အရုပ်ဖော်ထားသည်ဟု ဆို သည်။

ထို့ကြောင့်ပင် နှစ် ၁၀၀ တွင် ကံကြမ္မာတစ်ပတ်လည်၍ သမ္မတကြီး နှစ်ဦးဖြစ်ကြသော လင်ကွန်းနှင့်ကနေဒီ



www.burmeseclassic.com

www.burmeseclassic.com



တို့၏ ဘ၀ဖြစ်စဉ်များ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် တူညီနေကြခြင်းလား။ သို့ဆိုလျှင် ၁၀ နှစ်မှာ တစ်ကြိမ် ကံကြမ္မာရဟတ် တစ်ပတ်လည်တတ်ပါသလား။

သင်စိတ်ဝင်စား၍ စဉ်းစားကြည့်နိုင်ရန် တာရိုကားချပ်များကို အောက်တွင် ဖော်ပြထားပါသည်။

မြန်မာဂမ္ဘီရကတ်ပြား
နံပါတ်(၁၀)



၁၀ ကံကြမ္မာလှည်းဘီး

ဂျစ်ပစီတို့၏ တဲရောကတ်ပြား
နံပါတ်(၁၀)



၂၀၀၃ ခုနှစ် . . .။

"ဒါ သမီးလေးပုံလေ"

အန်တီထွေးက ကျွန်တော်တို့ဝိုင်းရှိရာသို့လာ၍ အယ်လ်ဘမ်ကလေးတစ်ခုကိုဖွင့်ကာ သူမ၏ ကွယ်လွန်သူ သမီးငယ်လေးပုံကို ပြသည်။

သည်နေ့က ကလေးမလေး ကွယ်လွန်သည်မှာ (၈)နှစ်မြောက်ဖြစ်၏။ ကလေးမလေးကို ရည်စူး၍ မိခင်ဖြစ်သူက အလှူဒါနပြုခြင်းဖြစ်သည်။

ကလေးမလေး၏မိခင် အန်တီထွေးမှာ ကျွန်တော်နှင့်မရင်းနှီး။ ကျွန်တော့်ဇနီး အေး အလုပ်လုပ်နေသော ကုမ္ပဏီတွင် အလုပ်ဝင်သည်မှာ မကြာသေး။ တစ်နှစ်ပင်မပြည့်သေး။ ထို့ကြောင့် အန်တီထွေးနှင့် ခင်မင်ရုံသာ ရှိသေး၏။ အတွင်းသိ အစင်းသိ ကျွမ်းဝင်မှုမရှိသေး။

အေးက အတင်းခေါ်၍ ကျွန်တော်က ပါလာရခြင်းဖြစ်သည်။

ညှော်ခံကျွေးမွေးသော မုန့်ဟင်းခါးကိုစားပြီး မုန့်နှင့်ကော်ဖီများဖြင့် ထပ်မံ ညှော်ခံရင်း အန်တီထွေးက စကားလာပြောသည်။ စကားပြောရင်းက သူမ၏ သမီးလေးပုံကို ပြခြင်းဖြစ်သည်။

အန်တီထွေးပြသောပုံကို အေးက ယူကြည့်ရင်း တအံ့တသြ အာရုံစိုက်သွားသည်ကို ကျွန်တော်သတိပြုမိ၏။

ပြီး . . ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်သည်။

ဓာတ်ပုံအယ်လ်ဘမ်လေးကိုလည်း ကျွန်တော့်ကို လှမ်းပေးပါသည်။ ကျွန်တော်က အယ်လ်ဘမ်ကို လှမ်းယူပြီး ကြည့်လိုက်သောအခါ . .

ကျွန်တော်မျက်လုံးပြူးသွားရသည်။

"ဟာ . . ဒါ . . တူမလေး သမုဒယရဲ့ပုံပါလား"

သည်လိုပင် ကျွန်တော့်စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

ပြီးလျှင် ဇနီးသည် အေးကို ပြန်ကြည့်မိသည်။ ကျွန်တော်တို့ အကြည့်ချင်းဆုံသွားသည်။

"သမီးလေး မကွယ်လွန်မီ သုံးနှစ်လောက် . . အဲ ပထမတန်းတုန်းက ရိုက်ထားတဲ့ပုံပေါ့။ ကျောင်းမှာ ဆုယူရင်း ရိုက်ထားတာလေ"

အန်တီထွေးက ပြောပြသည်။

"ဪ . . ဟုတ်ကဲ့"

"အေးက . . . သူ့ခင်ပွန်းသည်က စာရေးဆရာလို့ ပြောဖူးတယ်လေ။ ဒါကြောင့် အန်တီကတောင် သမီးလေးအကြောင်း ဝတ္ထုရေးပေးပါလားလို့ ပြောမလို့"

ကျွန်တော့်ကို ဦးတည်၍ ပြောလာသောကြောင့် . . .

"ရပါတယ် ခင်ဗျ၊ အန်တီရေးစေချင်ရင် ရေးပါ့မယ်"

ကျွန်တော့်က အလိုက်သင့်ပြန်ဖြေရသည်။

"ဒါဆို သမီးလေးအကြောင်း . . အန်တီ ပြောလည်းပြောပြမယ်။ အရေးကြီးတဲ့အချက်လေးတွေလည်း အန်တီ ရေးပေးလိုက်မယ်နော်"

"ဟုတ်ကဲ့"

* * *

"အရမ်းကို အံ့သြစရာကောင်းနေပြီ မောင်"

အန်တီထွေးတို့အိမ်မှ ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ဖနီးသည် အေးက မှတ်ချက်ချခြင်းဖြစ်၏။

"ဟုတ်တယ် အေး"

"အန့်တီထွေး သမီးလေးရဲ့ပုံဟာ အေးတို့တူမလေး သမုဒယနဲ့အတော့်ကို တူနေတာ။ ညီအစ်မလို့ပြောရင်ရမယ်။ သမုဒယလေးကိုတွေ့ရင်လည်း အန့်တီထွေးက သူ့သမီးလေးပါလို့ ပြောမှာပဲ"

"ဒါတင်ဘယ်ကမလဲ။ အန့်တီ ထွေးပြောတဲ့ သူ့သမီးလေးအကြောင်းကိုလည်း တူမလေး သမုဒယရဲ့ အကြောင်းနဲ့ အေးတို့ယှဉ်ပြီး ချရေးကြည့်ရအောင်"

"ကောင်းသားပဲ"

သို့ဖြင့် ...

ကျွန်တော်တို့လင်မယားပြုစုလိုက်သောအခါ အောက်ပါအတိုင်း ဇယားတစ်ခု ထွက်ရှိလာလေတော့သည်။

| | | အန့်တီထွေးသမီး(ကွယ်လွန်) | တူမလေး(သက်ရှိထင်ရှား) |
|---|---|---|---|
| ၁။ | အမည် | သံယောဇဉ် | သမုဒယ |
| ၂။ | အိမ်ခေါ်အမည် | ကြောင်ပေါက် | ကြောင်ပေါက် |
| ၃။ | မွေးသက္ကရာဇ် | ၇-၁-၈၇ | ၇-၁-၉၇ |
| ၄။ | ထူးခြားအမှတ်အသား | ဘယ်အပေါ်နှုတ်ခမ်းမှဲ့ | ဘယ်အပေါ်နှုတ်ခမ်းမှဲ့ |
| ၅။ | မိဘအမည် | ဦးမင်းအောင်၊ ဒေါ်မိမိထွေး | ဦးအောင်မင်း၊ ဒေါ်မမထွေး |
| ၆။ | ဝါသနာ | ပန်းချီ | ပန်းချီ |
| ၇။ | ရည်မှန်းချက် | ပန်းချီဆရာမ | ပန်းချီဆရာမ |
| ၈။ | ပညာရည် | အတန်းစဉ်ပထမ | အတန်းစဉ်ပထမ |
| ၉။ | အခြားအချက်များ | - ဒုတိယတန်း အသက် ၇ နှစ် စက်ဘီးအတိုက်ခံရ၍ ခြေကျိုး<br>- တတိယတန်း အသက် ၈ နှစ် ဦးမင်းအောင်နှင့် ဒေါ်မိမိထွေး လင်မယားကွဲ၊ သံယောဇဉ်မိခင် ကျန်ခဲ့။ ဖခင်နောက်အိမ်ထောင် ကျသွား။<br>- စတုတ္ထတန်း အသက် ၉ နှစ် သံယောဇဉ် တိုက်ရှေ့ရေကန်တွင် ရေနစ်၍ ကွယ်လွန်။<br>ကွယ်လွန်နေ့ ၂၅-၁-၉၆ | |



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အထက်ပါဇယား ကို ပြုစုချိန်က တူမလေးသမုဒယသည် ၆ နှစ်အရွယ် ပထမတန်း၌ ပညာသင် ကြားနေဆဲဖြစ်သည်။

''မောင်ရေ . . အခုမှပိုပြီး အံ့သြ စရာဖြစ်နေပြီ။ မောင် ဘယ်လိုထင်လဲ''

''ဟုတ်တယ် အေး၊ ဒီအတိုင်း ဆို တူမလေးက သံယောဇဉ် ဝင်စား တာများလား''

ကျွန်တော်က ကျွန်တော်၏ ပထမဆုံးအတွေးကိုစ၍ ပြောသည်။

''အင်း . . . ပြောမယ်ဆို ပြော နိုင်တာပဲ . .။ သံယောဇဉ်ဆုံးတာက ၂၅–၁–၉၆။ တူမလေး မွေးတာက ၇–၁–၉၇ ဆိုတော့ သံယောဇဉ်ဆုံးပြီး ဝင်စားတာ ဖြစ်နိုင်ဖွယ်ရှိတယ်။

အဲ . . ဒါပေမဲ့ အန်တီထွေး ပြော ပြတဲ့အထဲမှာ သံယောဇဉ်အကြောင်း တွေကို တူမလေးက တစ်ခွန်းမှမပြော ဘူး။ ပြီးတော့ လူဝင်စားလို့ပြောရ လောက်အောင် တူမလေးက ဘာမှ ထူးထူးခြားခြား ပြောတာဆိုတာမှမရှိ ဘဲ။ လူဝင်စားဆိုရင် အတိတ်ဘဝက အကြောင်းတချို့ကို ပြောရမယ်လေ။ ငါ ဘယ်သူလဲ . . ဘယ်မှာနေတယ် ဘာညာ ပြောရမှာပေါ့။ အခု တူမလေး က ဘာမျှမပြောတာ''

''ဒါလည်း စဉ်းစားစရာပဲ။ ဒါပေမဲ့ အချက်အလက်တွေက အတော့်ကို တူ နိုင်လွန်းတော့ မယုံကြည်နိုင်လောက် အောင်ပဲ။ နာမည် သံယောဇဉ်နဲ့ သမု ဒယဆိုတာက စကားလုံးကွဲပေမယ့် အဓိပ္ပာယ်အတူတူပဲ။ ပြီးတော့ နာမည် ပြောင်လို့ ပြောလို့ရမယ့် ချစ်စနိုးခေါ် တဲ့နာမည်က ကြောင်ပေါက်ချင်းတူနေ တယ်။ မွေးသက္ကရာဇ်ကျတော့လည်း မွေးရက်၊ မွေးလ တူနေတယ်။ ဆယ် နှစ်တိတိကွာတာ တစ်ခုပဲ။ နှုတ်ခမ်း မှာ မှဲ့ပါပုံချင်းကလည်း တူနေပြန် တယ်။ ဝါသနာ၊ ရည်မှန်းချက်နဲ့ ပညာ ရည်ကလည်း တစ်ထပ်တည်းပဲ။ မိဘ အမည်တွေက နည်းနည်းလေးလွဲတာ''

''သမုဒယလေးက ခုမှ ပထမ တန်းအရွယ်ဆိုတော့ သံယောဇဉ်ရဲ့ တခြားအချက်တွေတော့ နှိုင်းယှဉ်လို့ မရနိုင်ဘူးပေါ့။ ခြေကျိုးတာတို့၊ မိဘ တွေကွဲတာတို့၊ ပြီးတော့ အဲဒါတွေများ တူလာရင် ဒုက္ခပဲ''

အေး မျက်လုံးတွေဝိုင်းကာ ရင် ဖိုသွားသည်။ ကျွန်တော်လည်း အေး ကဲ့သို့ပါပင်။

''မဖြစ်နိုင်ပါဘူးကွာ . . အဲဒါတွေ လျှောက်မတွေးပါနဲ့'

''စိုးရိမ်မိတယ် မောင်ရယ် . .''

''ဒီအကြောင်းကို မမထွေးတို့ကို ပြောပြသင့်သလား''

''ဟင့်အင်း . . ဟင့်အင်း . . မပြောနဲ့၊ မမထွေးက အယုံအကြည် အစွဲအလမ်း သိပ်ကြီးတာ။ တော်ကြာ အေးတို့တွေးသလို တွေးမိရင် သမုဒယ ဘာမျှမဖြစ်ဘဲ မမထွေးက နှလုံးရောဂါ ရမှာ။ မပြောနဲ့ မောင်''

''အေးလေ . . . မပြောတာဘဲ ကောင်းပါတယ်။ ခုဟာကလည်း တိုက် ဆိုင်မှုရှိလို့ တောင်တောင်အီအီလျှောက် ပြောနေကြတာပါ။ တကယ်တော့ လူတူ မရှား နာမည်တူမရှားပါပဲ။ အဲ . . အခု မှ သတိရတယ်''

''ဘာလဲ မောင်''

''ရှပ်ရှင်မင်းသား ဝင်းဦးဆုံးသွား တော့ ဝင်းဦးရဲ့ကားတွေကို ရန်အောင် နဲ့ ဆက်ရိုက်ဖြစ်တယ်။ ဝင်းဦးဆိုတဲ့ နာမည်က ဗုဒ္ဓဟူး တနင်္ဂနွေတွဲထားပြီး နေ့က ဗုဒ္ဓဟူးသား။ ရန်အောင်ကလည်း ဗုဒ္ဓဟူးတနင်္ဂနွေ တွဲနေတာပဲ။ နေ့က လည်း ဗုဒ္ဓဟူးပဲ။ ပြီးတော့ ဝင်းဦး ကွယ်လွန်တဲ့ ၁၉၈၈ ဒီဇင်ဘာ ၁၄ ရက်နေ့ဟာ ရန်အောင်ရဲ့ ၂၂ နှစ် မြောက် မွေးနေ့တဲ့။ ရန်အောင်က ဒီဇင် ဘာ ၁၄ မွေးတာတဲ့။ ဒါလည်း တိုက် ဆိုင်မှုတွေပဲ မဟုတ်လား''

''အင်း ဟုတ်တယ်နော် မောင်''

''နောက်တစ်ခုရှိသေးတယ် . .။ ရှပ်ရှင်မင်းသမီး အကယ်ဒမီများရှင် ဝါဝါဝင်းရွှေနဲ့ အဆိုတော် နီနီဝင်းရွှေ။ နာမည်ချင်းကလည်း ဆင်တူနေသလို မွေးနေ့ချင်းကလည်း ဒီဇင်ဘာ ၃၀ ရက်ချင်းတူနေတယ်။ ကဲ . . ဒါလည်း တိုက်ဆိုင်မှုပဲ မဟုတ်လား။ ဒီလို တိုက် ဆိုင်မှုရှိပေမယ့် သူတို့ရဲ့ ကံကြမ္မာချင်း ထပ်တူမကျပါဘူး။ ဒါကြောင့် သံယော ဇဉ်နဲ့ တူမလေး သမုဒယတို့ရဲ့ ဘဝ ကံကြမ္မာကလည်း ထပ်တူမဖြစ်နိုင်ပါ ဘူး''

''အင်း . . . မောင်ပြောတာ သဘာဝကျပါတယ်။ မောင်ပြောမှပဲ အေးလည်း ရင်ထဲမှာ နည်းနည်း အေး သွားတယ်။ ဟုတ်ပါတယ် သံယောဇဉ် နဲ့ သမုဒယရဲ့ ဘဝကံကြမ္မာ မတူနိုင် ပါဘူး။ မတူပါစေနဲ့လို့လည်း အေး ဆု တောင်းပါတယ်''

''မောင်လည်း အေးလိုပါပဲကွယ်''

စင်စစ် ကျွန်တော်နှင့်အေးတွင် သားသမီးမထွန်းကားသဖြင့် တူမလေး သမုဒယကိုပင် သမီးလေးသို့



www.burmeseclassic.com

www.burmeseclassic.com



တော်တို့က ချစ်နေကြရသူများဖြစ်သည်။

သမုဒယဆိုသည်က အေး၏ အစ်မလတ်ဖြစ်သော မမထွေးနှင့် ကိုအောင်မင်းတို့၏ တစ်ဦးတည်းသော သမီးလေးဖြစ်သည်။

အေးတွင် ညီအစ်မအရင်း သုံးယောက်ရှိရာ အစ်မကြီးဖြစ်သောမမဦးက အိမ်ထောင်မကျဘဲ အပျိုကြီးဘဝဖြင့်ရှိပြီး မိခင်ကြီးနှင့်အတူ နေထိုင်သည်။ အလတ်ဖြစ်သော မမထွေးနှင့် အငယ်ဖြစ်သော အေးကသာ အိမ်ထောင်ကျခြင်းဖြစ်သည်။ အေးနှင့်ကျွန်တော်က ယခုထိ သားသမီးမရ။

သည်တော့ တစ်မျိုးတစ်ဆွေလုံးမှာမှ ကလေးငယ် သမုဒယသာရှိလေရာ အားလုံးက တုန်နေအောင် ဝိုင်းချစ်နေကြရသည်လေ။

"မောင်"

"ဟင်"

"မမထွေးတို့ကို ဘာမှမပြောပါနဲ့နော်"

"အင်းပါ ‥ မပြောပါဘူး"

***

၂၀၀၄ ခုနှစ် ‥။

ကျွန်တော်တို့ မေ့မေ့လျော့လျော့နေခဲ့သော အကြောင်းတစ်ခုသည် မမျှော်လင့်ဘဲ ရုတ်ချည်းပေါ်လာခဲ့၏။

ကျွန်တော်နှင့်အေး အံ့သြတုန်လှုပ်သွားခဲ့ရပြန်သည်။

သမုဒယလေးနှင့် ပတ်သက်၍ပါပဲ။

သည်နှစ်က သမုဒယလေး ဒုတိယတန်းရောက်သည်။ အသက် ၇ နှစ်ထဲမှာ ဖြစ်သည်။

မမထွေးက ဖုန်းဆက်လာခြင်းဖြစ်၏။

"မောင်လေးနဲ့ညီမလေး ဆေးရုံကို လိုက်ခဲ့ကြဦး"

"ဟင် ‥ ဘာ ‥ ဘာဖြစ်လို့လဲ၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"သမီးလေး ကျောင်းပြန်အလာမှာ စက်ဘီးတစ်စီးက ဝင်တိုက်လို့လေ။ အခု ဆေးရုံမှာ"

"ဟာ"

ကျွန်တော်တို့ ချက်ချင်းပြေးကြရ၏။ ဆေးရုံရောက်တော့ မမထွေးနှင့် သူ့ခင်ပွန်း ကိုအောင်မင်းတို့ကို မျက်နှာအပျက်ပျက်နှင့် တွေ့ကြရသည်။

"သမီးလေး ဘယ်လိုနေလဲ"

ကျွန်တော်က အလောတကြီး စိုးရိမ်စွာ မေးမိ၏။

"အသက်အန္တရာယ်တော့ မရှိပါဘူး။ ဒါပေမဲ့ ‥"

မမထွေး၏ အဖြေမှာ တစ်ဝက်တစ်ပျက်နှင့် တန့်ရပ်ရှိုက်သံသာ ဆက်၍ ထွက်လာသည်။ ကိုအောင်မင်းက–

"ညာဘက်ခြေထောက် အရိုးကျိုးသွားတယ်"

ဟု ဆက်ပြောသည်။

"အို"

"ဟာ"

ကျွန်တော်တို့ လင်မယား၏ အာမေဍိတ်သံများ ပြိုင်တူထွက်သွားကြသည်။ စက်ဘီးတိုက်ခံရ၊ ခြေထောက်ကျိုး၊ သံယောဇဉ်အဖြစ်နှင့် တူနေပြန်ပြီ။ အသက်ကလည်း သံယောဇဉ်လိုပင် ၇ နှစ်။ အတန်းက ဒုတိယတန်း။

အေးက ကျွန်တော့်ကို မျက်လုံးပြူးကြီးနှင့် ကြည့်နေသလို ကျွန်တော်ကလည်း အံ့သြတုန်လှုပ်စွာ အေးကို ကြည့်နေမိ၏။

"သမီးလေးက စောစောကတောင် မင်းတို့ကို မေးနေသေးတယ်။ ခြေထောက်ကိုတော့ ကျောက်ပတ်တီးစီးပြီးပြီ"

မမထွေးကော။

ကျွန်တော်တို့ သမုဒယကို ဝင်တွေ့ကြသည်။

"ကယ်ကယ်လေးနဲ့ တီတီလေး သမီးကို ကယ်ပါဦး။ သမီးခြေထောက်ကျိုးသွားပြီ"

ကျွန်တော်တို့ကို မြင်သည်နှင့် သမုဒယက ငိုရှုံ၍ပြောသည်။ စကားကလည်းတတ်၍ ချွဲချွဲနွဲ့နွဲ့ ပြောတတ်တော့ သမုဒယ၏ စကားများကြောင့် ကျွန်တော်တို့ မျက်ရည်ဝဲနေကြရ၏။

"ဘာမှမဖြစ်ပါဘူး သမီးရယ်။ ဒါက ကျောက်ပတ်တီးဖြေလိုက်ရင် အကောင်းပြန်ဖြစ်သွားမှာ။ ကယ်ကယ်လေး ငယ်ငယ်ကလည်း ဘောလုံးကစားရင်း သမီးလိုပဲ ခြေထောက်ကျိုးဖူးတယ်။ ကျောက်ပတ်တီးစီးလိုက်တော့ ပြန်ကောင်းသွားတာပဲ။ ကြည့်ပါလား ကယ်ကယ်လေး ခြေထောက်ဘာမှမဖြစ်တာ"

ကျွန်တော်က ဘတ်လမ်းတွေ ထွင်ပြီး သမုဒယကို နှစ်သိမ့်ရ၏။

"ဟုတ်တယ် သမီးရဲ့၊ တီတီလေးလည်း လက်ကျိုးဖူးတာပဲ။ သမီး မေမေကြီးကို မေးကြည့်ပါလား။ အခု အကောင်းပဲ ‥ ဘာမှမဖြစ်ဘူး"

"တကယ် ဘာမှမဖြစ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



သမုဒယက မယုံမရဲ ထပ်မေးနေပြန်သေးသည်။

"တကယ်ပါ သမီးရဲ့ တကယ်ပြောတာ"

သည်တော့မှ ငိုနေသော သမုဒယ၏ မျက်နှာကလေး ပြန်၍ လန်းဆန်းရွှင်ပျလာသည်။

***

ဆေးရုံမှ အိမ်ပြန်ရောက်သော အခါ အေးက ..

"မောင်ရေ .. အချက်တစ်ချက်တော့ ထပ်တူကျလာပြန်ပြီ"

ငိုညည်းသံနှင့်ပြောလေသည်။

"အင်း .. တိုက်တိုက်ဆိုင်ဆိုင်ကွာ"

"နောက်အချက်တွေများ၊ အို ဖွဟဲ့ .. လွဲပါစေ ဖယ်ပါစေ"

"အေးရယ် .. ဥပါဒါန်ကြောင့် ဥပဒ်ရောက် ဖြစ်နေပါ့မယ်။ သိပ်လည်း အစွဲအလမ်းမထားပါနဲ့။ မောင်ပြောခဲ့သလို ဝင်းဦးနဲ့ရန်အောင်၊ မင်းသမီးဝါဝါဝင်းရွှေနဲ့ အဆိုတော် နီနီဝင်းရွှေတို့ ဘဝကံကြမ္မာ ထပ်တူမှမကျတာ"

အေးက ကျွန်တော့်ရင်ခွင်တွင်း တိုးဝင်ကာ ...

"အေးတို့ ဘာလုပ်ရရင် ကောင်းမလဲဟင်"

ဟု မေးသည်။ မျက်ရည်တွေက ဝဲနေပြီး အသံတွေက ရှိုက်သံပါနေ၏။

"တူမလေး သမုဒယအတွက် ကုသိုလ်လေးတွေ လုပ်ပေးရင်း ဘုရားမှာ ဆုတောင်းကြတာပေါ့ကွာ။ ဘာမှ ထပ်မဖြစ်နိုင်ပါဘူး"

ကျွန်တော်က နှစ်သိမ့်မှုပေးလိုက်ရပါ၏။ သို့သော် ကျွန်တော့်ရင်ထဲမှာကား ...

***

၂၀၀၅ ခုနှစ် ...။

သမုဒယ အသက် ၈ နှစ် ..၊

တတိယတန်း ..၊

"ကယ်ကယ်လေးရေ .. တီတီလေးရေ"

အိမ်ရှေ့မှ အော်ခေါ်၍တက်လာသော ခြေသံကိုကြားရ၏။ တူမလေး သမုဒယပင်။

ထိုအချိန်က ..

ကျွန်တော်တို့ လင်မယားသည် ညီ့သည် အန်တီထွေးနှင့် စကားကောင်းနေခိုက်ဖြစ်၏။ တူမလေးအသံကြောင့် အန်တီထွေး၏ခေါင်း ချာခနဲ လှည့်သွားကာ အသံလာရာသို့အကြည့်ရောက်သွားသည်။

အိမ်ဝမှာပေါ်လာသည်က သမုဒယ။ သမုဒယနောက်မှာက ကိုအောင်မင်းနှင့် မမထွေး။

"ဟင် .. သမီး .. သမီးလေး"

အန်တီထွေးတစ်ယောက် တုန်လှုပ်ချောက်ချားစွာ အော်ခေါ်ရင်း ထိုင်နေရာမှ အိမ်ဝသို့ ပြေးဆင်းသွားကာ သမုဒယကို ဖက်လိုက်ပြီး ...

"သမီးလေး .. သမီးလေး"

ဟု တတွတ်တွတ်ခေါ်။ မျက်ရည်တွေကျ၊ သမုဒယကို ပါးနှစ်ဖက် ဘယ်ပြန်ညာပြန်နမ်း။

အကြောင်းသိထားသော အေးနှင့်ကျွန်တော်က မအံ့ဩသော်လည်း စိတ်မသက်သာစွာ ရှိနေကြသည်။ ဘာမျှမသိသော ကိုအောင်မင်းနှင့် မမထွေးမှာ စကားမဆိုနိုင်ဘဲ ကြောင်စီစီ ငေးနေကြရသည်။ တူမလေး သမုဒယမှာလည်း ဘာမျှနားမလည်။ မျက်လုံးကလေးအဝိုင်းသားနှင့်။

အေးက အခြေအနေကို ထိန်းသည့်သဘောဖြင့် အန်တီထွေးကို ဖေးမကာ ထိုင်ခုံရှိရာ ပြန်ခေါ်လာခဲ့ရသည်။

ပြီးမှ ကျွန်တော်က ကိုအောင်မင်းနှင့်မမထွေးတို့ကိုအကျိုးအကြောင်း ရှင်းပြရ၏။

"အန်တီထွေးက ဆုံးသွားတဲ့ သူ့သမီးလေးနဲ့ သမုဒယတူလွန်းလို့ စိတ်မထိန်းနိုင်ရှာတော့ဘူးလေ။ တကယ်လည်း တူမလေး သမုဒယက သမီးလေး သံယောဇဉ်နဲ့ ရုပ်ချင်းက အတော့်ကိုတူတာ။ ကျွန်တော်တို့ ဓာတ်ပုံမြင် ဖူးတယ်"

ရုပ်ချင်းတူသည်ကိုသာ ကျွန်တော်ကပြော၍ ကျန်အချက်များကိုမူ ကျွန်တော်က မပြောဘဲ ချန်လှပ်ထားခဲ့သည်။ အေးကလည်း မပြောရန် မျက်နှာရိပ် မျက်နှာကဲ ပြနေသည်လေ။

ကိုအောင်မင်းနှင့် မမထွေးတို့က အန်တီထွေးကို စာနာစွာကြည့်ကြ၏။

မျက်ရည်များနှင့် အန်တီထွေးက ..

"ရုပ်ချင်းတူရုံမကဘူးကွယ် ..။ သမီးလေးသံယောဇဉ်က အန်တီထွေးရဲ့ မောင်နဲ့ညီမလေးကို အခုသမီးလေးလိုပဲ ကယ်ကယ်လေးနဲ့တီတီလေးလို့ပဲ ခေါ်တတ်တယ်" ဟု ပြောသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်အေး အကြည့်ချင်း ဆုံကြရပြန်ပါပြီ။ တိုက်ဆိုင်မှုကလည်း တိုးလာပြန်ပြီလေ။

''သမီးလေး''

အန်တီထွေးက သမုဒယကို လှမ်း ခေါ်၏။ ကျွန်တော်နှင့်အေး အကြားတွင် ထိုင်နေသော သမုဒယက 'ရှင်' ဟု ထူးသည်။

''သမီးလေးအကြိုက်ဆုံးမုန့်က ဘာမုန့်လဲဟင်''

''ဘိန်းမုန့်''

''ဟင်''

အန်တီထွေး အံ့အားတသင့်။

''အန်တီထွေး သမီးလေးရဲ့ ‥ အကြိုက်ဆုံးမုန့်ကလည်း ဘိန်းမုန့်ပဲ။ သံယောဇဉ်က ကိတ်တွေ ပေါင်မုန့်တွေ လုံးဝမကြိုက်ဘူး''

ကျွန်တော်နှင့်အေး အကြည့်ချင်း ထပ်မံဆုံကြပြန်သည်။

''ဒါပေါ့ အန်တီထွေးရယ်။ လူတူ မရှား နာမည်တူ မရှားပေါ့။ ကဲ ‥ စကားဖြတ်ပြောရဦးမယ်။ ရှေ့လဆန်း ကျရင် ကျွန်တော်တို့ ဘုရားကိုးဆူဆွမ်း ကပ်လေးလုပ်ဖို့ ရည်ရွယ်ထားတယ်။ အင်္ဂလိပ်လဆန်း လေးရက်နေ့ကျမှာ ပေါ့။ မြန်မာလို လပြည့်နေ့။ တနင်္ဂနွေ လည်းကျတော့အလုပ်ပိတ်မှာနဲ့အတော် ပါပဲ။ အခုတစ်ခါတည်း ဖိတ်လိုက် တယ်။ အန်တီထွေး လာဖြစ်အောင် လာနော်''

ကျွန်တော်ကစကားလမ်းကြောင်း လွှဲပစ်လိုက်သည်။

အခြားသော တိုက်ဆိုင်မှုများကို ကိုအောင်မင်းနှင့်မမထွေး မသိစေချင် သလို အန်တီထွေးကိုလည်း မသိစေ ချင်သောကြောင့်ဖြစ်၏။

မည်သူ့ကိုမျှ ဉပါဒါန်အစွဲအလမ်း မဖြစ်စေလို၍ပါ။

သို့တိုင် အေးနှင့်ကျွန်တော်တို့မှာ မူ ‥‥

***

ကျွန်တော်တို့အလှူနေ့မှာ အန်တီ ထွေးလာခဲ့သော်လည်း သမုဒယတို့နှင့် မဆုံခဲ့သဖြင့် ကျွန်တော်တို့လင်မယား အသက်ရှူချောင်ခဲ့သည်ဟု ဆိုရမည်။

အန်တီထွေးကမူ ‥

''သမီးလေးကို တွေ့ချင်လိုက် တာ'' ဟု တဖွဖွပြောခဲ့သေး၏။ ထိုနေ့ က သမုဒယတို့ မိသားစုက အလှူပြီး ၍ ညနေစောင်းချိန်ရောက်မှ ရောက်လာကြ သည်။ အန်တီထွေးက ထိုအချိန်တွင် ပြန်သွားခဲ့ပေပြီ။

''မထွေးတို့ နောက်ကျလိုက် တာ''

ဇနီးသည် အေးက သူ့အစ်မကို ဆီးကြိုအပြစ်တင်သည်။ မမထွေး မျက်နှာမကောင်းသလို ကိုအောင်မင်း မျက်နှာလည်း ညှိုမှိုင်းလျက်ရှိ၏။ သူတို့ လင်မယား တစ်စုံတစ်ခု အချင်းများခဲ့ ပုံရကြောင်း ကျွန်တော် တွေးတော သဘောပေါက်လိုက်သည်။

သမုဒယက ကျွန်တော့်လက်ကို ဆွဲခေါ်သွားကာ သူ့မိခင်ကွယ်ရာကျ မှ ‥

''ဖေဖေနဲ့ မေမေ ရန်ဖြစ်နေကြ လို့ သမီးတို့ နောက်ကျနေတာ''

ဟု ပြောသည်။

''ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲ''

''အဲဒါတော့ သမီးလည်းမသိဘူ
သမီးလည်းကြောက်လို့ အိပ်ခန်းထဲ
ဝင်ပုန်းနေတာ။ အကြီးအကျယ်ရန်ဖြ
ကြတာပဲ ကယ်ကယ်လေးရဲ့။ မေမေ
က ပန်းကန်တွေဘာတွေပါ ပေါက်
တယ်''

ထိုအကြောင်း အေးကိုပြော
တော့ အေးက မသိချင်ယောင်ဆော
နေရန်ပြော၏။

သူတို့တစ်တွေ စားသောက်ပြ
ချိန်တွင် ‥‥

''အလုပ်ရှိသေးလို့ကွာ၊ ငါ ပြ
နှင့်မယ်''

ဟု ကိုအောင်မင်းက နှုတ်ဆက
ပြီး ပြန်သွားသည်။

ထိုအခါကျမှပင် မမထွေး ရင်ဖွ
လေတော့၏။

''ငါကတော့ ဘုရားတစ်ဆူ
တစ်လုံးလို ကိုးကွယ်နေခဲ့တာ။ အ
ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်။ အ
က ကောင်မတစ်ကောင်နဲ့ တိတ်တိ
ပုန်းငြိနေတာ''တဲ့။

သမုဒယက တခြားတွင်ကစာ
နေ၍ တော်ပေသေးသည်။ ဖခင်နှ
မိခင်၏ ပြဿနာက ငယ်နုသော သ
ဒယကလေး၏နှလုံးသားအပေါ် အရိ
မည်းထိုးမကျစေချင်ပါ။

''ဟုတ်ရဲ့လား မမထွေးရယ်၊ ကို
အောင်မင်းက ခပ်အေးအေးသမားပါ''

အေးက မယုံချင်။

''အမယ်လေး ကြောင်သူတော်
ကြွက်သူခိုးဆိုတာ သူမှသူအစစ် ‥
ကြည့်ရင်တော့ နင်ပြောသလို ရေခဲတုံး
ကြီးပဲ။ ရေခဲဆိုတာ အပြင်မှာသာ
တာ အတွင်းက အပူခေတ်ကြီးဟဲ့''



www.burmeseclassic.com

www.burmeseclassic.com



"မမထွေးက သတင်းကြားတာနဲ့ စွပ်စွဲနေတာလား။ မဟုတ်ဘဲနဲ့ ပြောရင် ကိုအောင်မင်းက ဘယ်ခံမလဲ"

မမထွေးဒေါသကားမီးဟုန်းဟုန်းတောက်နေပြီ။

"ပထမတော့ အကြားလေ ⋅⋅ အကြားပဲပေါ့။ အဲဒါနဲ့ စုံစမ်းတယ်။ စုံစမ်းတော့ သတင်းက အခိုင်အမာပဲ။ ဒါနဲ့လိုက်ချောင်းတယ်။ ပက်ပင်းတိုးမိတာပဲ။ အထုပ်တစ်ထုပ်နဲ့ လက်ဆုပ်လက်ကိုင်ပြလိုက်တော့ ဒင်း မငြင်းနိုင်တော့ဘူးလေ"

"ဒါဆို ကိုအောင်မင်းက ဝန်ခံတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဟာ"

"အဲဒါ ဒီမနက် အိမ်မှာ စာရင်းရှင်းကြတာပဲ"

"အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်ကုန်ပါ့မယ် မမထွေးရယ်။ ပြဿနာကို အပြေလည်ဆုံး နည်းလမ်းရှာပါ။ သမီးလေး သမုဒယရဲ့ဘက်ကိုလည်း တွေးပေးပါ"

"မရတော့ဘူး။ သူက သမီးရဲ့မျက်နှာထက် မယားငယ်မျက်နှာကို ပိုပြီးကြည့်တတ်သူဖြစ်နေပြီ"

"သူက နောက်မဆုတ်ဘူးတဲ့လား"

မမထွေး အံကိုကြိတ်၏။

"ဟုတ်တယ်။ နောက်ဆုတ်လို့မရတော့ဘူးတဲ့။ သူ့ကို နားလည်ပေးပါတဲ့"

"ဟာ ⋅⋅ မဟုတ်တာ"

"မဟုတ်တာမှ လုံးဝကိုမဟုတ်တာ။ ငါလည်း ဘယ်သည်းခံနိုင်တော့မလဲ။ ရှင်ကြိုက်တဲ့လမ်းကို ရွေးလို့ ပြောလိုက်တယ်"

"ဒီလိုနဲ့ဆို အပိုင်းပိုင်းအပြတ်ပြတ် အလဲအကွဲ ဖြစ်ကုန်မှာပေါ့။ ကျွန်တော် ကိုအောင်မင်းနဲ့ ဆွေးနွေးပါဦးမယ်"

မမထွေးက မျက်ရည်များဖြင့် ခေါင်းကို ယမ်းခါသည်။

"သူ့ဘက်ကတော့ မသိဘူး။ ငါ့ဘက်ကတော့ သစ္စာမဲ့သူရဲ့ မျက်နှာကို ထပ်မကြည့်နိုင်တော့ဘူး"

ကျွန်တော်နှင့်အေး သက်ပြင်းချရပြီ။

သမုဒယလေး မြေစာပင်ဖြစ်တော့မည်။

***

ကိုအောင်မင်းကို ကျွန်တော်တွေ့ဆုံပြီး ညှိနှိုင်းတော့လည်း အဖြေက ပြောင်းလဲမလာ။ ကိုအောင်မင်းက ကျွဲသောန္တမှာ ရုန်းမရတော့။ တဏှာဖုံး၍ အရာရာကို အမှန်အတိုင်းမမြင်နိုင်တော့။ မမထွေးထက် အသက်များစွာငယ်၍ အတော့်ကို ချောမောလှပသော (အချွဲအနွဲ့လည်းကောင်းပုံရသည်) ဒုတိယမိန်းကလေးက ကိုအောင်မင်းကို လွှမ်းမိုးအနိုင်ယူသွားခဲ့ပြီဖြစ်သည်။

နောက်ဆုံးတွင်တော့ ကိုအောင်မင်းနှင့် မမထွေးတို့ ကွာရှင်းပြတ်စဲလိုက်ကြ၏။ သမုဒယလေးကို မမထွေးက ခေါ်ယူထားလိုက်သည်။

"မောင်"

"ဟင်"

"မမထွေးကို သနားသလို သမုဒယလေးကို ပိုပြီး ကရုဏာသက်မိတယ်။ သမုဒယလေးကို ဘယ်ခွဲနိုင်မလဲ။ သူ့ဘက်ကို စဉ်းစားပေးရမှာပေါ့။ ပြီးတော့ သမုဒယလေးနေရာကကြည့်ရင်လည်း အဖေနဲ့ကွဲခဲ့ရပြီး အမေနဲ့ပါဝေးနေရရင် ပိုခံစားရမှာပေါ့။ မဖြစ်ပါဘူး။ မောင်တို့ ဘေးကနေပြီး အရင်ကထက် ပိုဂရုစိုက်ပေးတာ အကောင်းဆုံးပါ။ ကိုအောင်မင်းမရှိလို့ လစ်ဟာသွားတဲ့ မေတ္တာကွက်လပ်ကို မောင်တို့ ကဖြည့်တင်းပေးဖို့ပဲ ကြိုးစားရမှာပေါ့"

"အင်း ⋅⋅⋅ မောင်ပြောတာ သဘာဝကျပါတယ်။ ဒါပေမဲ့ ⋅⋅"

အေး စကားစပြတ်သွားသည်။ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် နားလည်လိုက်ရပြီ။

"သံယောဇဉ်ကလေး ၈ နှစ်အရွယ်၊ တတိယတန်းအရောက်မှာ အန်တီထွေးတို့လင်မယားကွဲတာကို အေး ပြောမလို့မဟုတ်လား"

အေး ခေါင်းညိတ်သည်။

"အခု ⋅⋅ သမုဒယက ရှစ်နှစ်၊ တတိယတန်း။ ထပ်တူကျမှုတစ်ခုတော့ တိုးလာပြန်ပြီ။ ဒါကို မောင်လည်းတွေးမိလို့ ရင်တွေပူနေတာ။ သံယောဇဉ်ကလေးရဲ့ ဖြစ်စဉ်အရဆိုရင်တော့ နောက်ထပ်အဖြစ်တစ်ခုဟာ သိပ်ကို ကြေကွဲရင်နာရမယ့် အဆင့်ပဲ။ အဲဒါကို သမုဒလေး မကြုံတွေ့ဖို့ မောင်တို့ ကြိုးစားရမှာပဲ။ အကောင်းဆုံးကုစားချက်ကတော့ ဘုရားနည်းပဲ"

ရှေ့လဆက်ရန် ⋅⋅⋅

နေဦးသော်



www.burmeseclassic.com

www.burmeseclassic.com





## ရိုးပြတ်က လန့်ပြေးသွားတဲ့ သားကောင်

ပန်းချီမင်းထက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားချက်က
ထိုမျောက်ညို
(ထီးကောင်း)
တစ်ကောင်ထဲ
ဖခင်အဖြစ်နှင့်
ကျန်မျောက်ညိုမ
အကောင်(၁၀၀)ကျော်မှာ
တစ်နှစ်ပတ်လုံး
ကိုယ်ဝန်လွယ်ထားကြရသည်။
ထိုအာနိသင်ရှိခြင်းကြောင့်
...

ရွက်ဝါတွေကြွေတဲ့တပေါင်း နံနက်ခင်း။

နွေကာလ၏ နံနက်ခင်းဆိုပေမယ့် မြူနှင်းတို့ ကျဲပက်ခြင်းကိုခံထားရသော ရွက်ကြွေတို့အပေါ် ဖြတ်သန်းလာခဲ့ရသည်မို့ ခြေသံကလုံနေသဖြင့် ဝန်းကျင်ကား တိတ်ဆိတ်လျက်ရှိနေသည်။

ရိုးမကြီးရင်ခွင်မှာ တောရိပ်တောင်ရိပ်တို့နှင့်မို့ စိမ်းစိမ်းစိုစို မှိုင်းညို့ညို့ ဝန်းကျင်အနှံ့ကိုပင် သဲကွဲစွာ မမြင်ရတတ်သေး။ ယခုလို အချိန်သမယမျိုးတွင် ရိုးမကြီးတို့ သဘာဝအတိုင်း ပေါက်ရောက်နေကြသော အပင်များအတွင်းက တောငှက်၊ ဆီးဖြူ၊ သဖန်း၊ တောင်ကတွတ်၊ ဇင်ပွန်း၊ သစ်ဆိမ့်၊ တောင်သရက်၊ တောညောင်း တို့ပေါ်ချိန်မို့ လာရောက်စားတတ်ကြသည့် သားကောင်များအပြင် မျောက်တို့ မြူးချိန်ကိုအားထားကာ တောပုန်းချောင်းပစ်ခတ်ရန် ထွက်လာခဲ့ခြင်းပင်။

အချိန်ရလို့ အမဲပစ်ထွက်ခဲ့ရသော်လည်း ညပိုင်းက ပြည့်ပြည့်ဝဝ သာယာနေသည့်လပြည့်ဝန်းကြီးကြောင့် ညပိုင်းကို မီးထိုးရှာဖွေပစ်ခတ်ဖို့ အခွင့်အရေးကမပေး၊ နေ့ပိုင်းကိုသာလုပြီး တောခြောက်၊ တောမောင်းကို အမဲလိုက်ခွေးတို့ကို အားပြုပစ်ခတ်နေကြရသည့်အချိန်။

အဲဒီလိုအချိန် တောပစ်ထွက်ရန် ရောက်လာခဲ့သည့် ကျွန်တော်က သူတို့အဖွဲ့နှင့် တောခြောက်ပစ်ရန် မလိုက်ဘဲ တစ်ဦးထဲ တောပုန်းချောင်းကာ သားကောင်ကိုပစ်မည်မို့ ပွိုင့်တူးတူး(ဘရူနိုလ်)ကလေးကို ယူထားလိုက်ပြီး သားကောင်ပစ်ရန် ထွက်ခဲ့ခြင်းဖြစ်ပေသည်။

စခန်း(အထိုင်ချရာ)နှင့် စားပင်များရှိရာဆီသည် ဝေးလှသည်တော့မဟုတ်။ အလွန်ဆုံး သုံးမိုင်ရယ်သာ၊ သို့သော်လည်း ရေစမ်းကိုဖြတ်ပြီး တစ်တောင်ကိုဖြတ်ရမည်။ လမ်းတွင် သားကောင်နှင့်တိုးလျှင်လည်း ပစ်ခတ်ရန် အသင့်ပုံစံမျိုးနှင့် သတိထားကာ လျှောက်လှမ်းနေစဉ် ညာဘက် ဝါးရုံတောအကွယ်မှ ရစ်ဖကြီးတစ်ကောင် နေစာလှုံရင်း 'တဒီးဒီး'နှင့် အတောင်ခါသံကြားလိုက်ရသဖြင့် သွားရောက်ပစ်သင့်မသင့်ကို တွေးတောနေစဉ် ..

"အုဂ္ဂ .. အုဂ္ဂ .. ကွစ်ကွစ်"

တောညောင်းပင်ကြီးထက်ဆီမှ မျောက်အော်သံများကို ကြားလိုက်ရပြန်သည်။ အသံကို ကြားလိုက်ရုံနှင့် ဘယ်လိုမျောက်အမျိုးအစားဆိုတာကို သိလိုက်သည်။ မျောက်ညိုအမျိုးအစားပင်၊ ထိုမျောက်ညိုအုပ်အတွင်းမှ အထီးကောင်ကို ပစ်ခတ်လို့ရရှိခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားများ ကျေးဇူးတင်ခြင်းခံရပေမည်။ အကြောင်းမူ မျောက်ညိုအုပ်တွင်အထီးကောင်း(မျောက်ထီးကောင်း)က အလွန်ရှားပါသည်။ အခြားသောအကောင်တို့ထက် အကောင်ပိုကြီးပြီး ခြေတံလက်တံပိုရှည်သည်။ ချေးခါးကိုစားလျှင် ငှက်ဖျားကာကွယ်သည်။ သွေးကိုအရက်နှင့်ရောသောက်လျှင် ခွန်အားပြည့်သည်ဟု ဆိုသည်။

အဘယ့်ကြောင့်ဆိုသော် မျောက်ညိုအုပ်သည် အခြားသော မျောက်အုပ်တို့နှင့်မတူသည့် အချက်က မျောက်ညိုတစ်အုပ်တွင် အကောင်ရေ (၇၀ မှ ၁၀၀) ကျော်ထိရှိကြရာ ထိုအုပ်တွင် (ထီးကောင်းကြီး)တစ်ကောင်ထဲကသာ အုပ်ချုပ်ပြီး ကျန်သော မျောက်တို့မှာ အမတွေချည်း ဖြစ်ပေသည်။ ထူးခြားချက်က ထိုမျောက်ညို(ထီးကောင်း)တစ်ကောင်ထဲ ဖခင်အဖြစ်နှင့် ကျန်မျောက်ညိုမ အကောင်(၁၀၀)ကျော်မှာ တစ်နှစ်ပတ်လုံး ကိုယ်ဝန်လွယ်ထားကြရသည်။ ထိုအာနိသင်ရှိခြင်းကြောင့် မုဆိုးလုပ်သူများက မျောက်ညိုအုပ်တွေ့လျှင် အမကောင်များကို မပစ်ကြ။ အထီးကောင်ကိုသာ ပစ်ကြသည်။ သူ့သွေးကို အရက်နှင့်ရောသောက်လျှင် သူ့လို အားကောင်းမောင်းသန်ဖြစ်မည် အထင်နှင့် အထီးကိုပစ်ခတ်ကြခြင်းပင်။ အမကောင်ကို ပစ်ခတ်ရရှိပါလျှင်လည်း ရရှိပါက သူတို့ဗိုက်အတွင်း မြေမနင်းသားက ပါလာကြသည်ပဲမဟုတ်ပါလား။

မျောက်ညိုအုပ်ကို ထိန်းထားသော (ထီးကောင်း)ကြီးကလည်း သူ့မယားသီမျောက်ညိုမများ မွေးဖွားလာမည့် မျောက်ညိုလောင်းလျာလေးတွေကို မွေးဖွားမည့်(ဂျူးဒိတ်)တွက်ချက်ကာ မပြတ်တမ်း စောင့်ကြည့်နေသည်။ တစ်ကောင်ကောင်က သားကလေး (မျောက်ညိုထီး)ကလေး မွေးခဲ့လျှင် မဆိုင်းမတွ မီးတွင်းထဲမှာပင် ကိုက်ခဲသတ်ဖြတ်ပစ်လိုက်သည်။ အကယ်၍များ အမကောင်မွေးခဲ့သော် ဘာမှမလုပ်။ သူ့အုပ်အတွင်း နောက်တစ်ကောင် တိုးလာသည်ကို စိစစ်လက်ခံအတည်ပြုလိုက်သည်။

ထိုသဘာဝသည် မျောက်ညိုအုပ်တို့တောတွင်း သဘာဝပင်။ အကယ်၍များ ကိုယ်ဝန်လွယ်ထားရသည့် မျောက်ညိုမက သူမွေးသည့်ကလေးသည် မျောက်ထီးကလေး ဖြစ်ခဲ့သော် လင်တော်မောင်မရောက်လာမီ သားငယ်ကို ရင်ခွင်ပိုက်ကာ တောအုပ်အတွင်းမှ အခြားတစ်နေရာကို ရှောင်ပြေးပြီး သားငယ်မျောက်လောင်းကလေးကို တောတွင်းသဘာဝ ဆောင်ရန်/ရှောင်ရန်အတတ်ပညာတို့ကို ကိုယ်ဖိရင်ဖိ သင်ကြားပေးပြီး စိတ်ချလက်ချလွှတ်လို့ရသည့် အခြေအနေရောက်တော့မှ သားငယ်ကိုထားခဲ့ကာ သူ့ချစ်လင် ရင်ခွင်တွင်း ပြန်ဝင်သည်။ (မျောက်ညိုအုပ်အတွင်းကို ပြောတာပါ)

ကျွန်တော်က သေနတ်မောင်းတံ့ကလေးကို ရှေ့ကို တွန်းပို့လိုက်ပြီး မျောက်ညိုအုပ်တို့ အော်ဟစ်သံကြားရသည့် တောချောင်းပင်ကြီးဆီသို့ ဝါးရုံတောများကြားမှ ဝါးကိုင်းများကို အကာအကွယ်ယူ၍ ခြေသံလုံလုံနင်းကာ တရွေ့ရွေ့တိုးကပ်ပြီး အုပ်အတွင်းမှ ထီးကောင်းကြီးကို ရှာဖွေကြည့်ရှုနေလိုက်သည်။

ကျွန်တော့်လှုပ်ရှားမှုကြောင့် ...
ကိုင်းတို့တွင် နားခိုနေသည့် ငှက်...
ယောင်းတစ်အုပ်က အဝေးကို ပျံသ...
ထွက်ပြေးသွားသလို အပင်ထက်...
မျောက်အုပ်ကလည်း သတိထား...
လိုက်ဟန်ထင့်။ ကိုင်းဆုံ၊ ကိုင်းခွ၊ ...
စည်လုံးနှင့် အရွက်တို့အကြား ...
ရောက်ပုန်းကွယ်ငြိမ်သက်နေကြသည်...

မျောက်တို့၏ အထာကို ...
ကြေနေပြီးသား ကျွန်တော်က ဝါးရု...
များအကြားမှ အပင်ထက်ကို သေန...
နှင့် ချိန်ရွယ်ထားရင်း ငြိမ်သက်...
ခေတ္တစောင့်ကြည့်နေလိုက်သည်...
မျောက်ဆိုသည့် အကောင်မျိုးက ...
နေလို့ရတဲ့အကောင်မျိုးမဟုတ်။ ဆ...
မိနစ်လောက်စောင့်လိုက်တော့ ...
ကုတ်နေသော မျောက်တို့က အော...
တွင်ရှိနေသော ကျွန်တော့်အခြေအ...
ကို သိလိုကြသည့်ဖောနှင့် အ...
အကွယ်ယူထားကြသည့်နေရာမှ လ...
၍ကြည့်လာကြသည်။ သူတို့မျက်နှာ...
ကိုတွေ့လိုက်ရသည့်ကြားမှ ထီးကော...
ကြီးကိုရွေးကာပစ်ခတ်လိုက်ပေတော့သည်...

''ဖန်း''

ညာဘက်လက်ညှိုးက ပစ်ခလု...
ကို တို့ထိလိုက်ရုံရှိသေး သေနတ်...
ကလေးနှင့်အတူ ..

''ဗျော ..ဘုံး''

မြေပြင်ထက်သို့ ဖွဲ့အိတ်ကြီး...
လာသည့် အသံမျိုးဖြင့် ကျလာသံ...
အတူ ကျန်မျောက်မတို့မှာ နီးစပ်...
အပင်များဆီသို့ သက်စွန့်ဆံဖျား ...
လွှားတိုးဝင် ပျောက်ကွယ်သွားကြ...
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားများအတွက် လိုချင်သည့် မျောက်ထီးကောင်းကြီးကို ပစ်ခတ်လို့ရပြီမို့ ကိုင်ဆောင်လာခဲ့သည့် သေနတ်ကလေးကို နှစ်လိုအားရစွာ ကြည့်လိုက်ရင်း ရှေ့ခရီးကို မဆက်တော့ဘဲ စခန်းဆီ ပြန်ခဲ့ပေသည်။ ရွာခံ ...ဆိုးများကို အထမ်းခိုင်းရပေသည်။ ထိုအကောင်ကြီးကို ကျွန်တော်မထမ်းနိုင်သည်က အမှန်။

+++

အရာအားလုံးကို ဝါးများဖြင့်ခွဲ စီမံတည်ဆောက်ထားသော စားပွဲ ...လားထိုင်၊ ဝါးဆစ်ခွက်ကလေးများ၊ ...ရက်ပုလင်းများ(မျောက်ညို့သွေးနှင့် ...ရာစပ်ထားသည့်ပုလင်းများ)၊ မျောက် ...ခါးနှင့် ရောချက်ထားသော ချေ ...မ်းတွင်းသားချက်ဟင်း၊ ငှက်ငန္ဒား ကြော်၊ ချေချေးခါးနှင့်ရောချက်ထား သော ရစ်သားချက်ဟင်း၊ ပုတက်ကင် တို့အပြင် မြေပြောင်ပြောင် မီးဖိုကြီး ...က်ဆီတွင် ချေနှင့် မျောက်ညို့ကြီးကို ...းချွန်ချွန်နှင့် တံဆို့ထိုးကာ မီးကင် ...ားသည်က သူ့နေရာနှင့်သူ။

ထင်းတုံးကြီးတို့ကို ဆိုင်ထည့် ...ျက် အလျှံငြီးငြီး တောက်လောင်နေသည့် မီးဖိုကြီးကလည်း ယနေ့ည မီးပုံ ...ကကြ၊ စားသောက်ပျော်ရွှင်ကြမယ့် ကျွန်တော်တို့အဖွဲ့ကို စောင့်မျှော်နေ သယောင် ..။

လေညင်းတစ်ချက်ပက်ဖျန်းလိုက် မှုကြောင့် သစ်ပင်မြင့် ခွဆုံကိုင်းများ ...တွင် ငွါးငွါးစွင့်စွင့် ပွင့်ဖူးနေကြသော သစ်ခွ၊ ယင်းမာ၊ သရဖီ၊ ကရကတ်ပန်း ...နံ့တို့က ကျွန်တော်တို့အဖွဲ့သားများ အား ကျီစယ်နေသည်မို့ အဆုတ်တွင်း ရောက်သည့်တိုင် ရှူသွင်းလိုက်ရင်း နှုတ်ဖျားကလည်း ...

"လေယိမ်းတိုင်းလှ၊ ကိန္နရာက သည့်နှယ်၊ အချို့က နီပြာပြာ၊ အချို့က ဖြူဝါဝါ၊ အချို့မှာ ချိတ်ပွင့်၊ အချို့မှာ ပန်းရင့်လို့ ပင်ဆင့်ပန်းပျံ ဘွဲ့မည်ခံ ခြင်းတွင် ဝေယံနန်းမြင့်၊ ပန်းတိုင်းတင့် မို့ .."

စာဆိုတော် ဦးတိုး၏ ရာမရကန် ကြီးအတွင်း မြန်မာ့ရေမြေတောတောင် တို့အတွင်းမှထွက်လာသော ရတနာ သစ်ခွပန်းပင်များအကြောင်းကို တခမ်း တနား သီကုံးဖွဲ့ဆိုထားသည်ကို သတိ ရကာ တီးတိုးရေရွတ်နေလိုက်မိသည်။

ထိုအချိန်တွင်ပင် ...

"ဥဩ ..ဥဩ ..ဥဩ"

ချောင်းရိုး ဟိုမှာဘက်ဆီရှိ .. ကညင်ပင်ကြီးထိပ်ဖျားထက်ဆီမှ လွမ်း မောဖွယ်သီကျူးနေသော အသံက လေးကို ကြားလိုက်ရသည်မို့ ပင့်သက် မောကို ရှိုက်ထုတ်လိုက်စဉ် ကိုထင် ကျော်တစ်ယောက် အမဲပစ်ထွက်ကြ လေတိုင်း သေနတ်နှင့်အတူ ယူဆောင် လာနေကြ(မယ်ဒိုလင်)က(အိုဗာဂျာ) လက်သံစမ်းတီးကွက်က ထွက်ပေါ်လာ သည်။ သံစဉ်ကိုရှာနေဟန်ထင့်။

"ဥဩ ..ဥဩ ..ဥဩ"

ဥဩငှက်ငယ်ကလေး တွန်ကျူး သံနှင့်အတူ သူ၏အသံက တီးကွက် အကြားမှ ပြောင်မြောက်စွာ ထွက်ပေါ် လာသည်။

"ဆန်းနွေဦး ×××× လေရူးဆော် ပြန်လာ ×××× မွှေးပျံ့ကြိုင်လှိုင်စွာ ×××× မာလာဝတ်မှုံပင်စုံပြိုင်၊

ငှက်မောင်မယ်ဘာသာ သူတို့နွဲ့၊ လွမ်းဖော်ညှိဆဲ ×××× ဆန်းပိုရာစုံပြိုင် ထဲ နတ်ညင်းခြယ်လှယ်၊

မဟာဂီတမှ ဆန်းနွေဦး ခေါ် ယိုးဒယားအလွမ်းဘွဲ့မှ အဆိုတစ်ပိုဒ်၊ အတီးတစ်ပိုဒ်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နေသည့်အသံကြောင့် တဒင်္ဂ အတွင်း မှဆိုးအားလုံး အတွေးနယ် အတွင်းသို့ ရောက်သွားအောင် ဖန်တီး လိုက်သလို ဖြစ်သွားသည်။

ကိုထင်ကျော်ကို ကျွန်တော်တို့ အဖွဲ့က (စွယ်စုံထင်ကျော်)ဟု ခေါ်ကြ သည်။ အဘယ့်ကြောင့်ဆိုသော် အမဲ ပစ်ဝါသနာပါသူဖြစ်သလို လုပ်ငန်းက လည်း ပန်တျာကျောင်းမှအတီးနည်းပြ ဖြစ်သည်။ အတီးနှင့်ပတ်သက်လျှင် ကြိုး၊ ကြေး၊ သားရေ၊ လက်ခုတ်မှ စပြီး နိုင်နင်းစွာတီးနိုင်သလို အဆို လည်းကောင်းသူတစ်ဦးပင်။ ကျွန်တော် က တဲပေါ်တွင်ထိုင်ကာ သေနတ်ကို တိုက်ချွတ်နေရင်း သူ့တီးကွက်နှင့် သူ့ ဆိုနေဟန်ကိုကြည့်နေမိသည်။ ဘယ် လက်ကလေးတို့က သံစဉ်တို့အပေါ် အထက်အောက်ပြေးလွှားဆော့ကစားနေ သည်ကပင် ကြည့်၍ ကောင်းနေသေး သည်။ ထိုစဉ် ..

"ကဲ .. မောင်ထင်ကျော်၊ ငါတို့ ဒီကိုလာကြတာ အမဲပစ်ကြဖို့ကွ။ ခု ကြားနေရတဲ့ ဥဩသံရယ်၊ မင်းဆိုနေ တဲ့ သီချင်းရယ်ကြောင့် အားလုံးထိုင်ငို ကြတော့မယ်"

လူကြီးပီပီ အားလုံးအနေအထား ကို သိလိုက်သည့် အဘကောင်းက ခပ် ဆောင့်ဆောင့်ဖြင့် ဝင်ရောက် ဟန့်တား လိုက်သဖြင့် တီးလက်စကိုရပ်ကာ မော့ ကြည့်လိုက်ရင်း ...



www.burmeseclassic.com

''ဟုတ်ပါရဲ့ အဘကောင်းရယ်၊ ခန်းကျင်အခြေအနေက ဒီသီချင်းကို ၂ ဆိုချင်လာအောင် ဖန်တီးလို့ ဆို ာ်လိုက်မိတာပါ။ စိတ်မရှိပါနဲ့နော်''

စွယ်စုံထင်ကျော်က တောင်းပန် လိုက်သည့်အတွက် အဘကောင်းက–

''အေးပါကွာ၊ အခြေအနေနဲ့ ခချိန်အခါရယ်၊ ဥဩတွန်သံလေးရယ် ; ပေါင်းလိုက်ရင် လွမ်းစရာကောင်း ာတော့ မှန်ပါတယ်။ ခု ငါတို့ခရီးက ခမဲပစ်လာတဲ့ ခရီးလေကွာ။ လူကို ာက်ကြွစေမယ့် သီချင်းမျိုး ဆိုသင့် ာပေါ့။ ပျော်ရွှင်စရာ မီးပုံပွဲနဲ့လိုက် ယ့် သီချင်းကိုဆိုကွာ .. တီးကွာ''

''ဒါဆိုရင် .. မီးပုံပွဲကို အဘ ကာင်းနဲ့ စမယ်။ အဘက ဓားသိုင်း ကကောင်းတယ်လို့ ကြားတယ်''

ကိုထင်ကျော်က အစဆွဲထုတ် က်သဖြင့် မုဆိုးများနှင့် ရွာခံတို့က–

''ဟာ .. ဟုတ်သားပဲ၊ တို့အဘ းသိုင်းအကကောင်းတယ်လို့ ကြားဖူး ယ်။ ပွဲကို အဘနဲ့ဖွင့်''

အဖွဲ့သားများနှင့် ရွာခံတို့က ာင်းဆိုလိုက်သဖြင့် အဘိုးကြီးလှုပ် ဒါတောင် ငြင်းဖြစ်အောင် ငြင်း က်သေးသည်က ...

''ကဖို့ ဓားမှမပါလာတာဘဲ ငါက နဲ့ကရမှာလဲ''

ထိုစကားကြောင့် အစ်ကိုကြီး ဦး းလွင်က ဝင်ပြောလိုက်သည်က–

''တင်စိုး .. မင်းကိုင်းခုတ်ဓား နှစ်ချောင်းယူခဲ့၊ ဒါလည်း ဓားဆို ? ကလို့ဖြစ်ပါတယ်။ သွားယူကွာ''

အစ်ကိုကြီး ဦးသိန်းလွင်စကား ာင့် ရွာခံမုဆိုးများကပါ အားတက် သရော ပိုင်းအုံလာချိန် တင်စိုးက ကိုင်းခုတ်ဓားနှစ်ချောင်းယူလာပြီး အဘကောင်းကို ပေးလိုက်သည်။ ကျွန်တော်က တဲပေါ်တွင်ထိုင်နေရင်း ဓားသိုင်းအကဖြင့် ကပြမည့်သူကိုကြည့်ကာ ရယ်မောနေသော ကျွန်တော့်ကို မျက်စောင်းဖိထိုးနေပေတော့သည်။ ထိုအချိန် စွယ်စုံထင်ကျော်ထံမှ ဆိုတီးသံထွက်လာသည်။

''ရှမ်းရိုးမက အိုးစည်သံ ××××
ဗေဗေဟီးလို့ည် ×××× ကကြိုးကဟန်
ကိန္နရာဟန် မြူးကြွဗေထုံဟန် ××××
လွယ်ပလိုင်းတွေကိုယ်စီပါ ××××
တောင်တန်းပေါ်က တို့ရှမ်းပွဲတော်သံ''

ဗေထုံညံအိုးစည်သံ ...။

ကိုင်းခုတ်ဓားနှစ်လက်ကို ဘယ်ညာတစ်လက်စီကိုင်လျက် ဇေ့ယမ်းလှည့်ပတ်ပြီး ခြေထောက်တွေကို မြှောက်လိုက် .. ချလိုက် .. ဒူးကို ကွေးလိုက်ညွတ်လိုက် .. ရှေ့တိုးနောက်ဆုတ်ဖြင့် စည်းချက်ညီညီ မီးပုံကြီးကို ဘယ်ညာပတ်ပြီး အသုံးတော်ခံ ကပြနေရှာသော ဘကြီးကောင်း ဓားသိုင်းအကကိုကြည့်နေသည့် ကျွန်တော်တစ်ယောက် မအံ့ဩဘဲမနေနိုင်။

''ချီးယား အဘကောင်း ..၊ ချီးယား''

တေးသွားဆုံး၍ ဆိုတီးကလေး ရပ်လိုက်ချိန်တွင် ကုလားကြီးသန်းညွန့်က မျောက်ညိုသွေးနှင့်အရက် ရောစပ်ထားသော ဝါးဆစ်ပိုင်းနှစ်ခွက်ကို ယူပေးလိုက်ပြီး ခွက်ချင်းထိကာ နှစ်ဦးသား မော့လိုက်ချိန် ကျွန်အဖွဲ့သားတို့၏ လက်ခုပ်သံတဖြောင်းဖြောင်းကို ကြားလိုက်ရပြီး စားပွဲကုလားထိုင်များ



www.burmeseclassic.com

www.burmeseclassic.com



ဘွင် နေရာယူကာ သောက်စားနေလိုက်ကြပေတော့သည်။

အဖွဲ့သားများ ပြောကြဆိုကြ၊ ရယ်ကြမောကြ၊ တဝါးဝါး ‥ တဟားဟားနှင့် အမှောင်ထုကြီးက ကြီးစိုးလာသလို ကျွန်တော်လည်း အတော်မူးလာပြီမို့ ဝါးဆစ်ခွက်ကိုမှောက်ကာ နေရာမှထ တဲခေါင်းရင်းတွင် ထီးထီးကြီးပေါက်နေသည့် သဖန်းပင်ကြီး ပင်စည်လုံးဆင်ထားသော ပုခက်လင့်ဆီသွားကာ ခွထိုင်၍ ထွေထွေလေးဖြင့် အတွေးစိတ်ကို ဖြန့်လွှင့်နေလိုက်သည်။

ခအောင်းဝေသည့် ခုလိုတပေါင်းနွေကာလမျိုးတွင် ရိုးမရိုင်းရိုင်းကြီးအတွင်း ပင်ယံဖျားက ဖော်ကွဲ ဥဩငှက်ငယ်ကလေးတစ်ကောင်ရဲ့ လွမ်းဆွေးဖွယ် တွန်ကျူးသံက ဝန်းကျင်ကို ပျံ့နှံ့နေသည်ကိုနားဆင်ရင်း အတွေးတို့ကလည်း ဟိုးအဝေးငယ်နချိန်သို့ ပြန်လည်ရောက်ရှိသွားပေသည်။

နွေရယ် ‥ ကိုယ်ရယ် ‥ ဥဩငှက်ငယ်တို့ဆီကိုပဲပေါ့။

ဩော် ‥ ကြာတော့လည်း ကြာခဲ့ပါပြီ၊ တစ်ကယ်လည်း ကြာခဲ့ပေပြီပဲလေ။ သည်တွင်ပင် …

''ဒီလိုလုပ်လို့ ဘယ်ရမလဲဗျ၊ အဖွဲ့သားတွေကို ဒီအတိုင်းထားခဲ့ပြီး တစ်ယောက်တည်း ဒီမှာလာနပ်နေတာ၊ မထရင် ဆွဲချမှာနော်''

အတွေးစကို ဖြန့်လိုက်ရုံရှိသေး လူကိုအတင်းဆွဲလှုပ်ခါရမ်းကာ သူတို့ဆီပြန်လာရန် ခေါ်နေသည့်အသံကို ကြားလိုက်ရသည်။ စွယ်စုံထင်ကျော်၏ အသံပင်။ အတွေးစပြတ်သွားသည်နှင့် အတူ ဒေါသလည်း ဖြစ်သွားမိသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ကိုထင်ကျော်တစ်ဦးတည်းမဟုတ်။ စောစောက ဝိုင်းသောက်စားနေကြသည့် လူအားလုံးကို မီးရောင်တွင် တွေ့မြင်လိုက်ရသည်။ သို့အတွက် …

''နည်းနည်းများသွားလို့ပါဗျာ။ အေး ‥ အေး ‥ အေး ခဏမှိန်းပါရစေ''

ထိုလူအုပ်အကြားမှ အဘကောင်း အသံက ထွက်လာသည်။

''ဒီမှာ ဘိုလေး၊ မင်း မူးနေမှန်းလည်း သိတယ်။ ဥဩတွန်သံကြားပြီး မင်းရူးမှန်းကိုလည်း သိတယ် ‥။ ဘာကြောင့် ရူးတယ်ဆိုတာ သိချင်လို့ ခုလို လူစုလာခဲ့တာ။ ထ ‥ ထ ‥ မထရင် ဆွဲချမှာနော်''

''ဒီည ကျွန်တော် နားမယ် အဘရယ်၊ မနက်မှ တောပုန်းချောင်းထွက်ပါ့မယ်''

''ဘာကွ ‥ ဒီည မင်းနားသလို အားလုံးနားကြမှာ။ ဒီည အဖြေပေးတော့''

ဩော် ‥ စောစောက သူ့အဖြစ်ကိုကြည့်ပြီး ရယ်မောလိုက်မိသည့်အတွက် ကျွန်တော့်ကို ယခုလို ကလဲ့စားပြန်ချေလိုက်ဟန်ထင့်။ ဆက်ပြောနေပုံက ‥

''မင်းကို ငါမေးခဲ့တာဖြေဖို့ပဲ ကျန်တဲ့ကိစ္စလေ။ ဟဲ ‥ ဟဲ ‥ ဟဲ မင်းသိအောင် ထပ်ပြောရရင် ဒုတိယအရွယ်ရဲ့ ပထမဝေဒနာကိစ္စ။ မောင်ထင်ကျော်ဆိုတဲ့ သီချင်းရယ်။ ဥဩတွန်သံကို ကြားလိုက်တာနဲ့ မှိုင်သွားတဲ့ တစ်ချိန်တည်းက ဘာကြောင့်ဆိုတာ ရိပ်မိလိုက်တယ်။ ကဲ ‥ အဖွဲ့သားတွေ ဟုတ်သလား ‥ မဟုတ်ဘူးလား ဆိုတာကို ပြောပြလိုက်ကြကွာ''

''ဟုတ်တယ် ‥ အဘကောင်း ပြောတာ ဟုတ်တယ်''

စောစောက ကျွန်တော့်ကို မျက်စောင်းထိုးလိုက်သည်က မင်းအလှည့်ကို ရောက်ဦးမှာပေါ့ကွာ၊ ကိုယ့်အလှည့်ဆို မခွဲ့ကြေးဆိုသည့် အဓိပ္ပာယ်မျိုးဆိုသည်ကို ကျွန်တော်သဘောပေါက်လိုက်သည်။ သူ နှပ်ကြောင်းပေးထားသည့် ဖဲထုတ်ကို အဖွဲ့သားတွေက ချိုးလိုက်ပြီမို့ လက်လျှော့လိုက်ရုံပင်။ သို့အတွက် ပုခက်မှထလိုက်ပြီး …

''ကဲ ‥ စားပွဲဆီ သွားလိုက်ရအောင်ဗျာ''

စားပွဲဆီရောက်တော့ ထိုင်လိုက်ကြလို့အပြီး မီးကျည်ခဲရဲရဲတို့အပေါ် မျောက်ညိုသားနှင့် ဂျီသားကင်တို့မှ ထွက်ကျလာသော အဆီတို့ကြောင့် ဖောက်ခနဲ ‥ ရှဲခနဲ အသံ၊ အနံ့သင်းသင်းလေးများနှင့်အတူ။

+++

လေအဝှေ့တွင် ပင်ယံမြင့်ထက်ဆီမှ ရော်ရွက်ဝါကလေးများကတဖြုတ်ဖြုတ်နှင့် မြေပြင်သို့ ကြွေကျနေသည်။ နံနက်ခင်းမို့ မြူနှင်းတို့ကလည်း ဝေမှိုင်းနေသလို ကျေးငှက်သာရကာများကလည်း တစာစာတစ္စီစွီ အော်မည်လျက် အိပ်ခန်းကို စွန့်ခွာပြီး အစာရှာထွက်ရန် ပျံသန်းနေကြသည်ကိုလည်း တွေ့မြင်နေရသည်။

သည်မြင်ကွင်း သည်ပသာဒတို့သည် နွေရာသီ၏ နံနက်ခင်းရှုခင်းပင်ဖြစ်ပေသည်။ သုံးရာသီတစ်ခွင်တွင် နွေရာသီက ဆန်း၏။ လက်ပံပွင့်တ…

www.burmeseclassic.com

www.burmeseclassic.com



ဝေ လေပွေတဝဲဝဲ ရွက်ကြွေတို့တသဲသဲနှင့် အပူရောင်ထဲကအလှ၊ လေရူးအဖေ့တွင် ပူလောင်ခြောက်သွေ့နေသော သဘာဝအလှများနှင့် ရောပြွန်းနေသည့်အလှ။

''လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ကုန္ဒနီဝယ် သိင်္ဂိတစ်ဝက်၊ ဖက်၍ ဆေးစုံ၊ ချယ်သောပုံသို့''

အရှင်ဥတ္တမကျော်ရဲ့ တောလားအတိုင်း မြတစ်ဝက်၊ ရွှေတစ်ဝက် ရောဖက်နေသော ရွက်ကြွေအလှတို့နှင့် တန်ဆာဆင်ထားသည့် နွေ၏အလှကို ဟိုအဝေး အမိတက္ကသိုလ် ပရဝဏ်အတွင်း ပင်ယံဖျားမှ နွေ၏ရွှေ့ပြေးနိမိတ်ဖြစ်သော ဥဩငှက်ငယ်ကလေးတစ်ကောင်၏ တွန်သံကိုကြားနေရသော ကျွန်တော့်အဖို့ လွမ်းမောဖွယ်ရာပင်။

စိတ်တွင်းကလည်း တွေးနေလိုက်မိသည်က ...

ဩော် .. ဒီလိုရာသီမျိုးကိုရောက်ရင် သူ မနေနိုင်။ ဘယ်လိုမှ နေလို့မရတဲ့အတွက် ခုလို တွန်သံပေးနေရသူက ဥဩငှက်ငယ်ကလေးရယ်ပေါ့။ နှစ်စဉ် သီဆိုနေကျ လွမ်းတေးကို သည်လိုရာသီမျိုးကိုမှ ရွေးကာသီဆိုတွန်ကျူးနေကြမို့ နွေရဲ့သရုပ်သကန်ကလည်း ငှက်ငယ်ကလေးရဲ့ အသံကြောင့် ပီပြင်မှန်ကန်နေသည်ပဲမဟုတ်ပါလား။

သည်မြင်ကွင်း၊ သည်ငှက်ငယ်ကလေးတို့ တွန်ကျူးသံကို ခြုံငုံကြည့်လိုက်ပါက နွေသည်လှ၏။ ကျက်သရေရှိ၏။ အလှတကာတို့ကို သရုပ်ဖူဆောင်းထားဘိသကဲ့သို့ပင် ထင်ရ၏။ ခုလို အချိန်သမယတွင် ရွက်ဝါကလေးတွေကြွေပြီး စမ်းရေထဲတွင် စီးမျောကြ၏။ ဖူးသစ်ဝေဆာ နွေဦးခါကို လိုက်လို့ပုရစ်ဖူးတို့ လှစ်ကျူးလာ၏။ ပွင့်သစ်တို့တသသ၊ လေပွေတို့ တကြွကြွ၊ လေရူးတို့နှင့် သူ၏အလှ။

ဤ နွေသဘာဝအလှတို့ထက် ရင်နှင့်အမျှချစ်ခဲ့ရသော ''နွေ''၏ အလှက ပို၏။ တစ်ချိန်သော ငယ်နုစဉ်က ရင်နင့်အောင် ချစ်ခဲ့ရသော ''နွေ'' ရဲ့ အလှကို နွေရာသီ၏ သဘာဝသရုပ်က လွှမ်းမိုးနိုင်စွမ်းမရှိပါတကား။

ကြာတော့လည်း ကြာခဲ့ပါပြီလေ။

ကြာခဲ့ပြီဆိုသော်လည်း အတိတ်ဆိုသည်က အရိပ်လိုမဟုတ်လေတော့ မေ့မရနိုင်သူ ကျွန်တော်က မနေ့တစ်နေ့ကမှလို့ထင်နေတုန်း။ သတိရနေအောင်လည်း နွေဥဩသံလေးက သတိပေးနေလေရဲ့။

တစ်နေ့ ...

အုံ့မှိုင်းဝေမှုန်ပြာရီသော ကောင်းကင်ပြင် မိုးကုတ်စက်ဝိုင်းကြီးကို နောက်ခံထားပြီး အမြင့်တွင်ဝေဝေဝါးဝါးတွေ့နေရသော သစ်ရိုင်းပင်ကြီးတို့အောက်ဝယ် စိမ်းပြာသောကန်ရေပြင်တို့ စုပေါင်းထားရာကို အင်းလျားကန်ဟု ခေါ်ဝေါ်သမုတ်ကြသလားတော့ဖြင့်မသိ။ သည်အင်းလျားကန်ကိုပဲ သက်သေပြုတိုင်တည်ကြပြီး ဖြစ်ပျက်မှုမျိုးစုံ ကြုံတွေ့ခဲ့ရသူတွေက အနတက္ကမ ဒုနှင့်ဒေး။

သည်ကန်ကို အကြောင်းပြုပြီး ကြုံကြတယ်။ ဆုံကြတယ်၊ ချိန်းကြတယ်၊ ပေါင်းကြတယ်၊ ကွဲကြတယ်၊ ဝမ်းသာဝမ်းနည်း ဖြစ်ကြရတယ်။ ကွဲကွာသွားကြသူတွေရှိသလို ပျော်ရွှင်ကြသူတွေလည်းရှိတယ်။ ရူးသွပ်ကြေကွဲသွားကြရသူတွေလည်း မနည်းလှ။

အင်းလျားကန်ရေပြင်ကိုကြည့်ပြီး သက်သေပြုတိုင်တည်ကြပြီး ဖြစ်ရပ်မျိုးစုံ ဖြစ်ကြတဲ့အထဲမှာ ကျွန်တော့်ရဲ့ ဝေဒနာလေးတစ်ခုကို ထပ်မံဖြည့်စွက်လိုက်ပါမှ အင်းလျားပုံပြင်တွေဟာ ပိုပြီး ပြည့်စုံလာမယ်လေ။

ဟိုးအဝေး မိုးကုတ်စက်ဝိုင်းကြီးဆီတွင် ထွက်ပျူစနေဝန်းနီနီက မေးတင်ဖို့ ကြိုးစားနေသည်။ ရောင်နီပျိုးပြီမို့ နေ့သစ်တစ်နေ့ကို အစပျိုးတော့မည့် ရွှေ့ပြေးလို့ဘဲ ဆိုရမည်မဟုတ်ပါလား။

အလင်းရောင်တို့က မပီဝိုးတဝါးထွက်ပြူစနေရောင်က နွေနှင်းတို့ကို အနိုင်ယူဖို့ ကြိုးစားနေဆဲ။ ထိုအချိန် ကန်ရေပြင်ကိုဖြတ်ပြီး တိုက်ခတ်လိုက်သည့်လေကြောင့် ခေါင်းပေါ်က ဆံစတို့က ဖွာလံကျဲကုန်သည်။ ရှည်လျားသောဆံနွယ်စတို့အောက်မှာရှိသည့် ကိုယ့်မျက်နှာသည် ကြေကွဲရိပ်များရှိနေပြီး ရင်မှာလှိုင်းထနေသည်။

မကြာမီရက်ပိုင်းအတွင်းကမှ အသည်းနင့်အောင်ချစ်ခဲ့ရသူ နွေရဲ့ မိခင် ဒေါ်ခင်မျိုးပိုင် တွေ့ချင်သဖြင့် သွားရောက်တွေ့ဆုံပြီးခါမှ ကိုယ့်အနေအထားကို သူမမိခင် လက်ခံနိုင်သည့် အနေအထားမရှိမှန်း သိလိုက်ရသဖြင့် စိတ်ပျက်လက်ပျက်နှင့် ကန်ရေပြင်အစပ်တွင် ထီးထီးကြီးပေါက်နေသော စိန်ပန်းပင်၏ ပင်စည်လုံးကို ကျောမှီရပ်နေရင်း စိမ်းပြာသောကန်ရေပြင်ကို ဝမ်းနည်းမှုနာကြည်းကြေကွဲမှုတို့

www.burmeseclassic.com



နှင့်အတူ ငူငူကြီး စူးစိုက်ကြည့်နေမိသည်။

ကန်ရေပြင် အလယ်ဘက်ဆီတွင် ရွက်တပ်လှေဖြူဖြူတစ်စီးက လေဟုန်စီးလို့၊ နွေရာသီနံနက်ခင်းပေမို့ နှင်းပွင့်ကလေးတို့က ကန်ရေပြင်ကို ဖြတ် သန်းတိုက်ခတ်လာသည်နှင့်အတူ အေး စိမ့်သော အငွေ့အသက်တို့နှင့် မြူနှင်း တို့က လွှမ်းခြုံဝေ့ဝဲနေဆဲ။

ကျွန်တော်က ကန်ရေပြင်ထက် ရွက်တပ်လှေဖြူဖြူလေးဆီ ငေးကြည့်ရင်း တွေးတောနေလိုက်မိတာက ..

''ဩော် .. ဘဝဆိုတာကလည်း ကြိုးစပမာဖြစ်ခဲ့ပါမှု အတိတ်ဆိုတာကို တပိုင်းတစ်စ ဖြတ်တောက်ပြီး ဟိုး အဝေးဆီသို့ လွှင့်ပစ်လိုက်ချင်ဏ်။ သို့ပေမယ့် ဘဝဆိုတာ ကြိုးတစ်စမဟုတ်သလို အတိတ်ဆိုတာကလည်း

အမှန်တော့
သူမ ဖြစ်ချင်သလို
မဖြစ်၍ ကြောက်လန့်
ထွက်ပြေးခြင်းရယ်သာပါ။
ကျွန်တော့်လို
မုဆိုးတစ်ယောက်
အမြင်ဘက်က တော့
သမင်တစ်ကောင်
ရိုးပြတ်မှာအလုပ်ပြုရင်း
မုဆိုးကိုမြင်တော့
လန့်ပြေးသွားတယ်လို့
ထင်လိုက်မိတယ်
...



ပစ္စုပ္ပန်ရဲ့ အခြေခံဖြစ်လေတော့ အသည်းနှင့်အောင်ရင်နှင့်အမျှ ချစ်ခဲ့ရသော နွေရယ်၊ ဥဩငှက်ငယ်ရယ်တို့က ကိုယ့်အသည်းတစ်နေရာမှာ ကပ်ငြိခိုတွယ်မိနေပြီရယ်လို့။

ယခုလည်း အမိတက္ကသိုလ် သမိုင်းဌာနက လ/ထကထိက ဆရာမလေး နွေက အရေးတကြီးကိစ္စနှင့် ပြောစရာရှိလို့ တွေ့ဆုံလိုသည့်နေရာဆီကို ချိန်းဆိုလိုက်သည့်အတွက် လာရောက်စောင့်ဆိုင်းနေရခြင်းပင် မဟုတ်ပါလား။

ဘဝဆိုတာ ဘဝသာပဲဖြစ်ဏ်။ ပူဆွေးနေ၍လည်းမရ။ လွမ်းဆွတ်နေရုံနှင့်လည်းမပြီး။ ပြုသင့်ပြုထိုက် ပြောသင့်ပြောထိုက်တာကို ပြုလုပ်ပြောဆိုနိုင်ရန်အတွက် သူမနှင့်အပြီးသတ်ပြောဆို ညှိနှိုင်းမရက ဆုံးဖြတ်ချက်တစ်ခုခုကိုချရန်သာ ရှိတော့သည်။

ကျွန်တော့်အကြည့်က ရွက်လှေဖြူဖြူအထက်ကို ဟိုးအဝေးမိုးကုတ်စက်ဝိုင်းကြီးအတွင်း တိမ်ပြာပြာအောက် မကန်းကွက်တိမ်ဖြူများ ရွေ့လျားနေကြသည်ကို ငေးမျှော်ကာကြည့်နေစဉ် နောက်ကျောဘက်ဆီမှ ကားတစ်စီး မြေနီလမ်းလေးအတိုင်း မောင်းနှင်လာရင်း ကျွန်တော့်နောက်ကျောဘက် ထိုးရပ်လိုက်သံကို ကြားလိုက်ရသည်။ လှည့်၍တော့ဖြင့် မကြည့်မိ။ ကျွန်တော့်ကို သည်နေရာတွင် ချိန်းဆိုထားသည့် နွေဖြစ်မည်ကိုတော့ စိတ်တွင်းက အလိုလိုသိနေသည်။

ထိုအချိန် လေတစ်ချက်အဝှေ့လိုက် စိန်ပန်းပင် ရော်ရွက်ဝါကလေးတို့က ကြွေကျလာသည်။ ကန်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



လွင့်သွားကြသည့် စိန်ပန်းရွက်ငယ်တို့က အင်းလျားကန်သဘောအတိုင်း စီးမျောကြမည်ပေါ့။

နွေသရုပ်ကို ဖော်ထုတ်ပြနေသည့် ကန်ရေပြင်ထက် ကြွေကျလာသည့် ရော်ရွက်ဝါလေးတို့ကို ပင်စည်လုံးကိုကျောပေးကာ ငုံ့ကြည့်နေရင်း ငိုင်တွေနေစဉ် ဟိုမှာဘက်တက္ကသိုလ်ပရဝဏ်အတွင်း ပင်ယံမြင့်ထက်က နွေတေးရှင် ဥသြငှက်ငယ်ကလေးက လွမ်းမောဖွယ် တွန်ကျူးနေသံကို နှစ်ဦးသား ကြားလိုက်ရပြန်သည်။ ကျွန်တော့်အတွေးတွင် ..

ဩော် .. ကိုယ်တို့ဇာတ်လမ်းမှာ ကိုယ်ရယ် ॰ နွေရယ် ॰ အမိတက္ကသိုလ်ဘေးက အင်းလျားကန်ရယ် ॰ ဥသြငှက်ငယ်ရယ်တို့ဘက်ဆီသို့ တွေးနေစဉ် ...

"မောင်"

နောက်ကျောဘက်ဆီမှ တိုးညင်းစွာ ခပ်ဖျော့ဖျော့အနီးကပ်ခေါ်လိုက်သည့် သူမအသံလေးက နံနက်ခင်းကျေးငှက်တို့ အသံတစာစာကြားမှ ထိုးထွက်လာသည်။ ကျွန်တော်က လှည့်မကြည့်။

"မောင်"

နောက်တစ်ခါ ခေါ်သံကို ကြားလိုက်ရပြန်သည်။ နောက်တစ်ကြိမ်ခေါ်သံကို ကြားလိုက်ရသည့်အတွက် ညင်သာစွာ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ တွေ့မြင်လိုက်ရသည်က ချစ်လွန်းတဲ့နွေ။ သည်မြင်ကွင်းကလည်း ကျွန်တော့်ကို အင်မတန်အင်အားကြီးမားတဲ့ အရာတစ်ခုနဲ့ ရင်ဆိုင်တွေ့ကြုံလိုက်ရသလို တုန်တုန်လှုပ်လှုပ် ဖြစ်သွားမိသည်။ သူမကို ပြန်လည် နှုတ်ဆက်ရမှာက အထစ်ထစ်အငေါ့ငေါ့ရယ်နဲ့သာပါ။

အတိတ်ဆိုတဲ့ အကြောင်းကတွေးတောရင် ဆွတ်ပျံ့သာယာစရာလည်း ရှိတတ်သည်။ ကြည်နူးကြေကွဲစရာလည်း ရှိတတ်ကြသည်။ သည်ဖြစ်ရပ်တွေထဲမှာ ကျွန်တော့်အတွက် သေချာတာတစ်ခုကတော့ရှိသည်။ ကျွန်တော် သူမနှင့်ပတ်သက်ပြီး အသေချာဆုံးဖြစ်ခဲ့တာကတော့ နာကျည်းမှုကလေးတွေက ပိုကဲနေရသည်။ လတ်တလော သူမ ချိန်းဆိုလိုက်သည့်အတွက် သူမနှင့် ရင်ဆိုင်တွေ့ဆုံလိုက်ရချိန်မှာ ကျွန်တော့်စိတ်အစဉ်တို့က အင်းလျားကန်ကြီးရေပြင်ပေါ် ဖြတ်သန်းတိုက်ခတ်လာတဲ့ လေရှူးလိုပဲ စိတ်တွေက ပြေးလွှားဆော့ကစားနေသည်။ ဩော် ဒီအဖြစ်ကလည်း သူမကို ကိုယ်က ချစ်တာကိုး။ ချစ်ရလွန်းသူကိုး။

ကျွန်တော့်ရှေ့တွင် ငူငူကြီးရပ်လျက် သူမမိခင်ဆန္ဒကို ကျေနပ်အောင် အဖြေပေးမလားရယ်လို့ မျှော်လင့်ခြင်းများစွာနှင့် စိုက်ကြည့်နေသူ နွေ၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်းမှ ရင်တွင်းဖြစ်စကားတစ်ခွန်းကို ဆိုလိုက်မိတယ်။

"မညွန့်မေ .. မင်းဟာ ငါ့ဘဝအတွက် ရှေ့မှာ ပူလောင်မယ်မှန်းသိလို့ နွေလို့ ကင်ပွန်းတပ် တင်စားခေါ်ခဲ့မိတာ မှန်နေတာပါပဲလေ။ ခုလည်း ဆိုပါဦး နွေ၊ မင်းကကော မင်း အမေလို ဘာတွေများ ထပ်ပြီး လမ်းညွှန်ချက်တွေပေးချင်လို့ ဒီနေရာကို ချိန်းလိုက်ရတာလဲ"

နာကျည်းကြေကွဲမှုတို့နှင့်အတူ ကျွန်တော့်နှုတ်ဖျားမှ ကြေကွဲသံက မျှော်လင့်မထားဘဲ ပေါက်ကွဲထွက်ပေါ်သွားပေသည်။ ကျွန်တော်ပြောလိုက်မိသည့် စကားတို့ကြောင့် နွေရဲ့မျက်နှာနုနု၏ နက်မှောင်သော မျက်ဝန်းအိမ်တို့မှ ငွေပုလဲဥတို့ ကြွေတော့မယောင်။

ကျွန်တော်ဆိုတဲ့ အကောင်ကလည်း မုဆိုးလုပ်မယ့်ကောင်ကိုး။ ခက်ထန်ကြမ်းတမ်းတဲ့ စိတ်က ထာဝစဉ်ကိန်းအောင်းနေသူဆိုတော့ တစ်ခါတလေ မိန်းကလေးတွေရဲ့ သဘောသဘာဝကို နားမလည်။ အို .. တစ်ခါတလေမကပါ အမြဲတမ်း နားမလည်တဲ့သူက ကျွန်တော်ရယ်ပါ။

ကျွန်တော်နားလည်ပြီး တရား သေစွဲကိုင်ခံယူထားတာက ..

ကျွန်တော့်ကို တကယ်တမ်းချစ်ခဲ့တယ်ဆိုရင် ဘယ်အနေအထားမှာ ဖြစ်စေ လက်တွဲရဲရမယ်။ ဘဝကို လက်တွဲရင်ဆိုင် ရုန်းကန်ရဲရမယ်။ နောင် အရေးကို တွေးပူမနေရဘူး။ နောင်ဖြစ် လာမယ့် အရေးတွေကို မလိုအပ်သေး ဘဲ တွေးတောပူပင်နေတာဟာ ကျွ တော့်ကို တစ်ကယ့်မေတ္တာစစ်နဲ့ချစ်လို့ မဟုတ်ဘူး။ တူနှစ်ကိုယ် တဲအိုပျက်မှာ နေပြီး ထမင်းရည်ကို တူနှစ်ကိုယ်လျက် ရင်း နောင်ဖြစ်လာမယ့် ကိစ္စတွေကို နောင်မှသာ ရှင်းကြပေါ့။ ဒီအယူအဆ တွေကလည်း ကျွန်တော့်ရဲ့ နောင်တော် စာရေးဆရာကြီးများဖြစ်ကြတဲ့ ဆရာ အောင်လင်း၊ မြင့်နီ၊ မြင့်ကျော် ကရမက်စတဲ့ ဆရာကြီးတွေရဲ့ ချက်အတိုင်း မလိုအပ်သေး တွေကို ခုကတည်းက တွေ့သွင်း

www.burmeseclassic.com



ားနေတာ၊ ပြောဆိုနေတာတွေဟာ ကျွန်တော့်ကို မချစ်လို့၊ ဒါတွေက ကျွန်တော့်ကို အရှုံးစွဲစေတဲ့ ခံယူချက်လေ။

ကျွန်တော့်အယူအဆနဲ့ သည်လို ခံယူချက်တွေကို နွေလို့ခေါ်ခဲ့တဲ့ ချစ်ရလွန်းသူ မညွန့်မေ။ လ/ထ ကထိကကို ထပ်ကာထပ်ကာ ပြောပြလို့ပြီးခဲ့ပေပြီပဲ။ နောက်ဆုံးအနေနဲ့ သူမရဲ့ မေမေနဲ့တွေ့ပါဆိုလို့လည်း တွေ့ခဲ့ပြီးပြီပဲ။ သူမ မေမေနဲ့ ထိပ်တိုက်တွေ့ကြရတဲ့ ထိုးစစ်မှာ စစ်မထိုးခင်ကတည်းက ကျွန်တော်ရှုံးမှာပါလို့ ပြောခဲ့ပြီးသား။ တကယ်တမ်း ထိုးစစ်ဆင်လိုက်တော့ ရှုံးလိုက်တာမှ နလံမထူနိုင်အောင် ဝက်ဝက်ကွဲ ခွက်ခွက်လန်။

မတူညီနိုင်ကြတဲ့ မျဉ်းပြိုင်နှစ်ကြောင်းဆိုတာ ဘယ်နေရာမှာသွားပြီး ပေါင်းဆုံလို့ရမှာလဲ။ ဟိုးအဝေးတစ်နေရာဆီ မှိုင်းပျပျသာ မြင်တွေ့နေရတဲ့ မိုးကုတ်စက်ဝိုင်းကြီးဆီမှာ ပေါင်းဆုံကြမယ်ဆိုတာ မှန်းဆရမ်းရော်ခြင်းရယ်သာပါ။ တကယ်တမ်းကြည့်လိုက်တော့ မိုးကုတ်စက်ဝိုင်းကြီးဆီမှာလည်း မျဉ်းပြိုင်ဟာ မျဉ်းပြိုင်ပါပဲလေ။

သည်တော့ ချစ်ရသောနွေက–

''နွေ့ရင်ထဲမှာရှိတာတွေ၊ ဖြစ်ချင်ဟဲ့ ဆန္ဒတွေကို အထပ်ထပ် မောင့်ကို ပြောခဲ့ပြီးပါပြီ။ မေမေ့ရဲ့ သဘောထားကိုလည်း မောင်သိပြီးခဲ့ပါပြီ။ ခုမောင့်ကို နောက်ဆုံးအနေနဲ့ နွေ ထပ်ပြီး ပြောခဲ့ချင်တာက ‥ မောင် ဘွဲ့ ‥''

''ဘာကွ ‥ မညွန့်မေ၊ မင်း ‥ တော်တော့၊ မင်း ပြောမယ့်နောက်ဆုံးစကားက ငါဘွဲ့တစ်ခုခုရအောင်လုပ်၊



ပြီးရင် ဌာနတစ်ခုခုမှာ အရာရှိဝင်လုပ်။ အဲဒီအချိန်ကျတော့မှ ငါနဲ့မင်း လက်တွဲမယ်ဆိုတာပဲမို့လား''

သူမ စကားမဆုံးသေး။ ကျွန်တော်က ကြားဖြတ်ဝင်ပြောလိုက်သည့် စကားတွေကြောင့် သူမမျက်လုံးအစုံက ပြူးကျယ်လာသည်။ ပါးအစုံကလည်း ရဲလာသလို နှင်းဆီသွေးရောင် နှုတ်ခမ်းဖူးဖူးကလေးက တရှုရှုဖြစ်လာသည်။ စိတ်ကို ထိန်းချုပ်ထားပေမယ့် မျက်ဝန်းအစုံမှ မျက်ရည်ဥတို့ ဖြာကျလာသည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲလေ။ အချစ်ဒဿနဆရာကြီးတွေလို အရှုံးစွဲအောင် ကျက်မှတ်ထားသည်ပဲကိုး။

ခါတိုင်း နွေနှင့် နှစ်ဦးသားတွေ့လေတိုင်း သည်စကားမျိုးကို သူမရဲ့ နှုတ်ခမ်းလှလှဆီမှ တဖွဖွပြောခဲ့လေတိုင်းပဲ ပျာပျာသလဲနှင့် ကိုယ်က သူမစိတ်ကျေနပ်အောင် လိုက်လံချော့မြူလိုက်သေးသည်။ သည်အခါမျိုးမှာတော့ သူမနှုတ်ဖျားက ‥

''မောင် ‥ နွေ့စကားကို နားမထောင်ချင်ဘူးကွယ်။ သိပ်ဆိုးတာပဲ ‥ လူဆိုး''

''ဟုတ်တာပေါ့ ‥ ချစ်သူနွေရဲ့ စကားတွေကို မလိုက်လျော၊ နားမထောင်တော့ လူဆိုးပဲပေါ့''

နားလည်ပါပြီ နွေရယ်။ ကိုယ်သိပ်နားလည်သွားပါပြီ။ ကိုယ့်ရဲ့အချစ်တွေကလည်း မင်းရဲ့အပေါ်မှာ အနယ်ထိုင်လောက်ပါပြီ။ ထိုအတွေးနဲ့အတူ ကျွန်တော့်ရဲ့ ခံစားချက်တွေကလည်း ပွင့်အံပေါက်ကွဲ ထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com



''ဒီမှာနွေ ..ကိုယ့်ကို မင်း တကယ်ချစ်ခဲ့ရိုးမှန်ရင် ကိုယ်နဲ့ပေါင်း ရဲရပေမပေါ့။ မင်း ငါနဲ့ဆိုရင် ထမင်း ရည်ပူပဲ လျှက်ရလျှက်ရ၊ တဲအို ပျက် မှာပဲ နေရ နေရ၊ ရင်ဆိုင်ရဲတဲ့ သတ္တိ ရှိသူကိုမှ အချစ်စစ် အချစ်မှန်နဲ့ ချစ်တဲ့သူရယ်ပဲလို့ ကိုယ်ခံယူထား တယ်။ မင်းကိုလည်း အကြိမ်ကြိမ် ပြော ...''

ကျွန်တော့်စကားတွေကို ဆုံး အောင်ပင်မပြောလိုက်ရ။ ဒေါသသံ ရှိုက်သံတို့နှင့် ..

''တော်တော့ မောင် ..၊ တော်တော့''

သူမ မျက်နှာကို လက်ဖဝါးနှစ် ဖက်ဖြင့်အုပ်လျက် တသိမ့်သိမ့်ရှိုက်ဖို ငိုကြွေးရင်း တားလိုက်သူက ကျွန်တော် အသည်းနှင့်အောင်ချစ်ခဲ့ရတဲ့ နွေရယ်ပါ။

''အေး ..မင်းကို ငါနောက်ဆုံး ပြောလိုက်ချင်တာက ဒီတက္ကသိုလ် ပရဝဏ်မှာ မင်း ဆရာမလုပ်နေသ၍ မင်းနေရာကို ရောက်လာအောင် ငါ ဘယ်တော့မှမလုပ်ဘူး။ လာဖို့လည်း စိတ်မကူးဘူး။ မင်း ပို့ချမယ့် ဘာသာ ရပ်ကိုလည်း သင်ယူဖို့ စိတ်မကူးဘူး။ အဲဒါ မင်းအပေါ်မှာထားတဲ့ ငါ့ရဲ့ နောက်ဆုံး မေတ္တာစကားပဲ ..မှတ်ထား''

သူမနှင့်ပတ်သက်ပြီး ခံစားရ လွန်းလို့ ပေါက်ကွဲထွက်ပေါ်လာတဲ့ စကားလုံးတို့က ဘယ်ဆီတိုင်ရောက် သွားသည်မှန်း မသိလိုက်။ ရင်တွင်းရှိ ရင့်သန်ဆဲဆဲ သံယောဇဉ်ကို ထိန်းချုပ် ထားလို့ကလည်း မရတော့။ ယခု သူမ နှင့် တွေ့ကြုံရတာလောက် ပင်ပန်းနွမ်း နယ်ခြင်းမျိုးကိုလည်း မတွေ့ကြုံဘူးခဲ့။

ကျွန်တော့်စကားတို့သည် ဆုံး သည် မဆုံးသည်ကိုတော့ဖြင့် မသိ။ ကျွန်တော်သိလိုက်တာကတော့ မျက်နှာ ကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ရင်း သည်း ထန်စွာငိုကြွေးလျက် ရပ်တန့်ထားရာ ကားကလေးဆီသို့ ကျောခိုင်းပြေးထွက် သွားသည်ကိုသာ သိလိုက်ရပေသည်။

ကိုယ်ချစ်ခဲ့ရသောနွေက ကိုယ့်ကို ကျောခိုင်းထွက်ခွာပြေးခဲ့လေပြီကော။

ပင်ပန်းနွမ်းနယ် မောဟိုက်စွာ နှင့် စိမ်းပန်းပင်ကြီးကို ကျောပေးကာ ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့သူကျွန် တော်က ပြာလွင်သော မိုးပြာရောင် မကာန်းကွက်တွေအောက် မိုးကုတ် စက်ဝိုင်းကြီးဆီ တွေဝေငေးမောစွာ အဓိပ္ပာယ်မဲ့ လှမ်းကြည့်လိုက်ရင်း ငူငူ ကြီး ကျောက်ဆစ်ရုပ်တု ပင်စည်ကို ကျောမှီကျန်ရစ်ခဲ့သည်။

အတွေးတို့တွင်လည်း ...

''သြော် ... ချစ်သူ၏ ဆန္ဒတွေ ကို လိုက်လျောလျှင်ရပါလျက် ခုလို ဆုံးရှုံးလက်လွှတ်အနစ်နာခံလိုက်ခြင်း သည် ကျွန်တော့်အတွက် ဖန်တီးထား သော ကံတရားကြောင့်ပင်လို့ပဲ ဟူ၍ သာ စိတ်ကို ဖြေသိမ့်လိုက်ရပေတော့ သည်။

အတန်ကြာတော့ ကျွန်တော်က အင်းလျားကန်ရေပြင်ကြီးကို စိမ်းစိမ်း ကြည့်လိုက်ရင်း ကျောခိုင်းပစ်လိုက် သည်။ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်း လေးတစ်ခု၊ လှေကားထစ်လေးတစ် ထစ်၊ အဖုအထုံးလေးတစ်ထုံးကို အင်းလျားကန်ရေပြင်အတွင်းမှာ ဖြည့် လျက်ချထား စွန့်ပစ်လိုက်ခဲ့ပေတော့ သည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လျှောက်လှမ်းလိုက်သည်က အသည်းနှင့်အောင် ချစ်ရတဲ့ နွေ ကားမောင်းကာ ပြေးထွက်သွားရာ ဆီရဲ့ ဆန့်ကျင်ကျောခိုင်းရာဆီသို့သာ။

ကျွန်တော့်ဘဝအတွက် ရိုးပြတ်က လန့်ပြေးသွားတဲ့ သမင်ပျိုမတစ်ကောင်ရယ်လို့သာ။ အမှန်တော့ သူမ ဖြစ်ချင်သလို မဖြစ်၍ ကြောက်လန့်ထွက်ပြေးခြင်းရယ်သာပါ။ ကျွန်တော့်လို မုဆိုးတစ်ယောက်အမြင်ဘက်ကတော့ သမင်တစ်ကောင် ရိုးပြတ်မှာ အလုပြင်း မုဆိုးကိုမြင်တော့ လန့်ပြေးသွားတယ်လို့ ထင်လိုက်မိတယ်။

တကယ်တော့ ကျွန်တော့်လို မုဆိုး တောခြောက်ခံလိုက်ရခြင်းပါပဲလေ။

* * * *

သူတို့ သိချင်နေကြသော ကျွန်တော့်ဖြစ်ရပ်ကို သိလိုက်ကြရသဖြင့် ကျေနပ်သွား၍လားတော့ဖြင့်မသိ။ မည်သူမှ မေးစမ်းခြင်းမပြုကြသော်လည်း အစ်ကိုကြီး ဦးသိန်းလွင်တစ်ယောက်ကသာ မေးခွန်းထုတ်လိုက်သည်က–

"ဒီလိုဆိုရင် ညီလေး မုဆိုးဘဝထဲကို ဖွတ်နှစ်ဝင်လိုက်တာ ဘယ်အချိန်ကလဲဟင်"

"အဲဒီနှစ်မှာဘဲ ဆယ်တန်းအောင်ခဲ့ပါတယ်။ သူရှိနေတဲ့တက္ကသိုလ်မြေကို မနင်းလိုတာရယ်။ စိတ်နာခဲ့ရတာကြောင့် တက္ကသိုလ်ကို ဆက်မတက်တော့ဘဲ သေနတ်ကိုင်ပြီး သားကောင်တွေကိုပစ်ရင်း တောထဲမှာပဲ စတည်းချနေထိုင်ခဲ့တာပါပဲ အစ်ကိုကြီးရယ်"

"ဒီလိုဆို မင်း တက္ကသိုလ်က ဘွဲ့လည်းမယူခဲ့ဘူး။ ဒီမြေကိုလည်း မနင်းဘူးဆိုတော့ မင်းအိမ်က မပြောကြဘူးလား။ ဒီနောက်ပိုင်း မင်း ချစ်သူနဲ့ကော တွေ့သေးလားကွဟင်"

"သမီးကြီး ဘွဲ့ယူတုန်းကတော့ သူ့မအေလိုက်သွားတယ်။ သားငယ် ဘွဲ့ယူတော့ ဇနီးဆုံးပါးသွားလို့ ကျွန်တော် မလိုက်မဖြစ်လို့ လိုက်သွားခဲ့ရတယ်လေ"

"အေးကွာ . . . မင်းအဖြစ်က စိတ်မကောင်းစရာပဲ၊ ဆက်ပါဦးကွ"

"အဲဒီမှာ ဖြစ်ချင်တော့ မညွှန့်မေရဲ့သမီးကလည်း သားနဲ့တစ်တန်းတည်း ဥပဒေဘွဲ့အတူယူကြတာမို့ ပြန်ဆုံကြသေးတယ် အစ်ကိုကြီးရဲ့"

"ဟုတ်လား . . လုပ်စမ်းပါဦး ညီလေးရဲ့၊ စိတ်ဝင်စားစရာကောင်းလွန်းလို့၊ မင်းကိုရော မှတ်မိသေးရဲ့လား။ နှုတ်ကောဆက်သေးရဲ့လား"

"ဟုတ်ကဲ့ မှတ်မိပါတယ်။ သူ့ခင်ပွန်းနဲ့လည်း မိတ်ဆက်ပေးပါတယ်။ ကျွန်တော် ဘွဲ့ယူပြီးတဲ့ထိ စောင့်မနေတော့ပါဘူး။ နေမကောင်းတာကို အကြောင်းပြပြီး ပြန်လာခဲ့တယ်လေ"

စကားဝိုင်းကိုသိမ်းကာ အိပ်စက်အနားယူကြဖို့ လူစုခွဲလိုက်ကြသည်။ ကျွန်တော်က ပုခက်လင့်တွင် အိပ်မည်မို့ ကျော်မှီကာ လဲလျောင်းလိုက်စဉ် အိပ်ပျော်ခြင်းကလည်း ကပ်ပါသွားပေတော့သည်။

လေးမောင်






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)

"သင်းတို့လို ပိုက်ဆံချမ်းသာချင်မှ ချမ်းသာမယ်။ ပညာတတ်ချင်မှတတ်မယ်။ ဒါပေမဲ့ မိခြူးက လမ်းဘေးအပျက်မ မဟုတ်ဘူး။ မရှိနွမ်းပါးလို့ သူများအိမ်မှာ အိမ်အကူလုပ်စားနေရပေမယ့် မိခြူးကို မတော်မတရားခြေတော်တင်ချင်လို့တော့ မရဘူး။ အရက်ကို အသက်နဲ့လဲပစ်လိုက်မယ်။ ဆင်းရဲပေမယ့်၊ ပညာမတတ်ပေမယ့် ကိုယ့်ကို အပျက်မတစ်ယောက်လို ဆက်ဆံတာမျိုးကို ငြိမ်ငြိမ်ပြီးငုံ့ခံနေရလောက်အောင် မိခြူးမှာ သတ္တိသွေးမနည်းသေးဘူး။ မတော်မတရားတာဆိုရင်တော့ မိခြူးတို့က သူသေကိုယ်သေ လာထားပဲ"

(၂)

မိခြူး ...။

ခက်တယ် .. ခက်တယ် .. သိပ်ခက်တယ်။ လူတွေများ သိပ်ကို ခက်တာပဲ။ မိခြူးမသိဘဲနေမလား။ မိခြူးအသက်ပဲ အခု ဘယ်လောက်ရှိပလဲ။ ဆယ့်ရှစ်နှစ် ..။ အဲ .. ပြည့်သေးမယ်မထင်ပါဘူး။ ဒီ လဝန်းအိမ်ကို ရောက်တော့ ဆယ့်လေးနှစ်ကျော်ကျော်တဲ့။ အစ်မက ပြောပြခဲ့တာလေ။ ဩော် .. လဝန်းအိမ်ကဲလား။ မိခြူးအလုပ်လုပ်တဲ့အိမ်ပေါ့။ မမနွယ်နွယ်နဲ့ ဟိုလူကြီးတို့ရဲ့ အိမ်လေ။ အင်း .. ဟုတ်တယ်၊ ရန်ကုန်မြို့ကြီးပေါ်က ဝန်းကျယ်ခြံကျယ်ကြီးနဲ့ တိုက်အိမ်အကြီးကြီးလေ။ အဆောင်ဆောင်အခန်းခန်းတွေ များမှများ။ ရွာက နှစ်ထပ်အုတ်ကျောင်းကြီးအပေါ်ကို အဘနဲ့အတူတူ ရောက်ဖူးစတုန်းက မိခြူးသိပ်ကို အံ့သြခဲ့ရတာပဲ။ ကြီးကျယ်ခမ်းနားလှချည်လားပေါ့။ ဟုတ်တယ်လေ ..။ မိခြူးတို့ရွာကလေး ခွက်မိနောက်အဖို့ ရွာဦးက ဘုန်းကြီးကျောင်းထက်ပိုပြီး ကြီးကျယ်ခန့်ညားတာမျိုးဟာက ရှိမှ မရှိဘဲဟာကိုး။ အိမ်ခြေလေး ၉၀/၁၀၀ သာသာရှိတဲ့ဟာ တဲကုပ် တဲစုတ် အိမ်မွဲ ကလေးတွေချည်းကိုး။ ဘယ် လဝန်းအိမ်နဲ့ကဖြင့် တခြားစီ။ ဘုန်းဘုန်းကြီးဟောဖူးတဲ့ တရားထဲကလို အဝီစိနဲ့ နတ်ပြည်လို နံ့သာဆီနဲ့အီးဆိုတာလို နေမှာပါပဲ။ တကယ် .. တကယ် .. အဲတော် ဘယ်နေရာလဲလို့တော့ မိခြူးဖြင့် မသိပေါင်။ မိခြူးမှ အိမ်ထဲက အိမ်ပြင်ထွက်လည်ရလောက်အောင် အားအားယားယားမရှိခဲ့တဲ့ဟာ။ မနက်လေးနာရီခွဲ မျက်စိနှစ်လုံး ပွင့်ပါပြီဆိုကတည်းကနေ ညဆယ်နာရီ ဆယ့်တစ်နာရီ ခေါင်းအုံးနဲ့ခေါင်း ထိမိတဲ့အချိန်အထိ ယားလို့မှမကုပ်အားအောင် နိစ္စဓူဝ အိမ်အလုပ်တွေနဲ့ချည်း တကုပ်ကုပ် ဂျာအေးသူ့အမေရိုက် လုံးချာလိုက်နေခဲ့ရတဲ့ဟာကိုး။ .. နေ့။

ဘာရယ် .. ပြောရော့မယ်။ မိခြူးတို့က အိမ်ကြီးသခင်မဟုတ်ရပေါင်နော်။ အဲသလိုဘဝမျိုးများ စိတ်ကူးနဲ့တောင် မဖြစ်ဖူးခဲ့ပါဘူး။ လူမှန်းသိပါပြီဆိုကတည်းက ဟိုး ရိုးမအခြေ ရွာမွဲကလေးမှာ ထမင်းဟင်း မည်ကာမတ္တကလေးလောက်ကိုတောင် နပ်ကျော်နပ်မှန် သွင်းခဲ့ရတဲ့ဘဝ။

တောင်ရိုးတောင်ခြေအနှံ့ နေကုန်နေခန်း ကိုးကုန်းကိုးကျင်း ဖဝါးအသားမာတက်အောင်လျှောက်ပြီး မှိုရှာ၊ မျှစ်ချိုး၊ တောတိုးချုံတိုးနဲ့ ကြီးခဲ့ရတဲ့ဘဝဟာကိုး။ လည်စရာရှိလည်းတောပဲ။ ကစားစရာလည်း တောပဲရှိခဲ့တာကိုး။ အဖေနဲ့သွားလည်း တော အမေနဲ့သွားလည်း တောပဲကိုး။ အင်းလေ .. အဲသလို မိုးလင်းမိုးချုပ် လက်လှုပ်ခြေလှုပ်လုပ်နေမှလည်း မိခြူးတို့ပါးစပ်ပေါက်တွေက အသက်ရှင်ဖြစ်ရုံ လှုပ်နိုင်ကြရမှာကိုး။ ကိုင်း .. အဲသည်တော့ မိခြူးလို ချာတူးလန်က လဝန်းအိမ်ရဲ့ အိမ်ကြီးသခင်ဖြစ်စရာတဲ့လား။

ဟုတ်တယ် .. ဟုတ်တယ် ..။

ခုနပြောသလိုပဲ တကယ်တမ်း မိခြူးအလုပ်က အိမ်အကူပါ။ အိမ်ဖော်ခေါ်မလား .. အစေခံခေါ်မလား၊ အိမ်ထိန်းခေါ်မလား .. ခေါ်ချင်သလိုခေါ်ပေတော့။ မိခြူးကတော့ လဝန်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ ပတ်စာခွာဖျာသိမ်း ပတ်စအုပ်စုံကိုဘစ်ယောက်တည်း ဒိုင်ခံကြရတဲ့အလုပ်သမစစ်စစ်ပါပဲရှင်။

ပြောရော့မယ် ..

မမနွယ်နွယ်ဆိုတာ အိမ်ရှင်မလို့သာ ခေါင်းတပ်ပြီးပြောရတာ ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် အိမ်မှုကိစ္စဆို လက်ချောင်းကလေးတစ်ဆစ်ဘောင် ချိုးတာမဟုတ်ဘူးရယ်။ ဘာလုပ်ဟဲ့ .. ဘာကိုင်ဟဲ့ရယ်လို့ နှုတ်ခမ်းကလေးလှုပ်ရုံလှုပ်ပြီး ခိုင်းဖော်သည်းမရပေါင်။ ကကြီးအစ အအဆုံး မိခြူးဘာသာမိခြူး ကိုယ့်လက်ကိုယ့်ခြေလုပ်နေရတော့တာ။

ကြည့်လေ ..

မနက်လင်းအားကြီး လေးနာရီလေးနာရီခွဲပါပြီတဲ့၊ မမနွယ်နွယ်ဝယ်ပေးထားတဲ့ ငှက်ရုပ်သံပတ်ပေးနာရီကလေးက ကုကူ .. ကုကူနဲ့ ထပြီးအော်ပါလေရော။ သင်းအော်မှဖြင့် ထချင်ချင် မထချင်ချင် လူးလဲပြီးထ၊ မျက်နှာကလေး ကပျာကသီသစ်၊ လျှပ်စစ်ရေနွေးအိုးနဲ့ ရေနွေးတည်။ ဟိုလူကြီးအတွက် ကော်ဖီနှပ်၊ ပေါင်မုန့်ကင်၊ ရေခဲသေတ္တာထဲက ငှက်ပျောသီး၊ သစ်သီးတွေကို စားဖို့ အရံသင့်ပြင်ဆင်။ အဲ .. တစ်ခါတလေ ကိုယ်တော်မြတ်က အမှာတော်ရှိထားရင် ခရမ်းချဉ်သီးဖျော်ရည်၊ စတော်ဘယ်ရီဖျော်ရည်ဆိုတာမျိုးက ဖျော်ပေးရသေးရဲ့။ ပြီးတော့ရင် မောင်မင်းကြီးသား ဘုရားဝတ်ပြုဖို့ ဘုရားဆောင်အခန်းကြီးကို လှဲကျင်းသုတ်သင်သန့်ရှင်း၊ ပန်းတော်ရေတော်ထဲ ဆီမီးတိုင်၊ အမွှေးတိုင် သေချာကပ်။ ယောတံဘက်တို့၊ စိပ်ပုတီးတို့က အစ ကျကျနနခင်းကျင်းပြင်ဆင်ပေးခဲ့ပြီး မမနွယ်နွယ်နိုးရင်စားဖို့ လမ်းထိပ်က ဘွားမြရဲ့ မော်ကျွန်းမုန့်ဟင်းခါးကို သုတ်သုတ်ပြေးဝယ်။ တစ်ရက်တလေကျရင်တော့ ပဲပြုတ်နဲ့နံပြား၊ နန်းကြီးသုတ် ဘာညာပေါ့လေ။ အင်း ... ဟုတ်တယ်၊ ဟိုလူကြီးနဲ့မမနွယ်နွယ် အိပ်ရာအထမှာ အဆင်ပြေအောင် ပြေးပြေးလွှားလွှား အလောဆုံးဆယ် လုပ်ရတာ။ နေ့တိုင်းပဲ .. နေ့တိုင်းပဲ။ သံပတ်ပေးထားတဲ့စက်ရုပ်တစ်ရုပ်နဲ့ တောင်တူပါရော။

အဲ .. အဲသလို နံနက်စာပြင်ဆင်ပေးပြီးရင်တော့ မမနွယ်နွယ် ညဦးက ထုတ်ပေးထားတဲ့ ပိုက်ဆံကလေး လက်ကကိုင်ပြီး ဟိုးနှစ်လမ်းကျော်လောက်က ဈေးကြီးကို ပြေးပေရော့။ အင်းလေ .. မိခြူးတို့ရပ်ကွက်ထဲမှာတင် ရပ်ကွက်ဈေးလေးရှိမှန်းတော့ အသိသားပေါ့။ ဒါပေမဲ့ မရှိဆင်းရဲသားတွေ စုပြုံတိုးနေတဲ့ ပုံကျဈေးတန်းကလေးမို့လို့ ရွံသတဲ့ .. ရှာသတဲ့ရှင် အိမ်ကြီးရှင်များက။ အဲဒါကြောင့် .. ဘယ်လောက် အရေးကြီးကြီး ဟိုးဈေးကြီးအထိ ပြေးပြီးဝယ်ရခြမ်းရတာ နိစ္စဓူဝ။ တောသည်ကလေးတွေမို့ လတ်ဆတ်တယ်။ ဈေးချိုတယ်၊ အလေးမှန်ဈေးမှန် ပေါပေါလောလော အဖိုးနည်း-ဝန်ပါ ဝယ်လို့ခြမ်းလို့ရတာ သိသိကြီးနဲ့ ဟိုးမိနီမားကတ်ဆိုတဲ့ ကုန်တိုက်ကြီးထဲက ရက်ကျော်ရက်ကျန် ရေခဲရိုက် အသီးအရွက်၊ သားငါးတွေကိုမှ လျှာရည်လည်ရပေတယ်လို့။ ပြောမပြောချင်တော့ပါဘူး။ ပြီး .. ဈေးကနာက ကြီးလိုက်သေး။ မိခြူးဖြင့် ကြားထဲကနေ အချောင်ဝင်ပြီး နှမြောလိုက်တာများ။ တစ်နေ့တစ်နေ့ အဲသလို သူတို့ သက်သက်မဲ့ဖြုန်းတီးပစ်နေတဲ့ ပိုက်ဆံတွေဟာ တောကမိခြူးတို့လို မရှိဆင်းရဲသားများ သုံးလေးမိသားစု အေးအေးကလေး စားနိုင်ပါရဲ့။ အဲသလိုများ တွေးမိရင် မိခြူးဖြင့် မျက်ရည်ကိုကျချင်လာရော။ တကယ်ပြောတာ။

အောင်မလေးဟဲ့ .. ပြောနေဆိုနေရင်းနဲ့ ဟိုဘက် ဆရာဝန်မအိမ်က ဟင်းနံ့ကလေးကို သတိရလိုက်တာနော်။ နှာခေါင်းထဲကို သင်းလာတာပဲ။ ရေပိုက်ခေါင်းက ကျနေတဲ့ ရေပန်းတဖွားဖွားနဲ့ အဝတ်တစ်ပုံကြီးအောက်မှာ ကိုယ့်ဖောနဲ့ကိုယ် ခေါင်းမဖော်နိုင်တဲ့ မိခြူးတောင် သွားရည်ခဏခဏကျခဲ့ရတာ။ ပြောလို့ပြောတာမဟုတ်ဘူးရယ်။ အဲဒီ ဆရာဝန်မချောချောရဲ့ အဒေါ် အန်တီဝင်းဝင်းကလေ ဟင်းချက်သိပ်ကောင်းတာပဲသိလား။ သူ့မို့ဘာချက်ချက် ပထမတန်းချည်းပဲ။ မကြာမကြာ အန်တီဝင်းဝင်းပေးတဲ့ ဟင်းကလေးကြွေးကလေးများကို စားဖူးပ။ ဘာပြောကောင်းမတုန်း၊ လျှာကြောကို စိမ့်နေတာ။ အင်း .. ဟုတ်တယ်။ လဝန်းအိမ်မှာက မိခြူးဖို့အတွက် သပ်သပ်ခွဲပြီးချက်စားရတာ။ မမနွယ်နွယ်တို့က ကိုယ်နဲ့ဘာမှမဆိုင်တဲ့ သူတို့ညည်သည် သာပေါင်းညာစားတွေကိုသာ စားစမ်းဟဲ့ .. သောက်စမ်းဟဲ့နဲ့ ကုန်ကုန်ကျကျ သအဒေးယျရှိချင်ကြတာ။ သူတို့ ဝေယျာဝစ္စတွေကို ခါးကျိုးမတတ် ဒိုင်ခံ ကုန်းကျုံးလုပ်ပေးနေတဲ့ မိခြူးကိုများဖြင့် တွက်ကပ်နေလိုက်တာ။ တကယ်ပဲ .. ဆန်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ထမင်းနဲ့ ငါးပိရေတို့စရာ၊ ပဲပြုတ်ချဉ် ပေါင်ကြော်ကပဲ မတက်တော့ဘူး။ အူ တွေတောင် အချဉ်ပေါက်နေပြီ။

အဟုတ် ...။

အိမ်ကြီးရှင်တွေ တင်စီးတတ် လိုက်ပုံများ လက်လန်ပါတယ်ဆိုနေ။ ကြည့် .. ထမင်းကျန် ဟင်းကျန်၊ သစ် သီးသစ်ဥကျန်တာ ကောင်းတာကလေး များရှိရင် "မိချိုးရေ အကျန်အကြွင်း တွေကို လွှင့်ပစ်လိုက်နော်။ မိချိုးစား မနေနဲ့။ သူများစားပြီးသား အကျန် တွေမို့ ရောဂါဘယဖြစ်နေဦးမယ်။ မြင် လို့လည်းမကောင်းဘူး။ သူတစ်ပါးတွေ သိရင်လည်း မမတို့က မိချိုးကို စား ကြွင်းစားကျန်ကျွေးသတဲ့ဆို ကျော်မ ကောင်းကြားမကောင်း။ နှမြောမနေပါ နဲ့ကွယ်။ လူတောင်မှ တစ်နေ့နေ့သေရ ဦးမှာ မှတ်ဘူးလား" တဲ့။

စကားချိုလေးနဲ့ ချွေးသိပ်ပြီး လွှတ်ပစ်ခိုင်းတာချည်းပါဆို။ ကိုင်း .. တစ်နေ့တစ်နေ့ မမနွယ်နွယ်ညှော်သည် တွေ၊ ဟိုလူကြီး သူငယ်ချင်းမိတ်ဆွေ တွေ စားဝိုင်းသောက်ဝိုင်းက ပိုတာ လျှံတာတွေဟာ မိချိုးမပြောနဲ့ ရွာက မိချိုးတို့ တစ်မိသားစုလုံး ဗိုက်ရိုက် စားတောင် ပိုချင်ပိုနေဦးမှာ။ ဒါပေတဲ့ မိချိုးမစားရဘူးတဲ့။ နှမြောမြောနဲ့ "သွားရော့လဟယ်" လွှင့်ပစ်လိုက်ရ တာချည်းပဲ။ မတတ်နိုင်ပါဘူး .. လဝန်း အိမ်ရောက်စ မိချိုးငယ်ငယ်တုန်းက များဆိုရင် အဲသလိုနဲ့ ခဏခဏငိုမိရ တာပဲ။ နှမြောတာကိုး .. စားချင်တာ ကိုး။

အယ် .. ပြောလက်စ စကား တောင် ဘယ်ရောက်သွားပါလိမ့်။ အဲ ဈေးကပြန်ရောက်တာနဲ့ ချွေးတိတ် အောင် ဖင်ချထိုင်ပြီး မနားမအားသေး ဘူး၊ ချက်ခန်းပြုတ်ခန်းတန်းဝင်ရရော။ အဲ .. အဲဒီမှာလည်း အိမ်ကြီးရှင်များ က ပလီစီချောက်ချက်တွေများလွန်း လို့ အိမ်ရှင်မအတွက်တစ်မျိုး၊ အိမ်ရှင် ထီးအတွက်တစ်ဖုံ၊ တသီးတသန့် စီစဉ် ပေးရတာလေ။ မမနွယ်နွယ်က စား တော့သာ ကြောင်စာလောက်ရယ်။ သူ စိတ်ကူးရတဲ့ စားချင်ရာရာ စုံစီနဖာ ကလေးတွေကို ကြော်ရလှော်ရတာများ ဖတ်သီကိုကျလို့။ ဟိုလူကြီးကတော့ အသောက်သမား။ အမြည်းအတွက် အကြော်အလှော်တို့၊ အသုပ်တို့၊ စွပ် ပြုတ်တို့ ကြိုက်တတ်တယ်။ လဝန်းအိမ် ကလည်း အိမ်သားကသာ နှစ်ယောက် တစ်ပိုင်းရှိတာ၊ ညှော်သည်စောင်သည် ကဖြင့် ပြတ်တယ်ရယ်မရှိဘူး။ နေ့ တိုင်းတရှန်းရှန်းပဲ။ အဲဒီ ဝန်ပိုတွေ အတွက်လည်း ထပ်ထပ်ပြီး ချက်ပေး နေရသေးတယ်။ မိချိုး ဖြင့် သေချင်စော် တောင်နံတယ်။

အေးလေ .. မမနွယ်နွယ်က စိန်ရောင်းတာ တဲ့။ မိဘမျိုးရိုး စဉ်ဆက်ကိုက ချမ်းသာကြတာ။ ဖာတိက မိုးကုတ်က တဲ့လေ။ အဲသည် တော့ အရိုးများ သော ချွေးခါး ေ သ ၁ ဓိဇာကြောင် ဇာချဲ့တတ်တာ ဘာဆန်း လို့တုန်း။ သူ့ကိုယ်သူ ကြွေရုပ်ကလေး လို ရွှေမင်းသမီးလေးလို သပြီး ကြော့ ကြော့ကလေး သန့်သန့်ကလေး နေ တတ်တာလေ။ သန့်လိုက်ပုံများတော့ လင်မယားချင်းတောင် တစ်ယောက် တစ်ခန်းစီ ခွဲနေကြတာသာကြည့်ပေ တော့။ ကိုင်း .. မှတ်ကရော။ မိချိုး ဖြင့် ဩချမိပါရဲ့။ အဲ .. သူ့ အပေါင်း အသင်းတွေကလည်း မမနွယ်နွယ်လို မျိုးတွေချည်းပဲ။ ချမ်းသာတယ် .. ဥစ္စာပေါ ရုပ်ချော။ ပညာတတ်လူကုံထံ ကြီးတွေလေ။ သူ တို့ကိုယ်သူတို့ ပြင် ဆင်ထားလိုက်ကြတာကလည်း အလှ မယ်ပြိုင်ပွဲဝင်နေကြတဲ့အတိုင်း။

သူတို့တွေ ဆုံမိကြရင် စိန် အကြောင်း၊ ရွှေကြောင်း၊ နောက်ဆုံး ပေါ် ကားတွေအကြောင်း၊ ရုပ်ရှင် မင်းသား၊ အဆိုတော် ငယ် ငယ်ချောချောလေးတွေ အကြောင်း .. အို .. မစားရ ဝခမန်းတွေ မိချိုး ကြားကြားနေ တော့ တာ။ ဟီးဟီး ဟားဟားနဲ့ နာ ရှက်စရာ ဟိုဟာ ဒီဟာ အယုတ္တ အနတ္တတွေက လည်းပါသေး သူတို့ရုပ်ရည် သ တို့စတိုင်မလို





www.burmeseclassic.com

www.burmeseclassic.com



နဲ့မှမလိုက်ဘူး။ အန်တီ မဆွေ
တဲ့ အပျိုကြီးမက အကဲဆုံး၊ ပြော
ရင် တစ်တစ်ခွခွ။ သိပ်အာကြမ်း
ကြမ်းတဲ့ မိန်းမကြီး ..။ ကြမ်း
ရင်း နားထောင်နေတဲ့ မိခြူးလို
တို့တူမအရွယ် ညီမအရွယ် အပျိုမ
တစ်ယောက် ရှိပါသေးသကောလို့
ထားမိဟန်တောင်မတူဘူး။ ကြား
က မိခြူးဖြင့် နားထင်နားရင်းတွေ
ရင်တွေ တလှပ်လှပ်တုန်ပြီး ဘာ
ထွက်ပြေးလာခဲ့ရပါရော။ သူတို့က
မလျှော့ပေါင်။ အေးလေ .. သူတို့
စိတ်ထဲမှာ မိခြူးတို့လို အိမ်အကူ
လေးမျိုးတွေကို လူတစ်ယောက်
လို့မှ ထည့်တွက်မထားခဲ့ကြတာ
သား။ မိခြူးဖြစ်ပုံကိုကြည့်ပြီး
ဟားနဲ့ ပွဲကျအောင် နေလိုက်
သေး။

ဟုတ်တယ် ..

ကြမ်းတိုက်တဲ့အလုပ်နဲ့ အိမ်သန့်
ရေးအလုပ်ကိုတော့ မမနွယ်နွယ်က
ကြီးဂရုစိုက်တာ။ ပြောခဲ့ပြီလေ။
ကြောင်လွန်းပါတယ်ဆိုနေမှ။ ကြမ်း
မှာ သဲမှုန်ကလေးနည်းနည်းမတွေ့
နဲ့၊ လှေကားလက်ရန်းတွေ၊ ဆိုဖာ
ခုံတွေ၊ ပရိဘောဂတွေမှာ ဖုံစကလေး
တင်မနေနဲ့။ အဲဒီနေ့ မိခြူးလက်တွေ
အသားနီလန်ပြီသာမှတ်ပေရော့။ သူ့
စိတ်ကြိုက်မဖြစ်မချင်း တိုက်ပေရော့။
သုတ်ပေရော့။ အဲဒီအခါမျိုးများ စိတ်
အချဉ်ပေါက်ပေါက်နဲ့ ကြမ်းတွေကိုပဲ မဲ
ပြီး အတင်းဖိတိုက်ရင်း မိခြူးငိုမိတော့
တာပေါ့။ လဝန်းအိမ်က ကြမ်းပြင်တွေ
မှာ မိခြူးမျက်ရည်စက်တွေနဲ့ ကင်းတဲ့
လွတ်တဲ့နေရာရယ်လို့ ရှိမထင်ပေါင်။

ဘယ့်နှယ်ပြောလိုက်ပါလိမ့်နော်။
မိခြူးအိမ်က မမာသည်အစ်မ(အမေ)
ရယ်၊ အိုကြီးအိုမ လှုပ်လီလှုပ်လဲ့ဖြစ်
နေတာတောင်မှ တောင်ကြိုတောင်
ကြားက မလွတ်နိုင်သေးတဲ့ အဖေရယ်၊
တခြားကလေးတွေလို ကျောင်းမနေနိုင်
ကြဘဲ အဖေနဲ့အတူ မှိုရှာမျှစ်ချိုးရင်း
ငတ်တလှည့်ပြတ်တလှည့် ဖြစ်နေတဲ့
မောင်လေး၊ ညီမလေးတွေရယ်ကို ပြေး
မြင်လိုက်မိတာနဲ့ မိခြူးဒုက္ခတွေက ဘာ
အရေးလဲလို့။ သုံးလတစ်ခါ မိခြူးလုပ်ခ
လေးတွေ ပို့ပေးလိုက်တိုင်း ခဏပန်း
ပျော်ခွင့်ရနေရှာတဲ့ မိခြူးမိသားစုက
လေးအတွက် ဒီလောက်တော့ဖြင့် မိခြူး
ခံနိုင်ရည်ရှိရမှာပေါ့လို့တွေးပြီး စိတ်ပြေ
နိုင်လို့သာ လဝန်းအိမ်မှာ မြဲနေတာ
ပေါ့။ မိခြူးတစ်ယောက်တည်းရဲ့ စိတ်
အလိုအတိုင်းသာဆိုရင် တစ်ကြာန့်လေး
တောင် ကြာမှာမဟုတ်ဘူး။ မွဲချင်မွဲ
ငတ်ချင်ငတ်၊ မိခြူးပျော်တဲ့ ရွာက တဲ
ကုပ်ကလေးဆီကိုပဲ မိခြူးပြန်ပြေးမိမှာ။

အဟုတ် ...

တွေးရုံပဲ တွေးကြည့်စမ်းပါဦး။

ဘယ်သူက အလကားပဲတင်း
သာတောင့်သာယာရှိတဲ့ ကိုယ့်ရွာကိုယ့်
မိသားစုရင်ခွင်ကို စွန့်ခဲ့ချင်ပါ့မလဲ။
ကိုယ့်ဘဝကိုကိုယ် သူများတကာရဲ့
အနိုင်းခံအစေအပါးအဖြစ် ရောင်း
အစားခံချင်ပါ့မလဲ။ ကိုယ်နဲ့ဘယ်လိုမှ
သွေးမတော်သားမစပ်တဲ့ တစိမ်းတွေနဲ့
အတူတူ တစ်မိုးအောက်တည်းနေချင်ပါ့
မလဲ။ လူနဲ့လူချင်း အိမ်ကြီးသခင်တွေ
ရှေ့မှာ ကျိုးကျိုးနွံနွံမျက်နှာအောက်ချ
ပြီး ဆက်ဆံချင်ပါ့မလဲ။ ဘယ်လောက်
ပဲ ဆင်းရဲဆင်းရဲ ကိုယ့်ကို ကျွန်တစ်
ယောက်လို နှိမ့်ချပြီ ခေါ်ပြောဆက်ဆံနေ
တာကို ခံချင်ပါ့မလဲ။ သူတစ်ပါးစေလို
ရာစေ လက်ညှိုးညွှန်ရာနေရတဲ့ဘဝမှာ
နေချင်ပါ့မလဲ။ သူများတကာ အညစ်
အကြေးတွေ၊ ပေကျံနေတဲ့ အဝတ်
အစားတွေကို ဒိုင်ခံလျှော်ဖွပ်နေချင်ပါ့
မလဲ။ လူချင်းအတူတူ သူများစီးမယ့်
ဖိနပ်တွေကို ပယ်ပယ်နယ်နယ် ကိုင်
တွယ် တိုက်ချင်ပါ့မလဲ။ ကိုယ့်အိမ်မ
ဟုတ်ဘဲ လူသူလေးပါး နင်းချင်သလို
နင်း၊ သွားချင်သလိုသွားထားတဲ့ ခြေ
နင်းဖတ် ကြမ်းပြင်ကို အရောင်တွေ
တဖိတ်ဖိတ်လက်လာအောင် တိုက်နေ
ချင်ပါ့မလဲ။ ကိုယ့်လျှာဖျားပေါ်တောင်
တင်မကြည့်ရဘဲနဲ့ သူများတစ်ထွေး

မိန်းမတို့ဥစ္စာသည် အဆင်းတဲ့။
မမနွယ်နွယ်တို့ သူငယ်ချင်းတစ်သိုက် ဟီလာတိုက်ရင်း
ပြောပြောနေသံကို ကြားဖူးခဲ့တာ။ မိခြူးမှာဖြင့်
ရုပ်ရည်လည်းပြောလောက်အောင်မဟုတ်ပါဘူး။
မွဲလိုက်တာကလည်း ချာလို့။ အဲဒါကိုများ ဘာတွေကြည့်ပြီး
အဲဟို လူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



အရသာရှိရှိစားဖို့ ဟင်းကောင်းကြွေးကောင်းတွေကို ဖတ်သီဖတ်သီ ဘယ်ချက်နေချင်ပါ့မလဲ။ သူတစ်ပါးအိမ်က ဟင်းနံ့ညှော်နံ့ကို သွားရည်ကျပြီး ငါးပိရည်၊ တို့စရာ၊ ချဉ်ပေါင်ဟင်းနဲ့ချည်း နေ့တိုင်း ဗိုက်ပြည့်ပြီးရော ကြိတ်မှိတ်မျိုချရတဲ့ ဒုက္ခကို ဘယ်ခံချင်ပါ့မလဲ။ ဟုတ်တယ်နော် ‥ ကိုယ့်ဘဝနဲ့ ကိုယ့်အကြောင်းမို့သာ။

အဲ ‥ ဒီထက် ပိုအရေးကြီးတာ ရှိသေးတယ်။

အိမ်ကြီးရှင် ဟိုလူကြီးရဲ့အကြည့်စူးစူးတွေ။ တစ်ခါတစ်ခါ ဘယ်လိုမှန်း မိခြူးမသိတဲ့ မျက်နှာကြီးမျိုးနဲ့ ရဲရဲတင်းတင်းကြီး စိုက်ကြည့်နေတတ်တာတွေ။ မမနွယ်နွယ်များ မလစ်လိုက်နဲ့၊ မိခြူးအနား ရွတ်ခနဲရောက်လာပြီး ဟိုလိုလို ဒီလိုလို စကားရောဖွဲရောနဲ့ ရောဆရာကြီးလုပ်ရင်း မိခြူးကို စားတော့မတတ်၊ ဝါးတော့မတတ် ကြည့်ကြည့်နေတတ်တာတွေ။ အို ‥ အနေရကျဉ်းကျပ်လိုက်တာ။ စိတ်ဆင်းရဲလိုက်တာ။ အဲဒီကိစ္စတွေကို မမနွယ်နွယ်သာသိခဲ့ရင် ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲတောင် မတွေးတတ်တော့ဘူး။ မတော်မတည့် တစ်ခုခုမကြုံကောင်းမစည်ရာတွေများဖြစ်ခဲ့ရင် ‥။ အိုလေ ‥ တွေးရုံနဲ့တင်ရှက်လိုက်တာနော်။ ရေစက်ကလေးတွေလို အငွေ့ပျံပြီး ပျောက်သွားနိုင်ရင် သိပ်ကောင်းမှာပဲ။

မဟုတ်ဘူး ‥ မဟုတ်ဘူး ‥

လဝန်းအိမ်မှာ မိခြူးဘယ်တုန်းကမှ မပျော်ခဲ့ဖူးဘူး။ မနေမဖြစ်လို့သာ နေနေရတဲ့ဘဝဟာ၊ ဘာပျော်စရာတစ်ကွက်ရှိမှာတုန်း။ အဲဒီအထဲ ဒီ ရက်ပိုင်းကလေးတင် ဟိုလူကြီးက ဘယ်လိုက ဘယ်လိုစိတ်ပြောင်းသွားသလဲ မသိဘူး။ နေ့စဉ်နဲ့အမျှ အပြင်မှာချည်း သဝေထိုးနေတတ်တဲ့ အဲဒီလူကြီးက ထူးထူးခြားခြားအိမ်မြဲနေပြီး မိခြူးကိုပဲ ကျားချောင်းချောင်းနေတယ်ထင်ပါရဲ့။ ခက်လိုက်တာနော် ‥ မိခြူးသိပ်စိတ်ညစ်တာပဲ။

"ဣတ္ထိ ရုပ် ဓနံ" တဲ့။

မိန်းမတို့ဥစ္စာသည် အဆင်းတဲ့။

မမနွယ်နွယ်တို့ သူငယ်ချင်းတစ်သိုက် ဟီလာတိုက်ရင်း ပြောပြောနေသံကို ကြားဖူးခဲ့တာ။ မိခြူးမှာဖြင့် ရုပ်ရည်လည်းပြောလောက်အောင်မဟုတ်ပါဘူး။ မွဲလိုက်တာကလည်း ချာလို့။ အဲဒါကိုများ ဘာတွေကြည့်ပြီး အဲဟိုလူကြီးက ‥‥။

ဘာပဲဖြစ်ဖြစ် ဘာကြောင့်မှန်းမသိဘဲ ရင်ပူတယ်။ တကြောင့်ကြကြနဲ့ ကျီးလန့်စာစားနေနေရတာလည်း စိတ်မပျော်ဘူး။

လဝန်းအိမ်ဟာ မိခြူးအတွက် ခိုကိုးစရာ အရိပ်ကလေးတစ်ရိပ်မဟုတ်တော့ဘဲ ငရဲအိမ်ကလေးလို ဖြစ်လာနေတာကို မိခြူးသည်းမခံနိုင်တော့ဘူး။ တစ်နေ့နေ့မှာ တစ်ခုခုဖြစ်တော့မယ်လို့ မိခြူး စိတ်ထဲက ကြိုသိနေသလိုပဲ။

အဲဒါကြောင့် မိခြူးပြောပါတယ်။ ခက်တယ် ‥ လို့။

(၂)

အိသဉ္ဇာနွယ်‥‥။

"ရိုးရိုးသားသားလေးပါကွယ်၊ မိဘများကလည်း တောသူတောင်သား အေးအေးညောင်းညောင်းတွေထဲက ခမျာများ ဆင်းရဲကြရှာလွန်းလို့ သူ့ သမီးလေးကိုအမှီသဟဲကောင်းကော နဲ့ အရိပ်အာဝါသအောက်မှာပဲ နေ ရင် တော်ပါပြီ။ တောကြားတောင်ကြ မှာ တောကြက် တောငှက်ကလေး အညွန့်တုံးသွားမှာ စိုးရိမ်တယ်ဆို အန်တီ့ကို တကူးတက အပ်ထား ရှာတာ။ တောက ရောက်လာတ တောင် တစ်ပတ်မရှိချင်သေးဘူး။ အ နွယ်နွယ့်ကို ပြေးသတိရလိုက်လို့ နွယ်နွယ်ပဲ ဟိုတလောကလေးတုန်း လူကောင်းသူကောင်း ကလေးများ ရင် ပြောပါဦးလို့ လက်တို့ထားသေး မဟုတ်လား"

အန်တီမြ၏ လေရှည်ကြီးကို နာ မဝင်အား။ လွယ်အိတ်အနွမ်းကလေး ကို ကျစ်ကျစ်ပါအောင် လက်နှစ်ဖက် ဖြင့် စုကိုင်ထားသည့် နှိမ့်ချကျိုးနွံ ရပ်နေသော အသားဝင်းဝင်း၊ ပိန်ပိ သွယ်သွယ် သနားကမားရုပ်ရည်နှ ကလေးမလေးကိုသာ နွယ်နွယ် ကြည့်နေမိ၏။

အသက် ဆယ့်သုံး၊ ဆယ့်လေး နှစ်ခန့်သာ ရှိရာဦးမည်။ ဘဝပေးအ အနေကြောင့် ညစ်ညစ်နွမ်းနွမ်းကလေး ဖြစ်နေသည့်တိုင် မျက်နှာကလေး ကြည်စင်လွန်းသည်။ ပီတိဖူးစငုံစ ပန်းကလေးတစ်ငုံနှယ်။ ကြယ်ကလေး တစ်ပွင့်လို တောက်လက်နေသည့် မျ ဝန်းများကလည်း မျှော်လင့်ခြင်း ရှင်သန်ဝင်းပနေမှန်း သိသာ၏။

"ကျောင်းမထားဘူး ... တာ အန် မြရယ်"



www.burmeseclassic.com

www.burmeseclassic.com



''ငါးတန်းလား ‥ ခြောက်တန်း
ားအထိတော့ နေခဲ့သေးတယ်တဲ့
ယ် နွယ်ရဲ့။ နောက် ‥ သူ့မအေကြီး
မော ရှာတော့လို့
ကျောင်းထွက်လိုက်ရတယ်။
ဆိုတဲ့အတိုင်းပဲလေ။ ပညာထက် ဝမ်း
က အရေးကြီးနေတာကိုး။ မနက်
နိုးသဘက်မှာ လူတစ်လုံး သူတစ်လုံး
စ်ဖို့ထက် ဒီကနေ့ တစ်နေ့တာမငတ်
ကပဲ သေရေးရှင်ရေး ဖြစ်နေတော့
ာကိုး။ သူ့အောက်က အငယ်က
လေးတွေကလည်း အရမ်းငယ်ကြသေး
တယ်လေ''

''ဩော် ‥''

ဩော်မှလွဲ၍လည်း ပြောစရာ
ကားမရှိ။ နွယ်နွယ်အဖို့ လဝန်းအိမ်
၏ အိမ်ထောင်ထိန်းသိမ်းမှုအတွက် ကူ
ဖော်လောင်ဖက်တစ်ဦး အရေးပေါ်လို
နေသည်။ ငယ်ငယ်ရွယ်ရွယ် ရိုးရိုးသား
သားထဲက ဖြစ်ရမည်။ သွက်သွက်လက်
လက် ချက်ချက်ချာချာနှင့် လက်မ
ဆော့ခြေမဆော့ အနေအေးအေးဖြစ်ရ
မည်။ သူ့မျက်စိရှေ့မှ ကလေးမလေး
ကို မြင်ရုံနှင့် သူလိုချင်သည့်ပုံစံမျိုးမှန်း
အတပ်တွေးမိလိုက်ပြီလည်းဖြစ်သည်။
အင်း ‥ ကပိုကရို ပေစုတ်စုတ်ဖြစ်နေ
တာကလေးတစ်ခုပဲ။ အဲဒါကလည်း
ကိုယ့်ဆီရောက်ကာမှ လိုသလိုပြုပြင်
ယူလို့ရပါတယ်။ ရွှေပင်နားတော့ ရွှေ
ကျေးပေါ့။ အခုလို အိမ်တိုင်ရာရောက်
အဆင်သင့်တာမျိုးများ လွယ်မှတ်လို့။
ကရွက်ကာင်း လျှောက်တွေးနေမိသေး
သည်။

''ကလေးမက ချက်တတ်ပြုတ်
တတ်ရဲ့လား''

# သတို့သားက ဣတ္ထိယကျမ်းကို
# တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူကြီးဖြစ်သကဲ့သို့
# နွယ်နွယ်ဆိုသည့် နွယ်နွယ်ကလည်း
# ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်မှုအတိုင်း
# ရည်းစားတွေ ဟောတစ်ယောက်ဟောတစ်ယောက်
# ထည်လဲတွဲရင်း ယောက်ျားပြီးနေခဲ့သည်မှာ ကြာလေလှပြီ …

''ဟုတ် ‥ ဟုတ်ကဲ့''

''ရော် ‥ ငါ့တူမကြီးရယ်၊ တောက ခုမှတက်လာတဲ့ကလေးပဲ၊ ဘယ်မှာ နွယ်နွယ်တို့စိတ်ကြိုက်တော့ ဖြစ်နိုင်ပါဦးမလဲ။ သင်ပေးရမှာပေါ့။ အခြေခံကျွမ်းကျင်ပြီးသားပဲဟာ။ သင်ရလှ သုံးလေးလပ။ မှတ်ဘူးလား။ ဒီလိုမျိုး သင့်တော်တဲ့ ကလေးမျိုးကို ရဖို့ဆိုတာ ဒုလ္လဘတော်ရှေ့၊ လွယ်တာမဟုတ်ဘူးရယ်''

နွယ်နွယ်လည်း သိပါသည်။ သူကလေးကို မြင်နေရသည်မှာ တွေ့နေကျ အိမ်ဖော်ဆိုသည်များလို ခပ်လည်လည်၊ ကော့ကော်ကန်ကားမျိုးမဟုတ်ဘဲ ယဉ်ကျေးရိုးသားသည့် မျက်နှာကလေးနှင့် ဆံဖျားမှခြေဖျားထိအောင် ခယဝယရိုကျိုး နှိမ့်ချမှုတွေအတိ။ မျက်နှာကလေးကပင် အလိုလိုခင်ချင်စရာကောင်းလောက်အောင် သန့်စင်အပြစ်ကင်းနေသည်။

ယခင်က ပြောင်လက်တောက်ပခဲ့ဖူးဟန်ရှိသည့် ကျွန်းလျှာထိုးကြမ်းပြင်ပေါ်၌ ကလေးမက ငြိမ်သက်တိတ်ဆိတ်စွာရပ်နေဆဲ။ ခေါင်းငုံ့ထားသဖြင့် စိတ်စောစိတ်မောနေဟန် သူ့မျက်နှာနွမ်းနွမ်းကလေးသည်သာလျှင် မှုန်မွှားမွှားကြမ်းခင်းပေါ်၌ ဝိုးတိုးဝါးတားအရိပ်ထင်နေ၏။

''ဟုတ်ပါပြီလေ။ သုံးလလောက်စမ်းသုံးကြည့်ဦးမယ်။ နောက်ပိုင်းတော့ လျှောက်လျှားပေါ့ ‥ နော်''

ယခုမှပင် ဘဝင်အေးသွားလေဟန် သူငယ်မလေး၏ သက်ပြင်းချသံ ညင်းညင်းမျှင်းမျှင်းကလေးကို နွယ်နွယ်က ကြားဖြစ်အောင် ကြားဖြစ်လိုက်မိသည်။

''ကောင်းပါလေ့ တူမကြီးရယ်၊ ဒီကလေးအတွက်တော့ အန်တီမြက လုံးဝအာမခံနိုင်ပါတယ်။ တောဖက်က ဆိုပေမယ့် အန်တီမြနဲ့ကလည်း ဆွေရိပ်မျိုးရိပ် သိပ်မကင်းသေးဘူးလေ။ ကျုပ်တူမကြီးတော့ စေတနာကောင်းလို့ ကံကောင်းတာ။ ကံကောင်းလို့ နတ်ကောင်းမပြီး လူကောင်းသူကောင်းရတာလို့ပဲ မှတ်ပေရော့''

''အန်တီမြပဲ အပြောကောင်း၊ ဒါဆို အန်တီမြက နွယ်နွယ့်ကို လာမတဲ့ မယ်တော်ကြီးပေါ့ ဟုတ်လား''



www.burmeseclassic.com

"ဟင်း ‥ ဟင်း ‥ ဟင်း၊ တချို့ကတော့ အဲသလို ပြောကြတာပဲ တူမကြီးရယ် ‥ ဟင်း ‥ ဟင်း"


"ကဲပါ ‥ လခ ဘယ်လိုပေးရမလဲ။ အန်တီမြကိုရော ပွဲခဘယ်လောက် ပေးရမှာလဲသာ ပြောပါတော့"

"အောင်မယ်လေး ‥ လေး၊ ကျုပ်တူမကြီးရယ်။ ဘယ်လိုပြောပစ်လိုက်တာလဲ။ တူမကြီးလိုလူဆီက အန်တီက ပွဲခယူရမတဲ့လား။ ပေါက်ပေါက်ရှာရှာတွေ။ ပြီးတော့ ဒီကလေးက အန်တီ့ရဲ့ ဆွေထဲမျိုးထဲကပါဆိုနေမှ။ ကဲ ‥ အရင်ပြောထားတဲ့အတိုင်းသာ သုံးလစာကိုကြိုပြီး အပြတ်ပေးထားလိုက်ပါတော့။ ကလေးမလေးရဲ့ မိဘများကို ပို့ပေးဖို့နဲ့ တခြားစီစဉ်စရာ ကိစ္စဝိစ္စကလေးတွေ ရှိသေးလို့"

နွယ်နွယ်က သည်လိုအပြောမျိုးတွေကို စိတ်ထဲက ကြိတ်၍ ရယ်ပစ်လိုက်သည်။ မိနွယ်တို့လည်း စိန်ပွဲစားပါပဲတော်ကြီးရယ်။ ဒီအပြောမျိုး ဒီအချိုးမျိုးတွေကို အံ့ခွနေပါပြီ။ ပါးစပ်ဟလိုက်တာနဲ့ ဝမ်းထဲမှာ အူဘယ်နှစ်ခွေရှိသလဲဆိုတာတင်မက အူထဲက မစင်တွေတောင် မြင်နေရပါတယ်နော်။ အိမ်ဖော်လစာကို သုံးလစာ အပြတ်ကြိုယူမယ်။ ကလေးမလေးရဲ့အိမ်ကို မပို့မပို့ဆိုသလောက်ကလေး ပို့ပေး။ ကျန်တာ အကုန်လုံးကို ကြားက သူပဲစားပစ်တော့မှာ။ ကလေးမလေးကိုလည်း သနားသည်။ ကိုယ့်ကို သည်အချိုးမျိုး လာကြောနေသည်ကိုလည်း မခံချင်။

"ဒီလိုလုပ်ပါလေ။ ပွဲခတစ်လစာကို အန်တီမြက အပြတ်ယူလိုက်ပါ။ ကျန်တဲ့လစာတွေကိုတော့ လကုန်တိုင်း ကလေးမရဲ့ မိဘတွေလာယူနိုင်ရင်ယူ။ မယူနိုင်ရင်လည်း ကလေးမလေးရဲ့ လက်ထဲကိုပဲ ထည့်ပေးလိုက်မယ်။ ရှင်းရှင်းလင်းလင်းဖြစ်တာပေါ့။ ပြီးတော့ ကျွန်မ အခု ငွေ ၁၀၀၀၀ သပ်သပ် ပေးလိုက်မယ်။ ကလေးမကို သင့်တော်တဲ့ အဝတ်အစားလေးဘာလေးဝယ်ပေးပြီး ညနေကျမှပဲ အလုပ်ဝင်ခိုင်းလိုက်ပါနော်"

သည်လိုပုံဖြင့် မိခြူးက လဝန်းအိမ်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ဘဝအနေချို့ငဲ့ရှာသူမို့ ကြုံလှီနေပေသော်မှ တောင်ပေါ်သွေးပါသူမို့ အလုံးအဆက်က တောင့်တောင့်တင်းတင်း



တောဝင် တောင်တက်ခလေ့ မြဲခဲ့သူမို့လည်း သူ့ခြေ သလုံးသားကလေးတွေက တုတ်တုတ်ခဲခဲ သန်မာလှချည့်။ ခြေအစုံကို မတ်မတ် ရပ်ထားဟန်ကလည်း ခိုင်မြဲသေချာ။

ဘာပဲပြောပြော မိခြူးဆိုသည့် သည်ကလေးမငယ်ကိုအိမ်အကူအဖြစ် ရလိုက်သည်မှာ နွယ်နွယ်အဖို့ တန်ဖိုးကြီးလှ၏။ အိမ်မှုကိစ္စ သဗ္ဗနံပေါင်းများ စွာကို သီချင်းကလေးတအေးအေးဖြင့် တလှုပ်လှုပ်တချောက်ချောက် ဖယ် ဆက်သလို လုပ်နိုင်လွန်းသူကလေး လည်း အစစ မျက်နှာလွှဲရသည်။ နာ နီးသူ၊ အမြင်ကျယ်အတတ်လွယ်သူ ကလေး။ လဝန်းအိမ်ကို ရောက်သည် သုံးလေးလရှိသေး နွယ်နွယ်အကြိုက် နှင့် နွယ်နွယ့်အိမ်ဦးနတ်ကြီး၏အထာ ကို အဆင်ပြေပြေ ဖြည့်ဆည်းစီမံ နိုင်နေပြီ။ ပင်ပန်းသည်ဟုလည် မညည်း။ မျက်နှာအိုအိုဖြင့် နွမ်းလျ သည်မျိုးလည်းမရှိ။ အမြဲတစေ ပြုံး ချိုမြဝင်းပကြည်စင်နေတတ်သူကလေ မို့ အိမ့်ကျက်သရေရှိလှဘိခြင်း။

ဘာလိုလိုနှင့် မိခြူးကလေး လ ဝန်းအိမ်ရောက်ခဲ့သည် ပင် သုံးခါလည်ခဲ့ပြီ ယခု ၄ နှစ်ထဲမှာ မိခြူးသည် ပင် လျှင် လဝန်းအိမ် ၏ မရှိမဖြစ် အကိုင်းအခက် ကလေးတစ်ခု ဖြစ်နေခဲ့ပြီ ‥ မိခြူးရယ် သံ မိခြူးခြေသံ၊ မိခြူ ၏ သီချင်းညည်းသံ ကလေးများသည်လည် လဝန်းအိမ်၏ ဆည်းလည် ဖြစ်နေခဲ့ပြီ။ မိခြူးကြောင့် စိတ် မညစ်ညူးခဲ့ရ။ လဝန်းအိမ်မှာ မသာ မယာ မရှိခဲ့စဖူး။

သို့နှင့်တိုင် ...

သည်ရက်ပိုင်းကလေးတွင် နွယ်

www.burmeseclassic.com

နှယ့်ရင်ထဲ နိုးလိုးခုလုဖြင့် မှောင်မှောင် မောင့်ရောင့် အတွေးကလေးတစ်စက ဩောင့်ရှူးသလို မျက်တက်တက်ဖြစ်ချင်နေသည်။ မိခြူးကြောင့်မဟုတ်။ နှယ်နှယ်၏ အိမ်ဦးနတ်ကြီး ဂဏှာမငြိမ်ဘွေ့ခြွေမရဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ခါတိုင်းခါ ကေတီဗွီတို့၊ ရက်(စ်)တောရင့်တို့ နာမည်ကြီးဟိုတယ်တွေမှာတို့ စက်ကျလျက် အိမ်ကိုပင် နပ်ကျော်နပ်ခြားမေ့ထားတတ်သူကြီးက ကျားသားမိုးကြိုး အိမ်မြဲနေတတ်ပြန်ခြင်းကလည်း သိသာနေ၏။

လား ..လား၊ မြွေမြွေချင်းမို့ ခြေမြင်သည်။ သင်းကြီးက ကိုယ့်ခြံစည်းရိုးမှာ ကိုယ်ထင်းခွေဖို့ ဆင်ကြံကြံနေခြင်းပဲဖြစ်သည်။ လဝန်းအိမ်၏ အရိပ်အောက်မှာ သုံးလေးနှစ်ကြာခဲ့ပြီးသည့်နောက် ငယ်မူငယ်သွေးဖြင့် တဖြည်းဖြည်း အသွေးတက်အသားတက် တင်းရင်းပြည့်ဖြိုးလာနေသည့် မိခြူးထံ အကြည့်တဝဲဝဲ သက်ပြင်းတဟင်းဟင်းဖြစ်နေသည်ကို မသိကျိုးကျွံပြုနေဖြစ်သော်မှ မကြည့်ချင် မြင်လျက်သား။ မိခြူးကို အရောတဝင် မရောပရီ ရွှေစွန်ညီဝဲဝဲနေသည်လည်း ရုပ်ပျက်လွန်းလှသည်။ အထူးသဖြင့် သူ့ရာအခိုးအငွေ့တွေဖြင့် ထွေးလုံးရစ်ပတ်ဖြစ်နေချိန်များတွင် မိခြူးကို တမင်ရမယ်ရှာ၍ ဟိုဟာယူခိုင်း သည်ဟာလုပ်ခိုင်းရင်း ရမ္မက်သည်းထန်စွာ ဖြစ်မားကျူးလွန်နေသော အကြည့်ရိုင်းများက ကြမ်းတမ်းစွ။

မိခြူးကလည်း မိခြူး။ သုံးလေးနှစ်အတွင်း ဖွံ့ထွားလာလိုက်သည်များ ရုပ်ကလေးကသာ ကလေးမျက်နှာ။ ကိုယ်ကောင်ကြီးက မနည်းမနောကြီး။ နှယ်နှယ်ပေးထားသည့် တစ်ပတ်ရစ် အဝတ်နွမ်းများသည်ပင် မိခြူး၏ ခန္ဓာအလှကို မဖုံးကွယ်နိုင်။ ခေတ်မီသော်လည်း နွမ်းရိနေသည့် အဝတ်အစားများအတွင်းမှပင် ရုန်းကြွနေသည့် မိခြူးအသားအရေ ဝင်းဝင်းကလေးများက မမြင်ချင် မကြည့်ချင်အဆုံး။ ပဲပြုတ်နှင့်ချဉ်ပေါင်ဟင်းကိုပင် နပ်မှန်လွေးနေရင်းကပင် သင်းကလေး ဘယ်လိုအသားတွေပြည့်နေသည်မသိ။ ပီဘိအရွယ်ရောက်ပြီး မိန်းမတစ်ယောက်နှယ် အစွမ်းကုန်ပွင့်လန်းနေဟန်။ မိခြူး၏ အပျိုစင်အလှကို နှယ်နှယ်မှာ တစ်ခါတစ်ခါ မိန်းမချင်းပင် ငေးကြည့်မိရတတ်သေး။ သို့ဖြစ်၍ ဘသားချော ရွှေဘောတော် ငွေ့နေလေသည်မှာ မဆန်း။ ဟင်း ..မြင်ပဲ မြင်တတ်၊ ကြိုက်မဲကြိုက်တတ်လိုက်တာ။ တကယ့်ရွက်ပုန်းသီး ယင်ဖိုမသန်းဖူးတဲ့ဟာကလေးကိုများ။

သို့သော် သည့်အတွက် နှယ်နှယ်စိတ်မပူ။ ပြောရလျှင် ကြိုက်တိုက်တိုက်တောင် ဖြစ်မိလိုက်သေး။

တကယ်တမ်းက နှယ်နှယ့်အိမ်ဦးနတ်နှင့် မဖူးစာဆုံခဲ့ရခြင်းမှာ နှစ်ဖက်မိဘ အလိုကျသာလျှင်ဖြစ်သည်။ မင်္ဂလာပွဲမတိုင်မီကတည်းကပင် သတို့သားက ဣတ္ထိယကျမ်းကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူကြီးဖြစ်သကဲ့သို့ နှယ်နှယ်ဆိုသည့် နှယ်နှယ်ကလည်း ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်မှုအတိုင်း ရည်းစားတွေ ဟောတစ်ယောက်ဟောတစ်ယောက် ထည်လဲတွဲရင်း ယောကျ်ားပြီးနေခဲ့သည်မှာ ကြာလေလှပြီ။ ဝန်းကျင်ရှေ့၌ ရွှေလည်တွဲဟန်ပြ၍ ရယ်လိုက်မောလိုက် စည်စည်ညံညံပြုမိကြသော်မှ လူကွယ်ရာမှာ ဒုံရင်းဒုံရင်းအတိုင်း သူ့လမ်းသူလျှောက် ကိုယ့်လမ်းကိုယ်လျှောက်။ လဝန်းအိမ်သည် သူတို့အဖို့ အိပ်စက်အနားယူရာ အပန်းဖြေရာ ဘုံရိပ်သာကလေးမျှသာ။ သို့ဖြစ်၍ မိခြူးကလေးကကောတဲ့။ လမ်းဘေးရေအိုးစင်နှယ် ရေဆာသခိုက် ဖိုးခနဲ ဖတ်ခနဲခပ်သောက်၊ အာသာပြေတော့ ကျောခိုင်းထွက်ခွာ။ သည်ဘူတာပဲ ဆိုက်မည့် တဏှာသွေးကြွခြင်းသက်သက်ဟု နှယ်နှယ်ယုံသည်။

“အိုး ..ကွယ်ရာမှာ အိုးပစ်အိမ်ပစ် စီးပွားပျက်အောင် ကမြင်းကြောလျှောက်ထပြီး အဆင်မသင့်လို့ အေကိုက်သေတာနဲ့စာရင် ကိုယ့်မျက်စိရှေ့ ကိုယ့်အနားမှာတင် ဘေးကင်းရန်ကင်း ပွေချင်ပွေပါစေလေ။ ခြေငြိမ်တာပေါ့။ ဒါမှ သင်းရဲ့ပျော့ကွက်ကို အညှာကိုင်ပြီး ငါနဲ့ကောင်ကလေးတို့လည်း ထင်သလို အကြည့်ဆိုက်လို့ရမှာ။ နေစမ်းပါစေ။ ဒီအတိုင်း မိနှယ်နှယ်တို့ မျက်စိမပါသလို နားမရှိသလိုကို နေပစ်လိုက်ဦးမယ်။ ဟယ် ..ကောင်မလေးက ဒီအတိုင်း ငြိမ်ခံနေမတဲ့လား။ အရိုင်းသက်သက်ကလေးနော်။ မကိုင်တတ်မတွယ်တတ်နဲ့ နွားတော်ရေကျလျှောက်လုပ်လို့ ပြဿနာတွေ တက်ကုန်မှဖြင့် အခက်။ အို တတ်နိုင်ဘူး။ နောင်ခါလာ နောင်ခါရှေးပဲ။ ကောင်မလေးကို ဖို့ဖို့လို့လို့ကလေး ရော့ ..အင့် ပစ်ပေးလိုက်ရင် ပြီးရောပေါ့။ သူ့ရွာက အိမ်ကလေး ပြိုလုတဲတဲကို ပြင်ချင်လှ

www.burmeseclassic.com

www.burmeseclassic.com



ချည်ရဲ့လို့ ပြောပြောနေတာပဲ ကြာပေါ့။ ဟန်တောင်ကျသေး''

နွယ်နွယ်သည် သူ့အတွေးနှင့်သူ အူမြူးလျက် ပြုံးစေ့စေ့ပင်ဖြစ်မိသွားလိုက်သေး၏။ သို့နှင့်တိုင် ဘာကြောင့်ရယ်မသိဘဲ ရင်ထဲကမဖြောင့်။ စလုံးစခုကြီး ဖြစ်နေမိလေသည်။

(၃)

ဝဏ္ဏအောင် …။

ထင်မထားမိ ..၊

ကိုယ့်မျက်စိအောက်မှာပင်တစ်စစ ဖူးငုံပွင့်အာလာသည့် အရိုင်းပန်းတစ်ပွင့်ကို သည်ထက်စော၍ မမြင်မတွေ့မိသည်ကိုပင် ကိုယ့်ကိုယ်ကို အပြစ်တင်၍မဆုံး။

မိချို့ သူတို့အိမ်ရောက်စက ရုပ်ရည်သနားကမားလေးမှန်း သတိထားမိသေးသော်ငြား သည်မျှအထိ လှပဖွံ့ဖြိုးလာလိမ့်မည်ဟုကား မတွေးမိခဲ့ရိုးအမှန်။ တစ်အိမ်လုံး သူ့ခြေသူ့လက်ချည်းပမာ တစ်စစ အရာကျယ်လာနေသည့် မိချို့၏အရေးပါမှုများက လဝန်းအိမ်ကို နေပျော်ဖွယ်ဖန်တီးပေးနေခြင်းဖြစ်ကြောင်း အလန့်တကြားသူ့ဘာသာဝန်ခံလိုက်မိချိန်တွင် မိချို့၏ နုသစ်ပျိုရွှယ်မှုနှင့် ဖွံ့ဖွံ့ဖြိုးဖြိုး ဣတ္ထိယအလှအပများတွင် သူ အတော်ကလေးယစ်မူးတွယ်ငြိနေမိပြီဖြစ်မှန်းကိုလည်း ငြင်း၍မရ။ နေပါဦး၊ မိချို့ကို စွဲမက်စရာကောင်းတဲ့ မိန်းမတစ်ယောက်အနေနဲ့ ဘယ်တုန်းက မြင်မိလိုက်တာပါလိမ့်။ သူ တွေးမရ။

စလယ်ဝင်ဖင်မမည်းခင်က ကွဲဖို့ဟန်ပြင်နေကြသည့် သူတို့အိမ်ထောင်ရေးကြောင့်လား။ မည်သို့မျှ ရင်ခုန်သာယာဖွယ်မရှိသည့် နွယ်နွယ်၏ ဝတ်ကျေဝတ်ကုန် အလိုဖြည့်မှုတွေကြောင့်ပင်လား။ ဆိုင်ထမင်းဆိုင်ဟင်း မည်မျှကောင်းကောင်း ကြာကြာစွဲစားသည့်အခါ ငြီးငွေ့နံလာသကဲ့သို့ တစ်ရေးတမျိုး မရိုးရအောင် ထည်လဲပြောင်းနေသည့်ကြားကပင် ဟိုတယ်အိပ်ရာနှင့်ငွေဖြင့်ဝယ်ယူထားသည့် တစ်နာရီခံကြေးစားပန်းနွမ်းပွင့်အနံ့တို့က သူ့အဖို့ရိုးအီခဲ့ပြီ။ သူ့အာသာချဉ်ခြင်းကို မပြေစေနိုင်တော့။ မွတ်သိပ်ထန်သည်းသည့် သူ့ရမ္မက်မီးကို ဟုန်းဟုန်းထအောင် ဖြုန်းခနဲအာရုံကျလိုက်မိခဲ့ခြင်း။ မည်သို့ပင်ဖြစ်စေ ရေပိုက်ခေါင်းအောက်မှ ရေမှုန်ရေမွှားများနှင့်အတူ အဝတ်ပုံကြားက ရေတွေစိုစို့ရွှဲလျှက် အဝတ်နွမ်းရိရိကလေးတွေ ကိုယ်မှာတင်းတင်းကပ်ကာ မိမွေးတိုင်း ဖမွေးတိုင်းပမာ ထင်းထင်းကြီး ပေါ်လွင်လှပလွန်းနေသည့် နုနယ်ပျိုမြစ် မိချို့၏ မအလှကို အာသာငမ်းငမ်း တပ်မက်လိုက်မိရင်း။ သူ့ကိုယ်သူ သတိထားလိုက်မိချိန်တွင် မိချို့ကို သူအစွဲကြီး စွဲနေလေပြီ။ ဘယ်နည်းနှင့်ဖြစ်ဖြစ် မိချို့ဆိုသော အရိုင်းပန်းပွင့်ကလေး၏ ဝတ်ရည်ကို စုပ်မျိုသောက်သုံးဖို့ ငမ်းမန်းဖမ်းနေလေပြီ။

အံ့ဩသည် ..

သူ့အခြေအနေဖြစ်ပျက်မှုကို ကာယကံရှင် မိချို့ကလေးထက် ဦး၍ သတိထားမိသူက သူ့မိန်းမ နွယ်နွယ်။ နွယ်နွယ်က အာဂမိန်းမ။ ပုရိသကျမ်းကောင်းကောင်းကျေသူ။ သူ့မျက်ဝန်းတစ်ရွှေ့တစ်ခတ်မျှ ဖွေရှာကာက်မိလျှင်

မိန်းမတွေ
သောင်းခြောက်ထောင်နဲ့
ဆက်ဆံခဲ့ဖူးတာတောင်
ဒီလောက် တန်းတန်းစွဲ
စွဲစွဲလမ်းလမ်း
မရှိခဲ့ဖူးဘူး။
ဒီကောင်မလေးကျကာမှ
ရင်တွေပန်းတွေများ
တုန်လို့။ ကြီးမှ
ဝက်သက်ပေါက်ချင်
နေသေးတယ်
...



www.burmeseclassic.com

www.burmeseclassic.com



ပင် ဒက်ခနဲတန်း၍ အာရုံခံနိုင်သည်။ နွယ်နွယ်ကို မည်သို့မျှ လိမ်မရ၊ ညာမဖြစ်။ သို့နှင့်တိုင် မိချိုးအပေါ် သူ့စိတ်ဦးလည်နေမိခြင်းကို ဘွင်းဘွင်းကြီးမြင်နေလျက်သော်မှ နွယ်နွယ်က မည်သို့မျှ လေသံဟမလာသည့်အခါ သူအံ့သြမိသည်။

"အေးလေ . . နွယ်နွယ်က နွယ်နွယ်ပဲဟာ။ တခြားလူမှတ်လို့။ ငါနဲ့မိချိုးတို့ရဲ့ဇာတ်လမ်းကို မထွေးနိုင်မအံ့နိုင်တဲ့အခြေရောက်မှ ချောင်ပိတ်ဖမ်းပြီးသူဖြစ်ချင်တာတွေ၊ သူလုပ်ချင်တာတွေအသာစီးယူတော့မှာပေါ့။ သူနဲ့သူ့ကောင်လေးတွေ အရှုပ်ထုပ်ကလည်း ပွစာတက်လို့ကိုး။ အခုလည်း ဟိုအဆိုတော်မော်ဒယ်ပေါက်စလေးတစ်ကောင်ကို စပွန်ဆာလုပ်ပေးနေရင်း သည်းသည်းလှုပ်ဖြစ်နေပြန်သတဲ့။ ငါ့ကိုအပိုင်ဖမ်းနိုင်လေလေ . . သူ့မရှုပ်မရှင်းဇယားခင်းရတာတွေ အိုကေလေပဲမဟုတ်လား။ အို ငါကလည်း ငါပါပဲလေ။ မိန်းမတွေ သောင်းခြောက်ထောင်နဲ့ ဆက်ဆံခဲ့ဖူးတာတောင် ဒီလောက် တန်းတန်းစွဲ စွဲစွဲလမ်းလမ်းမရှိခဲ့ဖူးဘူး။ ဒီကောင်မလေးကျကာမှရင်တွေပန်းတွေများတုန်လို့။ ကြီးမှဝက်သက်ပေါက်ချင်နေသေးတယ်။ တကတဲ . . .။ မိချိုး . . မိချိုး မင်းကလေးကတော့လားလေ . . ဟင်း"

ဟော . . သူ ဝီစကီ သုံးလေးပက်နှင့် ရီဝေရီဝေ။ မိချိုးကိုတွေးရင်းငြိမ့်နေစဉ် သူကလေး ရေချိုးခန်းထဲ ဝင်ချည်ထွက်ချည်၊ သူ့ရှေ့မှာ သွားချည်လာချည်။ ကြည့်နေရင်းကပင် သူကလေး၏ ဣတ္ထိယအလှအပများက သူ့ရင်ကို ဗလောင်ဆန်လှိုင်းထအောင် ပြုစားလျက်ရှိ၏။ ဝင်းဝင်းမှည့်မှည့် အသားအရေ၊ ပြည့်ပြည့်တင်းတင်း ခန္ဓာကိုယ်၊ မို့မို့ကြွကြွ အလှအင်္ဂါတွေ၊ တုတ်တုတ်ခဲခဲ ခြေတံလက်တံတွေ။ သူ ဝီစကီ နှစ်ပက်ခန့်ကို ဆိုဒါပင်မရောတော့ဘဲ ကသောကမျော သူ့ပါးစပ်ထဲ လောင်းချလိုက်သည်။ ကိုင်း ဘာပဲဖြစ်ဖြစ် ဒီကနေ့တော့ . .။

မိချိုး၏ သနပ်ခါးနံ့သင်းသင်းကလေးသည် သူ့နှာဝကို မထိတထိကလိလျက် သူ့ရင်တွေတဒိုင်းဒိုင်းခုန်။

သူ့ကိုယ်သူပင်မသိလိုက်။ သူသည် မီးဖိုခန်း စားပွဲရှေ့တွင် တလှုပ်လှုပ်တချောက်ချောက်လုပ်နေသည့် မိချိုး၏ အလှရပ်ဝန်းများကို အာသာငမ်းငမ်း ရပ်၍ခံစားမိနေရာက တဟုန်းဟုန်းကြွတက်လာသည့် သူ့ဇောစိတ်တို့ကို မထိန်းနိုင်တော့ဘဲ မိချိုးမသိအောင် အသာကလေးလျှောက်လာခဲ့လျက် သူ့စိတ်ကူးအိပ်မက်ထဲတွင် အကြိမ်ကြိမ်သောင်းကျန်းထားခဲ့ဖူးပြီးဖြစ်သည့် သူကလေး၏ လုံးလုံးကျစ်ကျစ် ခန္ဓာကိုယ်ကလေးကို တအားကြုံး၍ ဖက်ပစ်လိုက်မိတော့သည်။

"အား . ."

(၄)

နွံနစ်ကြာ . . .။

မျက်ရည်လည်းတစ်စက်မကျ။ မျက်နှာလေးသော်မှ တစ်ချက်မပျက်ဘဲ သူလက်လွန်ခဲ့မိသည့် လူသတ်မှုအကြောင်းကို သူ ကြည့်ဖူးသောရုပ်ရှင်ဇာတ်လမ်းတစ်ခုနှယ် စိတ်အေးလက်အေးပြောပြနေသည့် မိချိုးဆို





www.burmeseclassic.com

သော အချုပ်လူသစ်ကောင်မလေးကို အငေးသားစိုက်ကြည့်နေဖြစ်သည်။

လူသတ်မှုတဲ့ . . . ။

ရာကြီး ၃၀၂ တဲ့ . . . ။

ကာရံမသင့်လျှင် သေစားသေစေ ကြိုးမိန့်အပေးခံရဦးမည့် ရောအနန္တ ပြစ်မှုကြီး။ အာမခံလည်းမရ။ ထောင်ဝင်စာကလေးသော်မှ လာတွေ့မည့်သူ မရှိ။ ထောင်ထဲဝင်စဉ်က ခါးဝတ်ခါးစားလေးများမှာ မြင်မကောင်းအောင် နွမ်းရိနေပြီဖြစ်၍ ထောင်မှူးကြီး ဒေါ်တင့်တင့်သန်းပေးထားသည့် ပါတိတ်ဝမ်းဆက် တစ်ပတ်နွမ်းကလေးကိုသာ ချပ်ချပ်ယပ်ယပ်ဝတ်ထားပြီး သူမေးသမျှတွေကို ဟုတ်တိပတ်တိ ဖြေနေလေသည့် မိန်းကလေးနှင့် သူ့ပြစ်မှုက မအပ်မရာ။ အသားအရေဝင်းဝင်း ပပကလေးနှင့် သမီးအရွယ်တူမအရွယ်ခမျာကလေးက သူ ကံဆိုးမိုးမှောင်ကျခဲ့မှုများကို အရိုးခံအတိုင်း ပြောပြနေရှာလေသည်။

''မိခြူးအဖြစ်ကတော့ အဲဒါပါပဲ ဆရာကြီးရယ်။ ဒီအမှုက မိခြူးလော်မာလို့ ဖြစ်ရတာမဟုတ်ပါဘူး။ မိခြူးကို ပန်းကောင်းအညွှန့်ချိုး မတော်မတရား မဟားဒရားလာလုပ်လို့ လုပ်မိလုပ်ရာ ပြန်လုပ်လိုက်ရင်းက လက်လွန်သွားခဲ့ရတာပါ။ အင်းလေ . . ပြောလို့သာ ပြောတာ၊ မိခြူးက အဲဒီလို လူမျိုးကို သတ်လိုက်မိလို့လည်း နောင်တတော့ မရပါဘူး။ နောင် ဒီလိုမျိုး ထပ်ကြုံခဲ့ရင်လည်း ထပ်သတ်မိဦးမှာပါပဲ။ နည်းနည်းကလေးမှ လက်တွန့်မှာမဟုတ်ဘူး။ ကြိုးမကလို့ ဘာကြီးပဲကျကျ၊



မိခြူးကို အဓမ္မလာလုပ်ရင်တော့ သတ်ပြီးသားပဲ''

မိခြူးစကားများက ထောင်မှူးကြီး ကျွန်တော့်နားထဲ ဝင်တချို့၊ မဝင်တချို့။ ကမ်းပေါ်ကလူကို မြစ်များ၊ ချောင်းများက သေရောဟဲ့လို့ အတင်းဆွဲနစ်လို့ သေရရိုးထုံးစံမရှိပါဘူး။ မြစ်ထဲချောင်းထဲ ဆင်းလို့သာ သေကြရတာ။ ကမ်းပေါ်မှာ ကိုယ့်ဘာသာကိုယ် နေရင်း ရေနစ်ဖို့ အကြောင်းသားပဲ။ အေး . . အဲသလိုပဲ အကုသိုလ် ဒုစရိုက်ဆိုတာမျိုးကလည်း ဗီဇသန္တမကောင်းတဲ့ ဝန်းကျင်မျိုးမှာက ဖြစ်ဖို့ပိုလွယ်တတ်တယ်။ ခါတ်ဆီပုံးနားမှာ မီးခြစ်ခြစ်ရင် မီးလောင်တတ်သလိုမျိုးပေါ့။ ဝန်းကျင်ဆိုးကို ရှောင်နိုင်ရင်ကိုပဲ အကုသိုလ်ဖြစ်ခွင့်တစ်ဝက်မက နည်းသွားပြီကော။ ဦးပဥ္စင်းကြီး ဦးဓမ္မသာမိ ဟောကြားဖူးခဲ့သည့် ကံနှင့်ကမ္မဖလ၊ ဗီဇနှင့်ပတ်ဝန်းကျင်၊ အကြောင်းနှင့် အကျိုးစသည် စသည် ထွေလာကမာတွေက ခေါင်းထဲဖွတ်တိုးဝင်လျက်ရှိ၏။

''မိခြူးကို အဓမ္မလာလုပ်လို့ကတော့ သတ်ပြီးသားပဲ။ မိခြူးကို အဓမ္မလာလုပ်လို့ကတော့ သတ်ပြီးသားပဲ''

မိခြူးအသံများကလည်း ရင်လိုဏ်အတွင်းမှာ ပဲ့တင်။

ကျွန်တော့်မျက်စိရှေ့က မိခြူးကလေးမျက်နှာသည် ဘဝတစ်ဝမ်းတစ်ခါးအတွက် သူတစ်ပါးအိမ်ရာ၌ မပျော်လည်းလုပ် ပျော်လည်းလုပ် တကုပ်ကုပ်နှင့် နစ်မွန်းနေကြရသည့် အိမ်အကူမိန်းမငယ်လေးများ၏ မျက်နှာများအဖြစ် ဖျတ်ခနဲ ဖျတ်ခနဲ တရိပ်ရိပ်အသွင်ပြောင်းလျက်ရှိသည်။ ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်နိုင်ငံ၌သာမက ထိုင်းမှာ . . မလေးရှားမှာ . . စင်ကာပူမှာ . . တရုတ်မှာ . . အီရန်မှာ . . ကာတာ . . မှာ . . မှာ . . မှာ . . မှာ။ အကုသိုလ်ညွှံဗွက်အတွင်း နွံနစ်နေကြရှာသည့် ကြာပန်းနွမ်းနွမ်းကလေးများ။

ဘာပဲပြောပြော . . သည်ကနေ့ည အိပ်မပျော်ဖြစ်တော့မည်က သေချာသည်။

မေတ္တာဖြင့် . . .
ဇေယျမင်းသျှင်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com




မောင်ယဉ်ကျော်

# စုံထောက်ဒိုင်ယာရီ

## သတင်းထောက်တစ်ယောက်ကြောင့် ကမ္ဘာကျော်သွားတဲ့ ဖြစ်ရပ်နဲ့ သိပ္ပံပညာရှင်ကြီးပြောပြတဲ့ မိန်းမတွေအကြောင်း

(၁)

အချစ် နေကောင်းတယ်နော် ..

ခုတလော ကမ္ဘာမှာ ဆန္ဒတွေပြလိုပြ၊ သပိတ်တွေမှောက်လိုမှောက်နဲ့ မြန်မာပြည်မှာလည်း ဆန္ဒတွေပြ၊ သပိတ်တွေ ခဏခဏမှောက်နေကြတယ်။ ဒီမိုကရေစီရာသီဥတုအစမို့လို့ မသိပါဘူး။ မောင် တွေးမိတယ်။ ဒီမိုကရေစီရာသီဥတုအစဆိုတာ .. သမ်းရည်းစားဖြစ်ချိန်လိုပါပဲလား လို့ ..။

(၂)

လူတွေက ခက်တယ် အချစ်ရယ်၊

- ရယ်ရယ်မောမော ဝင်ကာပြောတော့ လူပေါ်ကြီးလို့ထင်ကြတယ်။

- ရောနှောမဝင် ခပ်တည်တည်နေပြန်တော့ ဘဝင်မြင့်တယ်လို့ ဆိုကြတယ်။

- ခေါ် ထူး မေး ပြော မှန်မှန်နေတော့ မဟုတ်သတင်း ကုတ်ကမြင်းလို့ အတင်းပြောကြတယ်။

မောင် .. ဘာလုပ်ရမလဲအချစ်ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



(၃)

အချစ် ..

မတ်လရောက်တိုင်း သွားသတိရမိတယ်။ နတ်သျှင်နောင် အိမ်ရှေ့ဥပရာဇာဘဝနဲ့ သူ့ချစ်သူဓာတုကလျာတို့ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြတာ ၁၆၀၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ကမ္ဘာ့ပြက္ခဒိန်ထဲမှာ။

ဒီမတ်လက အချစ်လ ..

Love March လို့တောင် ပြောလို့ရတယ်။

အဲဒီလထဲမှာ တရုတ်ပြည်က ဂူကျိဘုရင်နဲ့ တန်ကူအူအီဖီ၊ ဗြိတိန်နိုင်ငံက ဝင်ဆာမြို့စားကြီး အက်ဒဝပ်နဲ့ မစ္စက်ဆင်မဆင်၊ စပိန်ပြည်က စူလ်တန်ဘုရင်နဲ့ မေရီသော်မဆင်၊ ဩစတြီးယားက မြို့စားကြီး မွန်ဒါဝေါ့နဲ့ ဂါးထရူလေးတို့ အချစ်သွေးပူလေ့ကျင့်ခန်းတွေ ထူးထူးခြားခြားဖြစ်ခဲ့ကြတဲ့လပေါ့။

အချစ်နဲ့မောင်ဆိုရင်လည်း ဒီမတ်လ ၂၇ ရက်နေ့မှာ အမုန်းတွေကို တော်လှန်လိုက်ကြတာလေ။ အချစ်မှတ်မိတယ်နော်။ ရှင်မတောင်သနပ်ခါးမှုန့်လေးတွေ အချစ်ပါးပေါ်မှာ အနမ်းမှန်တိုင်းမိသွားတဲ့နေ့။

(၄)

တစ်နေ့က ရှေ့တန်းစစ်မျက်နှာအတွက စာအုပ်စာစောင်တွေ လှူကြဖို့ လာပြောကြတယ်။ လှူချင်တာပေါ့ အချစ်ရယ် .. အလှူတွေအများကြီးရှိတဲ့အထဲမှာ ကမ္ဘာမှာ စာအလှူဟာ ဘာအလှူနဲ့မှ မတူဘူး။ တမူထူးတဲ့ ကုသိုလ်။ စာအုပ်စာပေ လူ့မိတ်ဆွေတဲ့။ စာပေဆိုတာ အဆာပြေစားသုံးတဲ့ အထဲမှာပါတယ်။ ထမင်းဆာရင် စာဖတ်ပါတဲ့။ ထမင်းစားရင် အားဖြစ်သလို စာဖတ်ရင်လည်း ဗဟုသုတဖြစ်တယ်။ စာအုပ်ဆိုတာ တချို့က သမီးရည်းစားလိုပဲ။ အနီးအနားမှာ အမြဲရှိနေချင်ကြတာ။

ခုတလော ကချင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်နေကြတယ်ဆိုလို့ တစ်ချိန်တုန်းက ဓာတ်ပုံလေးတစ်ပုံ ပြန်ကြည့်မိတယ်။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ဒုတိယကမ္ဘာစစ်ကာလ အတွင်းက မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ မြစ်ကြီးနားမှာ တာဝန်ကျနေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တချို့ ရှေ့တန်းစစ်မြေပြင်နဲ့ ၇၅ ကိုက်လောက်သာဝေးတဲ့ နေရာလေးမှာ အချိန်လုပြီး နောက်တန်းက ပေးပို့လိုက်တဲ့ LIFE မဂ္ဂဇင်းနဲ့ News WEEKS မဂ္ဂဇင်းတွေကို ဖတ်နေကြတာ။

ဒါကြောင့် လူတွေရှိနေရင် စာတွေရှိနေရမှာပါ။ မောင်က စာဖတ်သူတွေကို အရမ်းနှစ်သက်တယ်။ ချစ်သူတွေလို သဘောထားတယ်။ ဒါကြောင့် မောင်စာရေးရင် စာဖတ်သူတွေကို အချစ်ရေလို့ ခေါ်ပြီးရေးတာပေါ့။

ရှင်းတယ်နော် ...။





www.burmeseclassic.com

(၅)

အချစ်က မောင့်ကိုပြောတယ်။

သတင်းထောက်မလုပ်ပါနဲ့ ..၊ အန္တရာယ်များတယ်တဲ့။ အချစ်ပြောတာ မမှားပါဘူး။

မောင် စကားလေးတစ်ခုပြောပြချင်တယ်။ အန္တရာယ်ဆိုတာ မှန်သည်တွေပြောတဲ့စကား ငှားပြောရရင် ကွဲတတ်မှန်းသိရင် သတိထားပေါ့။ ကွဲမှာကြောက်လို့ မှန်လိုက်မရောင်းရင် မှန်သည်မပီသဘူး၊ သတ္တိနည်းတယ်ပေါ့။

သဘောပေါက်တယ်နော် ..

အချစ်က .. သတင်းထောက်အကြောင်းပြောလို့ သတင်းထောက်ကြောင့် ကမ္ဘာကျော်သွားတဲ့ ဖြစ်ရပ်တစ်ခု၊ ရုပ်ရှင်ရောစာအုပ်ပါ ကမ္ဘာကျော်သွားတာလေ။

ပြောပြမယ် ...

အဲဒီရုပ်ရှင်ကားက THE STONING OF SORAYA တဲ့။

ဒီဖြစ်ရပ်က ပြင်သစ် အီရန်သတင်းထောက် FREIDOUNE SAHAB က ၁၉၉၀ ပြည့်နှစ်ထဲမှာ စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့ပြီး စာအုပ်က အပိတ်ခံခဲ့ရပေမယ့် ၂၀၀၈ ခုနှစ် သူကွယ်လွန်တော့ အဲဒီစာအုပ်ကို ရုပ်ရှင်ထုတ်လုပ်သူတွေက ခုလို ရုပ်ရှင်အဖြစ်ရိုက်ပြလိုက်လို့ ကမ္ဘာကတကယ့်ဖြစ်ရပ်ဆိုတာကို သိသွားရတာပါ။

ပြောရမယ်ဆိုရင် ခုအဖြစ်အပျက်က စာအုပ်ရော ရုပ်ရှင်ပါ ကမ္ဘာကျော်သွားတဲ့ သတင်းထောက်တစ်ယောက်ရဲ့ အောင်မြင်မှုပစ္စည်းတစ်ခုပဲ။ ဖြစ်ရပ်က အကျယ်ကြီး။ ဒါပေမဲ့ အကျဉ်းချုံးပြီးပြောရရင် SORAYA ဆိုတဲ့ မိန်းမလှလေးတစ်ယောက်ရဲ့ ရင်နာစရာဖြစ်ရပ်ပဲ။

ဒီအကြောင်း ခုလို ကမ္ဘာကျော်သွားရတာကလည်း အမှန်တရားကို သတ္တိရှိရှိ သတင်းထောက်ကိုပြောရဲတဲ့ SORAYA ရဲ့ အဒေါ်ကြောင့်ပဲ။ ပထမဦးစွာ ပြန်ပြောရဲတဲ့ အဒေါ်ရဲ့ သတ္တိကို ချီးကျူးရမှာ။ ဘာဖြစ်လို့လဲဆိုတော့ အန္တရာယ်တွေကြားထဲက ထုတ်ဖော်ပြောပြီး ဖြစ်ရပ်မှန်တိတ်ခွေပါ ပေးလိုက်တာ။ ဒုတိယအနေနဲ့ ရေးရဲတဲ့ သတင်းထောက်ကို ကျေးဇူးတင်ရမှာ။ ခွင့်မပြုနိုင်မှန်းသိပေမယ့် ရေးထုတ်ရဲတာ။

SORAYA ဆိုတဲ့ မိန်းမလှလေးရဲ့ယောကျ်ား အလီဆိုတဲ့လူက ကလေးအမေ SORAYA ကို မပေါင်းချင်တော့ဘူး။ သူပေါင်းချင်နေတာက (၁၄)နှစ်အရွယ် ကောင်မလေးတစ်ယောက်။ အဲဒီ ကောင်မလေးနဲ့ လက်ထပ်ချင်တော့ SORAYA ကို ကွာရှင်းပေးဖို့ ပြောတယ်။

လက်မခံဘူး ငြင်းတယ်။

ဒီတော့ မိန်းမငယ်ငယ်လေးလိုချင်လို့ အချစ်ငှက်ဖျားတက်နေတဲ့ သူ့ယောကျ်ားအလီက လက်ရှိမယားကို ကွာပေးဖို့ ဉာဏ်နီဉာဏ်နက် ထုတ်ပါလေရော။ ဘာလို့လဲဆိုတော့ သူတို့ရွာမှာ ရပ်ရေးရွာရေးတွေကို ဆုံးဖြတ်ပေးရတဲ့ ရွာလူကြီးဆိုတာ ရှိတယ်။ ဒီတော့ သူ့ယောကျ်ားက ရွာလူကြီးကို ကပ်တယ်။ အဲဒီလူကြီးက နဂိုကတည်းက SORAYA ကို ကြိတ်ပိုး ပိုးနေသူဆိုတော့ သူ့ယောကျ်ားက လာပြောတာနဲ့ အကွက်ဝင်သွားပြီး SORAYA ကို ဘယ်လိုခေါ်ပြောသလဲ ဆိုတော့ "နင့်ယောကျ်ားက နင့်ကို မပေါင်းချင်တော့ဘူး။ ဒီတော့ နင် ငါနဲ့ လက်ထပ် နင့်သားသမီး နှစ်ယောက်အတွက် ဘာမှမပူပါနဲ့ ငါစောင့်ရှောက်ပါ့မယ်" လို့ ပြောပါလေရော။

ဒါမှမဟုတ် သားနှစ်ယောက်က အဖေနဲ့လိုက်သွားချင်တယ်ဆိုရင်လည်း ထည့်လိုက်ပေါ့။

ဒါကို လုံးဝ SORAYA က ငြင်းလိုက်တယ်။ ဒီလိုငြင်းလိုက်တော့ မယားနဲ့ကွဲချင်တဲ့ လင်က သူ့ကို အမျိုးမျိုးအနိုင်ကျင့် နှိပ်စက်တော့တယ်။ ဒီလို သူတို့ဖြစ်ချင်တာတွေ ဖြစ်မလာတော့ လူမှုရေးကူညီစရာလေးတစ်ခုကို အကြောင်းပြုပြီး ရွာလူကြီးက SORAYA ကို ရွာထဲမှာ ဒုက္ခရောက်နေတဲ့ မုဆိုးဖိုကြီးအိမ်မှာသွားပြီး လုပ် နည်းနည်းနဲ့ သွားကူညီလုပ်ပေးရမယ် လို့ အမိန့်ထုတ်ပါလေရော။

ရွာလူကြီးရဲ့ အမိန့်ဆိုတော့လည်း မလွန်ဆန်နိုင်လို့ SORAYA က မုဆိုးဖို ပူပူနွေးနွေးရဲ့အိမ်မှာ မနက်အလုပ်ဆင်း ညပြန်လာနဲ့ မလွဲသာလို့ သွားလုပ်ပေးရပြန်ရော။ ဒီလိုလုပ်ပေးပြန်တော့ သူ့ယောကျ်ားက အကွက်ထွင်ပြီး မုဆိုးဖိုကြီးနဲ့ သူမဟာ လူမှုရေးဖောက်ပြန်နေတယ်ဆိုပြီး အဓမ္မစွပ်စွဲတော့တာပေါ့။

မဟုတ်ဘဲ လုပ်ကြံသတင်းကို တစ်ရွာလုံးကို သတင်းလွှင့်လိုက်တော့ SORAYA ရော မုဆိုးဖိုကြီးပါ မဟုတ်ပါဘူးလို့ ငြင်းတယ်။ ဒါပေမဲ့ ရေများ ရေနိုင် မီးများမီးနိုင်ဆိုသလို ရွာလူကြီးနဲ့ သူ့ယောကျ်ားက အားလုံးကို စည်းရုံး လာဘ်ထိုးထားတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com




ကမ္ဘာကျော်
သိပ္ပံပညာရှင်ကြီး
စတီဗင်ဟော့ကင်းက
သူ့အသက်
၂၁ နှစ်ခန့်အရွယ်မှာ
မိုတာနျူရွန်လို့ခေါ်တဲ့
အရိုးပျော့ရောဂါဖြစ်ပြီး
လက်တွန်းလှည်းနဲ့သာ
သွားလာနေရပြီး
ကွန်ပျူတာကနေတဆင့်
စကားပြောနေရတဲ့
ပညာရှင်ကြီးပါ။
သူ့ရဲ့ ထူးခြားတဲ့
ပညာရပ်တွေကြောင့်...

SORAYA ရှုံးသွားတယ်။

လူမှုရေးဖောက်ပြန်တဲ့ အမျိုးသမီးတစ်ယောက်အဖြစ် သတ်မှတ်ပြီး ရွာရဲ့ ရှေးထုံးစလေ့အတိုင်း SORAYA ကို ရွာအလယ်မှာ လက်ကိုကြိုးချည်၊ မြေကြီးထဲမှာ ပေါင်းရင်းကြိုးနားအထိ မြေမြှုပ်ပြီး ခဲလုံးတွေနဲ့ ပေါက်သတ်ဖို့ သေဒဏ်ပေးလိုက်တယ်။

မဟုတ်ဘဲ အရှင်လတ်လတ် သေဒဏ်ခံလိုက်ရတဲ့ မိန်းမသားလေးအတွက် တစ်ရွာလုံးက ဘာမှမပြောရဲကြဘူး။ ပြောရဲတာက သူ့အဒေါ်တစ်ယောက်ပဲရှိတယ်။ ဖြစ်ချင်တော့ အဲဒီလိုဖြစ်ပြီး နောက်တစ်နေ့မှာ ပြင်သစ်နဲ့ အီရန်သတင်းထောက် FREDOUNE SAHAB JAM က ခရီးသွားရင်း အဲဒီရွာနားမှာ ကားပျက်လို့ ပြင်နေတုန်း အဒေါ်ကြီးတစ်ယောက် သူ့နားမှာ ရစ်သီရစ်သီ လုပ်နေရာက သူ့တူမအကြောင်းကို ရန်သူတွေကြားထဲမှာ တိုတိုပြောပြီး ဖြစ်စဉ်တိတ်ခွေကို ပေးလိုက်တ်။ အဲဒါကိုမြင်သွားတဲ့ ရွာလူကြီးဘက်တော်သားတွေက လက်နက်အားကိုးနဲ့ အတင်းဝင်လုပြီး တိတ်ကြိုးတွေကိုဖြတ်၊ သတင်းထောက်ကို ရန်ရှာဖို့ကြိုးစားလို့ သတင်းထောက်လည်း အခြေအနေမပေးတာနဲ့ ကားကိုစက်နှိုးပြီး ထွက်ပြေးသွားရတယ်။ ကားတောင်ကြားတစ်ခုကိုရောက်တော့ စောစောက အဒေါ်ကြီးက ကားကိုတားပြီး ဒီလိုဖြစ်မယ်ဆိုတာ ကြိုသိလို့ တိတ်ခွေအတုပေးလိုက်တာ။ ရော့ ဒီမှာ တိတ်ခွေအစစ် မြန်မြန်သွားတော့ဆိုပြီး ပေးလိုက်လို့ သတင်းထောက်ရသွားပြီး ဒီဖြစ်ရပ်က ခုလိုကမ္ဘာကျော်သွားတာပေါ့။ လောကမှာ ဒီလိုလင်မျိုး ဒီလိုလူကြီးမျိုးတွေ ရှိနေရင် ကမ္ဘာကြီးဟာ မီးလောင်နေမှာပဲ။ အချစ်ကို သစ္စာဖောက်သူများ ကျဆုံးပါစေ။

(၆)

အချစ်က မောင့်ကို မေးဖူးတယ်နော်။ ကမ္ဘာမှာ ဖြေရှင်းရအခက်ဆုံး အရာက ဘာလဲတဲ့ ..။


www.burmeseclassic.com

www.burmeseclassic.com



မောင်က အချစ်လို့ပြောလိုက်တော့ မင်းက မောင့်ကို ပြန်ပြောတယ်။

ကြံတောထဲမှာရှိတဲ့ ကြံဟာ ကြံရောင်းသူအတွက်လော၊ ကြံစိုက်သူအတွက်လော ဒါမှမဟုတ် ကြံရည်ရောင်းသူအတွက်လားတဲ့။

မေးတတ်လိုက်တာ အချစ်ကေတီရယ်၊ မင်းသာ ကျောင်းဆရာမတစ်ယောက်ဆိုရင် ကျောင်းသားတွေ ဒုက္ခသည်ဖြစ်မှာ ကြိမ်းသေတယ်။

မင်းမောင့်ကို မေးတာ သွားသတိရတယ်။ ၈-၁-၂၀၁၃ ရက်နေ့က ငယ်ငယ်ရွယ်ရွယ် ကမ္ဘာကျော်သိပ္ပံပညာရှင်ဖြစ်နေတဲ့ စတီဗင်ဟော့ကင်းကို သူ့မွေးနေ့မှာ မီဒီယာသမားတွေက ကမ္ဘာ့အဖြေရှင်းရခက်ဆုံး ပြဿနာဟာဘာလဲလို့ မေးတဲ့အခါမှာ သူက ရယ်မောပြီး အမျိုးသမီးတွေပေါ့ဗျာ။ သူတို့ဟာ အပြည့်အဝ ပဟေဠိဆန်ပါတယ်တဲ့။ အချစ်သိဖူး ဖတ်ဖူးတော့ ကြားဖူးမှာပေါ့။ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး စတီဗင်ဟော့ကင်းက သူ့အသက် ၂၁ နှစ်ခန့်အရွယ်မှာ မိုတာနျူရွန်လို့ခေါ်တဲ့ အရိုးပျော့ရောဂါဖြစ်ပြီး လက်တွန်းလှည်းနဲ့သာ သွားလာနေရပြီး ကွန်ပျူတာကနေတဆင့် စကားပြောနေရတဲ့ ပညာရှင်ကြီးပါ။ သူ့ရဲ့ ထူးခြားတဲ့ ပညာရပ်တွေကြောင့် ရူပဗေဒနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့အချက်အလက်တွေကို ဖြေရှင်းပေးနိုင်ခဲ့သူဖြစ်ပြီး ဒီလိုရောဂါရှင်တွေက ၅ နှစ်အတွင်း သေဆုံးလေ့ရှိပေမယ့် ဆရာကြီးကတော့ ကမ္ဘာကို အကျိုးပြုပေးဖို့အတွက် ဘုရားသခင်က ထားပေးတာ၊ ခုအချိန်ထိ အသက်ရှည်နေပြီး အဖိုးတန်



ဒုတိယဇနီး အယ်လိန်းနှင့် လက်ထပ်စဉ်အချိန်က

စာအုပ်တွေရေးရင်း ပညာရပ်တွေပေးနိုင်ခဲ့တာပါ။

ဆရာကြီးက ၁၉၆၅ ခုနှစ်မှာ သူ အရမ်းချစ်ရတဲ့ အမျိုးသမီးနဲ့လက်ထပ်ခဲ့ပြီး သားသမီးသုံးယောက်ထွန်းကားခဲ့တယ်။ သိပ်ချစ်ရပေမယ့် စိတ်ညစ်ရလို့ဆိုပြီး ၁၉၉၁ ခုနှစ်မှာ တရားဝင်ကွာလိုက်ကြတယ်။

ဒီလိုကွာပြီး သူ့ကိုပြုစုပေးတဲ့ သူနာပြုဆရာမလေးရဲ့ အကြင်နာနဲ့ ဂရုစိုက်မှုတွေကို ဂုဏ်ပြုမှတ်တမ်းတင်တဲ့အနေနဲ့ ယူလိုက်တယ်။ (ဒီလို ဂုဏ်ပြုကျေးဇူးတင်တဲ့အနေနဲ့ ယူလိုက်တာ မောင်တို့ မြန်မာ့ဂီတလောကမှာ နာမည်ကြီးဂီတစာဆိုတစ်ယောက်ရှိတယ်။)

ရေးရင်းသွားသတိရလို့ပါ။ ဆရာကြီးယူလိုက်တာ သူနာပြုဆရာမလေး အယ်လိန်းမေဆန်တဲ့။ အချစ်ကို အကြင်နာနဲ့ပေါင်းပြီး လက်ထပ်လိုက်တာတဲ့။

ကဲပါအချစ်ရယ်
ဒီလတော့ ဒီမျှနဲ့ နားဦးမယ် ...
စုံထောက်ဖတ်သူများ
ဖဟုသုတ အစုစုရကြပါစေ။
စာဖတ်သူတွေကို
ချစ်သူလို
အမြဲသဘောထားနေတဲ့
မောင်ယဉ်ချေ

www.burmeseclassic.com







www.burmeseclassic.com

□

စတေးရှင် ဝက်ဂွန်ကား၏တံခါး ချတ်တရက်ပွင့်သွားသည်။ အဖြစ်အပျက်က ရုတ်ချည်းမြန်ဆန်လှပါသည်။ ယာဉ်မောင်းက ''ခွင့်ပြုပါနော်'' ဟု ပြောသည်။ ဘာဘရာကိုးလ်သည် ပွင့်နေသော ကားတံခါးပေါက်ဆီသို့ ကိုယ်ကိုကိုင်း၍ ကြည့်မိသည်။ ပလက်ဖောင်းပေါ်တွင် သူ့နောက်မှ ရပ်နေသူက ဘာဘရာအား တွန်းပစ်လိုက်သည်။ ဘာဘရာသည် ကားနောက်ပိုင်းထိုင်ခုံပေါ် ရောက်သွားသည်။ သူ့နံဘေးတွင်ထိုလူဝင်ထိုင်ပြီး ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။ ထိုလူ၏လက်ထဲတွင် ကိုင်ထားသော စမစ်အင်ဝပ် ခြောက်လုံးပြူးသေနတ်ပြောင်းဝက ဘာဘရာ၏လည်ပင်းကို ထောက်ထားရင်း ထိုလူက ''အော်မယ်မကြံနဲ့နော်။ လည်ပင်းမှာ အပေါက်ဖြစ်သွားမယ်'' ဟု ပြောသည်။

+++

ထိုနေ့ည ၉ နာရီ ‥။

ချိန်ဘာလိန်က တယ်လီဖုန်းဆက်သည်။ သူ့မျက်နှာက စိတ်လှုပ်ရှားခြင်းကင်းမဲ့သော မျက်နှာသေနှင့်ဖြစ်သည်။

''အက်ရှ်လေကိုးလ်လား၊ ခင်ဗျားအတွက် သတင်းပေးချင်လို့ပါ''

ချိန်ဘာလိန်သည် ဘာဘရာကိုးလ်၏ လက်မောင်းကို ဖျစ်ညှစ်ထားပြီးနောက် လက်မောင်းကို လိမ်လိုက်သည်။

ဖုန်းခွက်ထဲမှ ဘာဘရာ၏ ညည်းတွားသံနှင့်အတူ ‥

''ခုထိတော့ ကျွန်မနေလို့ရပါတယ်။ ဒါပေမဲ့ ‥ ရှင် ‥ သူတို့ပြောတဲ့အတိုင်းလုပ်နော်။ မလုပ်ရင် ကျွန်မကိုသတ်မှာ''

ချိန်ဘာလိန်က ဘာဘရာအား တွန်းဖယ်ပစ်လိုက်သည်။ သူက ရက်ကွန်လုံဖက်သို့ လှည့်၍ပြောသည်။

''ဟော့ကောင် ရက် မင်းသူ့ကို စောင့်ကြည့်ထားစမ်း''

ချိန်ဘာလိန်သည် ဖုန်းကိုကိုင်၏။

''ခင်ဗျားမိန်းမကို ကျုပ်တို့ ပြန်ပေးဆွဲထားတယ်။ ငါ သူ့ကို ပြန်မှတွေ့ရပါတော့မလားလို့ မထင်နဲ့ဦးနော်။ ခင်ဗျားလုပ်ရမယ့် အလုပ်က ကျုပ်တို့နဲ့ ညှိညှိနှိုင်းနှိုင်းဆောင်ရွက်ဖို့ပဲ''

''ခင်ဗျားတို့ ဘာလိုချင်တာလဲ''

အက်ရှ်လေကိုးလ်က မေးသည်။ သူ့အသံက တုန်တုန်ယင်ယင်ဖြစ်နေသည်။

''ဒေါ်လာတစ်သိန်းလိုချင်တယ်။ ခင်ဗျားတတ်နိုင်ပါတယ်ဗျာ။ အရမ်းသားနားတဲ့အိမ်ကြီးရယ် ‥ ပြီးတော့ ရေကူးကန်၊ ကားနှစ်စီး၊ မော်တော်ဘုတ်တစ်စီး ဒါတွေအားလုံးပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်ကြီးပဲဗျာ''

''ခင်ဗျားတို့ ဘာကြောင့် ကျွန်တော်နဲ့ …''

''အို ‥ ဒီလိုမပြောနဲ့လေ'' ဟု ချိန်ဘာလိန်က ပြောရင်း သူ့အနီးသို့ ဘာဘရာကိုခေါ်လာရန် အချက်ပြလိုက်သည်။ ရက်ကွန်လုံသည် ဘာဘရာကို ချိန်ဘာလိန်အနီးသို့ ခေါ်လာသည်။ ချိန်ဘာလိန်သည် ဘာဘရာ၏ နားရွက်ကိုဆွဲလိမ်လိုက်သည်။ ဘာဘရာ၏ အော်သံထွက်လာသည်။

''ဒါ ခင်ဗျားမိန်းမအသံပေါ့ဗျာ။ ခုမှ အစပဲရှိသေးတယ်နော်။ ကဲ ‥ ကျုပ်တို့ကိစ္စလေး ပြောကြဦးစို့''

ချိန်ဘာလိန်က ဖုန်းကိုကိုင်ရင်း ပြောသည်။ ပြီးတော့ သူတို့နှစ်ဦး အပြန်အလှန်ပြောနေကြသည်။

ချိန်ဘာလိန် ဖုန်းကိုချလိုက်သည်။

''ခင်ဗျားယောကျ်ားက ငွေရှာဖို့ သုံးရက်အချိန်ပေးပါလို့ ပြောတယ်။ ခင်ဗျားအတွက်ဆိုရင်တော့ သူ ငွေကို ရအောင်ရှာမှာပါ''

ဘာဘရာသည် ချိန်ဘာလိန်ကို စူးစိုက်ကြည့်ရင်း …

''ရှင်လိုချင်တဲ့ငွေ ရပါလိမ့်မယ်။ ကျွန်မယောကျ်ားက ငွေကို ဘယ်လိုမြန်မြန်ဆန်ဆန် ရအောင်လုပ်နိုင်တယ်ဆိုတာ သိပြီးသားပဲ''

+++

ဒုတိယနေ့၏ ညနေခင်းအချိန် ရက်ကွန်လုံသည် ချိန်ဘာလိန်အား သူရသမျှသတင်းကိုပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့ကို ထောင်ဖမ်းမယ့် အရိပ်အယောင်မတွေ့ရဘူး။ ဖုန်းပြောတာတွေလည်း ပုံမှန်အတိုင်းပါပဲ။ ဒီလူ သူ့အိမ်ကနေ အပြင်ထွက်တာမတွေ့ဘူး''

ရက်ကွန်လုံသည် ဘာဘရာကို သွားဖြဲ၍ ရယ်ပြရင်း ...

''မင်း အမျိုးသားက မင်းကို တော်တော်ချစ်ပုံရတယ်။ တစ်ညလုံး အိပ်ပျော်ပုံမရဘူး။ သူ့အိပ်ခန်းမှာ တစ်ညလုံး မီးလင်းနေတယ်''

''ဟုတ်ပါပြီ .. ဒါဆိုရင် တော်တော်လေးကောင်းသွားပြီ''

ဟု ချိန်ဘာလိန်က ပြောလိုက်သည်။

ချိန်ဘာလိန်သည် ရက်ကွန်လုံ၏ မျက်နှာကို စူးစမ်းသလို ကြည့်ရင်း ..

''မင်းစိတ်ထဲမှာ ပြောစရာတစ်ခုခုရှိနေတယ် ထင်တယ်၊ ဘာလဲကွ''

ရက်ကွန်လုံသည် ခေါင်းကို ကုတ်လိုက်သည်။

''ဒီလူ အက်ရှ်လေကိုးလ်ကို ကျွန်တော် မြင်ဖူးသလိုပဲဗျ။ ကြာတော့ ကြာပါပြီ၊ သူ့မိန်းမကို ကျွန်တော် ပြန်ပေးမဆွဲခင် ဟိုးအရင်ကတည်းကပါ''

ချိန်ဘာလိန်က ..

''ဖြစ်နိုင်ပါတယ်၊ ဘာဖြစ်လဲကွာ၊ ဒါ တို့ ပူပန်နေစရာမလိုပါဘူး''

+++

တတိယနေ့ ညနေခင်း ..။

ချိန်ဘာလိန်က ဖုန်းဆက်သည်။

''ဘယ်လိုလဲ ကိုးလ် ပိုက်ဆံရပြီလား''

ချိန်ဘာလိန်က လေသံတိုးတိုးလေးဖြင့် ရက်ကွန်လုံကို ..

''သူ့ကိုခေါ်ခဲ့'' ဟု ပြောလိုက်သည်။

ဘာဘရာသည် ဖုန်းကိုကိုင်၍–

''အစ်ကို ကျွန်မနေကောင်းပါတယ်။ အခုထိတော့ သူတို့ကျွန်မကို လက်နဲ့တောင်မတို့ပါဘူး အစ်ကို။ သူတို့တောင်းတဲ့ငွေကို ပေးလိုက်ရင် သူတို့ ကျွန်မကို ဘာမှလုပ်မှာမဟုတ်ပါဘူး''

ချိန်ဘာလိန်သည် ဘာဘရာအား တွန်းဖယ်ပစ်လိုက်ပြီး ဖုန်းကို ကိုင်ကာ ..

''ဒီမှာ မစ္စတာကိုးလ်၊ ငွေကို စက္ကူအိတ်နဲ့ ထည့်ယူလာခဲ့ပါ။ ဆယ့်ငါးလမ်းသွယ်ကနေ ညဆယ်နာရီစထွက်ခဲ့။ မြောက်ဖက်ကို တည့်တည့်မောင်း။ မိုင်နှစ်ဆယ်လောက်မောင်းမိရင် ခရက်စ်တန်ဆိုတဲ့ မြို့ကို ရောက်လိမ့်မယ်။ မြို့အစွန်ရောက်ရင် တခြားဘက်ကိုသွားတဲ့ မြေလမ်းကို တွေ့လိမ့်မယ်။ ညာဘက်ကိုကွေ့ပြီး အဲဒီမြေလမ်းအတိုင်း မောင်းသွား။ ခြောက်မိုင်လောက်ရောက်ရင် ကားကိုရပ်လိုက်တော့။ ကျုပ် ပြောထားမယ်နော်၊ ကလိန်ကကျစ်လုပ်မယ်မကြံနဲ့၊ အဲ .. လုပ်ရင်တော့ ခင်ဗျားမိန်းမကို ပြန်တော့တွေ့ရမှာဘဲ။ ဒါပေမဲ့ လှတော့မှာမဟုတ်ဘူး။ အသက်လည်း ရှူတော့မှာမဟုတ်ဘူး''

+++

ကားသည် မိုးရေထဲတွင် ညင်သာစွာ ပြေးလျက်ရှိသည်။ အက်ရှ်လေကိုးလ်သည် သူ့ရှေ့ဒိုင်ခွက်ဘောက်ပေါ်တွင် တင်ထားသော နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီ မိနစ်နှစ်ဆယ်ရှိပြီ။ ခရက်စ်တန်မြို့သို့ ရောက်တော့မည်။

နောက် ငါးမိနစ်အကြာတွင် မြို့စွန်သို့ရောက်လာသည်။ သူ့ကားကို ခဏရပ်၍ မိုင်နှုန်းပြဒိုင်ခွက်ကို စစ်ဆေးကြည့်သည်။ သူသည် ကားသွား

**ဒေါ်လာတစ်သိန်းလောက်လေးကို**
**ငွေတုလုပ်ရတာ မသပ်မရပ်နဲ့မို့မပီပြင်ပါဘူးကွာ။ ဒီကောင်တွေ**
**ဒီငွေကို ကိုင်သုံးရင်တော့ မကြာခင် မိသွားမှာပါ။**
**ဒီကောင်တွေ ငါ့ဆီကရတာပါလို့ မဖော်ရဲတာ သေချာပါတယ်။**
**ပြန်ပေးဆွဲတဲ့ ပြစ်မှုက ငွေအတုလုပ်တဲ့ ပြစ်မှုထက်ပိုကြီးတယ်ကွ ...**



www.burmeseclassic.com

www.burmeseclassic.com



ကားလာရှိပုံမရသော မြေလမ်းအတိုင်း ကားကိုမောင်းခဲ့သည်။ ခြောက်မိုင်ခရီး တိတိရောက်ပြီဆိုမှ ညွှန်ကြားထားသည့်အတိုင်း ကားကိုရပ်လိုက်သည်။

သူ့နံဘေးထိုင်ခုံပေါ်တွင် တင်ထားသော ငွေထုပ်ကို သေချာအောင်ကြည့်လိုက်သေးသည်။ သူ မအိပ်ခဲ့ရသော သုံးညတိတိပါဘဲ။ သူ့မျက်လုံးတွေက ကျိန်းစပ်နေပြီး မခံမရပ်နိုင်အောင် ကိုက်ခဲနေသည်။

သူ့နောက်မှ ကားမီးရောင်ကို မြင်လိုက်ရသည်။ စတေရှင်ဝက်ဂွန်းကားသည် သူ့ကားဘေးမှ ဖြတ်မောင်းသွားသည်။ ကိုက်နှစ်ဆယ်သုံးဆယ်လောက် လွန်သွားပြီးမှ ပြန်ကွေ့ပြီး မောင်းလာသည်။ နောက် ကိုးလ်၏ ကားနံဘေးတွင် ယှဉ်ရပ်လိုက်သည်။ သေနတ်ကိုင်ထားသော ကွန်လုံသည် ကားပေါ်မှ ဆင်းလာသည်။ အက်ရှ်လေကိုးလ်က ငွေထုပ်ကို သူ့လက်ထဲ ထည့်ပေးလိုက်သည်။ ကွန်လုံသည် ငွေထုပ်ကိုပိုက်၍ သူ့ကားဆီသို့ ပြန်သွားစဉ် ချိန်ဘာလိန်က ..

''သူ့ကို စောင့်ကြည့်ထား၊ ငါ ငွေတွေ စစ်လိုက်ဦးမယ်''

ကားရှေ့ခန်းရှိ မှိန်ပြပြမီးရောင်အောက်၌ ချိန်ဘာလိန်သည် ကမန်းကတန်းပင် ငွေများကို စစ်ဆေးသည်။ နောက် သူသည် ငွေထုပ်ကို သူ့နံဘေးရှိ ထိုင်ခုံပေါ်တွင် တင်ထားလိုက်၏။ ပြီးတော့မှ ချိန်ဘာလိန်က ..

''မင်းက လူတော်ပဲ ကိုးလ်၊ ငွေ ပြည့်ပါတယ်ကွာ''

ကွန်လုံပြောလိုက်သောစကားကြောင့် ချိန်ဘာလိန်က သူ့ကိုဘာပြောလိုက်သည်ကိုပင် အက်ရှ်လေကိုးလ် သတိမထားမိ။

ကွန်လုံက ..

''ဒီမှာ ကိုယ့်လူ၊ ခင်ဗျားကို ကျုပ် တစ်နေရာရာမှာ အရင်က တွေ့ဖူးသလိုပဲ''

''ဟေ့ ဆွေမျိုးစပ်မနေနဲ့ကွ၊ တို့ အချိန်မရှိဘူး သွားမယ်''

ချိန်ဘာလိန်က စိတ်မရှည် သလို ဝင်ပြောသည်။

''ကျွန်တော့်မိန်းမ ဘယ်မှာလဲ''

အက်ရှ်လေကိုးလ်က ခပ်မာမာ မေးလိုက်သည်။

ချိန်ဘာလိန်က ..

''မပူပါနဲ့ကွာ၊ တို့က လူသတ်သမားတွေမဟုတ်ပါဘူး။ မင်း မိန်းမကို အိပ်ဆေးကျွေးပြီး ခုတင်ပေါ်မှာ သိပ်ထားခဲ့တယ်။ သူနိုးလာတဲ့အချိန်မှာ မင်းအိမ်ကို ပြန်လာမှာပါကွာ။ အေး .. အဲဒီအချိန်မှာ တို့ကတော့ အဝေးကမ္ဘာဆီကို ရောက်နေပြီပေါ့ကွာ''

စတေရှင်ဝက်ဂွန်းကားသည် ဝူးခနဲ မောင်းထွက်သွားသည်။ အက်ရှ်လေကိုးလ်သည် ကားကို မှန်မှန်ပင် မောင်းလာခဲ့သည်။

+++

အက်ရှ်လေကိုးလ်နှင့် ဇနီးဖြစ်သူ ဘာဘရာကိုးလ်တို့သည် စားပွဲတွင် ကော်ဖီပူပူသောက်လျက်ရှိကြသည်။

''အစ်ကို့ပစ္စည်းတွေလေ။ ပလိပ်ပြားတွေရော .. စက်တွေရော ကျွန်မက ဖျက်စီးပစ်နိုင်းတာ။ အစ်ကိုက ဖျက်စီးမပစ်လိုက်လို့ ကျွန်မ ကံကောင်းသွားတာပေါ့''

အက်ရှ်လေကိုးလ်သည် သူ့ဆံ
ပင်ချောင်းကလေးများကို လက်ဖြင့်ဖွ
ရင်း ပင်ပန်းနွမ်းနယ်သောလေသံဖြင့်–

''ဟုတ်တယ် .. ဒါပေမဲ့ ခု
ပစ္စည်းတွေအားလုံးကို ငါဖျက်စီးပစ်
လိုက်ပြီ။ ကွန်လုံဆိုတဲ့အကောင်က ငါ့
ကို မြင်ဖူးတယ်ဆိုတာကလည်း အမှန်
ပဲကွ။ ငါ ငွေစက္ကူအတုတွေ လုပ်တာ
မိသွားလို့ ထောင်ကျတုန်းက ဒီကောင်
က ငါ့အခန်းနံဘေးက အခန်းထဲမှာ
နေရတဲ့အကောင်ပေါ့ကွာ။ ဒါပေမဲ့ ဒေါ်
လာတစ်သိန်းလောက်လေးကို ငွေတု
လုပ်ရတာ မသပ်မရပ်နဲ့မို့မပီပြင်ပါဘူး
ကွာ။ ဒီကောင်တွေ ဒီငွေကို ကိုင်သုံး
ရင်တော့ မကြာခင် မိသွားမှာပါ။ ဒီ
ကောင်တွေ ငါ့ဆီက ရတာပါလို့ မဖော်
ရဲတာ သေချာပါတယ်''

''ဘာဖြစ်လို့လဲသိလား၊ ပြန်ပေး
ဆွဲတဲ့ ပြစ်မှုက ငွေအတုလုပ်တဲ့ ပြစ်မှု
ထက်ပိုကြီးတယ်ကွ''

ဘာဘရာကိုးလ်သည် နွမ်းလျ
ရယ်မောရင်း ချစ်လင်ဖြစ်သူကို မွှေး
မွှေးပေးလိုက်လေသည်။

**သင်ကိုမောင်(ဟသ်ာတ**

**C.V Tench ရေးသော Th**

**Familiar ကို ပြန်ဆိုသည်**



www.burmeseclassic.com

www.burmeseclassic.com





# ဘဝ

ညက မှောင်
ကြယ်ရောင်တောင် မရှိ
ဝန်အပြည့်နဲ့ ဆိုက်ကား
ကျွန်တော် ဝမ်းသာအားရနင်းလို့ပျော် ..။

မုန်းကြည့် ...
တွက်ကြည့် ...
အမေ့ကိုအပ်ဖို့ ငွေစရှင်
ရင်ထဲမှာ ဂွမ်းဆီထိ
ဂွီခနဲ အသံကြား
ဆိုက်ကားလေး ချိုင့်ခွက်ထဲလဲကျ
ပီတိလည်း စဉ်
ခွေလည်း ခွင်
အမေ ကျွန်တော့်ကို မြင်ခဲ့လျှင်။ ။

မင်းထက်ဇော်(မုဒုံ)

---

## အမှတ်စဉ်(၁၂၇) မေလအတွက်

## ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဇော်နေ၊ပင် | – | မဒိုတဲ့စာဆို |
| ၂။ | တောင်တွင်းမောင်သင်းကျော် | – | ဆုများ |
| ၃။ | ခက်လှိုင်းကျော် | – | ပုဂံလမ်းမှာ လွမ်းပွင့်သီ |
| ၄။ | နီမျိုးထက် | – | စိတ်မီးခိုးများ |
| ၅။ | မျိုးထွဋ်ငြိမ်း | – | အိမ်ပြန်လာခဲ့တဲ့သား |
| ၆။ | ရွှေကျွန်းခိုင်သစ် | – | မုဒိတာပန်းခင်း |
| ၇။ | သွေးစက်သစ် | – | သုံးဆယ့်တစ်ဘုံသွားတောလား |
| ၈။ | အောင်သွေးလက်(မြစ်ခြေ) | – | ပုံတူ |
| ၉။ | မင်းမြတ်ဘုန်း(ညောင်လေးပင်) | – | မေတ္တာသူ့ရဲကောင်းကြီးသို့ |
| ၁၀။ | ခိုင်လွင်ကောင်းဖံ | – | တန့်ကြည့်တောင် |



www.burmeseclassic.com

www.burmeseclassic.com





## စိတ်တိုင်းကျ နေထိုင်ခြင်း

ဘယ်ကလာလဲ
ဘာလုပ်နေလဲ
ဘယ်သွားမှာလဲ ..။

ငါ့ဘဝမှာ
သေချာတာတစ်ခုက .
ဝေးကွာလွန်းလှတဲ့
အတိတ်ဘဝဆီက လာခဲ့တယ်ဆိုတာပါပဲ။

ငါဘယ်သွားမလဲ
မသဲကွဲဘူး
ဦးတည်ရာမရှိ
ရည်ရွယ်ချက်ဘယ်မှာ
ခရီးတာ ဘယ်လောက်ဝေး
ပြေးလျှင် မောဟိုက်
အမှောင်မိုက်ဆုံးနေရာ
မဆုံးရှာသေး
ဟိုး အဝေးမှာ ..
ဝေးစွာ ...
ဝေးစွာ ...။ ။

ဆောင်းဟေမန်

BURMESE CLASSIC .com

## ရင်ကွဲနွေ

လေလွင့်ရွက်ကြွေပါ
ငါသွားရတော့မယ်လေ .....

ခိုနားရာအရိပ်
အတိတ်ရဲ့ကြေကွဲစရာ
ကြည်နူးစရာဇာတ်ဝင်ခန်းတွေ
တရွေ့ရွေ့ပျောက်ကွယ်သွားရတော့မယ့်
သတိရခြင်းတွေ .....
ဒါပေမဲ့လေ .........
ထာဝရဆိုတဲ့
အတူရွတ်ဆိုခဲ့တဲ့ စကားလုံး
မုန်းလို့မရဘူးဆိုတဲ့
ပဲ့တင်သံတွေ
ဘာပဲဖြစ်ဖြစ်ဆိုတဲ့
ပြီးပြည့်စုံတဲ့ခွန်အားတွေ
အရာအားလုံး
ငါ့နှလုံးသားမှာ
သိမ်းထားလိုက်မယ် .........
သိမ်းထားပါ့မယ် .........။ ။

ကိုစွာ(ဗန်းခါးမြေ)





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)

သူမနှင့်ကျွန်တော် သိနေသည်မှာ ကြာခဲ့ပြီ။ သို့သော် တရင်းတနှီးစကားပြောဆိုခြင်း၊ လက်ဖက်ရည်ဆိုင်များတွင် အတူထိုင်ခြင်း၊ သူမ၏ နေအိမ်ကို သိ၍ ဝင်ထွက်သွားလာခြင်းမျိုး မဟုတ်ပေ။ သူမနှင့်ကျွန်တော် မျက်နှာတန်းမိရုံသာ ..။ မျက်နှာတန်းမိရုံနှင့် သိခဲ့ကြတာက ကြည့်ဦး ..။

ကျွန်တော်က ကုမ္ပဏီတစ်ခုတွင် အလုပ်ရ၍ ဗိုလ်အောင်ကျော်လမ်းတွင် အခန်းလေးတစ်ခန်းရပြီး နေရေးထိုင်ရေးအဆင်ပြေလှသည်။ နံနက်အလုပ်မဝင်မီတွင် ကျွန်တော်၏ မွေးနေ့တိုင်းနှင့် အခါအားလျော်စွာ နေ့များတွင် ဘုရားသို့သွားကာ မွေးနံထောင့်တွင် ဘုရားရေသပ္ပါယ်၊ ကြိုဟ်တိုင်တွင်ရေလှူ ပန်းကပ်ပြီးလျှင် အချိန်အနည်းငယ်ရ၍ ဘုရားရင်ပြင်ထောင့်တစ်နေရာတွင် ကျွန်တော်အမြဲတမ်းထိုင်၍ တခြားထွေရာလေးပါးနှင့် ကိုယ့်မိသားစုအကြောင်းလည်းတွေးတောရင်း အချိန်ဖြုန်းနေတတ်သည်။

ရုံးပိတ်ရက် တနင်္ဂနွေနေ့တွေဆိုလျှင် အချိန်ကြာကြာထိုင်ပြီး တချို့သော ညတွေများဆိုလျှင် ရုံးမှ ရုံးဝန်ထမ်းသူငယ်ချင်းများနှင့် ရောက်တတ်သည်။ ကျွန်တော် ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်သောအခါ ဘုရားရင်ပြင်တွင် လက်ယာရစ်ပတ်ပြီး ဘုရားရှိခိုးပြီးတာနဲ့ ထိုင်နေကျထောင့်တွင် အမြဲထိုင်လေ့ရှိသည်။ ဒီလိုနဲ့ တစ်နေ့ နံနက်ပိုင်း ဘုရားရှိခိုးပြီး ထိုင်နေစဉ် ကျွန်တော်နှင့် မလှမ်းမကမ်းနေရာတွင် သူမကို မထင်မှတ်ပဲ လှမ်းတွေ့မိတော့သည်။

သတိထားကြည့်မိတော့ သူမက အသားဖြူဖြူ၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ ဆံကေသာက ခါးလည်နီးပါး နက်မှောင်ကျ နှာတံပေါ်ပြီး အရွယ်ကလည်းကျွန်တော့်ထက်ကြီးရင်တောင် နှစ်နှစ်သုံးနှစ်နီးပါး လေးဆယ်ဝန်းကျင်ဖြစ်သည်။ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်က ပြောစရာမရှိ။ ဒါပေမဲ့ သူမမှာ အပြစ်ဆိုစရာတစ်ခုတော့ရှိသည်။ သူမ၏ မျက်လုံးများက ဝိုင်းပြီးရွဲနေတော့သည်။ ညို့ယူဖမ်းစားတတ်သော လူကြီးတွေပြောဖူးတဲ့ ကြာမျက်လုံးပိုင်ရှင်ဖြစ်နေတော့သည်။

ကျွန်တော့်စိတ်ထဲမှာ တွေးမိလိုက်သည်။

"အင်း သူမကိုကြည့်ရတာ သူမနဲ့ပတ်သက်သူကိုစောင့်နေတာလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ကိုတော့ သူမမျှော်နေသည့်ပုံ။ နောက်ပြီး သူမဟန်အနေအထားက စတိုင်ကျလှ၍ ငွေဂုဏ်ရှိတဲ့ အသိုင်းအဝိုင်းက ဖြစ်ဟန်တူသည်။ သူမ၏ဘေးတွင်လည်း အကောင်းစားစလင်းဘတ်အိတ်အနီလေးနှင့် သူမနှင့်သက်ဆိုင်သူတစ်ယောက်ယောက်တော့ စောင့်တာဖြစ်မှာပါလေ" ဟု အတွေးဖြတ်ကာ လက်မှနာရီကို ကြည့်မိတော့ နံနက် ၈ နာရီထိုးနေပြီ။ ကြာသေးသည်ဟု စိတ်မှတ်တွေး၍ ..

လူစုံလှတဲ့ ဘုရားပေါ်မှာ ကိုယ်နဲ့သိတဲ့ အပေါင်းသင်းမိတ်ဆွေ၊ နယ်မှ သူငယ်ချင်းများ တစ်ခါမှ မကြုံမိ မတွေ့မိ ဟု စဉ်းစားရင်း သူမကို သတိထားကြည့်မိလိုက်ပြန်သည်။ ကျွန်တော် ကြည့်မိတော့မှ သူမက ကျွန်တော့်ကို သူ့ညို့မျက်ဝန်းနှင့် စိုက်ကြည့်နေတော့သည်။ ဒီတော့ ကျွန်တော် မျက်နှာလွှဲနေလိုက်သည်။ ကျွန်တော့် အမေက မှာလိုက်ဖူးသည်။

"သား .. မင်းမြို့ကို အလုပ်သွားလုပ်ရင် မိန်းမတွေနဲ့တော့ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်စေနဲ့နော်။ မိန်းမတိုင်းကို မယုံနဲ့" ဟု မှာဖူးတာကို ကျွန်တော့်နားထဲ ကြားယောင်မိပြန်သည်။ နာရီကို ပြန်ကြည့်မိတော့ ရှစ်နာရီခွဲနေပြီဖြစ်၍ ဆူးလေနှင့် ဗိုလ်အောင်ကျော်သို့ ဆယ့်ငါးမိနစ်လမ်းလျှောက်လျှင် ခဏလေးနှင့်ရောက်နိုင်၍ ဘုရားပေါ်မှ ပြန်ဆင်းခဲ့သည်။

ဒီလိုနှင့် ကျွန်တော် ဘုရားပေါ်သို့ နေ့စဉ် မပျက်မကွက် ရောက်ခဲ့တဲ့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် သူမနှင့်အမြဲကြုံတွေ့နေရသည်။ ကျွန်တော်ထိုင်နေကျနေရာနှင့် သူမထိုင်နေကျနေရာက အမြဲတမ်းလိုလို မလှမ်းမကမ်းမြင်နေရတော့သည်။ သူမ ဝတ်စားဆင်ယင်ပုံက သေသပ်ကျနလှ၍ ဟော့ဟော့ရမ်းရမ်းမဟုတ်ဘဲ ဖက်ရှင်နနလေးတွေဝတ်တာများသည်။

ကြာတော့လည်း သူမကို ကျွန်တော်သတိထားကြည့်မိတော့သည်။ ဒီတော့ သူမကလည်း ကျွန်တော့်ကို သတိထားကြည့်နေပုံက ရယ်မလို ပြုံးမလိုနှင့် သူမမျက်လုံးက ညှို့ယူဖမ်းစားနေတာတော့ အမှန်ပင်။

"အင်း ..သူမကို ခါတိုင်း ဒီဘုရားပေါ်မှာ မတွေ့ဘူး မမြင်ဘူး။ အခု ဆုံဆုံနေရတာကြာပြီ။ ဒါပေမဲ့ မသိဟန်ဆောင် ဝေးဝေးရှောင်တာပဲကောင်းပါတယ်၊ တော်ကြာ ဟို သီချင်းထဲကလို တောသားမောင်ပုံလို ချူစားခံရမှဖြင့် ဒုက္ခ" ဟု တွေးမိသည်။

တစ်ည ..

ရုံးမှ သူငယ်ချင်းများနှင့် လက်ဖက်ရည်သောက်ထွက်ရင်း ညမီးရောင်အောက်မှာ ရန်ကုန်သူ အချော‌အလှလေးများကို ငေးမောရင်း ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်တော့ သူမကို တွေ့ရပြန်သည်။ ဒါနဲ့ သူမကို ကျွန်တော် မသိမသာ ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေစဉ် ...

"ဟော့ကောင် ..မင်းက ဘာချောင်းနေတာလဲ၊ တစ်နေရာရာမှာ ထိုင်ကြမယ်ကွာ။ မင်းက ဘုရားဖူးမှာလား ..လိပ်ဥတူးမှာလား" ဟု ဆိုကာ သူငယ်ချင်းတစ်ယောက်က နောက်နေတော့သည်။ ဒါနဲ့ ကျွန်တော်က ..

"အေး ..အဲဒါ ဘာဖြစ်လဲ၊ သူလည်း သူ့ဖာသာသူထိုင်တာ တို့လည်း တို့အဖွဲ့နဲ့ပဲ။ သူ့လူသူ စောင့်နေတာဖြစ်မှာပေါ့ကွာ" ဟု သူငယ်ချင်းတစ်ယောက်က ဆုံးဖြတ်နေသည်။ ဒီတော့ ကျွန်တော်က ...

"မဟုတ်ပါဘူးကွ၊ ငါနဲ့ မနက်တိုင်း ဒီနေရာမှာ သူ့ကိုတစ်ယောက်တည်း အမြဲတမ်းတွေ့နေရတယ်။ ဒါပေမဲ့ သူ ဘယ်သူ့ကိုစောင့်နေတယ်ဆိုတာတော့ ငါမသိဘူး"

"ဒါဆို မင်းက ဥစ္စာစောင့်လို့ထင်နေလို့လား"

"မဟုတ်ပါဘူးကွာ၊ သူကြည့်ပုံက ထူးလို့ပါ"

"အဲဒါ ..မင်းကို အထာပြတာနေမှာပေါ့"

"ဘာ အထာပြတာလည်းကွ"

"မင်းက တယ်အ ပါလား"

ကျွန်တော်တို့ သူငယ်ချင်းအဖွဲ့ထဲမှ သူငယ်ချင်း ရန်ကုန်သားခပ်လည်လည်ကပြောတော့ ကျွန်တော်နည်းနည်းတော့ သဘောပေါက်မိသည်။ ဒါပေမဲ့ စဉ်းစား၍မရ။ သူမ၏ ရုပ်ရည်က သန့်ပြန့်၍ လူဂုဏ်ထံ အသိုင်းဝိုင်းကဟု ထင်မိပြန်သည်။

လကုန်၍ ကျွန်တော်ခွင့်ရက်ရ၍ နယ်သို့ပြန်သွားရာ တစ်ပတ်ကြာခဲ့သည်။ ပြန်ရောက်သည့်နေ့က ရုံးပိတ်ရက် တနင်္ဂနွေနေ့ဖြစ်၍ ကျွန်တော် ဘုရားပေါ်သို့ မရောက်ဖြစ်။ ၃၉ လမ်းထိပ်တွင် လက်ဖက်ရည်သောက်မည်ဟု စိတ်ကူးကာ ပလက်ဖောင်းပေါ်မှ လမ်းလျှောက်လာ၍ သူမကို မထင်မှတ်ဘဲ တွေ့မိပြန်သည်။

သူမကိုကြည့်လိုက်တော့ သူမ၏ ဘေးတွင် အသက်ကြီးကြီးလူတစ်ယောက်နှင့်ရပ်၍ စကားပြောနေသည်။ သိပ်မကြာပါ။ ကက အငှားကားပေါ်သို့ သူတို့နှစ်ယောက် ပါသွားတော့သည်။

"အင်း သူမကို ကြည့်ရတာ ဟုတ် မှဟုတ်ရဲ့လား"

သူငယ်ချင်း ရန်ကုန်သား ပြောတာတွေကို ပြန်ကြားမိ၍ ..

"မင်းကိုအထာပြတာ ဖြစ်မှာပေါ့" တဲ့။

ကျွန်တော်လည်း အရပ်တကာနယ်တကာလှည့်လာခဲ့တာ။ မိန်းမတွေအကြောင်း သိသင့်သလောက်တော့ သိထားသည်။ သို့သော် အနေအထားက မထင်မှတ်စရာ၊ ဒါမှမဟုတ် သူမက ဖောက်ပြန်နေတာလား။ တိတ်တိတ်ပုန်း ဝါသနာပါတာလားဟု ထင်မိတော့သည်။

ဒီလိုနှင့် သူမကို ဘုရားပေါ်တွင် နောက်နေ့တွေမှာ မတွေ့ရတော့ပေ။ တစ်ခါတစ်ရံတော့ ပြန်ဆုံမိသည်။ ဒီတော့လည်း သူမက ခေါ်မလိုလို ပြုံးမလိုလိုနှင့် ..။ ဒီလိုနှင့် တစ်လနီးပါးလောက်တွင် ကျွန်တော်ကိစ္စလေးတစ်ခုရှိ၍ တွံတေးသို့ ရောက်သွားခဲ့ပြီး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစောပြန်ခဲ့သည်။ ထိုနေ့မနက်က ဆောင်းတွင်းဖြစ်၍ နှင်းတွေအရမ်းပိတ်ပြီး ဒလဆိပ်ကမ်းမှ ကူးတို့သင်္ဘောရန်ကုန်ဘက်သို့ တော်တော်နှင့်မကူးနိုင်။ ခရီးသည်များက နှင်းအကွဲကိုစောင့်ရင်းနှင့်များလာတော့သည်။

ထိုသို့ လူတွေများတဲ့ကြားထဲမှ သူမကို ဖြုန်းခနဲတွေ့မိလိုက်တော့၏။ သူမဘေးမှ ခပ်ရွယ်ရွယ် မိန်းကလေးတစ်ယောက် သူမ၏လက်ကိုချိတ်၍ ပါလာတော့သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ဖြစ်၍ သူမက ရင်းနှီးနေသလိုပြုံးပြတော့ ကျွန်တော်လည်း အားနာမိကာ ..

"မမ .. ဘယ်ကပြန်လာတာလဲ၊ ဒလမှာနေတာလား" ဟု ကျွန်တော်နှုတ်ဆက်မိသည်။

သူမကလည်း ...

"ဟုတ်ပါတယ်၊ အစ်မက ဒလမှာနေတာပါ။ အလုပ်ကိစ္စလေးရှိလို့ ညီမနှစ်ယောက် ရန်ကုန်ဘက်ကမ်းကူးမှာပါ။ မင်းကရော ဘယ်သွားမှာလဲ။ ဒါမှမဟုတ် ဘယ်ကလာတာလဲ" ဟု ကျွန်တော့်ကို မေးနေတော့သည်။

"ကျွန်တော် အလုပ်နားရက်မှာ တွံ့တေးက သူငယ်ချင်းဆီ အလည်သွားတာပါ"

"ဒီလိုနှင့် နှင်းကွဲချိန် ရန်ကုန်ဘက်ကမ်းကို ကူးတို့သင်္ဘောဆိုက်ကပ်တော့သည်။ ၃၇ လမ်းအတိုင်း အတူလမ်းလျှောက်ကြ၍ သူတို့ညီအစ်မနှစ်ယောက် ကျွန်တော့်အရှေ့မှကျော်သွားစဉ် ကျွန်တော် သူတို့၏နောက်မှ ခပ်ခွာခွာ လိုက်ခဲ့မိသည်။ ဆူးလေလမ်းမ ၃၉ ကားဂိတ်တွင် သူတို့ညီအစ်မ ရပ်ကျန်ခဲ့ပြီး ကျွန်တော်က ဗိုလ်အောင်ကျော်လမ်းဘက်သို့ ဦးတည်လျှောက်ခဲ့သည်။



ကျွန်တော် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်မိ၍ သူမတို့ ကားတစ်စီးပြီး တစ်စီးဆိုက်ကပ်လာသော်လည်း မည်သည့်ကားပေါ်မှ ပါမသွား။ ကားဂိတ်က ထိုင်ခုံလေးမှာ ထိုင်နေကြသည်။ ဒီတော့ ကျွန်တော်လ အလုပ်သို့ တန်း၍ သွားတော့သည်။ ညနေ ရုံးဆင်းပြီး၍ ကျွန်တော် ထမင်းစားရန် အပြင်ကိုထွက်တော့ ၇ နာရီထိုးနေပြီ။ ဆူးလေဘက်သို့ ပလက်ဖောင်းအတိုင်း ကျွန်တော် လမ်းလျှောက်လာစဉ် သူမကို အမျိုးသားနှစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့ရပြန်သည်။ ဒီတော့ ကျွန်တော့်စိတ်ထဲတွင် ...

"အင်း .. သူမတော့ မဟုတ်မှလွဲရော" ဟု ထင်မိတော့သည်။

"အေးလေ .. လူတိုင်း .. လူတိုင်းဟာ သူ့ဘဝနဲ့သူတော့ ရုန်းကန်လှုပ်ရှားနေကြတာပဲ" ဟု နားလည်လိုက်ပါသည်။



www.burmeseclassic.com

ရုံးပိတ်ရက်တစ်နေ့ နံနက်ပိုင်း ကျွန်တော်ဗိုက်ဆာ၍ မုန့်ဟင်းခါးတစ်ပွဲ ဗိုလ်အောင်ကျော်လမ်းက မုန့်ဟင်းခါးဆိုင်တစ်ဆိုင်မှာ စားပြီး၍ လက်ဖက်ရည်သောက်ရန် ၃၉ ကားဂိတ်ရှိ ရသာလက်ဖက်ရည်ဆိုင်သို့ လာမိစဉ် သူမတို့တစ်စုကို စောစောစီးစီး နံနက် ၉ နာရီလောက်တွင် ကားဂိတ်တွင် တွေ့ရပြန်သည်။ သူမက ကျွန်တော့်ကို ကြိုတင်နှုတ်ဆက်တော့ ကျွန်တော်က ...

"မမ .. ဘယ်သွားကြမလို့လဲ၊ အချိန်နည်းနည်းရလား။ တစ်ခုခုစားရအောင်" ဟု ဆိုကာ ကျွန်တော်ခေါ်လိုက်မိတော့ သူမက သူမ၏ အဖော်များကို အကျိုးအကြောင်းပြော၍ထားခဲ့ရာ သူမတစ်ယောက်တည်း ကျွန်တော်နှင့် လိုက်ခဲ့သည်။ ကျွန်တော်ရောသူမပါ လွတ်နေသော ထောင့်ကျကျ စားပွဲတွင် ဝင်ထိုင်ပြီး ..

"မမ ဘာသောက်မှာလဲ၊ မုန့်လည်းစားနော်။ ကြိုက်တာမှာလေ" ဟု ပြောတော့ သူမက ရှယ်တစ်ခွက်နှင့် အီကြာကွေးတစ်ပွဲမှာတော့သည်။ ကျွန်တော့်က ကော်ဖီမှာ၍သောက်သည်။ လက်ဖက်ရည်သောက်ရင်းနှင့် သူမက ကျွန်တော့်ကို ပြုံး၍ စိုက်ကြည့်နေတော့သည်။ သူမကတော့ ကျွန်တော်ခေါ်မိတာကို ဘယ်လိုထင်သလဲတော့ မသိ။ ကျွန်တော်ကတော့ ကျွန်တော့်စိတ်ကူးနှင့်ကျွန်တော် အချိန်ကျပြီဟု တွေးမိလိုက်သည်။ အလုပ်လည်းအား၍ လက်ဖက်ရည်သောက်ရင်း ကြာကြာထိုင်မိလိုက်သည်။ ဒါပေမဲ့ သူမ စိတ်တွေက မတည်ငြိမ်သည့်ဟန်။ ထင်သည့်အတိုင်း သူမ စကားစလာတော့သည်။

**သူမ ပြောပုံအရတော့ သူ့အပေါ်ကို ယောကျ်ားတစ်ယောက်ယောက်က ကောက်ကျစ်လိမ်ညာသွားတာကြောင့် လူယုတ်မာ ယောကျ်ားမဆန်သော သူနဲ့တွေ့ခဲ့ပြီး သူ့ဘဝဆုံးရှုံးခဲ့ပြီး ဒီလမ်းကြောင်းပေါ် ရောက်ခဲ့ရခြင်း ဖြစ်လိမ့်မည်ဟု...**

BURMESE CLASSIC .com

"ပြီးရင် သွားကြမယ်လေ။ တို့ ဘယ်ကိုလိုက်ရမှာလဲ"

သူမ ဒီလိုပြောလိုက်တော့ ကျွန်တော် ဟန်မပျက်ပြုံးရင်း ..

"မမကို ဒီနေ့ ကျွန်တော် စကားပြောစရာရှိလို့ပါ။ အခုလိုခေါ်ပြီး ပြုစုမိတာလည်း ကျွန်တော့်အပေါ် ဘယ်လိုထင်နေသလဲ"

"မသိဘူးလေ၊ မင်း ဆန္ဒရှိသလိုပေါ့"

"မမ မှားနေပြီ ..၊ ကျွန်တော် အပျော်အပါးမလိုက်စားတတ်ပါဘူး"

ကျွန်တော်ဒီလိုပြောလိုက်တော့ သူမ တွေဝေသွားပြီး ...

"ဟုတ်တယ် မမ၊ မမအပေါ်မှာ ကျွန်တော် ရိုးရိုးသားသားမေးတာကို မှန်မှန်ဖြေပေးပါလား"

"အေးလေ မင်းသိချင်တော့လည်း တို့ဘက်က အမှန်အတိုင်းပြောပေးရမှာပေါ့"

"မမအကြောင်းကို ကျွန်တော် အစအဆုံးသိချင်သလို မမ ဘာဖြစ်လို့ ဒီဘဝထဲကို ရောက်ခဲ့ရတာလဲ"

"မင်း ဒီလိုမေးတာကိုပဲ ဝမ်းသာမိပါတယ်။ တို့ လျှောက်လှမ်းခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးမှာလည်း မင်းလို လူမျိုး မတွေ့ခဲ့ဘူး။ ဒါပေမဲ့ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမှာ ခဏခဏဆုံဖူးထားတော့ မှတ်မိနေပါတယ်။ တို့ရဲ့ ရုပ်ရည်အနေအထားကိုကြည့်ပြီး မင်း အံ့သြနေတာလည်း တို့သိနေပါတယ်''

''ဟုတ်တယ် ‥ မမ သိနေသားပဲ''

''ရှည်ရှည်ဝေးဝေးတော့ ပြောမနေတော့ဘူးကွာ။ တို့က သာမန်လူ့ဘဝထဲကပါပဲ။ ဆုတောင်းမကောင်းခဲ့လို့လားတော့မသိဘူး။ မထင်မှတ်စရာတွေ ဖြစ်နေရတယ်။ အိုကွာ ‥ ရှင်းရှင်းပြောရရင် တို့က အိမ်ထောင်ပျက်ပါ။ တို့ဘဝတစ်လျှောက်လုံးကို လှည့်စားနှိပ်စက်သွားတဲ့ယောကျ်ားတစ်ယောက်ကြောင့်ပေါ့''

BURMESE CLASSIC .com

''ဒါဆို မမက ယောကျ်ားတွေကို စိတ်နာနေတာပေါ့''

''ဒီလိုလည်း သိမ်းကျုံးပြီး မထင်ပါဘူး။ တို့ရဲ့ကုသိုလ်ကံပေါ့''

''မမရယ် ... ယောကျ်ားတစ်ယောက်အတွက်နဲ့ မိန်းမတွေ ဘဝပျက်တာ၊ စိတ်နာတာ၊ အရှုံ့တိုက်တာတို့ မိန်းမတစ်ယောက်အတွက်နဲ့လည်း ယောကျ်ားတွေက စိတ်နာတာ၊ ဘဝပျက်တာ၊ အရက်သောက်ကြတာတွေ ဒါတွေဟာ ကိုယ့်စိတ်ကို မနိုင်ကြလို့ မဆန်းစစ်နိုင်လို့ ရှုံးကြတယ်ဆိုရမှာပါ''

''ဟုတ်တယ်၊ မင်းပြောတာ တို့လက်ခံပါတယ်။ ဒါပေမဲ့ မခံစားနိုင်တဲ့ အဆုံးတော့လည်း စီးပွားပျက်၊ ဘဝပျက်ခဲ့ရတာပါပဲကွာ။ မင်းကိုလည်း တို့ ကျေးဇူးတင်ပါတယ်''

သူမ ပြောပုံအရတော့ သူ့အပေါ်ကို ယောကျ်ားတစ်ယောက်ယောက်က ကောက်ကျစ်လိမ်ညာသွားတာကြောင့် လူယုတ်မာယောကျ်ားမဆန်သော သူနဲ့တွေ့ခဲ့ပြီး သူ့ဘဝဆုံးရှုံးခဲ့ပြီး ဒီလမ်းကြောင်းပေါ်ရောက်ခဲ့ရခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော်ယူဆမိခဲ့သည်။

''မမမှာ ညီအစ်ကိုမောင်နှမတွေရှိသေးလား''

''ရှိပါတယ် ‥ အဖေနဲ့အမေရယ်၊ ညီမငယ်တစ်ယောက်ပဲရှိပါတယ်။ အဖေတို့အမေတို့က အသက်ကြီးနေပြီလေ''

''မမကို ကျွန်တော်အကူအညီတစ်ခုတော့ ပေးနိုင်ပါတယ်။ ဒါပေမဲ့ မမ ကတိတစ်ခုတော့ ပေးရမယ်နော်''

''ဘာလဲ မင်းက တို့ဘဝကို ကယ်တင်ပြီး ထာဝရလက်တွဲမယ်။ ဒီဘဝထဲမှာ မနစ်မွန်းပါနဲ့တော့လို့ ဆိုချင်တာလား''

''အဲဒီလိုတော့ ကျွန်တော့်စေတနာကို အပိုင်မတွက်ထားပါနဲ့၊ ကျွန်တော် ကူညီရင်တောင် အစ်မရင်းတစ်ယောက်လိုသဘောထားပြီး ကူညီမှာပါ။ မျှော်လင့်ချက်ထားပြီး ကူညီတယ်မထင်ပါနဲ့''

ကျွန်တော် ဒီလိုပြောလိုက်တော့ သူမ ခေါင်းငုံ့သွားပြီး မျက်နှာပျက်သွားတော့သည်။ ပြီးမှ ‥

''တို့တောင်းပန်ပါတယ်။ မင်းစေတနာကို မလေးစားရာကျသွားတယ်။

''ဒီနေ့ကစပြီး မင်းရဲ့သဘောအတိုင်းဖြစ်ပြီး ဒီဘဝထဲက တို့အပြီးတိုင်ရုန်းထွက်လိုက်ပါ့မယ်''

သူမ ဒီလိုပြောရင်းမှ မျက်ရည်များ တွေတွေကျဆင်းလာတော့သည်။

''ကဲ ‥ ဒီလိုဆိုရင် ဒီလကုန်ထိ စောင့်လိုက်။ မမတို့မိသားစုအတွက် အိုးမကွာ ‥ အိမ်မကွာဖြစ်ပြီး ဘဝအခြေတကျဖြစ်စေမယ့် အိမ်မှာ ကုန်စုံဆိုင်လေးဖွင့်ပေးထားမယ်။ အဆင်ပြေမလား။ ဒါပေမဲ့ မမအခြေအနေကိုတော့ စောင့်ကြည့်ဦးမှာနော်။ ကတိတည်ဖို့ပဲ အရေးကြီးတယ်။ မမကို ဒီဘဝထဲက ဆွဲထုတ်တာ ဘာမျှော်လင့်ချက်မှမရှိဘဲ ဒီပန်းကလေးမနွမ်းစေချင်လို့ပါ''

ကျွန်တော် ဒီလိုပြောလိုက်တော့ သူမမျက်နှာက လဝန်းသို့နှယ် ပြုံးသွားရင်း ...

''ဒီပန်းကလေး မနွမ်းစေချင်ဘူးတဲ့လားကွယ်'' ဟု သူမ တီးတိုးရေရွတ်လျက် ...။

မျိုးဝင်းမောင်(အဖျောက်ရွှေမြေ)



www.burmeseclassic.com